

www.burmeseclassic.com
တက္ကသိုလ်
ငွေလင်းအောင်
ဘယ်သူရှုံးသလဲ
BURMESE CLASSIC .com
ချင်းယင်
စဆုံး/လုံးချင်း
www.burmeseclassic.com

www.burmeseclassic.com

စာမူခွင့်ပြုချက်အမှတ် - ၅၀၀၀၂၇၀၁၀၇
အဖုံးခွင့်ပြုချက်အမှတ် - ၅၀၀၇၅၄၀၇၀၉

ပထမအကြိမ်
၂၀၀၇ ခုနှစ်၊ ဩဂုတ်လ
အုပ်ရေ - ၅၀၀၊ တန်ဘိုး - ၂၅၀ကျပ်

ထုတ်ဝေသူ
ဦးကျော်မိုး (၀၃၇၆၅)၊ ရွှေပဒုမ္မာစာပေ
၁၅၈/က၊ ၃၇လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။

မျက်နှာဖုံးနှင့် အတွင်းပုံနှိပ်
ဒေါ်တင်တင်ဌေး(၀၄၆၈၁)၊ ပန်းကြာခိုင်ပုံနှိပ်တိုက်
၁၅၈/က၊၃၇လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။

ဖြန့်ချိရေး - ရွှေပဒုမ္မာစာပေ
၁၅၈၊ ၃၇လမ်း၊ ကျောက်တံတားမြို့နယ်
ရန်ကုန်မြို့။

BURMESE CLASSIC .com



# တက္ကသိုလ် နေလင်းအောင်

• • • • • • • • • • • • • • • • • • • • • • • • • • • • • • • •

## ဘယ်သူ့ဖုန်းသလဲ

www.burmeseclassic.com

## အခန်း (၁)
## တစ်သောင်းတန် ဆန်းပြတ်သောက်သူများ၊

BURMESE CLASSIC .com

သွေးဝိညာဉ်ဂိုဏ်း။

သွေးဝိညာဉ်ဂိုဏ်းသည် လွန်ခဲ့သော တစ်နှစ်ခန့်မှစ၍ သိုင်းလောကတွင် စတင်ပေါ်ပေါက်ခဲ့သည်။

ရောက်ရောက်ချင်း ဆောက်နှင့်ထွင်း ဆိုသလို သွေးဝိညာဉ်ဂိုဏ်းသည် ပေါ်ပေါက်သည်နှင့် အစွမ်းပြတော့၏။

သိုင်းလောကသားများ အားလုံးတို့သည် သွေးဝိညာဉ်ဂိုဏ်း ဟူသော အမည်ကို ကြားလိုက်သည်နှင့် တစ်မြိုင်နက် ထိတ်လန့် တုန်လှုပ်သွားကြလေသည်။

အကြောင်းကား. . .

သွေးဝိညာဉ်ဂိုဏ်းသည် ဤတစ်နှစ်အတွင်း သိုင်းလောကမှ အင်အားကြီးမားသော ဂိုဏ်းကြီးငါးဂိုဏ်းနှင့် အဖွဲ့အစည်းဆယ်ဖွဲ့တို့အား တိုက်ခိုက်ချေမှုန်းကာ မိမိဂိုဏ်း၏ လက်အောက်ခံဘဝသို့ ကျရောက်စေခဲ့သောကြောင့် ဖြစ်သည်။ ဤမျှ မကသေးပါ။

သွေးဝိညာဉ်ဂိုဏ်းသည် ကုန်သည်ပွဲစား၊ ခရီးသွားများ



မှ ...ားပြတိုက်ခြင်း၊ လူသတ်ခြင်းတို့ကိုလည်း ပြုလုပ်ခဲ့သေးသည်။

သူတို့ မလုပ်သည်မှာ မုဒိမ်းမှုသာ ရှိတော့သည်။

အထူးသဖြင့်. . .

သွေးဝိညာဉ်ဂိုဏ်းသည် မည်သည့် နေရာတွင် စခန်းချ၍ တည်ရှိပါသနည်း။ မည်သူမျှ မသိပါချေ။ မည်သို့ဆိုစေ။

သက်ဆိုင်ရာ အာဏာပိုင်များတို့သည် သွေးဝိညာဉ်ဂိုဏ်း၏ ဒုစရိုက်မှုများ ကျူးလွန်မှုကို ဟန့်တားရန် နည်းလမ်းအမျိုးမျိုး ရှာဖွေကြံဆကြလေသည်။ နောက်ဆုံးတွင်. . .

နေပြည်တော်မှ သက်ဆိုင်ရာအာဏာပိုင်များတို့သည် သိုင်းပညာ အလွန်အဆင့်မြင့်၍ ယုံကြည်စိတ်ချရသော ထောက်လှမ်းရေးမှူး တစ်ယောက်အား လျှို့ဝှက်စွာဖြင့် သွေးဝိညာဉ်ဂိုဏ်းအား ဖြိုခွဲရန် သိုင်းလောကသို့ စေလွှတ်လိုက်ရလေသည်။

ထိုလူသည် မည်သူနည်း။

ထိုလူသည် သွေးဝိညာဉ်ဂိုဏ်းအား အမှန်တကယ် ဖြိုခွင်းနိုင်ပါမည်လော။ ထိုလူသည် လျှို့ဝှက်လူ ဖြစ်ပါသည်။ ထိုလူကို ...ည်သူမျှ မသိရှိကြပါ။

❀ ❀ ❀

မိုးသည် အဆက်မပြတ် ရွာသွန်းနေသည်။

မိုးသီးမိုးပေါက်များ အဆက်မပြတ် ကျဆင်းသံသည် ညကို ...ဘ်လန့် ချောက်ချားစေ၏။ သို့သော်. . . ရှို့ဝှက်များ ထူထပ်သော လမ်းကျဉ်းကလေး၌ မှုန်ပျပျ မီးရောင်အား တွေ့မြင်နေရ

သောအေ။

ထိုမီးရောင် ထွက်ပေါ်လာသောနေရာသည် ဝါးဖြင့် တည်ဆောက်ထားသော လမ်းဘေးစားသောက်ဆိုင်လေး တစ်ဆိုင် မှဖြစ်သည်။ မီးခိုးမှိုင်းများ ပြည့်နှက်နေသော မီးအိမ်လေးတစ်လုံး သည် ဆိုင်ကလေး၏ အလယ်တွင် တည်ရှိနေသည်။

လေတိုက်သဖြင့် မီးအိမ်ကလေး လှုပ်ယမ်းနေသည်။

ယင်းဆိုင်ကလေးသည် လမ်းဘေးစားသောက်ဆိုင်လေး တစ်ဆိုင်ပင်ဖြစ်သည်။

ဤမျှ မိုးတဖွဲဖွဲ ရွာသွန်းနေသောည။

ဤကဲ့သို့ ညဉ့်နက်နေသော အချိန်။

ယင်းသို့ ရွံ့ဗွက်များ ထူထပ်နေသော လမ်းကြားသို့ မည်သူက လာရောက်ပြီး စားသောက်ကြပါမည်နည်း။ ကလေ ကချေများပင် ဝင်ရောက်စားသောက်ကြမည် မဟုတ်ချေ။

ထို့ကြောင့်. . . ဆိုင်ရှင်အဘိုးအို၏ မျက်နှာပေါ်မှ ပါးရေ များသည် ပို၍ ရှုံ့တွလာလေသည်။ အဘိုးအိုသည် အိုလှလေပြီ။

သို့သော်. . .

ဆိုင်ရှင်အမျိုးသမီး၏ မျက်နှာမှာ နုနယ်ချောမော၍ ဆေး ရောင်စုံများဖြင့် ခြယ်သထားလေသည်။ သူမ၏အသက်သည် သုံးဆယ်ခန့်သာ ရှိဦးမည်ဖြစ်သည်။

သူမ၏ခန္ဓာကိုယ်သည် အချိုးအစား ပြေပြစ်လှပေသည်။

ဤမျှ လှပချောမောသော အမျိုးသမီးသည် အသက် အရွယ် အိုမင်းလှသော အဘိုးအို၏ ဇနီးမောင်နှံအဖြစ် ဖန်တီးခဲ့ သော ဘဝကြမ္မာသည် မည်မျှ လှို့ဝှက်ဆန်းကြယ်ပါသနည်း။ ထူ

BURMESE CLASSIC .com



လည်းထူး၊ ဆန်းလည်းဆန်းလှသော လောကဓမ္မတာကား။

လောကသည် မည်သည့်အရာမဆို အစဉ်အမြဲ ပြောင်းလဲ နေတတ်သည်။ ယခုလည်း. . .

လမ်းကြားကလေးထဲမှ ခြေသံတစ်သံသည် ထွက်ပေါ်လာ သည်။ မိုးဖွဲကလေးများကြားတွင် အစိမ်းရောင် ဝတ်ဆင်ထား သော လူတစ်ယောက်သည် ဗွက်များကို နင်းကျော်ဖြတ်ကာ ဆိုင် လေးထဲသို့ ဝင်လာလေသည်။

ထိုလူ၏မျက်နှာသည် မီးအိမ်မှ ထွက်ပေါ်လာသော ဝါကြင့်ကြင့် မီးရောင်ကဲ့သို့ပင် အဝါရောင် သမ်းနေသည်။

ဝေဒနာရှင်တစ်ယောက်နှင့် တူလှပေသည်။

သို့သော်. . .

သူသည် ဆိုင်ထဲသို့ ရောက်လာသည်နှင့် ဆိုင်ရှင်အဘိုး အိုအား ကျယ်လောင်သော အသံဖြင့် ပြောလိုက်သည်။ သူ့အသံ ကား လူမမာ၏ အသံမျိုး မဟုတ်ချေ။

"ကျုပ် ဆန်ပြုတ်သောက်မယ်. . . ဆန်ပြုတ်တစ်ခွက်ကို ပန်းကန်လုံး ကြီးကြီးနဲ့ ထည့်ပေးပါ. . ."

ထိုသို့ မာကျောစွာ ပြောလိုက်ပြီး နီးရာခုံတစ်ခုံတွင် ဝင် ထိုင်လိုက်လေသည်။ ဟန်ပန်အမူအရာက ယဉ်ကျေးသိမ်မွေ့သူ ဟုလည်း ပြော၍မရချေ။

❁ ❁ ❁

ဆိုင်ရှင်အဘိုးအို၏ ဇနီးသည် ထိုလူထိုင်နေသော စားပွဲ

www.burmeseclassic.com



အနီးသို့ လျှောက်သွားလိုက်သည်။ ဆင်မယဉ်သော ခြေလှမ်းမျိုးဖြင့် လျှောက်သွားခြင်း ဖြစ်သည်။ ထို့နောက်. . .

ချိုလွင်ငြိမ့်ညောင်းသော အသံဖြင့် မေးလိုက်သည်။

"အစ်ကိုကြီးက ဘယ်လို ဆန်ပြုတ်မျိုး သောက်မှာလဲ"

အစိမ်းရောင် ဝတ်ဆင်ထားသူက အသံသြကြီးနှင့် ပြောလိုက်လေသည်။

"ကျုပ်သောက်ချင်တာက လျှံငွေ တစ်သောင်းတန်တဲ့ ဆန်ပြုတ်ပါ. . ."

ဆိုင်ရှင်အဘိုးအိုက အေးတိအေးစက်သော လေသံဖြင့်. .

"မင်းက အဲဒီလို လျှံငွေတစ်သောင်းပေးပြီး ဆန်ပြုတ်ကို သောက်နိုင်တဲ့ အရည်အချင်း ရှိလို့လား. . ."

အစိမ်းရောင် ဝတ်ဆင်ထားသောလူသည် ပခုံးတစ်ချက် တွန့်လိုက်ပြီး. . .

"စမ်းကြည့်သေးတာပေါ့. . ."

ရုတ်တရက် အေးစက်သော အလင်းရောင်သည် ဖွေးခနဲ ပေါ်ထွက်လာသည်။

အစိမ်းရောင် ဝတ်ဆင်ထားသောလူ၏ လက်ထဲမှ သုံးပေ ခန့်ရှည်သော ဓားတစ်လက်သည် မြွေတစ်ကောင်ပမာ တိုးထွက်လာပြီး မလှုပ်မယှက် ထုံထိုင်းထိုင်း နိုင်လှသော ဆိုင်ရှင်အဘိုးအို၏ရင်ဝသို့ တိုးသွင်းလိုက်သည်။

ဆိုင်ရှင်အဘိုးအို၏ ခန္ဓာကိုယ်သည် ရဟတ်ပမာ လှည့်လိုက်ပြီး၊ ခေါက်ဆွဲအား ညှပ်ယူရန် အသုံးပြုသော တူအကြီး နှစ်ချောင်းဖြင့် အစိမ်းရောင် ဝတ်ထားသော သူ၏ပခုံးပေါ်ရှိ သွေး



ကြောတစ်နေရာသို့ ထောက်လိုက်လေသည်။

အစိမ်းရောင် ဝတ်ဆင်ထားသော လူ၏လက်သည် တစ်ချက်ဝေ့ယမ်း လှုပ်ခါးလိုက်ရာ ဓားရောင် ထပ်မံဝင်းလက်သွားပြန်သည်။ ဓားဖျားသည် ဆိုင်ရှင်အဘိုးအို၏ ရင်ဝသို့ တိုးသွင်းနိုင်မလို ဖြစ်သွားသည်။ သို့သော်. . .

"ချွမ်း. . ."

ဓားဖျားသည် သံပြားတစ်ခုပေါ်သို့ တိုးမိသွားသည့် အလား အသံထွက်ပေါ်လာသည်။ ထို့နောက်. . .

အရောင်တစ်ချက် လင်းလက်သွားပြီ ဓားသည် ဓားအိမ်ထဲသို့ ပြန်လည်ရောက်ရှိ သွားလေတော့သည်။ ယခု. . .

အစိမ်းရောင် ဝတ်ဆင်ထားသူသည် ဆက်လက် တိုက်ခိုက်ခြင်း မပြုတော့ချေ။

သူသည် ဆိုင်ရှင်လင်မယားအား အေးစက်စက်ဖြင့် ကြည့်လိုက်သည်။ ဆိုင်ရှင်အမျိုးသမီးက ပြုံးလိုက်ရင်း. . .

"ရှင့်ဓားပညာ မဆိုးဘူး. . ."

"ထိုင်ပါရှင် ဆန်ပြုတ်သောက်ပါ. . ."

အစိမ်းရောင် ဝတ်ဆင်ထားသော သူသည် တိတ်ဆိတ်စွာ ထိုင်ချလိုက်သည်။ ဆန်ပြုတ်ပန်းကန်သည် အလျှင်အမြန်ပင် သူ့ရှေ့သို့ ရောက်လာလေသည်။

ဆန်ပြုတ်ပန်းကန်သည် ဝက်သားဆန်ပြုတ် မဟုတ်ပါ။ ဘဲသားဆန်ပြုတ်လည်း မဟုတ်ပါ။ ထို့ပြင် ဆန်ပြုတ်ပင် ရှိမနေပါ။

သို့သော် ဆန်ပြုတ်ပန်းကန်အတွင်း၌ လျှံငွေတစ်သောင်း တန်သော ငွေလွှဲလက်မှတ် တစ်ထပ်ပါရှိနေသည်။

BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com



အစိမ်းရောင် ဝတ်ဆင်ထားသောသူသည် ပန်းကန်အတွင်းမှ ငွေလွှဲလက်မှတ်အား တွေ့လိုက်ရသောအခါ သူ၏မျက်လုံးအစုံသည် ဝင်းလက်သွားလေသည်။

တစ်သောင်းတန် ငွေလွှဲလက်မှတ်။ သူသည် ဆန်ပြုတ်ပန်းကန်ကို သူ့ရှေ့သို့ ဆွဲယူလိုက်လေ၏။



## အခန်း (၂)
## ပလွေနက်

ဤကဲ့သို့ ရွှံ့ဗွက်များ ထူထပ်နေသော လမ်းကြားကလေးထဲတွင်. . .

ယင်းကဲ့သို့ စုတ်ချာသော စားသောက်ဆိုင်ကလေးမှ ယင်းကဲ့သို့ လျှံငွေတစ်သောင်းတန်သော ဆန်ပြုတ်များကို ရောင်းရခြင်းမှာ အံ့ဖွယ်ပင် ဖြစ်ပေသည်။ နောက်ပြီး သူက ဆန်ပြုတ်ရောင်းပြီး လျှံငွေတစ်သောင်း ယူသည်မဟုတ်။ ဆိုင်ကပင် ပြန်ပေးနေသေးသည်။

သို့သော် ဤလူတစ်ယောက်တည်းသာ ဤသို့ ဆန်ပြုတ်မျိုးသောက်နိုင်သည့် အရည်အချင်း ရှိသည်မဟုတ်ပါ။

သူထိုင်ချလိုက်သည်နှင့် ဒုတိယလူ ထပ်မံရောက်ရှိလာလေသည်။ ရိုးရိုးသားသား ပုံသဏ္ဌာန်ရှိသော လူငယ်တစ်ယောက်ဖြစ်သည်။ဆိုင်ရှင်ဖနီးသည် ထိုလူငယ်ဆီသို့လျှောက်သွားလိုက်ပြီး. .

"ဘာများ သုံးဆောင်မလဲရှင့်. . ."

ထိုလူငယ်သည် ဆိုင်ရှင်ဖနီးကို တစ်ချက်ကြည့်လိုက်ပြီး

www.burmeseclassic.com



အေးစက်သော လေသံဖြင့် ရှင်းရှင်းပင် ပြောသည်။

"ကျုပ် လျှံငွေတစ်သောင်းတန်တဲ့ ဆန်ပြုတ်သောက်ချင်တယ်. . ."

"လူငယ်၏ စကားဆုံးသွားသောအခါ ဆိုင်ရှင်ဇနီးသည် ဆိုင်ရှင်အဘိုးအိုအား တစ်ချက်လှမ်းကြည့်သည်။

အဘိုးအိုသည် ထိုလူငယ်ရှေ့ဆီသို့ ရောက်သည်နှင့် လူငယ်အား စူးစမ်းဟန်ဖြင့် အကဲခတ်ကြည့်နေသည်။

အဘိုးအို၏ အကြည့်ကို နားလည်ဟန်ဖြင့် လူငယ်ကပြုံး၍ ပြောလိုက်လေသည်။

"ဘာလဲ. . . ခင်ဗျားက ကျုပ်ကို အရည်အချင်း မရှိဘူးလို့ထင်နေတာလား. . ."

"ဟား. . . ဟား. . . ဟား. . . ခင်ဗျား အထင်မကြီးဘူးဆိုတာ ဖော်ပါတယ်. . . ဘယ်သူမဆို ကိုယ်နဲ့ယှဉ်ပြိုင် မတိုက်ခိုက်ရသေးဘဲနဲ့ တစ်ဖက်လူကို ဘယ်အထင်ကြီးလိမ့်မလဲ. . . ဒါ. . . သဘာဝပဲ. . . အဲဒီတော့ စမ်းကြည့်ပေါ့ဗျာ. . ."

လူငယ်သည် ထိုသို့ပြောလိုက်ပြီး အဘိုးအိုအား အဓိပ္ပာယ်ပါပါ တစ်ချက်ကြည့်လိုက်သည်။

ရှတ်တရက်. . .

လူငယ်သည် ခါးမှ ဓားကိုဆွဲ၍ ထုတ်လိုက်သောအခါ. . .

"ချွမ်း. . . ချွမ်း. . ."

ဟူသောအသံနှင့် အဖြူရောင် အလင်းတန်းကလေးသည် လျှပ်မြန်စွာဖြင့် ဆိုင်ရှင်၏ ရင်ဝသို့ သုံးချက်တိတိ မှန်သွားစေလေသည်။ ထိုလူငယ်၏ ဓားပညာမှာ သူတို့ထင်ထားသည်ထက်



အဆပေါင်းများစွာ သာလွန်နေလေသည်။

ဆိုင်ရှင်အဘိုးအို၏ မျက်နှာသည် ဇွတ်ခနဲ ဖျက်သွားသည်။ ဆိုင်ရှင်အဘိုးအိုက မယုံကြည်နိုင်သော မျက်လုံးအစုံဖြင့် လူငယ်အား လှမ်းကြည့်လိုက်သည်။ သို့သော်. . .

ဆိုင်ရှင်၏ ဇနီးသည်မျက်နှာသည် ပြုံးရွှင်နေလေသည်။

လူငယ်၏ မျက်လုံးအစုံမှာလည်း အေးစက်ခက်ထန်လာသည်။ သူ၏လက်တစ်ဖက်သည် ခါးမှ ချိတ်ထားသော ဓားအိမ်ထဲသို့ သွင်းထားကာ ဓားရိုးပေါ်သို့ ရောက်သွားပြီး ခန္ဓာကိုယ်အား ဖြည်းညင်းစွာဖြင့် နောက်သို့ လှည့်လိုက်လေသည်။

ယင်းသို့ နောက်လှည့်လိုက်သည်နှင့် တစ်ပြိုင်နက် လူငယ်၏မျက်လုံးအစုံသည် အေးစက်ခက်ထန်သွားသည်။

အဘယ်ကြောင့်ဆိုသော်. . . ယခုအခါ လူငယ်၏ရှေ့တွင် လူတစ်ယောက် မတ်တပ်ရပ်နေသည် မဟုတ်ပါလော။

ထိုလူ၏ ခန္ဓာကိုယ်သည် ပလွေတစ်ချောင်းပမာ ပိန်လှီ၍ နေသည်။ သူ့ခန္ဓာကိုယ်သည် သူ့ပလွေနှင့် တူနေသည်။

ထိုလူသည် မီးခိုးရောင်ဝတ်စုံကို သပ်ရပ်စွာ ဝတ်ဆင်ထားလေသည်။ ထိုလူသည် ဟောင်းနွမ်းနေသော ခမောက်တစ်ခုကို ခပ်ငိုက်ငိုက် ဆောင်းထားသည်။

ထိုလူ၏ လက်ထဲတွင်လည်း ပလွေနက် တစ်ချောင်းကို ကိုင်ဆောင်ထားလေသည်။ ထိုလူ၏ပုံမှာ ပိန်သည်ကလွဲ၍ ဘာမျှ မထူးခြားလှချေ။ ထိုလူက လူငယ်အား စူးရှစွာကြည့်လိုက်ပြီး မေးလိုက် လေသည်။

"မင်းက မရဏဓားကျူးတာရဲ့ တပည့် မဟုတ်လား. . ."

BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com



လူငယ်က ထိုလူအား အေးစက်စွာ ပြန်၍ ကြည့်လိုက်ပြီး

"ဟုတ်တယ်..."

မီးရောင်သည် လွန်စွာမှေးမှိန်လှသည် ဖြစ်သော်လည်း ထိုလူ၏ မျက်နှာအား ပီပီပြင်ပြင် တွေ့မြင်လိုက်ရလေသည်။

ထိုလူ၏ မျက်နှာကို မြင်သောအခါ လူငယ်သည် နောက်သို့ ခြေတစ်လှမ်း ဆုတ်သွားသည်။

ထို့နောက် လူငယ်သည် တုန်ယင်သော အသံဖြင့်...

"ပလွေနက်..."

ပလွေနက်ကို ကိုင်ဆောင်ထားသော သူသည် ပြုံး၍ ခေါင်းညိတ်လိုက်လေသည်။ ထို့နောက်...

"ဟုတ်ပါတယ်... ကျုပ်က မင်းထင်တဲ့ ပလွေနက်ပါပဲ"

လူငယ်၏ ခန္ဓာကိုယ်သည် ဆတ်ခနဲ တုန်ခါသွား၏။

ထိုလူမှာ မည်သူမည်ဝါ ဖြစ်သည်ကို သူသိလိုက်ပြီ မဟုတ်ပါလော။ ပလွေနက်က သူ၏ပလွေကို တိုက်ခိုက်ရန် အသင့်ပြင်လိုက်သည်။ သူ၏အသွင်မှာ မာန်ဖီနေသော ကျားတစ်ကောင်ကဲ့သို့ ခက်ထန်လှသည်။ ရုတ်တရက်...

ဆိုင်ရှင်၏ဇနီးက သူထံသို့ အလျင်အမြန် လျှောက်လာပြီး သူမ၏လက်ဖြင့် ပလွေနက်၏ လည်ပင်းကို သိုင်းဖက်ထားလိုက်သည်။ သူမသည် ခြေဖျားထောက်လိုက်ပြီး ထိုလူ၏အနားသို့ ကပ်ကာ အသံတိုးတိုးဖြင့် ပြောလိုက်၏။

"သူ့ကို ရှင်မသတ်ရဘူး..."

ဆိုင်ရှင်ဇနီးက သာယာငြိမ့်ညောင်းသော အသံဖြင့်...

"ကျွန်မတို့စွပြီးရင် ရှင့်စိတ်တိုင်းကျ သူ့ကို လုပ်ချင်သလို



လုပ်နိုင်တယ်... ဟဲ... ဟဲ... ဟဲ... သူက ပြေးလို့ လွတ်မှာတဲ့လား... နောက်ပြီး ကျွန်မကလည်း မပြေးပါဘူးရှင်..."

သူမ၏ ပြောဆိုဆက်ဆံပုံမှာ ကန့်ကလျနိုင်ဟန်ရှိလှ၏။ သူမ၏ ခင်ပွန်းဖြစ်သူ ဆိုင်ရှင်အဘိုးအို ရှိနေသည်ကိုပင် မေ့လျော့နေပုံရသည်။ ပလွေနက်ဆိုသောသူမှာ သူမအား စူးစိုက်ကြည့်လိုက်ပြီး ရုတ်တရက် ပြောလာလေ၏။

"ကျုပ်ကို ငွေတစ်သောင်းတန်တဲ့ ဆန်ပြုတ်တစ်ပွဲ ပေးပါ"

ဆိုင်ရှင်ဇနီးက တွန့်ကြေသွားသော အကျီကို ဆွဲဆန့်လိုက်ပြီး သူက ရယ်မောလိုက်သည်။

"ဒီစကားဝှက်က ကျွန်မ ချိန်းထားတဲ့လူနဲ့ ပြောထားတဲ့ စကားဝှက်ပါ၊ ရှင်က ဒီစကားဝှက်ကို ပြောစရာ မလိုဘူး၊ ဘာဖြစ်လို့လဲဆိုတော့ ကျွန်မ ရှင့်ကို ကောင်းကောင်းသိနေတာပဲ"

ပလွေနက်ဆိုသောလူက စကားတစ်ခွန်းမှ မပြောတော့ပါ။ ထို့ပြင်... လူငယ်ကိုလည်း လုံးဝ လှည့်၍ပင် မကြည့်ပါချေ။

ရုတ်တရက်... လေချွန်သံတစ်ချက် ထွက်ပေါ်လာသည်။

စားသောက်ဆိုင် အတွင်းမှ လူစုသည် လေချွန်သံ လာရာ လမ်းလေးဆီသို့ စူးစိုက်ကြည့်နေလိုက်သည်။

ထိုအချိန်မှာပင်...

လူတစ်ယောက်သည် လွတ်လပ်ပေါ့ပါးစွာဖြင့် လေချွန်ရင်း လမ်းကြားထဲသို့ လျှောက်လာသည်ကို တွေ့လိုက်ရတော့သည်။

ထိုလူသည် သူတို့တစ်ကြိမ်တစ်ခါမှ မတွေ့ဖူး မမြင်ဖူးသော လူတစ်ယောက်ပင် မဟုတ်ပါလော။

www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၃)
## ကယ်တင်ရှင်

ယင်းလူ၏ ပုံပန်းသဏ္ဍာန်နှင့် ရုပ်သွင်မှာ ထူးခြားခြင်း မရှိပါ။ ထို့ပြင်. . .

ပို၍ တိတိကျကျ ပြောရလျှင် ထိုလူ၏ ခန္ဓာကိုယ်ပေါ်တွင် မည်သည့်လက်နက်မှ ကိုင်ဆောင်ထားခြင်း မရှိသောကြောင့် ဖြစ်သည်။ ထိုလူ၏အရပ်မှာ သာမန်အရပ်ထက် အနည်းငယ် ပို၍ မြင့်လေသည်။

သူ၏အဝတ်အစားသည် အဖိုးတန် အဝတ်အစားများ မဟုတ်သော်လည်း ချုပ်လုပ်ထားသော လက်ရာမှာလည်း အလွန်ကောင်းမွန်ပြီး အရောင်အဆင်းလည်း အဆင်ပြေ၍ ကြည့်၍ အလွန်ကောင်းသည်။

သူ့တွင် ဘာလက်နက်မှ ကိုင်ဆောင်ထားခြင်း မရှိဘဲ ထီး တစ်လက်သာ ကိုင်ဆောင်ထားသည်။

သူသည် တဖွဲဖွဲ ရွာနေသော မိုးဖွဲကြားမှ လမ်းကြားထဲသို့ လျှောက်ဝင်လာသည်။



သူ့ဟန်ပန်ကို ကြည့်ရသည်မှာ လှပသော ပန်းခင်းကလေးထဲတွင် လမ်းလျှောက်နေသောသူနှင့် တူလှပေသည်။

ထို့ကြောင့် သူ၏မျက်နှာပေါ်တွင် ပြုံးယောင်ယောင်ရှိနေသည်ဟု ထင်မှတ်ရသည်။ သူ့နှုတ်ခမ်းသည် ထူးထူးခြားခြား တွေးတတ်နေသဖြင့် သူအမြဲပြုံးနေသည်ဟု ထင်ရခြင်း ဖြစ်သည်။

ဤအချက်သည်သာ ထိုလူ၏ ထူးခြားသော အချက်ဖြစ်သည်ဟုဆို ကောင်းဆို ရပေလိမ့်မည်။

ဆိုင်တွင် ကြီးမားသော လင်ဗန်းတစ်ခုရှိသည်။

လင်ဗန်းပေါ်တွင် အမဲသားကင်၊ ဝက်အူချောင်း၊ ပဲပြား၊ ဘဲဥပြုတ် စသည့် စားသောက်ဖွယ်ရာများလည်း ရှိနေသည်။

ထို့နောက် သူသည် လင်ဗန်းကြီးကို လက်ညှိုးထိုးညွှန်ပြီး

"ဒီဟာတွေ အကုန်လုံး နည်းနည်းစီ ထည့်ဗျာ. . . ဝက်အူချောင်းကိုတော့ ပိုထည့်. . ."

ထို့နောက်. . .

"အလောတကြီး လေသံဖြင့် လက်ညှိုးသုံးချောင်း ထောင်ပြလိုက်ပြီး. . .

"အရက်လည်း သုံးခွက်ပေးဗျာ. . . ဘာအရက်ပဲ ဖြစ်ဖြစ်ပေါ့. . ."

ဆိုင်ရှင်အဘိုးအိုက စူးစမ်းသော လေသံဖြင့်. . .

"ဆန်ပြုတ်ကော မသောက်ဘူးလားဗျ. . ."

ထိုလူက ခေါင်းကို ခါယမ်းလိုက်ပြီး. . .

"ကျုပ်မှာတာ ဆန်ပြုတ်မှ မဟုတ်ဘဲ. . . ဘာဖြစ်လို့ ခင်ဗျားက ကျုပ်ကို ဆန်ပြုတ်သောက်မလား မေးနေရတာလဲ. . ."

www.burmeseclassic.com

www.burmeseclassic.com



ဆိုင်ရှင်အဘိုးအိုက ရယ်မောလိုက်ပြီး...

"ဟား...ဟား...ကျုပ်က ခင်ဗျားကို ဆန်ပြုတ်သောက်မယ့်လူ ထင်လို့ပါဗျာ...ကျုပ်တို့ဆိုင်က ဆန်ပြုတ် အထူးရှောင်းတဲဆိုင်ဗျ..."

ထိုလူက ဆိုင်ရှင်အဘိုးအိုကို တစ်ချက်ကြည့်လိုက်ပြီး...

"ကဲပါ...ကျုပ် ဆန်ပြုတ်သောက်တာ မစားတာက အရေးမကြီးပါဘူး...ခင်ဗျားကသာ ကျုပ်မှာတာ မြန်မြန်လုပ်ပေးပါ..."

ထိုသို့ ပြောပြီးသည်နှင့် ထိုလူသည် ခုံတစ်လုံးကို ဆွဲ၍ထိုင်ချလိုက်လေသည်။ အလိုက်ကန်းဆိုး မသိသူသည် အစားအသောက်များ ရောက်လာသဖြင့် ဝမ်းသာသွားသော်လည်း ချက်ချင်းပင် ညည်းညူပြန်သည်။

"အင်း...တစ်ယောက်တည်း အရက်သောက်နေတာတော့ ပျင်းစရာ ကောင်းပေမယ့် အရက်လုံးဝ မသောက်တာနဲ့စာရင်တော့ မဆိုးပါဘူး..."

သူ၏စကား ဆုံးသွားသည်နှင့်...

"ဖြောင်း...ဖြောင်း...ဖြောင်း..."

ကျယ်လောင်သော လက်ခုပ်တီးသံ ထွက်ပေါ်လာလေတော့သည်။

"ဒီစကားဟာ မှန်သော သစ္စာစကားပဲ..."

လူတစ်ယောက်သည် လက်ခုပ်လက်ဝါးတီးကာ ရယ်မောလျက် လျှောက်လာနေသည်။ ထို့နောက်...

လက်ခုပ်တီး၍ ဝင်လာသူက ထပ်ပြောလိုက်ပြန်သည်။



"ဒီစကားလေး တစ်ခွန်းတည်းနဲ့တင် ခင်ဗျားကို ကျုပ်ကြိုက်သွားပြီ..."

ထိုလူသည် ထပ်မံရယ်မောလိုက်ပြန်သည်။

သူ၏ရယ်မောသံမှာ သာမန်ထက် ကျယ်လောင်လှပေ၏။

လမ်းလျှောက်လာသောအခါ သူ၏ခါးမှာ ဖြောင့်မတ်နေ၏။ သူ၏ အဝတ်အစားများမှာလည်း ချပ်ရပ်သေသပ်လွန်းသဖြင့် မကြာမီကမှ လဲထားဟန် ရှိသည်။

သူ၏ခါး၌ ရွှေရောင်ဓားအိမ်ရှိသော ဓားရှည်တစ်လက်ချိတ်ဆွဲထားသည်။

ရွှေရောင်ကွပ်ထားသော ဓားရိုးသည် မျက်စိများကျိန်းစပ်နေအောင်ပင် ပြောင်လက်လှပေသည်။

သူ၏ပုံပန်းသဏ္ဌာန်ကို ကြည့်ခြင်းအားဖြင့် အခြားသူများက သူ့အား အထင်ကြီးစေရန် ကိုယ့်ကိုယ်ကို အချိန်ကုန် လူပန်းခံပြီး ပြင်ဆင်ထားမှန်း သိသာလှသည်။ သို့သော်...

သူသည် မည်သို့ပြင်ဆင်ထားပါစေ၊ သူ၏ဇရာဟောင်းအိုမင်းရင့်ရော်နေပုံနှင့် ပင်ပန်းနွမ်းနယ်နေပုံများကိုမူ ဖုံးကွယ်၍မရနိုင်ပါ။

ဤအချက်ကိုလည်း သူက သိရှိထားပုံရသည်။ သူကလည်း လက်ခုပ်လက်ဝါးတီးပြီး ဖျတ်ဖျတ်လတ်လတ်နှင့် ပြောလိုက်ခြင်းမှာ သူ့အားနည်းချက်များကို ဖုံးကွယ်ထားလိုဟန် ရှိပေသည်။

ထိုလူသည် စားသောက်ဆိုင်ထဲသို့ ခပ်သွက်သွက် လှမ်းဝင်လိုက်ပြီး...

"ခက်တာက ကျုပ် အခု ခင်ဗျားနဲ့ အရက် မသောက်နိုင်

www.burmeseclassic.com



သေးဘူး. . . ကျုပ် ဆန်ပြုတ်သောက်လိုက်ဦးမယ်ဗျာ. . ."

ထိုလူသည် ဆိုင်ရှင်အဘိုးအိုဘက်သို့ လှည့်လိုက်ပြီး. . .

"ကျုပ်ကို လျှံတစ်သောင်းတန်တဲ့ ဆန်ပြုတ်တစ်ပွဲပေးပါဗျာ. . ."

ဆိုင်ရှင်အဘိုးအိုသည် ထိုသူ့အား မကျေမနပ်နှင့် လှမ်း၍ကြည့်နေသည်။

သူ၏အကြည့်မှာ သူစိမ်းတစ်ယောက်ရှိနေသည်ကိုပင် သတိမထားရကောင်းလား ဟုဖြစ်တင်လိုက်သော အကြည့်မျိုးဖြစ်ပါသည်။ သို့သော်. . .

ရွှေရောင်ဓားကို လွယ်ထားသူက ဆိုင်ရှင် အဘိုးအို၏ ပြစ်တင်အကြည့်ကို နားမလည်ဟန်ဖြင့် ဆိုင်ရှင်အဘိုးအိုအား ဒေါသသံဖြင့် မေးလိုက်လေသည်။

"ခင်ဗျားက ကျုပ်ကို ဘာဖြစ်လို့ စကားမပြောတာလဲ. . . အယ်လိုလဲ. . . ကျုပ် ချူဖုန်းထင်း အသက်ကြီးလာလို့ မင်းတို့ ကျွေးတဲ့ ဆန်ပြုတ်ကို မသောက်နိုင်တော့ဘူးလို့များ ထင်နေလို့လား. . . ဒါမှမဟုတ် မင်းရဲ့ဆိုင်မှာ ဆန်ပြုတ်မရလို့လား. . .

သူ၏အသံသည် ဒေါသဖြင့် တုန်ခါနေသည်။

"ရှင်းရှင်းပြောမယ်. . . ဒီဆန်ပြုတ်ကို ကျုပ်မသောက်တာက အရေးမကြီးဘူး. . . ဒါပေမယ့် ကျုပ်မှာ သောက်နိုင်တဲ့ အရည်အချင်း ရှိမရှိဆိုတာကတော့ ပြရဦးမယ်. . ."

ထို့နောက်. . .

သူသည် ဓားကိုဆွဲထုတ်လိုက်လေသည်။

ရွှေရောင်အလင်းတန်းတစ်ခု ဝင်းလက်သွားသည်။



သူ၏ဓား ဆွဲထုတ်သော နည်းစနစ်မှာ မှန်ကန်တိကျလှလေသည်။ သို့သော်. . .

သူ၏ လက်ချောင်းကလေးများသည် အနည်းငယ် တုန်ယင်နေသည်။ ဆိုင်ရှင်အဘိုးအို၏ လက်ထဲမှ တူနှစ်ချောင်းသည် ရုတ်တရက် ထိုလူ၏ မျက်လုံးအား ထိုးဖောက်လိုက်သည်။

ဓားသည် ဆိုင်ရှင်၏ရင်ဝသို့ မရောက်မီမှာပင် တူနှစ်ချောင်းသည် ဓားသမား၏ မျက်ခုံးမွေး အနီးသို့ ရောက်ရှိလာ၏။

ဓားကိုင်ထားသောလူသည် လျင်မြန်စွာ နောက်သို့ဆုတ်သွားလိုက်သည်။

ခြေတစ်လှမ်းမျှသာ ဆုတ်လိုက်ရသည်။ တူနှစ်ချောင်းသည် ရုတ်တရက် အောက်သို့ အရှိန်နှင့် ရိုက်ချလိုက်ရာ ဓားကိုင်၏ လက်ကောက်ဝတ်ပေါ်သို့ ရိုက်မိသွားသည်။

"ချွမ်. . ."

လက်ထဲမှ ဓားသည် မြေပေါ်သို့ လွင့်ကျသွားလေသည်။

ချူဖုန်းထင်းသည် ကြောင်အမ်းအမ်း ဖြစ်သွားသည်။

သူကြိုးစား ဖုံးကွယ်ထားသော အရာခပ်သိမ်းတို့သည် ခဏ အချိန်အတွင်း အားလုံးပေါ်လွင်သွားလေသည်။

ချူဖုန်းထင်းသည် အသက်ကြီးရင့်လာပြီ ဖြစ်သည်။

ထို့ကြောင့်. . .

သူသည် ငယ်စဉ်အခါတုန်းကကဲ့သို့ သွက်လက်ထက်မြက်မှု မရှိတော့ပါချေ။

ယခုဆိုင်ထဲမှ လူအားလုံးတို့သည် မည်သူကမျှ ဂရုစိုက်ကြည့်တော့ပါ။

www.burmeseclassic.com

www.burmeseclassic.com



သူသည် ခါးကိုကိုင်းလိုက်ပြီး မြေပေါ်မှာ ကျနေသော ဓာ
ကို ဖြည်းညှင်းစွာ ကောက်ယူလိုက်သည်။

သူ၏ခြေလှမ်းသည် နောက်သို့ တစ်လှမ်းချင်း ဆုတ်သွာ
သည်။ သူ၏မျက်လုံးအစုံသည် ဆိုင်ရှင်အဘိုးအို၏ လက်ထဲ
တူနှစ်ချောင်းကို စိုက်ကြည့်နေသည်။

သူ၏လက်များသည် တုန်ယင်နေသည်။ တစ်ကိုယ်လုံ
လည်း တဆတ်ဆတ် တုန်ယင်နေ၏။

သူ၏ မျက်လုံးအစုံတွင် မျှော်လင့်ချက် ကင်းမဲ့ခြင်းန
ကြောက်ရွံ့ခြင်း အရိပ်အယောင်များ ပေါ်လွင်နေ၏။

သူက နောက်သို့ တစ်လှမ်းချင်း ဆုတ်တိုင်း သေခြင်းန
ပို၍ပို၍ နီးကပ်သွားသည်ကို ရိပ်စားမိလေ၏။

အရက်သောက်နေသော လူစိမ်းသည် ရုတ်တရက် ထ
ရာမှ ထလိုက်သည်။

ငွေတုံးကလေး တစ်တုံးကို စားပွဲပေါ်၌ တင်ထားလို
ပြီး သူ၏ထီးကို ဖွင့်ကာ ထိုလူအား ဖေးမလိုက်သည်။

သူသည် ချူးဖုန်းထင်းအား ပြုံးပြလိုက်ပြီး. . .

"ခင်ဗျား အရက်ရှိန် ထလာပြီနဲ့ တူတယ်. . ."

သူသည် ထိုသို့ ပြောလိုက်ပြီး ဆိုင်ရှင်အဘိုးအိုဘ
လှည့်ကာ. . .

"ခင်ဗျားဆိုင်က အရက်က ညံ့လိုက်တာဗျာ. . . ကျ
ဒီပြင် နေရာသွားသောက်ကြမယ်. . ."



အခန်း (၄)

## ပြိုင်ဖက်ကင်း သိုင်းသမား

သစ်လွင်သော ထီးကလေးက မိုးပွဲကလေးများအား ကာရံ
ထားသည်။ လူတစ်ယောက်အား ဖေးမ၍ ရွံ့ဗွက်ထူသော လမ်း
ကြားကလေးထဲမှ တဖြည်းဖြည်းချင်း ထွက်သွားကြပုံမှာ မျက်စိ
နောက်စရာပင် ကောင်းလှသည်။

အစိမ်းရောင် ဝတ်ဆင်ထားသော သူသည် ဆတ်ခနဲ
ရပ်လိုက်လေသည်။ သူငယ်၏ လက်ချောင်းသည် ခါးမှဓားကို
အသင့်ဆွဲထုတ်လိုက်နိုင်ရန် ဆုပ်ကိုင်ထားလေသည်။

ဆိုင်ရှင်အဘိုးအိုသည် ထခုန်လိုက်ရန် ဟန်ပြင်နေ။

ဆိုင်ရှင်၏ဇနီးသည် ရုတ်တရက် စားပွဲအား တစ်ချက်ပုတ်
လိုက်ပြီး. . .

"ရှင်တို့ အားလုံး သူတို့နောက်ကို လိုက်မသွားပါနဲ့. . ."

ထို့နောက်. . ဆိုင်ရှင်၏ဇနီးသည် ခက်ထန်မာကြောသော
လေသံဖြင့် ပြောသည်။

"ရှင်တို့ ဘယ်သူမှ မလိုက်ကြပါနဲ့. . . လိုက်တဲ့လူငွေ

www.burmeseclassic.com

www.burmeseclassic.com



သေမှာပဲ. . ."

အဘိုးအို၏ မျက်နှာသည် မည်းမှောင်သွားသည်။ သူသည် ဒေါသဖြစ်လွန်းသဖြင့် တုန်ယင်လွန်းသော လေသံဖြင့်. . .

"ဘာလဲ. . . မင်းက ချူးဖုန်းထင်းကို ကြောက်နေတယ် ဟုတ်လား. . ."

သူ၏ဇနီးက ပခုံးတစ်ချက်တွန့်လိုက်ပြီး. . .

"ကျွန်မက ချူးဖုန်းထင်းကို ကြောက်နေတာ မဟုတ်ဘူး"

သူမက သက်ပြင်းတစ်ချက် ချလိုက်ပြီး. . .

"ချူးဖုန်းထင်းလို သိုင်းသမားကို ကျွန်မက ဆယ်ကြိမ်မက ယှဉ်ပြိုင်ရဲတယ်. . . ဒါပေမယ် ချူးဖုန်းထင်း ဆယ်ယောက်အား က ဟိုလူရဲ့ လက်ညှိုးတစ်ချောင်းတောင် မမီဘူးရှင့်. . ."

ဆိုင်ရှင်အဘိုးအိုက အံ့ဩဟန်ဖြင့် မေးလိုက်သည်။

"ဟိုလူ ဟုတ်လား. . ."

ထို့နောက်. . .

အဘိုးအိုက မကျေမနပ်သော လေသံဖြင့်. . .

"ဘာလဲ. . . မင်းက ဟိုအရက်သောက်တဲ့လူကို ကြောက် နေရတာလား. . ."

သူ၏ဇနီးသည် သက်ပြင်းတစ်ချက် ချလိုက်သည်။

ထို့နောက်. . .

တိုးညင်းသော လေသံဖြင့်. . .

"ဟုတ်ပါတယ်. . . ကျွန်မ သူ့ကို ကြောက်တယ်. . .

ထို့နောက်. . .

သူမက စကားဆက်လိုက်ပြန်သည်။



"ပထမတုန်းက ကျွန်မလည်း သူ့ကိုသတ်ဖို့ စိတ်ကူးထား သေးတယ်၊ ကံကောင်းပေလို့ပေါ့၊ ကျွန်မက သူဟာ ဘယ်သူလဲဆို တာ ချက်ချင်း မှတ်မိလိုက်လို့ပေါ့. . နို့မဟုတ်ရင် အခု ကျွန်မ. . ."

သူမက စကားကိုမဆက်ဘဲ ပခုံးတစ်ချက် တွန့်ပြလိုက်ပြီး ရပ်တန့်သွားလေသည်။

"ကျွန်မ သေနေလောက်ပြီ" ဟု သူမ ပြောလိုခြင်းဖြစ် သည်။

သို့သော် သူမသည် နိမိတ်မရှိ နမာမရှိသော စကားကို ဆက်၍ မပြောပေ။ ပလွေနက်ကို ကိုင်ဆောင်ထားသောလူ၏ မျက်နှာမှာ ခက်ထန်မာကျောနေသည်။ ထို့နောက်. . .

အေးတိအေးစက် လေသံဖြင့်. . .

"ဘာလဲ. . . ကျုပ် ဘယ်သူဆိုတာ ခင်ဗျားတို့ မှန်းနေကြ ပြီလား. . ."

ဆိုင်ရှင်ဇနီးသည် ပင့်သက်တစ်ချက်ချလိုက်သည်။

"ရှင်ဘယ်သူဆိုတာ ကျွန်မတို့ သိပါတယ်. . . လွန်ခဲ့တဲ့ လတုန်းကလည်း မိစ္ဆာဂိုဏ်း ဇာစားသမား စွန်းတောက်ကို သတ်ခဲ့ တယ် မဟုတ်လား. . . ဒါတွေကို ကျွန်မတို့ သိပါတယ်ရှင်. . ."

ပလွေနက် ကိုင်ဆောင်ထားသောလူသည် မာကျောသော လေသံဖြင့်. . .

"ကျုပ် သိုင်းကွက်တစ်ကွက်တည်းနဲ့ သတ်ခဲ့တဲ့လူဟာ စွန်းတောက် တစ်ယောက်တည်း မကဘူးဗျ. . ."

ဆိုင်ရှင်ဇနီးက စိတ်မရှည်စွာဖြင့် ပြောလိုက်သည်။

"ဟုတ်ပါတယ်ရှင်. . . ကျွန်တော့်လူတွေကိုတော့ သိုင်းကွက် တစ်ကွက်တည်းနဲ့ နိုင်ချင်နိုင်မယ်. . . သူ့ကိုတော့ ရှင်မနိုင်ဘူး"

www.burmeseclassic.com

www.burmeseclassic.com



ပလွေနက် ကိုင်ဆောင်ထားသောသူ၏ မျက်ခုံးအစုံသည် အပေါ်သို့ မြင့်တက်သွားသည်။

"ဘာဖြစ်လို့ ခင်ဗျားက ဒီလိုအထင်တကြီးနဲ့ ပြောနိုင်တာလဲ. . ."

ဆိုင်ရှင်ဇနီးက မချိုပြုံး ပြုံးလိုက်သည်။

"လောကမှာ ဘယ်သူမှ သူ့ကို သိုင်းကွက်တစ်ကွက်တည်းနဲ့ သတ်လို့မရဘူး. . ."

ထို့နောက် ဆိုင်ရှင်ဇနီးသည် ပခုံးတစ်ချက် တွန့်လိုက်သည်။

"ကျွန်မ မှတ်မိသလောက် ပြောရမယ်ဆိုရင် ဒီလူ့တစ်သက်တာမှာ တစ်ခါမှ အရှုံးမရှိခဲ့ဖူးလို့ ထင်တယ်. . ."

ပလွေနက် ကိုင်ဆောင်ထားသော လူ၏မျက်နှာ ကွက်ခနဲ တစ်ချက်ပျက်သွားသည်။

"နေပါဦး. . . သူက ဘယ်သူလဲ. . ."

ဆိုင်ရှင်ဇနီးသည် ထိုလူ၏အမည်ကို ထုတ်ဖော်ပြောပြလိုက်လေသည်။ သူမ စကားကိုကြားရသောအခါ အားလုံး၏ မျက်နှာများ ပျက်သွားကြသည်။

သူတို့ အားလုံး၏ ပါးစပ်များသည်လည်း စေ့စေ့ပိတ်ထားလိုက်ကြလေသည်။ သူတို့အားလုံး စကားမပြောနိုင်ကြတော့ပေ။

ဆိုင်ရှင်၏ဇနီးသည် မည်သည့်အမည်ကို ထုတ်ဖော်ပြောဆိုလိုက်ပါသနည်း။ သူမ ပြောလိုက်သည့် နာမည်မှာ 'စွေတုံးလျှို' ဖြစ်သတည်း။



## အခန်း (၅)
## ပင်လယ်ပြာပေါ်မှ သိမ်းငှက်

မြင့်မားသော အုတ်နံရံ။

ထည်ဝါသော အဆောက်အဦး။

ကျယ်ဝန်းသော ပန်းခြံ။

စွေတုံးလျှိုသည် ချူးဖုန်းထင်းအား ထိုခြံဝင်း၏ အနောက်ဘက်မှ တံခါးငယ် တစ်ခုရှေ့သို့ ခေါ်ဆောင်လာသည်။

ထို့နောက်. . .

အလောတကြီး လေသံဖြင့်. . .

"ဒီမှာ ခဏစောင့်နေ. . . ဘယ်မှမသွားပါနဲ့. . ."

သူသည် ယင်းသို့မှာကြားပြီးနောက် သူ၏ခန္ဓာကိုယ် ရုတ်တရက် မြောက်တက်သွားပြီး မြင့်မားသော အုတ်နံရံပေါ်သို့ ကျော်တက်ကာ ကွယ်ပျောက်သွားလေသည်။

ချူးဖုန်းထင်း အံ့အားသင့်သွားသည်။

သူသည် စွေတုံးလျှိုအား တစ်ခါမျှ မမြင်ဖူး မတွေ့ဖူးပေ။ မိမိအား ခေါ်ဆောင်လာသောသူမှာ စွေတုံးလျှိုမှ မသိ

www.burmeseclassic.com



ဒါ စွေတုံးလျူကလည်း သူ့မျက်နှာကို အားအားရှိတိုင်း လူတကာ တို့ လိုက်ပြမနေပါ။

ချူးဖုန်းထင်းသည် ဘာကြောင့်မှန်း မသိ။ စွေတုံးလျူက စောင့်ခိုင်းသည်ကို ယုံယုံကြည်ကြည်ဖြင့် စောင့်နေလေသည်။ သူ သည် စွေတုံးလျူကို မြင်မြင်ချင်း ယုံကြည်မိသည်။

❀ ❀ ❀

ညဦးသည် ကုန်ဆုံးတော့မည် ဖြစ်သည်။

မိုးဖွဲများသည် ရပ်တန့်သွားလေပြီ။

ချူးဖုန်းထင်းသည် ကြာကြာမစောင့်ရပါ။

တံခါးငယ် ပွင့်သွားပြီး ဆယ်ကျော်သက် အိမ်ဖော်နှစ် ယောက်သည် မီးအိမ်ကိုယ်စီဖြင့် သူ့အား ကြိုဆိုလာကြသည်။

"နောက်. . .

ချူးဖုန်းထင်းသည် အိမ်ဖော်ခေါ် ဆောင်ရာသို့ နောက်မှ လိုက်သွားသည်။

အလွန်ကျယ်ဝန်းသော ခြံဝင်းဖြစ်သည်။

ယင်းခြံဝင်းအတွင်းမှ ပန်းဥယျာဉ် လမ်းကလေးအတိုင်း လျှောက်သွားရာ မကြာမီ အခန်းငါးခန်းမျှရှိသော အဆောက်အဦး ၏ တံခါးဝ၌ စွေတုံးလျူ ပြုံး၍ စောင့်ကြိုနေသည်ကို တွေ့မြင်လိုက် ရသည်။

ချူးဖုန်းထင်းသည် စပ်စုတတ်သော သူတစ်ယောက် မဟုတ်ပါ။



သို့သော် သူမမေးဘဲ မနေနိုင်ပါ။ သူက စွေတုံးလျူကို မေးမိသည်။

"ဒီအိမ်က ခင်ဗျားအိမ်လား. . ."

စွေတုံးလျူက သူ၏အမေးကို မဖြေပါ။ သို့သော် . .

သူက ပြုံး၍ ချူးဖုန်းထင်းအား ပြောလိုက်သည်။

"ခင်ဗျား ဒီမှာ လေးလတိတိ အေးအေးဆေးဆေး အပန်း ဖြေနိုင်တဲ့ နေရာပါ. . ."

စွေတုံးလျူက စကားဆက်လိုက်ပြန်သည်။

"အမှန်ပြောရရင် ခင်ဗျား နှစ်အတော်ရင်တော့ နေချင်သ လောက် နေလို့ရပါတယ်. . . ဒါပေမယ့် ခင်ဗျားဟာ နေရာတစ်ခု မှာ လေးလထက်ကြာအောင် မနေဘူးဆိုတာ ကျုပ်သိထားပါတယ်"

ချူးဖုန်းထင်းက မျက်မှောင်ကြုတ်သွားသည်။

"ကျုပ်က ဘာဖြစ်လို့ ဒီမှာ လေးလလောက် နေရမှာလဲ"

စွေတုံးလျူက တည်ငြိမ်စွာဖြင့် ပြန်ဖြေလိုက်သည်။

"ခင်ဗျား. . . ဒီမှာ ရှိလိမ့်မည်လို့ ဘယ်သူမှ သိမှာမဟုတ် ဘဲ. . . ဒီမှာနေတဲ့အတွက် ဘယ်သူကမှ လာပြီး မနှောင့်ယှက်နိုင် ဘူး. . . လေးလကျော်သွားရင်တော့ အခြေအနေဟာ တစ်မျိုး ပြောင်းချင် ပြောင်းသွားမှာပါ. . ."

စွေတုံးလျူက ရယ်ရင်း စကားဆက်လိုက်သည်။

"လူတစ်ယောက်ဟာ အသက်တစ်ချောင်းပဲ ရှိတယ်. . . အသက်မရှိရင် အရက်ကို သောက်နိုင်တော့မှာ မဟုတ်ဘူးဗျ"

ချူးဖုန်းထင်းသည် အရက်ကိုငဲ့၍ စတင်သောက်လေ၏။

သူ၏ အသည်းနှလုံးမှာ နွေးနွေးထွေးထွေး ရှိလှလေ၏။

www.burmeseclassic.com

www.burmeseclassic.com



"ကျွန်တော် သိုင်းလောကမှာ အပယ်ခံရတဲ့ လူတစ်ယောက်ပါ... ဇရာလည်း ထောက်လာပြီ... ကနေ့ ခင်ဗျားသာ မကယ်ရင် ကျွန်တော် အသက်ရှင်နိုင်မှာ မဟုတ်ဘူးဗျာ... ဒီကောင်တွေအကြောင်း ကျွန်တော် ကောင်းကောင်းသိပါတယ်..."

ချူးဖုန်းထင်းသည် ပြောရင်း အသံများ တိမ်ဝင်သွားသည်။

"ကျွန်တော်ဟာ မျှော်လင့်ချက် လုံးဝမရှိတဲ့ လူတစ်ယောက်ဗျာ ခင်ဗျားက ဘာကြောင့် ကျွန်တော့်အပေါ် ဒီလောက်တောင် ကောင်းနေရတာလဲ..."

ရွှေတုံးလျှူက ပခုံးတစ်ချက် တွန့်လိုက်သည်။

"ဘာကြောင့်မှ မဟုတ်ပါဘူး..."

ထို့နောက်...

သူက စကားကို ဆက်လိုက်ပြန်သည်။

"ကျွန်တော်က အလုပ်တစ်ခုခုလုပ်ရင် ဘာအကြောင်းမှ ထည့်ပြီး စဉ်းစားတာ မဟုတ်ဘူးဗျ..."

ချူးဖုန်းထင်းက မေးလိုက်သည်။

"နေပါဦး... စားသောက်ဆိုင်က လင်မယား ဘယ်သူလဲဆိုတာ ခင်ဗျား သိသလား..."

ရွှေတုံးလျှူက ခေါင်းခါယမ်းလိုက်ပြီး...

"မသိဘူး..."

ချူးဖုန်းထင်းက စကားဆက်ပြန်သည်။

"သူတို့က ဘာဖြစ်လို့ ဒီလူတွေနဲ့ တွေ့ဆုံကြတာလဲဆိုတာ ခင်ဗျား သိသလား..."

ရွှေတုံးလျှူက ခေါင်းကို ထပ်မံခါယမ်းလိုက်ပြန်သည်။



"မသိဘူး... သိဖို့လည်း ကျွန်တော် မကြိုးစားဘူး... လူဦးနှောက်ဟာ အရာရာကို မစဉ်းစားနိုင်ဘူးဗျာ... သူ့ကိစ္စနဲ့ သူရှိမှာပေါ့..."

ချူးဖုန်းထင်းက အံ့သြစွာဖြင့် မေးလိုက်သည်။

"ဘာဖြစ်လို့ ခင်ဗျား မကြိုးစားတာလဲ..."

ရွှေတုံးလျှူက စိတ်မရှည်ဟန်ဖြင့် ပြောလိုက်လေသည်။

"ကျွန်တော့်မှာ ခေါင်းခံရမယ့် အလုပ်တွေ အလွန်များနေလို့ဗျာ... ကိစ္စတိုင်းကို ခေါင်းထဲမထည့်နိုင်ဘူးဗျာ..."

ရွှေတုံးလျှူသည် တစ်ချက်တွန့်ပြီး ဆက်ပြောသည်။

"လူတစ်ရာမှာ ရှိနေတဲ့ ခေါင်းခဲစရာကိစ္စတွေကို စဉ်းစားနေရင် ခေါင်းကိုက်ရုံပဲ ရှိမှာပေါ့..."

ချူးဖုန်းထင်းက ခပ်အေးအေး ပြောလိုက်သည်။

"ထားပါတော့လေ... ဒါပေမယ့် စားသောက်ဆိုင် ဆန်ပြုတ်သောက်နေတဲ့ လူတွေဟာ ထိပ်သီးကြေးစား လူသတ်သမားတွေဆိုတာတော့ ခင်ဗျားကို သိစေချင်တယ်..."

ရွှေတုံးလျှူက အံ့သြဟန်မပြဘဲ မေးလိုက်သည်။

"ဟုတ်လား..."

ချူးဖုန်းထင်းက စကားကို ဆက်လိုက်ပြန်သည်။

"ဟုတ်တာပေါ့... သူတို့ကို မသိရင်ခက်မယ်... သူတို့အခုလို စုဝေးနေကြတယ် ဆိုတာတော့ အလွန်လျှို့ဝှက်တဲ့ လုပ်ငန်းတစ်ခုကို ကြံစည်နေကြတာနဲ့ တူတယ်..."

ရွှေတုံးလျှူက ခေါင်းညိတ်လိုက်သည်။

"ဒီလောက်တော့ ကျွန်တော်လည်း ရိပ်မိပါတယ်ဗျာ... ကျွန်တော်

www.burmeseclassic.com

www.burmeseclassic.com



ဟာ ဒီလောက်မတုံးပါဘူးဗျာ. . ."

ချူးဖုန်းထင်းက စားပွဲကို လက်ဝါးဖြင့် ပုတ်လိုက်ပြန်သည်။

"ဒါကြောင့် ခက်နေတာပေါ့. . ."

"သူတို့က လိုက်ပြီး နှုတ်ပိတ်မှာ စိုးရတယ်ဗျ. . ."

ရွှေတုံးလျှုက အေးတိအေးစက်ဖြင့် ပြန်ပြောလိုက်သည်။

"ဒါကို ကျုပ်သိပါတယ်ဗျာ. . . ဒါပေမယ့် သူတို့က ကျုပ်အပေါ် ဒီလောက်အထိ ရိုင်းလိမ့်မယ်လို့ မထင်ဘူးဗျ. . ."

ချူးဖုန်းထင်းက အံ့ဩစွာဖြင့် မေးလိုက်သည်။

"ဘာဖြစ်လို့လဲ. . ."

ရွှေတုံးလျှုက ချူးဖုန်းထင်းအား တစ်ချက်ကြည့်ပြီး ပြောလိုက်သည်။

"သူတို့ထဲ လူတစ်ယောက်က ကျုပ်ကို မှတ်မိနေတယ်လို့ ကျုပ်ထင်တယ်. . ."

ချူးဖုန်းထင်းသည် တစ်ချိန်လုံး အရက်သောက်နေရာမှ ထိုစကားကို ကြားလိုက်သောအခါ ဆတ်ခနဲ ခေါင်းမော့လိုက်သည်။

ထို့နောက်. . .

သူက အမောတကော လေသံဖြင့်. . .

"ဟုတ်ပြီ. . . ကျုပ်ကို ဘာဖြစ်လို့ အသာတကြည် လွှတ်လိုက်တယ်ဆိုတာ အခုမှ ကျုပ် နားလည်လာပြီ. . . ဟုတ်ပြီ. . . ဟုတ်ပြီ. . ."

သူ၏ မှေးမှိန်သော မျက်လုံးအစုံသည် ရုတ်ခြည်း ဝင်းလက်တောက်ပလာသည်။



"ပလွေနက်ဟာ ဘယ်သူ့ကိုမှ ချမ်းသာမပေးခဲ့ဘူး. . . ကျုပ်ကို အခုလွှတ်လိုက်တာဟာ ဘာကြောင့်လဲဆိုတာ ကျုပ်သဘောပေါက်ပြီ. . ."

သူသည် အရက်ခွက်ကို စားပွဲပေါ်သို့ ပြန်တင်လိုက်ပြီး ပြုံးနေသည်။

"ခင်ဗျား ဘယ်သူလဲဆိုတာ သူက သိနေတာကိုး. . ."

သူသည် အရက်အိုးထဲမှ အရက်ခွက်ကို ထပ်ငှဲ့လိုက်ပြီး သောက်လိုက်ပြန်သည်။

"အမှန်ပြောရရင် ကျုပ်က ငတ်နေတယ်ဗျာ. . . ဒါကြောင့် သူတို့ ခိုင်းတဲ့အလုပ်ကို လက်ခံဖို့ လာတာပါ. . . အခုတော့ သိုင်းလောကမှာ လူတိုင်းလေးစားရတဲ့ ရွှေတုံးလျှုနဲ့မှ လာတွေ့တာကိုး. . . ကျုပ်တော့ သေပျော်ပါပြီဗျာ. . ."

ရွှေတုံးလျှုက ပြုံး၍ ပြောလိုက်သည်။

"ခင်ဗျား မသေရပါဘူးဗျာ. . ."

ရွှေတုံးလျှုက စကားဆက်လိုက်ပြန်သည်။

"ခင်ဗျား မသေနိုင်ဘူးလို့တော့ ကျုပ် ပြောရဲပါတယ်. . . ဒါပေမယ့် ခင်ဗျားနားမှာ ကျုပ် အမြဲမနေနိုင်ဘူး. . . ကျုပ်မိတ်ဆွေ တစ်ယောက်ဆီကို သွားရဦးမယ်. . ."

ချူးဖုန်းထင်းက မေးလိုက်သည်။

"သူက ဘယ်မှာနေတာလဲ. . ."

ရွှေတုံးလျှုက စိတ်ရှည်ရှည်ဖြင့် ပြန်ပြောလိုက်သည်။

"ဪ. . . သူက မေတ္တာရိပ်မြုံဆိုတဲ့ အိမ်ကလေးတစ်လုံးဆီကို ရောက်နေတာဗျ. . . ရက်နှစ်ဆယ်လောက်ရှိပြီ

www.burmeseclassic.com

www.burmeseclassic.com



ထင်တယ်. . .”

ချူးဖုန်းထင်းက မေးငေါ့လိုက်သည်။

“သူက အဲဒီအိမ်ကလေးမှာ တစ်ချိန်လုံး ခင်ဗျားကို စောင့်နေတာလား. . .”

စွေတုံးလျူက ခေါင်းညိတ်လိုက်ပြီး. . .

“ဟုတ်လိမ့်မယ်လို့ ထင်တာပဲ. . .”

ချူးဖုန်းထင်းက သဘောပေါက်သွားလေသည်။

“ဟုတ်ပြီ. . . ခင်ဗျားမိတ်ဆွေက အခက်အခဲနဲ့ ရင်ဆိုင်နေလို့ ခင်ဗျားသွား ကယ်မလို့ မဟုတ်လား. . .”

စွေတုံးလျူက ပြုံးလျက်. . .

“ခင်ဗျား ဦးနှောက်က တော်တော်ကောင်းတာပဲ. . .”

ချူးဖုန်းထင်းက ကျေနပ်စွာ ပြုံးလိုက်သည်။

“ဒီလောက်တော့ ရပါသေးတယ်ဗျ. . . လူသာအိုတာ ဉာဏ်က မအိုသေးပါဘူး. . .”

စွေတုံးလျူက ဦးညွှတ်လိုက်ပြီး. . .

“ဟုတ်ပါတယ်ဗျာ. . . ဒါကြောင့် အခု ကျုပ်စကားပြောဖို့ တစ်ခွန်းပဲ ကျန်ပါတော့တယ်. . .”

ချူးဖုန်းထင်းက မျက်မှောင်တစ်ချက် ကြုတ်လိုက်ပြီး ပြန်မေးလိုက်သည်။

“ဘာများလဲဗျ. . .”

စွေတုံးလျူက ပြုံးလိုက်ပြီး. . .

“နောက်မှ တွေ့ကြတာပေါ့. . .”

စွေတုံးလျူက ယင်းသို့ ပြောလိုက်ခြင်းမှာ ချူးဖုန်းထင်းအား နှုတ်ဆက်ရန် မဟုတ်ပါ။ သူ့တွင် သွားရန်ကိစ္စရှိ၍ ဖြစ်သည်။



ထို့ကြောင့် သူသည် ယင်းစကားကို ပြောလိုက်ပြီးနောက် ခြေလှမ်း လှမ်းလိုက်သည်။ သို့သော်. . .

ချူးဖုန်းထင်း၏ စကားတစ်ခွန်းကြောင့် သူသည် လှမ်းနေသော ခြေလှမ်းများ ရပ်တန့်သွားရသည်။

“ခင်ဗျားသွားရင် ကျုပ်လည်း သွားမှာပဲ. . .”

ချူးဖုန်းထင်းသည် စွေတုံးလျူ ရပ်တန့်သွားသည်ကို တွေ့လိုက်တော့မှ စကားဆက်လိုက်သည်။

“ခင်ဗျား. . . အခုသွားတွေ့မယ့် မိတ်ဆွေဆိုတာ မင်းကျင်းဖြစ်ရမယ်လို့ ကျုပ် သိပါတယ်ဗျာ. . .”

စွေတုံးလျူက နားထောင်နေသည်။ ချူးဖုန်းထင်းက စကားဆက်လိုက်သည်။

“မင်းကျင်း အတွက်သာဆိုရင် ခင်ဗျားမှာ ကိစ္စတွေ ဘယ်လောက်ပဲ အရေးကြီးနေ ထားပစ်ခဲ့ရမယ် မဟုတ်လား. . . ဒါပေမယ့်. . .”

သူသည် စကားကို တစ်ပိုင်းတစ်စဖြင့် ရပ်နေပြီး စွေတုံးလျူအား အကဲခတ်သလို ကြည့်လိုက်ပြီးမှ. . .

“ကျုပ်လည်း လူတစ်ယောက် လိုက်ရှာရမယ်. . . အဲဒီသူဟာ ကျုပ်နဲ့ ဘယ်လို ပတ်သက်နေသလဲဆိုရင် ခင်ဗျားနဲ့ မင်းကျင်းတို့ ပတ်သက်တာထက် အများကြီး သာတယ်ဗျ. . .”

စွေတုံးလျူက မျက်မှောင်တစ်ချက် ကြုတ်လိုက်သည်။

ထို့နောက်. . .

ချူးဖုန်းထင်းအား စိုက်ကြည့်လိုက်ပြီး. . .

www.burmeseclassic.com

www.burmeseclassic.com



"ခင်ဗျားဟာ ကျုပ်ထက်သာတယ် ပြောရအောင် အဲဒီလူ ဘာ ခင်ဗျားရဲ့ ဆွေမျိုး ဖြစ်နေလို့လား. . ."

ချူးဖုန်းထင်းက အေးတိအေးစက်ဖြင့် ပြန်ဖြေလိုက်သည်။

"ကျုပ်ရဲ့သမီးပါ. . ."

သူ၏ စကားကို ကြားလိုက်သောအခါ စွေတုံးလျှူ၏ ခန္ဓာကိုယ်သည် တစ်ချက်တုန်ခါသွားသည်။

သူသည် မယုံကြည်နိုင်သော မျက်ဝန်းအစုံဖြင့် ချူးဖုန်းထင်းအား စိုက်ကြည့်လိုက်ပြီး. . .

"နေပါဦး. . . ခင်ဗျားက ကိုယ့်သမီး ဘယ်မှာရှိတယ် ဆိုတာ တကယ်မသိဘူးပေါ့. . ."

ချူးဖုန်းထင်းက ခေါင်းကို ခါယမ်းလိုက်ပြီး. . .

"ဟုတ်ပါတယ်. . . ကျုပ်သမီး ဘယ်မှာလဲဆိုတာ ကျုပ်မသိဘူး. . . ဒါပေမယ့် ကျုပ်မှာ သမီးတစ်ယောက်ပဲ ရှိတယ်လေ ဒါကြောင့် ကျုပ်လိုက်ရှာနေရတာပါ. . ."

စွေတုံးလျှူက အနည်းငယ် စဉ်းစားဟန် ပြုလိုက်သည်။

အတန်ကြာမှ. . .

"ခင်ဗျား မသွားလည်း ဖြစ်ပါတယ်. . ."

ချူးဖုန်းထင်းက အံ့သြတကြီးနှင့် မေးလိုက်သည်။

"ဘာဖြစ်လို့လဲ. . ."

စွေတုံးလျှူက ခေါင်းညိတ်ပြောလိုက်သည်။

"ခင်ဗျားကို အခုပဲ ကျုပ် ကယ်ခဲ့တာလေ. . . ဒါကြောင့် ခင်ဗျားအသက် သေဆုံးသွားမှာကို မလိုလားဘူး. . ."

စွေတုံးလျှူက ချူးဖုန်းထင်းအား အကဲခတ်သလို တစ်ချက်



ကြည့်လိုက်ပြီး စကားဆက်လိုက်ပြန်သည်။

"နောက်ပြီး ခင်ဗျားသမီး ဘယ်မှာရှိတယ်မှန်း မသိဘဲနဲ့ ခင်ဗျားက သွားရှာလို့ လွယ်မလား. . ."

သူ၏စကားကြောင့် ချူးဖုန်းထင်းက တဟားဟားရယ်မောနေသည်။

"ဟား. . . ဟား. . . ဟား. . . ကျုပ် သမီးပဲဗျ. . . ဘယ်မှာရှိတယ်ဆိုတာသာ မသိတာ. . . ရှာဖို့တော့ လွယ်ပါတယ်. . . ဒါက သိုင်းလောကလေ. . ."

စွေတုံးလျှူက ပြုံးလိုက်ပြီး. . .

"ရှာဖို့ လွယ်တယ်ဆိုရင် ကျုပ်ကို နည်းလမ်းသာပြောလိုက်ပါ. . . ကျုပ် ရှာပေးပါ့မယ်. . . ကျုပ်မှ မတွေ့ရင်တော့ ခင်ဗျား ထိုက်နဲ့ ခင်ဗျားကံပဲ. . ."

ချူးဖုန်းထင်း၏ မျက်လုံးအစုံ ဝင်းလက်တောက်ပသွား၏။

ရုတ်တရက် ရင်ဘတ်ကြားသို့ လက်ထိုးနှိုက်လိုက်သောအခါ ပဝါပြာတစ်ထည်ပါလာသည်။

ယခင်က ဖြူဖွေးခဲ့ဟန်ရှိသော လက်ကိုင်ပဝါကလေးသည် ဒါကြန့်ကြန့် အရောင်များပင် ဖြစ်နေ၏။ ထိုလက်ကိုင်ပဝါပေါ် အနီရောင် ပိုးချည်မျှင်ဖြင့် သိမ်းငှက်ရုပ်တစ်ခု ထိုးထားသည်။ ချူးဖုန်းထင်းက ရှင်းပြသည်။

"သူ့အမေက သူ့ကို မမွေးခင်မှာပဲ ကျုပ်နဲ့ကွဲသွားတယ် သမီးရဲ့လည်ပင်းမှာ မွေးကတည်းက ဒီလိုသိမ်းငှက်ပုံပါလာတယ်လို့ ကြားတယ်. . . အခုဆိုရင် အသက်ဆယ့်ရှစ်နှစ်လောက် ရှိသွားပြီ. . . သူဘယ်မှာ ရှိတယ်ဆိုတာ ကျုပ်ခုထိ စုံစမ်းလို့ မရသေး

www.burmeseclassic.com

www.burmeseclassic.com



ဘူးဗျာ. . .”

ပဝါဖြူတစ်ထည်။

မွေးကတည်းကပါလာသည့် သိမ်းငှက်ပုံသဏ္ဍာန် အမှတ်အသား။

ယင်းအမှတ်အသားမှာလည်း အမျိုးသမီး တစ်ယောက်၏ လည်ပင်း၌ ရှိသည်။

အသက်ဆယ့်ရှစ်နှစ်ခန့် ရှိသော မိန်းကလေး၏ လည်ပင်းကို အများအားဖြင့် အကျီကော်လံများက ဖုံးထားသဖြင့် တွေ့ရှိရန် အလွန်ခက်ခဲသည်။ ထို့ကြောင့်. . .

စွေတုံးလှူသည် သက်ပြင်းချလိုက်မိသည်။

သူ၏လက်ကိုင်ပဝါအား လက်ခံလိုက်မိသည်နှင့် သူမ ခေါင်းခဲသည့် ကိစ္စတစ်ခု လက်ခံလိုက်ပြီဟု နားလည်လိုက်သည်။ ချူဖုန်းထင်းက ပြုံးလိုက်သည်။

“ဒီကိစ္စဟာ အလွန်ခက်ခဲတဲ့ ကိစ္စတစ်ခုဆိုတာ ကျုပ် နားလည်ပါတယ်ဗျာ. . . ဒါပေမယ့် ခင်ဗျားမှာတော့ ခက်ခဲတဲ့ ကိစ္စဆိုတာ လုံးဝမရှိဖူးဘူး. . .”

စွေတုံးလှူသည် သူ့အား အတန်ကြာ စိုက်ကြည့်နေသည်။

ထို့နောက် သူက ရယ်မောလိုက်သည်။

“ခင်ဗျားက ကျုပ်ကို သိမ်းငှက်ဖမ်းပေးမယ်လို့သာ ပြောလိုက်ပါဗျာ. . . အခုဟာက လေထဲက သိမ်းငှက်ကို ဖမ်းရသလို မျိုးဖြစ်ပဲဗျာ. . .”

❀ ❀ ❀



## အခန်း (၆)
## မေတ္တာလိုလိုမြူအိမ်ကလေး

ယခု. . .

စွေတုံးလှူ စိုးရိမ်မကင်းဖြစ်နေသည်မှာ ကောင်းကင်ပေါ်က သိမ်းငှက် မဟုတ်ပါ။

လူသူမနီး တောနက်ကြီး တစ်ခုထဲတွင် အိမ်ကလေးတစ်လုံးရှိသည်။

ထိုအိမ်ကလေးထဲတွင် ပုန်းအောင်းနေသော လူတစ်ယောက်ရှိသည်။

ထိုလူအတွက်သူ စိုးရိမ်ပူပန်နေရသည်။

တစ်ချိန်တုန်းက. . .

တစ်ချိန်တုန်းကဟု ဆိုခြင်းထက် သူနှင့် မင်းကျင်းတို့ အသက်ဆယ့်ခုနစ်လောက်တုန်းကဟု ပြောလျှင် ပို၍မှန်မည်။

သူတို့သည် တောနက်ကြီး တစ်ခုတွင် အိမ်ကလေးတစ်လုံးကို တည်ဆောက်ခဲ့ကြသည်။ ထိုစဉ်က. . .

သူတို့သည် အမဲလိုက်ရန်အတွက် ယင်းအိမ်ကလေးအား

www.burmeseclassic.com

www.burmeseclassic.com



ဆောက်လုပ်ထားခြင်း ဖြစ်သည်။

မင်းကျော်က စဉ်းစားဟန်ဖြင့် ပြောလိုက်သည်။

"ဒီအိမ်ကလေးကို တောတွင်းအိမ်ကလေးလို့ ခေါ်ရင် ကောင်းမလား. . ."

စွေတုံးလျှုက ခေါင်းခါယမ်းလိုက်ပြီး. . .

"မကောင်းဘူး. . ."

မင်းကျော်က နားမလည်စွာဖြင့် မေးလိုက်သည်။

"ဘာဖြစ်လို့လဲ. . ."

စွေတုံးလျှုက ချောင်းတစ်ချက် ဟန့်လိုက်ပြီး. . .

"ဘာဖြစ်လို့လဲဆိုတော့ ငါတို့ နှစ်ယောက်ရဲ့ ညီအစ်ကိုလိုချစ်ခင်တဲ့ မေတ္တာကို ဖော်ပြထားလို့ ဒီအိမ်ကလေးကို မေတ္တာရိပ်မြုံ အိမ်ကလေးလို့ပဲ ခေါ်ရမယ်"

မင်းကျော်က သဲယောင်လိုက်ပြီး ပြောလိုက်သည်။

"မေတ္တာရိပ်မြုံအိမ်ကလေး. . . ဟုတ်လား. . ."

စွေတုံးလျှုက ခေါင်းညိတ်လိုက်ပြီး. . .

"ဟုတ်တယ်. . . မေတ္တာရိပ်မြုံ အိမ်ကလေးလို့ပဲ ခေါ်မယ် ကျုပ်တို့တွေ တစ်နေ့နေ့ တစ်ချိန်ချိန် ဒုက္ခရောက်လာရင် ဒီအိမ်ကလေးမှာ ပုန်းအောင်းပြီး လာနေလို့ရတယ်. . ."

ထို့ကြောင့်. . .

ဤနေရာအား. . .

'မေတ္တာရိပ်မြုံအိမ်ကလေး'

ဟုခေါ်ခဲ့ကြလေသည်။ သို့ရာတွင် ဤအိမ်ကလေးကို ပုန်းအောင်းသည့် နေရာအဖြစ် အသုံးမပြုဖူးသေးပါချေ။



သို့သော်. . .

ဤနေရာသို့ မကြာမကြာ လာရောက်၍ တွေ့ဆုံပြီး ရှေ့ဖြစ်နောက်ဖြစ်ကြောင်းများကို သတိရဖွယ်ရာ ပြောဆိုစားသောက်ခဲ့ကြသည်။

နောက်ဆုံးအကြိမ် တွေ့ဆုံပြီး လူချင်းခွဲမည် လုပ်သည့်အခါတွင် မင်းကျော်က. . .

"ကျုပ်တို့ ဘေးအန္တရာယ် တစ်ခုခုနဲ့ ရင်ဆိုင်တွေ့ရှိတဲ့အခါမှာ ဒီနေရာကို လာပြီး ပုန်းမယ်. . . ဘယ်သူပဲဖြစ်ဖြစ် ဒီနေရာကို အကြောင်းရှိလို့ လာပုန်းနေရင် ကျန်တဲ့လူ တစ်ယောက်ကလာပြီး ကယ်တင်ကူညီရမယ်. . ."

မင်းကျော်ကပင် ဆက်၍ပြောသည်။

"တကယ်လို့ ကျုပ်က အရေးကြုံလို့ ဒီကို ရောက်လာရင် မင်းရောက်တတ်မဖဲ့ နေရာတွေမှာ မေတ္တာမြုံအိမ်ကလေးလို့ အမှတ်အသား ရေးထားမယ်. . . မင်းက အမှတ်အသားကို တွေ့လိုက်တယ်ဆိုရင် ဒီနေရာကို ချက်ချင်း လာခဲ့ရမယ်. . . ငါလည်း ဒီလို ရေးထားခဲ့ရင် ငါ့အတွက် သိမ်ပြီး အရေးကြီးတယ်လို့ မှတ်ပါ အလာနောက်ကျရင်တော့ ငါ့အတွက် ခေါင်းပဲ ဝယ်လာပေတော့"

ဤကား မင်းကျော် နောက်ဆုံးပြောခဲ့သည့် စကားပေတည်း။

❋ ❋ ❋

စွေတုံးလျှုသည် မေတ္တာရိပ်မြုံအိမ်ကလေး ဟူသော စာလုံးများကို တွေ့ခဲ့ရသည်။

www.burmeseclassic.com

www.burmeseclassic.com



ဤစာလုံးများကို မည်သူရေးမည်နည်း။ မင်းကျင်းမှ တစ်ပါး မည်သူမျှ မရေးသားနိုင်ချေ။

စာလုံးများကို မြေဖြူနှင့် ရေးသားထားခြင်း ဖြစ်သည်။

သူရောက်ခဲ့သော နေရာသုံးလေးခုမှာ တွေ့ခဲ့ရသည်။

ယင်းအမှတ်အသားကို တွေ့ခဲ့တုန်းက စာလုံးများပင် ဖျက်စီးနေပြီ ဖြစ်သည်။

အတွေ့အကြုံအရ မင်းကျင်းက ထိုစာကို ရေးခဲ့သည်မှာ အနည်းဆုံး ဆယ့်ငါးရက်မှ ရက်နှစ်ဆယ်ခန့်မျှ ကြာလေပြီ။

ရက်ပေါင်း နှစ်ဆယ်ဆိုသော အချိန်သည် တိုတောင်းလှသော အချိန်မဟုတ်ချေ။

မင်းကျင်းမှာ မည်သည့် အန္တရာယ်မျိုးနှင့် ရင်ဆိုင်နေရပါလိမ့်၊ ယခုလောက်ဆိုလျှင် မင်းကျင်း တစ်ယောက် အသက်ရှင်လျက်မှ ရှိနေပါဦးမည်လော။

မင်းကျင်း မသေသေးပါ။

စွေတုံးလျှူမှာမူ ဒေါသထွက်လွန်း၍ အသက်သေလုမျောပါးဖြစ်သွားရသည်။

မင်းကျင်းအား မြင်လိုက်ရသောအခါ သူသည် ရုတ်တရက် ကြောင်သွားသည်။ အဘယ်ကြောင့်ဆိုသော်. . .

မင်းကျင်းသည် အန္တရာယ် တစ်စုံတစ်ရာ မရှိသောကြောင့် ဖြစ်သည်။

နေရာသည် ယခင်နေရာအတိုင်း ဖြစ်သည်။

ရှိရှိသမျှ အရာဝတ္ထုများသည် ပြောင်းလဲခြင်း မရှိပေ။ သို့သော်. . .



အိမ်ကလေးမှာမူ အကြီးအကျယ် ပြောင်းလဲသွားပြီ ဖြစ်သည်။

အပြင်ပုံသဏ္ဌာန်များမှာ ပြောင်းလဲသွားခြင်း မရှိသော်လည်း အတွင်းဘက် အပြင်အဆင်မှာ လုံးဝပြောင်းလဲသွားပြီဖြစ်သည်။

ဤမေတ္တာရိပ်မြုံကလေးတွင် အမှန်တကယ် ရှိသင့်ရှိုထိုက်သော အရာဝတ္ထုများမှာ. . .

ဟောင်းနွမ်းနေသော စားပွဲတစ်လုံး၊ စုတ်ချာနေသော ဖျာနှစ်ချပ်၊ အရသာကောင်းမွန်ခြင်း မရှိသည့် အရက်အိုးတစ်လုံးနှင့် မင်းကျင်း တစ်ယောက်တည်းသာ ရှိသင့်သည်။ ယခုမှာမူ. . .

မေတ္တာရိပ်မြုံအိမ်ကလေးသည် နတ်ဗိမာန် တစ်ခုနှင့်ပင် တူနေသေးသည်။

ဖျာစုတ်နှစ်ချပ်သည် အဖိုးတန်ဆုံးသော ကော်ဇောအဖြစ်သို့ ပြောင်းလဲသွားသည်။

အလွန်ညံ့သော အရက်အိုးသည် အကောင်းဆုံး အရက်များဖြင့် ပြည့်နေသော အရက်အိုးဖြစ်သွားသည်။

ပို၍ ထူးခြားသည်မှာ ရှပ်မွှနေသော ဆံပင်များ၊ မုတ်ဆိတ်ဗရပျစ်၊ ညစ်ထေးသော အကျီများ ဝတ်ဆင်ထားသော မင်းကျင်း၏ နံဘေးတွင် နတ်သမီးလေးယောက် ရှိနေသည် မဟုတ်လော။

❀ ❀ ❀

www.burmeseclassic.com



ထိုမိန်းမများမှာလည်း ဆယ့်ကျော်သက် အရွယ်များဖြစ်ပြီး ယောကျ်ားသားများ ငေးငိုင်သွားစေသော အလှပိုင်ရှင်များ ဖြစ်နေသည်။ မင်းကျင်းသည်. . .

အအာယ်ကြောင့် ယခုကဲ့သို့ အပြောင်းလဲကြီး ပြောင်းလဲသွားပါသနည်း။

ဤမေတ္တာရိပ်မြုံအိမ်ကလေးသည် အဘယ်ကြောင့် တစ်မျိုးတစ်ဖုံ ပြောင်းလဲသွားပါသနည်း။

စွေတုံးလျှ စဉ်းစား၍ မရပါ။ ယခုအချိန်အထိ. . .

အခြေအနေ အရပ်ရပ်ကိုလည်း သူ နားမလည်နိုင်သေးပါ။

မင်းကျင်းကလည်း စွေတုံးလျှအား အတန်ကြာ စိုက်ကြည့်နေသည်။

"ဟော့. . . မင်းက ဘယ်လိုဖြစ်သွားရတာလဲ. . . ကြည့်ပုံက ထူးထူးခြားခြားနဲ့. . ."

သူ့အနီး၌ ဝိုင်းရံနေကြသော မိန်းကလေးများကလည်း စွေတုံးလျှအား အံ့ဩသော အမူအရာဖြင့် ကြည့်နေသည်။

စွေတုံးလျှသည် လက်သီးကို ကျစ်ကျစ်ပါအောင် ဆုပ်ထားသည်။

သူ၏စိတ်ထဲတွင် မင်းကျင်း၏ နှာခေါင်းပြားသွားအောင် လက်သီးတစ်လုံး ပစ်သွင်းလိုက်ချင်သည်။

မိန်းကလေးများသည် သူတို့နှစ်ယောက် အပြန်အလှန် ကြည့်နေပုံများကို ကြည့်၍ တခစ်ခစ် ရယ်မောနေကြသည်။

စွေတုံးလျှကလည်း ရော၍ ရယ်မောလိုက်သည်။



"ဟား. . . ဟား. . . ဟား. . . ပျော်စရာ ကောင်းလိုက်တာ. . ."

သူက မင်းကျင်းအား တစ်ချက်ကြည့်လိုက်ပြီး. . .

"မင်း ဘယ်တုန်းက အခုလို ဇိမ်နဲ့နေတတ်လာတာလဲ ဟ ကြည့်စမ်း. . . ငါတောင် မသိဘူး. . . ပြောင်းလဲလိုက်ပုံများကွာ"

မင်းကျင်းက မကျေမနပ်ဖြင့် မေးလိုက်သည်။

"ဘာလဲ. . . မင်းကတောင် ဇိမ်မခံချင်လို့လား. . ."

"အခုလို ငါ့မှာ အကောင်းဆုံး အရက်လည်း ရှိတယ်. . . လှပတဲ့ မိန်းကလေးတွေလည်း ရထားတယ်. . . ဒီလိုအခါမျိုးမှာ မင်းလို သူငယ်ချင်း တစ်ယောက်ကို မေ့ထားလို့ သင့်တော်ပါ့မလားကွာ. . ."

သူကပင် စကားဆက်လိုက်ပြန်သည်။

"ငါ့လို သူငယ်ချင်းကောင်း တစ်ယောက် ရထားတာ မင်းသိပ်ကံကောင်းတယ် မဟုတ်လား. . ."

စွေတုံးလျှက ပြုံးလိုက်ပြီး. . .

"ဟုတ်ပါတယ်ကွာ. . . မမှန်ဘူးလို့ ငါမပြောပါဘူး. . ."

ထိုသို့ ပြောလိုက်ပြီးသည်နှင့် စွေတုံးလျှသည် အားရပါးရ ရယ်မောလိုက်လေသည်။

ဝိုင်းစက်သော မျက်လုံးအစုံကို ပိုင်ဆိုင်ထားသည့် မိန်းကလေးက ခန္ဓာကိုယ်ကို လှုပ်ယမ်းသွားသည်အထိ တခစ်ခစ် ရယ်မောရင်း. . .

"မင်းကျင်းက သူ့ရဲ့စည်းစိမ်တွေကို အတူခံစားဖို့အတွက် ရှင့်ကို လိမ်ခေါ်မိတာကို ရှင်က အပြစ်မတင်သင့်ဘူးရှင့်. . ."

www.burmeseclassic.com

www.burmeseclassic.com



စွေတုံးလျှူက ခေါင်းညိတ်လိုက်ပြီး. . .

"စိတ်မဆိုးပါဘူးဗျာ. . ."

စွေတုံးလျှူသည်ပြောရင်း ထိုင်ချလိုက်လေသည်။

သူသည် ထိုမိန်းကလေးအား မေးငေ့၍. . .

"မင်းနာမည် ဘယ်လိုခေါ်သလဲ. . ."

မိန်းကလေးက သူမေးတာကို မဖြေဘဲ တခစ်ခစ် ရယ်မောပြီး အရက်တစ်ခွက်ကို ငှဲ့နေသည်။ ထို့နောက်. . .

"ဟောဒီအရက်ကို သောက်ပြီးရင် ကျွန်မ ပြောပြမယ်. . ဘယ့်နှယ်လဲ. . ."

စွေတုံးလျှူက ရယ်မောလိုက်ပြီး. . .

"ဟား. . . ဖား. . . ဟား. . . မင်း တကယ်ပြောတာလား. . . ဒါဆိုရင် ကျုပ်က ဒီအရက်ကို ဆယ်ခါပြန်တောင် သောက်လိုက်ဦးမယ်. . ."

သူသည် မိန်းကလေး ကမ်းပေးသည့် အရက်ခွက်ကို ယူရန် လက်ကို ဆန့်လိုက်သည်။ သို့သော်. . .

သူသည် အရက်ခွက်ကို လှမ်းယူခြင်း မဟုတ်ပါ။

သူမ၏ ဖြူဖွေးနုအိသော လက်ကလေးအား ဆုပ်ကိုင်လိုက်ခြင်းပင်ဖြစ်သည်။

ဝိုင်းစက်သော မျက်လုံးအစုံနှင့် မိန်းကလေးက တခစ်ခစ် ရယ်မောလိုက်ရင်း. . .

"ရှင်တော်တော်ဆိုးတဲ့ လူကြီး. . ."

စွေတုံးလျှူက ခေါင်းကို ညိတ်လိုက်ပြီး. . .

"ကျုပ် ဘယ်လောက်ဆိုးတယ်ဆိုတာ မင်း တွေးထင်ထား



တာထက် ဆယ်ဆသာလိမ့်မယ်ဆိုတာ ကျုပ် ပြောရဲတယ်. . ."

ရုတ်တရက်. . .

"ဖောက်. . ."

အရိုးကျိုးသွားသော အသံဖြစ်သည်။

ထိုမိန်းကလေး၏ လက်တစ်ဖက်သည် လက်ကောက်ဝတ်နေရာမှ ကျိုးသွားလေသည်။

သူမလက်ထဲမှ ကိုင်ထားသော အရက်ခွက်ကို စွေတုံးလျှူက ယူလိုက်ပြီး အနီးရှိရပ်နေသော မိန်းကလေး တစ်ယောက်၏ ခါးဆီသို့ လွှင့်ပစ်လိုက်သည်။

သူမ၏ လက်ညှိုးမှာ စွပ်ထားသော ပတ္တမြားလက်စွပ်ကိုလည်း စွေတုံးလျှူက ချွတ်ယူလိုက်ပြီး သူ၏ လက်ခလယ်နှင့် လက်မဖြင့် ထောက်လိုက်ရာ အခြားမိန်းကလေး တစ်ယောက်၏ ပခုံးပေါ်မှ သွေးကြောတစ်နေရာသို့ ထိမှန်သွားလေသည်။

"အား. . ."

ဝိုင်းစက်သော မျက်လုံးအစုံနှင့် မိန်းကလေးသည် နာကျင်သော ဝေဒနာ ခံစားရင်း ယင်းသို့ အော်လိုက်မိလေသည်။

စွေတုံးလျှူ၏ ထိုလှုပ်ရှားမှုမှာ လျင်မြန်လှသည်။

အားလုံး အလစ်အငိုက် မိသွားသည်။

မိန်းကလေး လေးယောက်အနက် သုံးယောက်မှာ မလှုပ်နိုင်တော့ဘဲ အံ့ဩထိတ်လန့်နေကြလေတော့၏။

www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၇)
## အောင်မြင်မှုမရှိဟာယ်

မိန်းကလေး သုံးယောက်တို့သည် မမျှော်လင့်ဘဲ ခံလိုက်ရသဖြင့် ဘာမျှမတတ်နိုင်ဘဲ ဖြစ်သွားကြသည်။

သူမတို့ လေးယောက်အနက် မင်းကျော်နှင့် အနီးဆုံးရှိနေသော အငယ်ဆုံး မိန်းကလေးက ဓားငယ်တစ်လက် ဆွဲထုတ်လိုက်ပြီး မင်းကျော်၏ လည်ပင်းကို ထောက်ထားလိုက်သည်။

သူမသည် လေးယောက်အနက် စွဲဆောင်မှုအရှိဆုံး မိန်းကလေး ဖြစ်၏။ ထို့နောက်. . .

"ချီးကျူးပါတယ် စွေတုံးလျှ. . . ကျွန်မတို့ အကြံကို ရှင်က ဘယ်လိုလုပ် သိလိုက်တယ်ဆိုတာ အံ့ဩပါတယ်ရှင်. . . ဒါပေမယ့်"

သူမသည် စကားကို ရပ်တန့်လိုက်ပြီး စွေတုံးလျှအား တစ်ချက်ကြည့်လိုက်သည်။ ထို့နောက်. . .

အေးစက်မာကျောသော လေသံဖြင့်. . .

"ရှင်က ထပ်ပြီး လှုပ်ရှားမယ်ဆိုရင်တော့ သူ့လည်ပင်းကို ထိုးဖောက်လိုက်မှာပဲ. . ."



သူမ၏ ပုံပန်းသဏ္ဌာန်မှာ တကယ်လုပ်မည့်ပုံဖြစ်သည်။

လောကပေါ်၌ ယင်းကဲ့သို့ မိန်းကလေးမျိုး ရှိတတ်ပေသည်။

စွေတုံးလျှမှာမူ ဘာမျှမဖြစ်သလို အေးတိအေးစက်ဖြင့် ထိုင်လျက်ရှိသည်။ စွေတုံးလျှဆိုသည့် ကောင်ကတော့ တကယ့် စွေတုံးလျှပင်. . .။ ထို့နောက်. . .

သူကပြုံးလိုက်ပြီး. . .

"ကဲ. . . မင်းက သူ့လည်ပင်းကို ထိုးဖောက်မယ်ဆိုရင် ထိုးဖောက်လိုက်လေ. . . ဘာဖြစ်လို့ ရပ်နေတာလဲ. . . ထိုးသာ ဖောက်လိုက်. . ."

သူ ပခုံးတစ်ချက် တွန့်လိုက်ပြီး စကားဆက်လိုက်သည်။

"ကျုပ်က မင်းကို တားမယ်များ မှတ်နေသလား ဘာဖြစ်လို့ တားရမှာလဲ. . . ကျုပ် အသားနာတာ မဟုတ်ဘူး. . . မင်း ကြိုက်သလို လုပ်နိုင်တယ်. . ."

သူ၏စကားကြောင့် ဓားထောက်ထားသော မိန်းကလေးသည် အံ့ဩသွားလေသည်။

စွေတုံးလျှက ခြေထောက်နှစ်ဖက်ကို အသာအယာ အပျင်းဆန့်လိုက်ပြီး. . .

"မင်းက ဘာကြောင့်ကြည့်နေတာလဲ. . . သူ့ရဲ့လည်ပင်းကို ဖောက်လိုက်. . . ကျုပ်က ထိုင်ကြည့်နေမယ်. . . မျက်လှည့် ကြည့်နေရသလိုပေါ့. . ."

မင်းကျော်က မနေနိုင်တော့ဘဲ ထအော်လိုက်သည်။

"ဟေ့ကောင်. . . မင်းမှာ လူစိတ်ရှိသေးရဲ့လား. . . မင်း

www.burmeseclassic.com



လို့ သူငယ်ချင်းကို ငါဒီတစ်ခါပဲ မြင်ဖူးတယ်. . . တကယ့်ကောင်ကွာ. . . ဝက်လိုစိတ်မျိုး ရှိတဲ့ကောင်. . .”

ဇွေတုံးလှျူက ပြုံးလိုက်ပြီး. . .

“ဟုတ်တယ်. . . ငါ့လိုသူငယ်ချင်းမျိုးက အလွန်ရှားပါတယ်ကွ. . . တစ်ယောက်တလေ တွေ့ဖို့တောင် မလွယ်ပါဘူး. . . အခု မင်းတွေ့ထိုက်ရတာဟာ မင်း ကုသိုလ်ထူးလို့ပဲကွ. . . ဂုဏ်ယူစမ်းပါကွာ. . .”

တစ်ဖက်လူ၏ လည်ပင်းကို ဖောက်ရန် တကဲကဲ လုပ်နေသော မိန်းကလေးက ထိတ်ထိတ်လန့်လန့် ဖြစ်လာသည်။

ဇွေတုံးလှျူ၏နှုတ်မှ သူတစ်ခုခု လုပ်မည်ဟု ပြောနေခြင်း မဟုတ်ပါ။

သူသည် မည်သည့်အခါမှ ယင်းကဲ့သို့ ခြိမ်းခြောက်စကားမျိုး ပြောမည်မဟုတ်ပါ။ သို့သော်. . .

သူကိုယ်တိုင် နားလည် သဘောပေါက်စေရန်တော့ သူက ပြုလုပ်နိုင်သော နည်းများရှိနေသည် မဟုတ်ပါလော။

အရောင်တဖိတ်ဖိတ် တောက်နေသော ဓားငယ်သည် မင်းကျင်း၏ လည်ပင်း၌ ထောက်ထားလျက်ပင်။ သို့သော်. . .

ဓားကိုင်ထားသော လက်ကလေးမှာမူ အနည်းငယ် တုန်တုန်ယင်ယင်ဖြစ်လာလေသည်။ ဤသည်မှာ သူကိုယ်တိုင် ယုံကြည်မှုပျက်လာခြင်းပင် မဟုတ်ပါလော။

ဤအတိုင်း ဆက်နေလျှင် မည်သည့်အဖြစ်မျိုး ကြုံရမည်နည်း။

သူမသည် ချီတုံချတုံ ဖြစ်လာလေတော့သည်။



ဇွေတုံးလှျူက အေးအေးဆေးဆေးပင် ပြောလိုက်သည်။

“သူ့ရဲ့လည်ပင်းဖောက်ဖို့ သိပ်ပြီး အရေးတကြီး မလုပ်ဘူးဆိုရင်တော့ ကျုပ်လည်း အေးအေးဆေးဆေးပဲ နေမှာပါ. . .”

ဇွေတုံးလှျူက သက်ပြင်းချလိုက်ပြီး စကားဆက်လိုက်သည်။

“ဝမ်းနည်းတာက ဒီရက်တွေမှာ ကျုပ်ဟာ အရက်သောက်လို့ မရဘူး. . . သောက်မိရင်တော့ ကျုပ်ရဲ့သူငယ်ချင်း မင်းကျင်းလို ခွန်အားချည့်နဲ့သွားမှာပေါ့. . .”

ဓားကလေး ဆုပ်ကိုင်ထားသော လက်လေးသည် ကုန့်ခါသွားလေသည်။ ခက်ချေပြီ။

ဇွေတုံးလှျူက ရုတ်တရက် အကြံတစ်ခု ပြုလိုက်သည်။ သူပြောပုံမှာ ထိုအကြံကို ယခုမှ ရုတ်တရက် ရလာခြင်းမျိုး ဖြစ်သည်။

“မင်းက ဒီကိစ္စကို တစ်မျိုးတစ်ဖုံ ဖြစ်သွားစေချင်ရင် ကျုပ်မှာ ဖြေရှင်းဖို့ အကြံတစ်ခုရှိတယ်. . .”

သူမက ချက်ချင်း မေးလိုက်သည်။

“ဘယ်လို ဖြေရှင်းမှာလဲ. . .”

ဇွေတုံးလှျူက မင်းကျင်းအား လက်ညှိုးညွှန်ပြလိုက်ပြီး. . .

“ဒီမင်းကျင်းဆိုတဲ့လူကို ကျုပ်ခေါ်သွားဖို့ သဘောတူရယ်. . . ကျုပ်သွားပြီးရင် မင်းတို့လည်း သွားချင်ရာ သွားနိုင်တယ် ကျုပ် မင်းတို့ကို ဒုက္ခမပေးဘူး. . . ဘယ့်နှယ်လဲ. . .”

မိန်းကလေးသည် စဉ်းစားတွေဝေခြင်း မရှိတော့ပါ။

အရောင်တဖိတ်ဖိတ် တောက်နေသော ဓားသည်လည်း

www.burmeseclassic.com

www.burmeseclassic.com



မင်းကျင်း၏ လည်ပင်းမှာ ခွာလိုက်ပြီ ဖြစ်သည်။ ထို့နောက်. .

သူမက မာကျောသော လေသံဖြင့်. . .

"ကောင်းပြီ. . . ရှင့်ကို ကျွန်မ ယုံကြည်တယ်. . . ကျွန် သဘောတူတယ်. . ."

လက်ကောက်ဝတ်မှစ၍ အရိုးကျိုးသွားသော မိန်းကလေ က စူးရှသော အသံဖြင့်. . .

"ရှင်က ကျွန်မတို့ အကြံကို ဘယ်လို ရိပ်စားမိသွားတာလဲ

စွေတုံးလျှာသည် ပြုံးလိုက်သည်။ ထို့နောက်. . .

စားပွဲပေါ်မှ အရက်တစ်ခွက် ငှဲ့လိုက်ပြီး. . .

"မင်းက ဒီအရက်ကို သောက်ပြီးရင် ကျုပ်ပြောပြမယ်

ဟု အေးစက်သော လေသံဖြင့် ပြောလိုက်လေသည်။

မိန်းကလေးသည် အရက်ခွက်ကို လှမ်းယူခြင်း မရှိပါ။

အဘယ်ကြောင့်ဆိုသော်. . .

အရက်ကို သောက်လိုက်လျှင် သူမ မည်သို့ခံစားရမည် သိသောကြောင့် ဖြစ်သည်။ ထို့ပြင်. . .

စွေတုံးလျှာက သူမတို့၏ အကြံအစည်များကို အဘ ကြောင့် သိရှိသွားသည်ကို မည်သူမှ မသိနိုင်ပါတော့ချေ။



## အခန်း (၈)
## သူငယ်ချင်း၏ ပြန်ဆောင်ရွက်မှု

ကြီးမားသော တောင်တန်း။

စီးဆင်းသော ရေတံခွန်။

ရေတံခွန်မှ စီးဆင်းနေသော ရေများသည် ဤနေရာသို့ ရောက်ရှိလာသောအခါ ရေကန်တစ်ခုအဖြစ်သို့ ရောက်ရှိသွား သည်။

ကန်ရေသည် ကြည်လင်အေးမြလှပေသည်။

မင်းကျင်း၏ ခန္ဓာကိုယ်ပေါ်၌ ငွေကြေးချမ်းသာသော လူတန်းစားများ ဝတ်ဆင်လေ့ရှိသော အဖိုးတန် အဝတ်အစားများ ဝတ်ဆင်ထားလေသည်။

ထူးဆန်းသည်မှာ ထိုအဝတ်အစားများကို ဝတ်လျက်နှင့် တစ်ကိုယ်လုံး ရေကန်ထဲ၌ စိမ်နေခြင်း ဖြစ်သည်။

ဆေး၏ အာနိသင်ကို အမြန်ဆုံး ပြေပျောက်သွားစေရန် ဤနည်းကို အသုံးပြုရမည်ဟု စွေတုံးလျှာက အခိုင်အမာ ပြောခဲ့ သဖြင့် မင်းကျင်းက မတတ်နိုင်ဘဲ ယခုကဲ့သို့ ရေကန်ထဲ၌ စိမ်

www.burmeseclassic.com



ကိုယ်လုံး စိမ်ထားခြင်း ဖြစ်သည်။

စွေတုံးလျှုက မင်းကျင်းအား အကဲခတ်ကြည့်လိုက်ပြီး. .

"နေပါဦး. . . မင်းလို ဉာဏ်ကောင်းတဲ့ ပညာရှင်ကြီးကို ဟိုမိန်းကလေး လေးယောက်က ဘယ်လိုအနိုင်ယူခဲ့တာလဲ"

မင်းကျင်းက ခေါင်းတစ်ချက်ညိတ်လိုက်ပြီး. . .

"အေး. . . ဒီမေးခွန်းကို ငါက မင်းမေးမှ မေးပါ့မလားလို့ စိုးရိမ်နေတာ. . . အင်း. . . တော်ပါသေးရဲ့. . ."

စွေတုံးလျှုက စိတ်မရှည်စွာဖြင့် အော်ပြောလိုက်သည်။

"ငါမေးတဲ့ မေးခွန်းကိုဘဲ မင်းဖြေရမယ်. . . ကျန်တဲ့ စကားကို နောက်မှပြော. . ."

မင်းကျင်း၏ အဖြေမှာ ပို၍ရှင်းနေသည်။

"သူတို့က မိန်းကလေးတွေမို့ ကျုပ်က အရှုံးပေးလိုက်တာပါ. . ."

စွေတုံးလျှုက မင်းကျန်းအား မကျေမနပ်နှင့် တစ်ချက် ကြည့်လိုက်ပြီး. . .

"မင်း အရှုံးပေးလိုက်တဲ့ မိန်းကလေးတွေက ဘယ်လောက် ကောက်ကျစ်စဉ်းလဲတယ်ဆိုတာ မင်းမတွေးမိဘူး. . . မဟုတ်လား"

မင်းကျင်းက စွေတုံးလျှုအား အထင်သေးသည့် အကြည့် ဖြင့် ကြည့်လိုက်ပြီး. . .

"တွေးမိသားပဲ. . . သူတို့နေရာမှာ ယောကျ်ားယောက် ယောက်သာဆိုရင် ကျုပ်အရှုံးပေးပါ့မလား. . ."

စွေတုံးလျှု ခေါင်းမညိတ်ဘဲ မနေနိုင်တော့ပါ။ အလွန် သဘာဝကျသဖြင့် သူသည် မည်သို့မဆို လက်ခံရမည်ဖြစ်ပါသည်။



"မင်းပြောတာ သဘာဝကျပါတယ်. . ."

မင်းကျင်းက ပြုံးလိုက်ပြီး. . .

"ဒါလောက် ချစ်စရာကောင်းတဲ့ မိန်းကလေး လေး ယောက်ကို တွေ့လိုက်ရတော့ သတိပေးတဲ့ အရက်ထဲမှာ အဆိပ် ရှိတယ်ဆိုတာ သိထားတာတောင် ကျုပ်က သောက်မှာပဲ"

သူကပင် စကားဆက်ပြန်သည်။

"ခက်တာက သူတို့ပေးတဲ့ အရက်ကိုလည်း သောက်လိုက် ရော ခွန်အား လုံးဝမရှိတော့ဘူးကွ. . . ငါ့ဘာမှ မလုပ်နိုင်တော့ ဘူး. . ."

စွေတုံးလျှုက တစ်ချက်စဉ်းစားလိုက်ပြီး. . .

"နေပါဦး. . . မင်း ခွန်အား မရှိဘူးဆိုတာကို ထားပါ တော့. . . ဒီမေတ္တာရိပ်မြုံ အိမ်ကလေးကို မင်း ဘယ်လိုလုပ်ရောက် လာတာတုန်း. . ."

မင်းကျင်းက သက်ပြင်းတစ်ချက် ချလိုက်ပြီး. . .

"သူတို့ကို ကျုပ်က ပို့ခိုင်းရတာပေါ့. . ."

စွေတုံးလျှုက ရယ်မောလိုက်ပြီး. . .

"ဟား. . . ဟား. . . ဟား. . . ဒီလိုကျတော့လည်း သူ တို့က မင်းစကားကို နားထောင်သားပဲကွ. . ."

မင်းကျင်းက ခေါင်းယမ်းလိုက်ပြီး. . .

"ငါ့စကားကို နားထောင်လို့ ဒီအိမ်ကလေးဆီကို ပို့ပေးတာ မဟုတ်ဘူး. . . မင်းကြောင့် ပို့ပေးတာ. . ."

သူက အံ့သြဟန်ဖြင့်. . .

"ငါ့ကြောင့် ဟုတ်လား. . ."

www.burmeseclassic.com

www.burmeseclassic.com



မင်းကျင်းက မဆိုင်းမတွပင် ခေါင်းညိတ်လိုက်ပြီး . . .

"ဟုတ်တယ် . . ."

"သူတို့ရဲ့ ပစ်မှတ်က ငါမှမဟုတ်တား . . မင်းကို သူတို့က လိုက်ရှာနေတာကွ . . သူတို့က ငါ့ကိုလိုချင်လို့ မဟုတ်ဘူး . . . မင်းကို လိုချင်တာ . . ."

ယခုအခါ . . .

ဇွေတုံးလှူသည် အခြေအနေ အရပ်ရပ်ကို သဘောပေါက်သွားပြီဖြစ်သည်။

သူသည် မင်းကျင်းအား ကြည့်ပြီး တဟားဟား ရယ်မောလိုက်ပြီး . . .

"ဟား . . . ဟား . . . ဟား . . . အခုမှပဲ မင်းဟာ သူငယ်ချင်း ကောင်းပီသတယ်ဆိုတာ ကျုပ်သိတော့တယ် . . . ဘယ့်နှယ်ကွာ ကိုယ့်ဒုက္ခကို သူများအပေါ် ပုံချဖို့ သိပ်တော်တဲ့ လူတစ်ယောက်ပဲ . . ."

"ဒီလိုဆိုတော့လည်း မင်းပြောတာက သဘာဝကျနေပြန်ရော . . ."

သူသည် မင်းကျင်းအား စိုက်ကြည့်လိုက်ပြီး . . .

"ဘာဖြစ်လို့ မင်းပြောတဲ့ စကားလုံးတွေက ဒီလောက် သဘာဝကျနေရတာလဲ . . ."

သူသည် မင်းကျင်းအား ပြုံးပြလိုက်ပြီး စကားဆက်လိုက်ပြန်သည်။

"သူတို့ အခုလို မင်းကိုခေါ်ပြီး အရက်တိုက်တာ ပြုစုတာ မင်းကို ကြိုက်လို့ ချစ်လို့ စေတနာတွေရှိလို့ပါလို့ မင်း ဘာဖြစ်လို့



မပြောတာလဲ . . ."

မင်းကျင်းက ခေါင်းခါယမ်းလိုက်သည်။

"ဒါကို ငါခုထိ မစဉ်းစားရသေးပါဘူးကွာ . . ."

မင်းကျင်း၏ အမူအရာသည် လျို့ဝှက်တည်ကြည်လာသည်။

"အခု အလွန်အရေးကြီးတဲ့ ကိစ္စတစ်ခု ရှိနေတယ် . . . ငါ မလုပ်ရင် မဖြစ်ဘူး . . . ဒီကိစ္စနဲ့ ပတ်သက်ပြီး သိုင်းသမားဘယ်လောက် အသက်သေဆုံးရမလဲဆိုတာ ငါ မခန့်မှန်းနိုင်လောက်အောင်ဖြစ်ပြီကွ . . ."

သူသည် ရယ်စရာ ပြောနေသည် မဟုတ်ပါ။

ဇွေတုံးလှူက သူ့အား အတန်ကြာ စိုက်ကြည့်လိုက်ပြီး . .

"မင်းက ကြီးကြီးကျယ်ကျယ် ဘာတွေလုပ်မလို့လဲ . . ."

မင်းကျင်းသည် ဘေးဘီဝဲယာသို့ တစ်ချက်ကြည့်လိုက်လေသည်။

သူ၏အသံသည် တိုးညင်းစွာဖြင့် တစ်လုံးချင်း ပြောချလိုက်လေသည်။

"ငါ့မိတ်ဆွေ တစ်ယောက်ရဲ့ သမီးကို လူတစ်ယောက်နဲ့ သက်ထပ်ဖို့ လိုက်ပို့မလို့ကွ . . . အဲဒါပဲ . . ."

ဇွေတုံးလှူသည် အလွန်ဒေါသ ထွက်သွားသည်။

မင်းကျင်း၏ မျက်နှာကို လက်သီးနှင့် မထိုးမိအောင် စိတ်ကိုမနည်း ထိန်းချုပ်ထားရသည်။

သတို့သမီး တစ်ယောက်အား သတို့သားထံသို့ လိုက်ပို့သည့် ကိစ္စမှာ မဟာကိစ္စတစ်ရပ် ဖြစ်သည်လေ။ အလွန်ကြီးကျယ်

www.burmeseclassic.com

www.burmeseclassic.com



အညွှန့်ကိုစွ ဖြစ်ပါလော။

"မင်းက ဒီကိစ္စကို ရေးကြီးခွင်ကျယ် လုပ်နေတာ မလွန်ဘူးလား. . ."

မင်းကျင်းက ခေါင်းခါယမ်းလိုက်ပြီး. . .

"မလွန်ဘူးကွ. . ."

ဇွေတုံးလျှုက မေးငေါ့၍ မေးလိုက်သည်။

"ပြောစမ်းပါဦး. . . မင်းရဲ့ မဟာကိစ္စကြီးကို. . ."

မင်းကျင်းက ဇွေတုံးလျှုအား စေ့စေ့ကြည့်လိုက်ပြီး. . .

"ကျုပ်မိတ်ဆွေ ဘယ်သူလဲဆိုတာ မင်းသိရင် ကျုပ်အပြောမလွန်ဘူးဆိုတာ မင်းသိမှာပါ. . ."

ဇွေတုံးလျှုက အံ့သြစွာဖြင့်. . .

"မင်းမိတ်ဆွေက ဘယ်သူမို့လဲ. . ."

မင်းကျင်း၏ မျက်နှာသည် တည်ကြည်လေးနက်လာသည်။

"သူ ဘယ်သူလဲဆိုတာ အခု ငါ ပြောမပြနိုင်သေးဘူးကွ တစ်ခုတော့ ရှိတယ်. . . သူ့ရဲ့သမီးဟာ ကျော်ကြားတဲ့ မိန်းမချော တစ်ယောက်ပဲ. . . နောက်ပြီး ဘုရင်က မွေးစားတဲ့ သမီးတော် ဖြစ်တယ်ဆိုတာပဲ ပြောပြနိုင်တယ်. . ."

ဇွေတုံးလျှုက အလောတကြီးဖြင့် မေးလိုက်သည်။

"မင်းက ဒီမင်းသမီးကို ဘယ်သူဆီ သွားပို့မှာလဲ. . ."

မင်းကျင်းက စိတ်ရှည်ရှည်ဖြင့် ရှင်းပြလိုက်သည်။

"ပြောရရင်တော့ သူလည်း မင်းလိုပဲ ကျော်ကြားတဲ့ သိုင်းပညာရှင် တစ်ယောက်ပဲကွ. . ."



ဇွေတုံးလျှုက သိချင်ဇောဖြင့် မေးလိုက်သည်။

"တယ်လျှာရှည်တဲ့ ကောင်ပဲ. . . ပြောမှာကို ပြောစမ်းပါ"

မင်းကျင်းက ဖြည်းညင်းစွာ ပြန်ဖြေလိုက်သည်။

"ကျင်းကျူဆင်း. . ."

ဇွေတုံးလျှု၏ မျက်နှာသည် ကွက်ခနဲ ပျက်သွားလေသည်။

မင်းကျင်းမှ စကားဆက်လိုက်ပြန်သည်။

"သိုင်းလောကသားတွေဟာ ဒီကိစ္စတွေကို သဘောမတူကြဘူးကွ. . . ဒါကြောင့်လဲ မင်းသမီးနဲ့ အိမ်တော်ထိန်း ကိုယ်တိုင်က ငါ့ကို ပို့ပေးဖို့ လာပြီး အကူအညီ တောင်းတာပေါ့. . . ကဲ. . . ကိစ္စ အရေးကြီးပြီဆိုတာ မင်း လက်ခံပြီလား. . ."

ဇွေတုံးလျှုက စိတ်ဝင်စားလာသည်။

"အင်း. . . မင်းပြောတဲ့ ကိစ္စဟာ စိတ်ဝင်စားစရာ ကောင်းလာပြီကွ. . ."

မင်းကျင်းက တည်ကြည်လေးနက်စွာဖြင့်. . .

"အင်း. . . ဒါထက် စိတ်ဝင်စားစရာ ကောင်းတာက သိုင်းလောကသား အားလုံးလိုလိုက ကျင်းကျူဆင်းကို ရုတ်တရက် သေဆုံးသွားပါစေလို့ ဆုတောင်းနေကြတယ်လေ. . ."

ဇွေတုံးလျှု၏ မျက်လုံးအစုံသည် ဝင်းလက်တောက်ပလာသည်။

ဒါကြောင့် ထိုအမျိုးသမီးက လူတွေကို ဖိတ်ခေါ်လိုက်တာကိုး. . ."

မင်းကျင်းက နားမလည်ဟန်ဖြင့်. . .

"အမျိုးသမီးဆိုတာ ဘယ်သူလဲ. . . ဟိုလူတွေ ဆိုတာက

www.burmeseclassic.com

www.burmeseclassic.com



ကော ဘယ်သူတွေလဲ. . ."

စွေတုံးလှျူက ခေါင်းညိတ်လိုက်ပြီး. . .

"ဟိုအမျိုးသမီးဆိုတာ စားသောက်ဆိုင် ပိုင်ရှင်ရဲ့ဇနီးကွ ဟိုလူတွေဆိုတာ ဟိုညက စားသောက်ဆိုင်ကို ရောက်လာပြီး ဆန်ပြုတ်သောက်တဲ့လူတွေ. . . သူတို့ကို စားသောက်ဆိုင်က ဖိတ်ခေါ်လိုက်တာပဲ. . ."

မင်းကျင်းက မျက်မှောင်ကြုတ်သွားသည်။

"မင်းက ဘာတွေပြောနေတာလဲ. . . ဒီအမျိုးသမီးက မင်းနဲ့ဘယ်လို ပတ်သက်နေတာလဲ. . . သူက စားသောက်ဆိုင် ဖွင့်ထားတယ် ဟုတ်လား. . ."

စွေတုံးလှျူက ခေါင်းကို ခါယမ်းလိုက်ပြီး. . .

"ဟုတ်တယ်. . . ဒါပေမယ့် ဒီအမျိုးသမီးက ငါနဲ့မပတ်သက်ဘူးကွ. . . လူတစ်ယောက်နဲ့တော့ ပတ်သက်နေတယ်. . ."

မင်းကျင်းက စိတ်ဝင်စားဟန်ဖြင့် စွေတုံးလှျူအား ကြည့်လိုက်ပြီး. . .

"ဘယ်သူနဲ့ ပတ်သက်နေလို့လဲ. . ."

စွေတုံးလှျူကလည်း မင်းကျင်းအား အဓိပ္ပာယ်ပါပါ တစ်ချက်ကြည့်လိုက်ပြီး အတန်ကြာမှ ဖြည်းညင်းစွာ ပြောလိုက်သည်။

"မင်းနဲ့. . ."

မင်းကျင်း၏ ပါးစပ်သည် အံ့ဩလွန်းသဖြင့် ပိတ်သွားလေသည်။ အချိန်အတော်ကြာမှ. . .

မင်းကျင်းသည် ခေါင်းငိုက်စိုက်ချကာ. . .

"မင်းပြောနေတဲ့ အမျိုးသမီးက လုံမေ မဟုတ်လား. . ."



စွေတုံးလှျူက ကျယ်လောင်သော လေသံဖြင့်. . .

"သိပ်ဟုတ်တာပေါ့. . ."

မင်းကျင်းက ညှိုးငယ်စွာဖြင့် ပြောလိုက်သည်။

"မင်းကိုငါ တောင်းပန်ပါတယ်ကွာ. . . ငါ ဘယ်မှာရှိတယ်ဆိုတာ သူ့ကို မပြောပါနဲ့. . ."

စွေတုံးလှျူက မျက်နှာရှုံ့မဲ့နေသော မင်းကျင်းအား ကြည့်ပြီး. . .

"မင်းကိုယ်မင်း ဗျို့တိုင်းကြိုက်တဲ့ နှင်းဆီခိုင်လို့များ ထင်နေသလား. . . သူက ဘာဖြစ်လို့ မင်းကို လိုက်ရှာရတာလဲကွ"

မင်းကျင်းက အံ့ဩတကြီးဖြင့် မေးလိုက်သည်။

"ဟောဗျာ. . . ဒါဖြင့် သူက ဘယ်သူ့ကို လိုက်ရှာနေတာလဲ. . ."

စွေတုံးလှျူက အနည်းငယ် စဉ်းစားလိုက်ပြီး. . .

"သူက ဘယ်နှစ်ယောက်လောက် ရှာမယ်ဆိုတာ ကျုပ်မသိရပေမယ့် လောလောဆယ်တော့ လူသုံးယောက်လောက်တော့ ရှာထားမယ်. . ."

မင်းကျင်းက ခေါင်းတွင်တွင် ခါယမ်းလိုက်သည်။

"အင်း. . . ယောကျ်ားသုံးယောက်တောင် ရှာရတယ်ဆိုတာ လွန်တာပေါ့. . ."

သူသည် သက်ပြင်းတစ်ချက် ချလိုက်ပြီး မေးလိုက်သည်။

"အဲဒီသုံးယောက်က ဘယ်သူလဲကွ. . ."

စွေတုံးလှျူက စဉ်းစားလိုက်ပြီး. . .

"ကျုပ်က လူနှစ်ယောက်ကိုပဲ သိတယ်. . . တစ်ယောက်

www.burmeseclassic.com

www.burmeseclassic.com



လျှံငွေတစ်သောင်းပေးရတဲ့ ဝေဒနာရှင် လူသတ်သမား. . . ကျန် တစ်ယောက်က လျှံငွေ တစ်သိန်းပေးရတဲ့ ပလွေနက်ကွ. . .

မင်းကျင်းသည် အတန်ကြာ တိတ်နေရာမှ. . .

"ငါသိသလောက်တော့ လုံမေမှာ ဒါလောက်များတဲ့ ငွေ မရှိဘူးကွ. . ."

ခွေတုံးလျှူက ခေါင်းညိတ်လိုက်သည်။

"ဟုတ်တယ်. . . ဒါပေမယ့် သူ့အတွက်တော့ ဟုတ်မယ် မထင်ဘူး. . ."

မင်းကျင်းက ပြုံးလိုက်ပြီး. . .

"မင်းဆိုလိုတာက တစ်ယောက်ယောက်က သူ့ကိုခိုင်းတယ် ဆိုပါတော့. . ."

ခွေတုံးလျှူက အတန်ကြာ စဉ်းစားလိုက်ပြီး. . .

"ဖြစ်နိုင်တယ်. . ."

မင်းကျင်းက ခေါင်းခါယမ်းလိုက်သည်။

"ဖြစ်နိုင်မယ် မထင်ဘူးကွ. . ."

ခွေတုံးလျှူက မင်းကျင်းအား စိုက်ကြည့်လိုက်ပြီး. . .

"မင်းက ဘာဖြစ်လို့ ပြောနိုင်တာလဲ. . ."

မင်းကျင်းက ခွေတုံးလျှူ၏ စကားကို မဖြေပါ။ သူက ထပ်၍ မေးလိုက်သည်။

"ကျုပ်က လုံမေကို ဘာဖြစ်လို့ နှစ်သက်တယ်ဆိုတာကို သိသလား. . ."

ခွေတုံးလျှူ ခေါင်းခါလိုက်သည်။

"မသိဘူး. . ."



မင်းကျင်းက ခွေတုံးလျှူကို အကဲခတ်ကြည့်လိုက်ပြီးမှ. . .

"သူ့မှာ မင်းနဲ့တူတဲ့ အချက်တွေ အများကြီး ရှိတယ်. . . တစ်ခါတစ်ခါ သူမက သိပ်ပြီးပါးနပ်တယ်. . . တစ်ခါတစ်ရံတော့ သိပ်ပြီး အတယ်. . . သူ့မှာ သိက္ခာမဲ့တဲ့ လူတွေအများကြီး ရှိတယ် နောက်ပြီး သူများကိစ္စထဲကို မဆီမဆိုင်ဘဲ ဝင်ရှုပ်တာတွေလည်း အများကြီးပဲကွ. . ."

ခွေတုံးလျှူက မကျေမနပ် လေသံဖြင့်. . .

"အဲဒါ ငါနဲ့ဘာဆိုင်လဲကွ. . ."

မင်းကျင်းက ရယ်မောလိုက်ရင်း. . .

"ဟား. . . ဟား. . . ဟား. . . ဆိုင်တာပေါ့ကွာ. . . မင်း လည်း ဒီလိုပဲ မဟုတ်လား. . ."

ခွေတုံးလျှူ၏ လက်သီးသည် မင်းကျင်း၏ မျက်နှာပေါ်သို့ မရောက်စေလိုသော စိတ်ကို ထိန်းချုပ်ထားရသည်။

မင်းကျင်းကပင် စကားဆက်လိုက်ပြန်သည်။

"လုံမေက အလွန်ခေါင်းမာတယ်ဆိုတာလည်း မင်းသိ တယ် မဟုတ်လား. . . ဒါကြောင့် သူက သူများခိုင်းတာ လုပ်ပေး ပါ့မလား. . ."

ခွေတုံးလျှူက ပြုံးလိုက်သည်။

"ဒါကတော့ကွာ. . . သူက ရွှေမင်းသမီး တစ်ယောက်ကို ဘာမှ မဟုတ်တဲ့ လူတစ်ယောက်နဲ့ လက်မထပ်စေချင်လို့ ဖြစ်မှာ ပေါ့. . ."

❋ ❋ ❋

www.burmeseclassic.com

www.burmeseclassic.com



မင်းကျင်းသည် သူ့အား အတန်ကြာ ထပ်မံကြည့်ရှုလိုက်သည်။ ထို့နောက်. . .

ရေထဲမှ ရုတ်တရက် ခုန်ထလိုက်လေသည်။

"ကဲ. . . တို့သွားကြရအောင်. . ."

စွေတုံးလျှူက အံ့အားသင့်သွားပြီ. . .

"ဘယ်သွားရမှာလဲကွ. . ."

မင်းကျင်းက မကျေမနပ် လေသံဖြင့်. . .

"ဘယ်ကို သွားရမှာလဲ. . . ရွှေမင်းသမီးရဲ့ အဖေဆီကို ပေါ့. . ."

စွေတုံလျှူက ခေါင်းခါယမ်းလိုက်ပြီး. . .

"ငါက ဘာဖြစ်လို့ သွားရမှာလဲ. . ."

မင်းကျင်းက ပခုံးတစ်ချက် တွန့်လိုက်ပြီး. . .

"ငါ့ရဲ့အသက်ကို ကာကွယ်ပေးဖို့ပေါ့. . ."

စွေတုံးလျှူက အံ့သြတကြီးဖြင့် မေးလိုက်သည်။

"ငါက မင်းရဲ့အသက်ကို ကာကွယ်ပေးရမယ်. . . ဟုတ်လား. . ."

မင်းကျင်းက ခေါင်းညိတ်လိုက်ပြီး. . .

"ဟုတ်တယ်. . . ဒါမှမဟုတ်ရင်တော့ ငါ လမ်းတစ်ဝက်မှာပဲ သေသွားနိုင်တယ်. . . နောက်ပြီး မင်းကသူနဲ့တွေ့ရင် မင်းရဲ့ အမြင်ဟာ တစ်မျိုးတစ်ဖုံ ပြောင်းလဲနိုင်တယ်ကွ. . ."

စွေတုံးလျှူက ပျာပျာသလဲဖြင့် မေးလိုက်သည်။

"ငါက သူ့ကိုဘာဖြစ်လို့ သွားတွေ့ရမှာလဲ. . ."

မင်းကျင်း၏ မျက်လုံးအစုံသည် ပြူးကျယ်သွားလေ၏။



"ဘာ. . . မင်းက ဒီလိုပြောတယ် ဟုတ်လား. . . မင်းစဉ်းစားကြည့်စမ်း. . . မင်းလူသူ မပေါက်ရောက်တဲ့ သဲကန္တာရထဲသွားတဲ့အခါ မင်းဘက်က ဘယ်သူက မားမားမတ်မတ် ရပ်နေခဲ့သလဲဆိုတာ ပြန်ပြောလိုက်စမ်းပါ. . ."

စွေတုံးလျှူက လက်ကာ၍ ဟန့်တားလိုက်ရလေသည်။

"ဒီလိုတော့ မပြောနဲ့လေ. . ."

ထို့နောက်. . .

သူသည် သက်ပြင်းတစ်ချက် ချလိုက်ပြီး. . .

"ကဲပါ. . . ငါလိုက်ပါမယ်. . . ဒါပေမယ့် ကျုပ်ပြောတဲ့ စည်းကမ်းအတိုင်း လိုက်နာရမယ်နော်. . ."

မင်းကျင်းက အံ့သြတကြီးဖြင့် မေးလိုက်သည်။

"ဘယ်လိုစည်းကမ်းလဲ. . ."

စွေတုံးလျှူက မင်းကျင်းကို တစ်ချက်ကြည့်ပြီး. . .

"မင်းကို ငါလိုက်ပို့မယ်. . . ဒါပေမယ့် လမ်းမှာ တစ်ယောက် တစ်ကွဲစီ သွားရလိမ့်မယ်. . . ငါဟာ စွေတုံးလျှူပါလို့ ဘယ်သူ့ကိုမှ ဖွင့်မပြောရဘူး. . ."

မင်းကျင်းက သူ့အား စေ့စေ့ကြည့်နေ၏။

စွေတုံးလျှူက မျက်နှာထား တည်လိုက်သည်။

"စည်းကမ်းအတိုင်း မလိုက်နာဘူးဆိုရင် ငါ မင်းနဲ့အတူ သွားရာက ပျောက်သွားလိမ့်မယ်ဆိုတာ ကြိုတင်အသိပေးပါရစေ"

www.burmeseclassic.com



အခန်း (၉)

ငွေမျှင်းဆိုင်သူ

မြို့ကလေး. . .။

ရှည်လျားသော လမ်းမကြီး။

နွေဦး၏ နေရောင်ခြည်သည် တိမ်ကြားမှပေါ်လွင်ပြီး ထို ရှည်လျား၍ စည်ကားသော လမ်းမကြီးပေါ်သို့ ထိုးကျနေသည်။

သက်ရှယ်အိုမင်းသော အဘွားအိုတို့သည် နွေးထွေးသော နေရောင်ခြည်အောက်တွင် နေပူစာလှုံနေကြသည်။ နေရောင်ခြည် သည် အသက်ရှင်သန်မှုကို အားပေးသည် မဟုတ်ပါလော။

မင်းကျောင်းသည် အလွန်ဆာလောင် မွတ်သိပ်နေပြီဖြစ်၏။

လမ်းဘေးရှိ စားသောက်ဆိုင်လေး တစ်ဆိုင်အား ညွှန်ပြ လိုက်သည်။ ငွေတုံးလှူဘာ ဆိုင်ကလေးကို အကဲခတ်ကြည့်လိုက်ပြီး

“ငွေတုံးလှူဘာ ဒီဆိုင်မှာ ဝင်စားပြီး ခဏနားကြမယ်. . .”

ငွေတုံးလှူက ထိုသို့ပြောပြီး ချာခနဲ လှည့်ထွက်သွားတော့ သည်။

မင်းကျောင်းက ဟျာဟျာသလဲ မေးလိုက်သည်။



“မင်းက ဘယ်သွားဦးမလို့လဲ. . .”

ငွေတုံးလှူက မျက်နှာချင်းဆိုင်မှ အလှကုန်စုံဆိုင်အား ညွှန်ပြလိုက်ပြီး. . .

သူသည် ထိုစကားကို သာမန်သာ ပြောလိုက်ခြင်း ဖြစ် လေသည်။ သို့သော်. . .

လူစကားကို ကြားလိုက်ရသော မင်းကျောင်းမှာ အံ့ဩလွန်း သဖြင့် ပါးစပ်ဟောင်းလောင်း ပွင့်သွားပြီး ဖြစ်သည်။

အတန်ကြာမှ. . .

“မင်းက ယောက်ျားလေး ဖြစ်ပြီးတော့ အဲဒီဆိုင်ကို ဘာ သွားလုပ်မှာလဲ. . .”

ငွေတုံးလှူက သူ့အား စိုက်ကြည့်လိုက်ပြီး. . .

“မင်း နောက်တော့ သိရမှာပေါ့. . .”

ဟုပြော၍ ယင်းဆိုင်ကလေးဆီသို့ ခပ်သုတ်သုတ် ထွက် သွားလေ၏။

စားသောက်ဆိုင်နှင့် မျက်နှာချင်းဆိုင်ရှိ အလှကုန်ဆိုင် မှာ အလွန်ကျဉ်းမြောင်းပြီး သေးငယ်သော ဆိုင်ကလေးတစ်ဆိုင် ဖြစ်သည်။

ထိုဆိုင်၏ တံခါးဘောင်တွင် အဖြူရောင် ဆိုင်းဘုတ်တစ် ချိတ်ဆွဲထားသည်။ ဆိုင်းဘုတ်ပေါ်တွင်. . .

‘နတ်ပျိုမ’ဟု ရေးသားထားသည်။

ထိုဆိုင်းဘုတ်၏ အောက်တွင်. . .

‘ပေါင်ဒါ၊ ပါးနီဆိုးဆေး၊ အပ်ချည်၊ ဘီး၊ နားဖောက်အပ် နှင့် ရုပ်ဖျက်ပစ္စည်းများ ရောင်းသည်’ ဟု ရေးသားထားသည်ကို

www.burmeseclassic.com

www.burmeseclassic.com



တွေ့ရမည် ဖြစ်သည်။

စွေတုံးလှူက ထိုဆိုင်ကလေးသို့ ဝင်သွားသည်ကို တွေ့ လိုက်ရသဖြင့် မင်းကျော်က အနည်းငယ် အံ့ဩသွားသည်။

"ဒီကောင် ဘာတွေလုပ်ဦးမလို့ပါလိမ့်. . ."

ဟု တွေးနေစဉ်မှာပင်. . .

စွေတုံးလှူသည် ထိုဆိုင်ကလေးထဲသို့ ဝင်သည်သာမက အတွင်းခန်း၏ ခန်းစည်းစများကို ဖွင့်ပြီး ဝင်သွားသည်ကို တွေ့ လိုက်ရသဖြင့် မင်းကျော်၏ ပါးစပ်သည် ဟောင်းလောင်းပွင့်သွ ရလေသည်။

ပို၍ အံ့အားသင့်သွားသည်မှာ စွေတုံးလှူသည် ထိုအခန်း ထဲသို့ ဝင်သွားပြီး နောက်ထပ် ထွက်ပေါ်လာခြင်း မရှိချေ။

❋ ❋ ❋

မင်းကျော်သည် ခေါက်ဆွဲကြော် နှစ်ပွဲ၊ ပေါက်စီအလုံးငယ် တစ်ပန်းကန်နှင့် ရေနွေးကြမ်းအိုး သုံးအိုး သောက်ပြီးသွားချေပြီ

သို့သော်. . .

စွေတုံးလှူကတော့ ထွက်မလာသေးပါချေ။

ထိုစဉ်မှာပင်. . .

အခန်းထဲမှ ဖြူဖွေးသော မုတ်ဆိတ်မွေးများနှင့် အဘိုး တစ်ယောက်သည် သံမဏိတောင်ဝှေး တစ်ချောင်းကို ကိုင်၍ ထွ လာသည်ကို တွေ့လိုက်ရလေသည်။

ထိုအဘိုးအိုသည် စားသောက်ဆိုင်ကလေးအတွင်းသို့ ဝ



လာပြီး မင်းကျော်၏ စားပွဲ၌ ထိုင်ချလိုက်ပြီး စားသောက်ဖွယ်ရာ များ မှာကြားလိုက်လေသည်။

မင်းကျော်သည် ထိုအဘိုးအိုအား ကြည့်၍ မရယ်မိစေရန် ထိန်းချုပ်ထားသည်။

"ဟော့. . . စွေတုံးလှူ. . . မင်း ဘာဖြစ်လို့ အဘိုးအိုလို ရုပ်ဖျက်ထားရတာလဲ. . ."

ဆိုင်ထဲသို့ ဝင်လာပြီး စားသောက်နေသော အဘိုးအိုအား စွေတုံးလှူ ဖြစ်မှန်းသိ၍ မေးလိုက်ခြင်းဖြစ်သည်။

အဘိုးအိုမှာမူ သူ့အား ပြန်၍ပင်မကြည့်ဘဲ စားသောက် ဖွယ်ရာများကို မြိန်ရည်ရှည်ရည် စားသောက်နေ၏။

မင်းကျော်သည် စိတ်တိုလာသည်။

သူသည် ငြိမ်မနေနိုင်သည့် အဆုံးတွင်. . .

"စွေတုံးလှူ. . . မင်း ငါ့ကို မမှတ်မိဘူးများ ထင်နေလို့ လား. . ."

အဘိုးအိုမှာမူ စားသောက်ပြီ ပါးစပ်သုတ်ကာ ထိုင်ရာမှ ထလိုက်သည်။ ထို့နောက်. . .

စားသောက်ဆိုင်ထဲမှ အေးဆေးစွာ ထွက်သွားလေသည်။

မင်းကျော်သည် မျက်မှောင်ကြုတ်လိုက်သည်။

အဘိုးအို နောက်သို့ လိုက်သွားရန် ထိုင်ရာမှ ထလိုက် သည်။ ရုတ်တရက်. . .

ဆိုင်လုလင် တစ်ယောက်က စာရွက်အိုးကြီး တစ်လုံးဆွဲ ကာ သူ့ရှေ့သို့ လာရောက်နေသည်ကို တွေ့လိုက်ရလေသည်။

"ဒီမှာ ခင်ဗျာ. . . ကျွန်တော်တို့ ဆိုင်မှာ စားသောက်တဲ့

www.burmeseclassic.com

www.burmeseclassic.com



ညှော်သည်တွေဟာ ငွေရှင်းပြီးမှ သွားရပါတယ် ခင်ဗျာ့. . .”

တုတ်ပါ၏။

စားသောက်ပြီးလျှင် မိမိက ကျသင့်သောငွေ ရှင်းပေးရမည်သာ ဖြစ်သည်။

ငွေတုံးငွေစ မရှိလျှင် ရွှေတုံးဖြစ်ဖြစ်၊ ကြေးပြားပဲဖြစ်ဖြစ် ပေးချေနိုင်ပါသည်။ သို့သော်. . .

မင်းကျင်းမှာ ငွေတုံးငွေစ မဆိုထားဘိ၊ တန်ဖိုးရှိသော ပစ္စည်းဟူ၍ အနည်းငယ်မျှ မရှိပါ။

မင်းကျင်းသည် မည်သို့ပြုလုပ်ရမည်ကို မသိဘဲ ဦးနှောက်ခြောက်နေသည်။ ထိုစဉ်. . .

သူ့အတွက် ငွေချေမည့်သူ တစ်ယောက်သည် ဆိုင်ထဲသို့ လှမ်းဝင်လာနေသည်တကား။

❀ ❀ ❀



အခန်း (၁၀)

မာယာဆော်

မိန်းကလေး တစ်ယောက်ဖြစ်သည်။

အသက်နှစ်ဆယ်ခန့် ရှိသည်ဟု ထင်ရသည်။

လှသည် ချောသည်။

သူမ၏ အချိုးအစား ပြေပြစ်သော ကိုယ်ခန္ဓာပေါ်တွင် အနည်းငယ် ဟောင်းနွမ်းပြီး သန့်ရှင်းစွာ လျှော်ဖွပ်ထားသော ဝါဝန်ရှည် တစ်ထည် ပတ်ဆင်ထားသည်။

သူမ၏ မျက်ဝန်းအစုံသည် မျက်ရည်စများ ပြည့်လျှက်နေ၏။

အလွန်သနားစဖွယ်ကောင်းသော မိန်းကလေးတစ်ယောက်ဖြစ်သည်။

ဆိုင်ထဲမှာ စားသောက်နေကြသော သူများ၏ မျက်လုံးများသည် တစ်ညီတစ်ညွတ်တည်း သူမထံသို့ ရောက်ရှိလာလေသည်။

လှပချောမော်သော မိန်းကလေးသည် မည်သူနည်း။

www.burmeseclassic.com

www.burmeseclassic.com



ဆိုင်ထဲသို့ အဘယ်ကြောင့် ဝင်လာရသနည်း။

မည်သူ့အား လိုက်ရှာနေသနည်း။

စသည့် စသည့် မေးခွန်းများသည် သူတို့၏ ဦးနှောက်မှ ဖြစ်ပေါ်နေ၏။

ထိုမိန်းကလေးသည် မင်းကျင်းထံသို့ လျှောက်သွားပြီး မျက်နှာချင်းဆိုင် ထိုင်ချလိုက်သည်ကို တွေ့မြင်လိုက်ရသောအခါ သူတို့အားလုံးသည် မျက်မှောင်ကြုတ်သွားကြကုန်သည်။

ဤမျှလှပသော မိန်းကလေး တစ်ယောက်က ခေါက်ဆွဲဖိုးပင် ချေနိုင်စွမ်းမရှိသော လူတစ်ယောက်၏ မိန်းမဖြစ်နေသည်လောဟု သံသယ ဖြစ်နေကြသည်။

မနောလိုဝန်တိုသည့် မျက်လုံးများဖြင့် မင်းကျင်းအား ကြည့်နေကြသည်။

မိန်းကလေး၏ မျက်နှာတစ်ခုလုံးသည် တိုးလျှိုးတောင်းပန်သည့် အရိပ်အယောင်များ ပေါ်လွင်နေ၏။

သူမသည် အခြားသူများ မကြားနိုင်သော အသံဖြင့်. . .

"ရှင့်အတွက် ကျွန်မ ငွေရှင်းပေးမယ်. . . ကျွန်မ နောက်လိုက်ခဲ့. . ."

သူမ၏ မျက်နှာမှာ ဖြစ်ပေါ်နေသော ယန်မူရာက တစ်မျိုး။

သူမ၏ စကားနှင့် လုံးဝဟပ်စပ်ခြင်း မရှိပေ။

မင်းကျင်းက မနေနိုင်ဘဲ ရယ်မောမိသည်။

"ဟား. . . ဟား. . . ဟား. . . လာပြန်ပြီလား. . . မင်းနောက်ကို ကျုပ်မလိုက်ဖူး. . . ဒါပေမယ့် ကျုပ်အတွက် မင်းက



ငွေရှင်းပေးရမယ်. . ."

မင်းကျင်းကလည်း အသံကို အနိမ့်ဆုံးဖြင့် ပြောလိုက်သည်။

သူသည် ပြောရင်း သူ၏ခြေထောက်သည် စားပွဲအောက်မှာ သူမ၏ ခြေထောက်အား နင်းထားလိုက်လေသည်။

"ကဲ. . . ဒီတစ်ခါတော့ မင်းကျင်း စကားနားထောင်ရမယ့် အလှည့်ပဲ. . ."

မိန်းကလေးသည် သူ့အား ငေး၍ကြည့်နေ၏။

သူမ၏ မျက်ဝန်းအစုံသည် မျက်ရည်များ ဖြိုင်ဖြိုင်ကျလာလေသည်။

"အိမ်ကို ပြန်ခဲ့ပါ အစ်ကိုရယ်. . . ကျွန်မ တောင်းပန်ပါတယ်. . . မေမေနဲ့ ကလေးတွေ တော်တော်ဖျားနေပါတယ်. . . သူတို့ကို ပြန်ပြီး ကြည့်ဖို့ကောင်းပါတယ်ရှင်. . ."

ဤတစ်ကြိမ် သူမ၏အသံသည် ကျယ်လောင်မှု မရှိသော်လည်း အနီးရှိ စားသောက်နေကြသူများက ကြားနိုင်ပေသည်။

ထို့ကြောင့်လည်း လူဆယ့်ငါးယောက်တို့၏ မျက်လုံးများသည် မင်းကျင်းထံသို့ စူးစူးရောက်ရှိလာကြသည်။

သူတို့၏မျက်နှာပေါ်တွင် မင်းကျင်းအား ရွံမုန်းခြင်း၊ အထင်သေးခြင်း စသည့် အရိပ်အယောင်များ ပေါ်လွင်နေ၏။

မင်းကျင်းသည် မိမိမှာ ခိုးထုပ်ခိုးထည်နှင့် အမိခံလိုက်ရသော သူခိုးတစ်ယောက်နှင့် တူနေသည်ဟု ချက်ချင်း ခံစားမိလိုက်ရလေသည်။

ဤအတိုင်းသာ ဆက်နေလျှင် အားလုံးသော လူများသည်

www.burmeseclassic.com

www.burmeseclassic.com



မိမိအား ဝိုင်း၍ရိုက်နှက်ကြမည်မှာ မလွဲချေ။

ထိုစဉ် မိန်းကလေးက စားသောက်ထားသော တန်ဖိုးချေ ပေးနိုင်သော ငွေစကလေးကို စားပွဲအောက်မှ သူ့လက်ထဲသို့ လှမ်းပေးလိုက်သည်။ ထိုစဉ်. . .

စားသောက်ဆိုင်၏ အခန်းဝသို့ ရထားလုံး တစ်စီးရောက်ရှိလာသည်။

မင်းကျင်းသည် မည်သည့်စကားမှ မပြောတော့ဘဲ စားသောက်ဖွယ်ရာများ အတွက် ငွေရှင်းပေးပြီး မိန်းကလေးနောက်သို့ လိုက်သွားရလေ၏။

ရထားလုံးထဲ၌ အခြားမိန်းကလေး သုံးယောက်က စောင့်နေပြီဖြစ်သည်။

မင်းကျင်းသည် မထူးမည့်အတူတူ သူ့အား ခေါ်ဆောင်လာသော မိန်းကလေး၏ ခါးကိုဖက်ထားလိုက်၏။

"ဟား. . . ဟား. . . ဟား. . . မင်းက ငါ့မိန်းမကိုး. . . ကဲ. . . ကဲ. . . အခု ငါ့ကို ဘယ်ခေါ်သွားမလို့လဲ. . ."

မိန်းကလေး လေးယောက်တို့သည် သူ့အား အေးတိအေးစက်ဖြင့် စိုက်ကြည့်နေ၏။ သူက မမှုပါ။ ယခု. . .

ခွန်အား ပြန်လည်ပြည့်ဖြိုးလာပြီ မဟုတ်ပါလော။

ထို့ပြင် ဓွေတုံးလျှုသည် သူ့အား အကာအကွယ် ပေးသည် မဟုတ်ပါလော။

ဓွေတုံးလျှုကို သူမမြင်ရသော်လည်း သူသည် မိမိကို မြင်နိုင်သော တစ်နေရာရာတွင် ရှိပေလိမ့်မည်။ ဓွေတုံးလျှုသည် ကျောက်ဆောင်ကြီး တစ်ခုပင် မဟုတ်ပါလော။



ရထားလုံးသည် မြစ်ဆိပ်တစ်ခုသို့ ရောက်ရှိလာပြီး ရပ်တန့်သွားသည်။

မင်းကျင်းသည် အပျင်းတစ်ချက် ဆန့်ပြီး ပြောလိုက်သည်။

"အင်း. . . ရာသီဥတု သာယာလိုက်တာ. . . အရက်များ သောက်ရရင် သိပ်ကောင်းမှာပဲ. . ."

မိန်းကလေးများသည် သူ့အား မျက်မှောင်ကြုတ်၍ စိုက်ကြည့်နေကြသည်။

ဝိုင်းစက်သော မျက်လုံးအစုံကို ပိုင်ဆိုင်ထားသော မိန်းကလေးက. . .

"အရင်တစ်ကြိမ်တုန်းက ရှင့်ကို မေ့ဆေးနဲ့ အနိုင်ယူလိုက်တာ ရှင်က စိတ်မကျေနပ် ဖြစ်နေတယ် မဟုတ်လား. . ."

အရပ်ရှည်ရှည်နှင့် မိန်းကလေးက. . .

"ရှင့်ကို မေတ္တာရိပ်မြုံအိမ်ကလေးထဲမှာ ဓွေတုံးလျှုကြောင့် ကျွန်မတို့ အရှုံးပေးလိုက်တာကို ရှင်က ဘဝင်မြင့်နေတယ် မဟုတ်လား. . ."

သေးသေးသွယ်သွယ် ကိုယ်လုံးရှိသော မိန်းကလေးကလည်း ပြောပြန်သည်။

"ဒီတစ်ကြိမ်တော့ ကျွန်မတို့က သိုင်းပညာနဲ့ ရှင့်ကို အနိုင်ယူပြမယ်. . ."

ကျန်ရှိသော မိန်းကလေးက အေးစက်စက် ပြောလိုက်သည်။

"ဒီတစ်ခါ ရှင်ရှုံးရင် ရှင်က ဘယ့်နှယ်လုပ်မလဲ ပြောစမ်းပါ. . ."

www.burmeseclassic.com

www.burmeseclassic.com



မင်းကျင်းက ရယ်မောလိုက်သည်။

"မပူပါနဲ့ . . . သိုင်းပညာနဲ့ ယှဉ်လို့ ကျုပ် ရှုံးရင် မင်းတို့ လုပ်ချင်သလို လုပ်ပေတော့ . . . ကျုပ် ဘာမှမပြောဘူး . . ."

မင်းကျင်း၏ သိုင်းပညာရပ်သည် သိုင်းလောကတွင် ကျော်ကြားသော သိုင်းပညာရှင် တစ်ယောက်ဖြစ်သည်။ ပထမ အဆင့်ရှိသော သိုင်းသမား တစ်ယောက်ဟု သိုင်းသမား အားလုံးက အသိအမှတ် ပြုခဲ့သည်။

သူကိုယ်တိုင် တီထွင်ခဲ့သော သိုင်းကွက်ရှစ်ဆယ်မှာ အလွန် ထက်မြက်ပြီး အစွမ်းထက်လှသည်။

မည်သည့်နည်းနှင့်မဆို သူသည် ဆယ်ကျော်သက် နုနယ်သော မိန်းကလေး လေးယောက်အား ရှုံးနိမ့်ဖွယ်ရာ အကြောင်း မရှိပါ။

သူသည် ကျေနပ်စွာ ပြုံးလိုက်လေသည်။ သို့သော် . . .

မိန်းကလေးများ၏ အပြုအမူများသည် သူ့အဖို့ ပို၍ကျေနပ်သွားမလား မသိချေ။ အဘယ့်ကြောင့်ဆိုသော် . . .

ယင်းမိန်းကလေး လေးယောက်တို့သည် သူမတို့၏ အပေါ် အင်္ကျီများ၊ ဂါဝန်များ ချွတ်ချလိုက်ပြီး အတွင်းခံအင်္ကျီများနှင့် အတွင်းခံဘောင်းဘီရှည်များသာ ဝတ်ဆင်ထားသောကြောင့် ဖြစ် သည်။ သူတို့သည် သူ့အားတိုက်ခိုက်ရန် ပြင်ဆင်ကြလေပြီ။

ယခု . . .

မိန်းကလေးများသည် သူတို့၏ လှပ၍ အချိုးအဆစ်ပြေ ပြစ်သော ခန္ဓာကိုယ်များ ပေါ်လွင်နေလေပြီ။ ထူးခြားသည်မှာ . . .

ထိုမိန်းကလေးများ၏ တစ်ကိုယ်လုံးတွင် အသားများ



နူးညံ့စေသော အဆီတစ်မျိုး လိမ်းခြယ်ထားသဖြင့် နေရောင်ခြည် အောက်တွင် အရောင်တဖိတ်ဖိတ် တောက်ပနေလေသည်။

ထို့နောက် . . .

သူတို့သည် လက်နက်ကိုယ်စီ ထုတ်ကြလေတော့သည်။

ဓားတစ်လက်နှင့် သံမဏိစုတ်တံ ကဲ့သို့ လက်နက်တစ်မျိုး တစ်စုံ။ ရေထဲ၌ အသုံးပြုသော လှံတံနှစ်လက်နှင့် သံမဏိညှပ် တစ်ခု။

မိန်းကလေး လေးယောက်တို့သည် ယင်းလက်နက်များ ဖြင့် မင်းကျင်းအား ဝိုင်းထားကြသည်။ မင်းကျင်း ပြုံးလိုက်မိသည်။

ယင်းနုနယ်သော မိန်းကလေးများနှင့် သိုင်းပညာချင်း ယှဉ်ပြိုင်ရသည်မှာ ဆော့ကစားသည့် သဘောမျှသာ ရှိသည်ဟု လည်း တွေးမိသည်။

စွေတုံးလျှို မလာလျှင် ပို၍ကောင်းမည်ဟုလည်း ဆုတောင်းမိသည်။

မျက်လုံးဝိုင်းစက်သော မိန်းကလေးသည် မင်းကျင်း၏ အတွေးများကို ရိပ်စားမိဟန်ရှိသည်။

သူမက အေးတိအေးစက် ပြုံးလိုက်ပြီး . . .

"ရှင်က ကျွန်မတို့နဲ့ ယှဉ်ပြိုင်တာကို ကစားတယ်လို့ ယူဆ ရင် ရှင့်အသက် သေသွားမယ်ဆိုတာ ကျွန်မ ပြောရဲတယ် . . ."

သူမ၏စကားမှာ မှန်ကန်သည်ကို မကြာမီပင် မင်းကျင်း သိလိုက်ရတော့သည်။

သူမတို့၏ လက်နက်များသည် သေးသွယ်သည်။ တို တောင်းသည် ဖြစ်သော်လည်း အလွန်ကြောက်မယ်ဖွယ်ရာ ကောင်း

www.burmeseclassic.com



သော လက်နက်များ ဖြစ်ကြသည်။

သူမတို့၏ တိုက်ကွက်များမှာလည်း လျင်မြန်လှသည်။ တိကျလှသည်။ ရက်စက်သည်။ ထို့ပြင် . . .

အားမာန်လည်း အပြည့်ပါသည်။

သူတို့၏ ခန္ဓာကိုယ်များသည် ရေထဲမှ ငါးကလေးကဲ့သို့ သွက်လက်သည်။ ထို့ကြောင့် . . .

မင်းကျင်းသည် သူမတို့အား ပေါ့ပေါ့တန်တန် ထား၍ မဖြစ်တော့ပါချေ။ ယခုအခါတွင် . . .

မင်းကျင်းသည် ခွေတုံးလျှူအား မျှော်နေရသည်။

မိန်းကလေး လေးယောက်တို့၏ သိုင်းပညာရပ်များမှာ သူထင်ထားသည်ထက် များစွာသာလွန်နေ၏။

သူသည် ပေါ့ပေါ့တန်တန် မယှဉ်ပြိုင်ရဲတော့ပါ။

မင်းကျင်းသည် တိုက်ခိုက်နေရင်း ခွေတုံးလျှူအား မျှော်နေရသည်။ ခွေတုံးလျှူရေ လာပါတော့၊ ငါမသေခင် မင်းကို တွေ့သွားချင်သေးတယ်ဟု စိတ်ထဲက ပြောနေမိတော့သည်။ သို့သော် . . .

ခွေတုံးလျှူ၏ အရိပ်အယောင်ကား လုံးဝမတွေ့ရပါချေ။

ဝိုင်းစက်သော မျက်လုံးပိုင်ရှင် မိန်းကလေးက မင်းကျင်း၏ အတွေးကိုသိသည်။

"ရှင်က ခွေတုံးလျှူကို မျှော်မနေနဲ့တော့ . . . သူမလာနိုင်တော့ဘူးရှင့် . . ."

မင်းကျင်းက ထိတ်လန့်စွာဖြင့် မေးလိုက်သည်။

"ဘာဖြစ်လို့ . . ."

အရပ်ရှည်ရှည်နှင့် မိန်းကလေးက ပြုံးလိုက်ပြီး . . .



"ဟင်း . . . ဟင်း . . . အခုလောက်ဆိုရင် ကျွန်မတို့ လူတွေရဲ့ လက်ထဲကို ရောက်နေလောက်ပါပြီရှင့် . . ."

မင်းကျင်းက ပြုံးလိုက်သည်။

သူသည် မိန်းကလေး လေးယောက်ကို အတန်ကြာကြာ ကြည့်လိုက်ပြီးမှ . . .

"မင်းတို့က ခွေတုံးလျှူကို တော်တော် အထင်သေးတာပဲ . . ."

အရပ်ရှည်ရှည်နှင့် မိန်းကလေး၏ မျက်နှာသည် မင်းကျင်း၏စကားကြောင့် မည်းမှောင်သွားသည်။ မင်းကျင်းက သူ့သူငယ်ချင်းကို အထင်ကြီးလွန်းသည်။ ထို့နောက် . . .

မင်းကျင်းအား စူးရှစွာ ကြည့်လိုက်ပြီး . . .

"ရှင် ကျွန်မတို့ ပြောတာကို မယုံရင်လည်းနေ . . . ဒါပေမယ့် ကျွန်မတို့ ရှင့်ကိုဖမ်းမိတဲ့အခါ သူ့ကို ကျွန်မတို့လူ ဖမ်းထားတာကို တွေ့ရမှာပေါ့ . . ."

မိန်းကလေး၏ စကားကို ကြားလိုက်ရသောအခါ မင်းကျင်းသည် မနေနိုင်တော့ဘဲ တဟားဟား ရယ်မောလိုက်လေသည်။

"ဟား . . . ဟား . . . ဟား . . ."

"ဟား . . . ဟား . . . ဟား . . ."

မင်းကျင်း အားရပါးရ ရယ်မောနေသည်ကို တွေ့ရသောအခါ ခန္ဓာကိုယ် သေးသွယ်သော မိန်းကလေးက မျက်မှောင်ကြုတ်လိုက်ပြီး . . .

"ရှင် ဘာကြောင့် ဒီလောက်တောင် ရယ်နေရတာလဲ . . ."

www.burmeseclassic.com

www.burmeseclassic.com



"ဘာလဲ. . . ရှင် မယုံဘူးပေါ့. . ."

မင်းကျင်းတ မထီမဲ့မြင် အမူအရာနှင့် ပခုံးတစ်ချက်တွန့်လိုက်ပြီး. . .

"မယုံဘူး. . ."

သူ၏စကားသံ အဆုံးမှာပင်. . .

လူတစ်ယောက်၏အသံကို ကြားလိုက်ရလေသည်။

"ဟုတ်တယ်. . . မင်းမယုံဘူးဆိုတာ ငါသိပါတယ်ကွာ"

ထိုအသံကို ကြားလိုက်ရသောအခါ. . .

မင်းကျင်းသည် စိတ်ခါတ်တက်တက်ကြွကြွ ဖြစ်သွားလေတော့သည်။ ယင်းအသံရှင်မှာ. . .

သူ မျှော်လင့်စောင့်စားနေရသော ဓွေတုံးလှ၏ အသံပင်မဟုတ်ပါလေ။

❀ ❀ ❀



အခန်း (၁၁)

## စောင့်မျှော်ရခြင်းအခန်း

ကမ်းစပ်အနီးတွင် ကျောက်တုံးတစ်တုံး ရှိသည်။

ရောက်လာသော ဓွေတုံးလှသည် ထိုကျောက်တုံးပေါ်တွင် ထိုင်လိုက်သည်။

သူ၏လက်ထဲတွင် အနက်ရောင် ခေါင်းစွပ် ကိုးလုံးခန့်ကိုကိုင်ထားလေသည်။ မိန်းကလေး လေးယောက်သည်. . .

ခေါင်းစွပ်များနှင့် ဓွေတုံးလှအား တွေ့လိုက်ရသောအခါမျက်နှာပျက်သွားကြသည်။

ရုတ်တရက်. . .

သူမတို့သည် ဓွေတုံးလှကို ရပ်ကြည့်နေသော မင်းကျင်းအား လျှပ်တစ်ပြက် တိုက်ခိုက်လိုက်လေသည်။

မင်းကျင်းသည် ရုတ် ဂရက်မို့ ကြောင်နေသည်။

သို့သော်. . .

သူသည် ခုန်ရင်း နောက်သို့ ဆုတ်သွားသည်။

ထိုစဉ်မှာပင်. . .

www.burmeseclassic.com

www.burmeseclassic.com



သူတွေးထင်ထားသလို မိန်းကလေး လေးယောက်သည် သူ့အား ဆက်လက် မတိုက်ခိုက်တော့ဘဲ လျှပ်တစ်ပြက် နောက်သို့ လှည့်တာ ထွက်ပြေးသွားကြလေသည်။

တကယ်တော့ သူတို့သည် ထွက်ပြေးရန် ဖိတိုက်ခြင်း ဖြစ်လေသည်တကား။

"ဟေ့. . . တစ်ယောက်ယောက်တော့ မိအောင်ဖမ်းထားလိုက်ကွ. . ."

စွေတုံးလျှူက ကျယ်လောင်စွာ အော်၍ သတိပေးလိုက်လေသည်။

မင်းကျောင်းသည် တွေနေရာမှ မိန်းကလေးများ နောက်သို့ တစ်ဟုန်ထိုး ပြေးထွက်သွားလေသည်။ လိုက်ဖမ်းခြင်း ဖြစ်လေသည်။ သို့သော် သူသည် တစ်ယောက်ကိုမျှ မမိချေ။

အဘယ်ကြောင့်ဆိုသော်. . .

သူသည် အရပ်ရှည်သော မိန်းကလေးကို ဖမ်းဆီးမိလိုက်သေးသော်လည်း သူမ၏ခန္ဓာကိုယ် တစ်ခုလုံးတွင် ဆီများစိုရွှဲနေသဖြင့် လွတ်ထွက်သွားခြင်း ဖြစ်သည်။

"ဝုန်း. . . ဝုန်း. . ."

မိန်းကလေးများသည် မြစ်ထဲသို့ ခုန်ဆင်းပြီး ရေကူးပြေးထွက်သွားကြလေ၏။ မင်းကျောင်းကား ရေထဲသို့ ပြေးဆင်းရန် မလွယ်ချေ။ ရေထဲသို့လည်း သူမလိုက်လိုချေ။ ပြေးကြပါစေတော့။

မင်းကျောင်းသည် ဆီများပေကျံနေသော သူ၏ လက်နှစ်ဖက်အား ငေး၍ကြည့်နေ၏။

ဤမျှချောမောသော မိန်းကလေးများသည် အဘယ်



ကြောင့် တစ်ကိုယ်လုံးဆီများ သုတ်လိမ်းထားသည်ကို မင်းကျောင်း နားလည်သွားပြီ ဖြစ်သည်။

မင်းကျောင်းသည် ငေးကြောင်နေရာမှ စွေတုံးလျှူဘက်လှည့်လိုက်ပြီး. . .

"မင်း ရောက်နေတာ အတော်ပါပဲကွာ. . ."

စွေတုံးလျှူက ပြုံးလိုက်သည်။

မင်းကျောင်းနှင့် စွေတုံးလျှူတို့ ပြန်လာကြသောအခါ မြင်းလှည်းသည် ထွက်ခွာသွားပြီ ဖြစ်သည်။

မိန်းကလေးများ ချွတ်ခဲ့သော အဝတ်အစားများပါ ယူဆောင်၍ ထွက်ခွာသွားခြင်း ဖြစ်သည်။

ထိုမိန်းကလေး လေးယောက်တို့သည် မည်သူတို့နည်း။

သူမတို့အား မည်သူက စေခိုင်းခဲ့သနည်း။

မိန်းကလေးများ၏ သိုင်းပညာသည် အလွန်ထက်မြက်လွန်းသည်။

မိန်းကလေးများကို စေခိုင်းသူ၏ သိုင်းပညာသည် အလွန်ထက်မြက်သည်မှာ နှယ်နှယ်ရရ မဟုတ်နိုင်ပါ။

ယင်းသူသည် မည်သူနည်း။

စွေတုံးလျှူသည် တွေးရင်း ထိုနောက်ကွယ်မှ ကြိုးကိုင်သော သူသည် ကြီးကျယ်ပြီး အာဏာအလွန်ရှိသော တိုက်ပွဲတစ်ခုနှင့် ရင်ဆိုင်နေရသူဖြစ်မည်ဟု ယုံကြည်မိလေသည်။

အတန်ကြာမှ မင်းကျောင်းက သက်ပြင်းတစ်ချက် ချလိုက်လေတော့သည်။

"ငါကညံ့လို့ သူတို့ကို မမိတာထားပါတော့. . . မင်းကရော

www.burmeseclassic.com

www.burmeseclassic.com



ဘာဖြစ်လို့ တစ်ယောက်မှ မမိတာလဲ. . .”

စွေတုံးလျှူက ခေါင်းညိတ်လိုက်ပြီး. . .

“ငါက သူတို့ကို မမိလည်း ဘာအရေးလဲ. . . ဒီမှာ ခေါင်းစွပ်တွေတို့ အရယူခဲ့ပြီးပြီပဲ. . .”

မင်းကျင်းက ရယ်မောလိုက်သည်။

“ဩော်. . . မင်းက သူတို့ ခေါင်းစွပ်ကို ကြည့်ပြီး သဲလွန်စရှာမယ်ပေါ့. . .”

စွေတုံးလျှူက ခေါင်းခါယမ်းလိုက်ပြီး. . .

“မရှာပါဘူး. . .”

မင်းကျင်းက မျက်မှောင်ကြုတ်လိုက်သည်။

“ဘာဖြစ်လို့လဲ. . .”

စွေတုံးလျှူက မင်းကျင်းကို တစ်ချက်ကြည့်လိုက်ပြီး. . .

“ဘာဖြစ်ရမှာလဲကွ. . . ငါက သူတို့ကို မှတ်မိလို့ပေါ့ကွ”

မင်းကျင်းက ပျာပျာသလဲ မေးလိုက်သည်။

“ဒါဖြင့် သူတို့က ဘယ်သူတွေလဲ. . .”

စွေတုံးလျှူက ခေါင်းညိတ်လိုက်သည်။

“ငါ စားသောက်ဆိုင်က ထွက်လာတာနဲ့ သူတို့က ငါ့နောက်ကို မယောင်မလည် လိုက်လာနေတာကို တွေ့လိုက်တယ် သူတို့ဟာ ကျောက်လက်ဝါးရဲ့ တပည့်တွေဆိုတာ သိလိုက်ရတာ ဒီလောက်တော့ ငါလည်း လျှင်ပါသေးတယ်ကွာ. . .”

မင်းကျင်းက မျက်မှောင်ကြုတ်သွားသည်။

“ဟုတ်လား. . . ဒါဆိုရင်တော့ ကျောက်လက်ဝါးက အခု ဘယ်မှာလဲကွ. . .”



စွေတုံးလျှူက ခေါင်းခါယမ်းလိုက်ပြီး. . .

“သူနဲ့ ဘာဆိုင်လို့လဲကွ. . . ဟိုတုန်းက တပည့်ဖြစ်ပေမယ့် အခု တပည့်ဖြစ်ချင်မှ ဖြစ်မှာပေါ့ကွ. . .”

မင်းကျင်းသည် ခေါင်းငိုက်စိုက်ကျသွားတော့သည်။ စွေတုံးလျှူကို စကားနိုင်လု၍ မရပါလား။

အတန်ကြာမှ မင်းကျင်းက သက်ပြင်းတစ်ချက် ချလိုက်လေသည်။

“အင်း. . . ဒီမိန်းကလေး လေးယောက်က နှယ်နှယ်ရရတော့ မဟုတ်ဘူးဗျ. . .”

စွေတုံးလျှူက မင်းကျင်းအား အချိန်တော်တော်ကြာ စိုက်ကြည့်ပြီး. . .

“ဟုတ်တယ်. . . သူတို့က ဘာတွေဆက်လုပ်လာဦးမယ်ဆိုတာတော့ ငါလည်း မသိနိုင်ဘူးကွ. . .”

သူသည် မင်းကျင်း၏ ပခုံးအား တစ်ချက်ပုတ်လိုက်သည်။

“ဒါကြောင့်မို့ ငါတို့နှစ်ယောက်က လမ်းခွဲပြီး သွားရလိမ့်မယ်. . . မင်းကို စကတည်းက ငါပြောခဲ့တယ်လေ. . .”

မင်းကျင်း၏ မျက်ခုံးအစုံသည် မြင့်တက်သွားသည်။

“ဘယ်ဖြစ်မလဲကွ. . .”

စွေတုံးလျှူက စိတ်မရှည်စွာဖြင့် ပြောလိုက်သည်။

“ငါ အခုလို ရုပ်ဖျက်တာဟာ မင်းရဲ့ လုံခြုံရေးအတွက်ပဲ မင်းကပါ ငါ့ကို မမှတ်မိမှ မင်းကို ငါစောင့်ရှောက်နိုင်မှာပေါ့ ဟုတ်လား. . .”

မင်းကျင်းက ခေါင်းညိတ်လိုက်ပြီး. . .

www.burmeseclassic.com

"ဟုတ်ပါတယ်ကွာ. . . မင်းကို ငါယုံကြည်ပါတယ်. . . လုပ်ပါလုပ်ပါ. . . မင်း ကောင်းတယ်ထင်သလို လုပ်ပါ. . ."

မင်းကျောင်းသည် ခွင့်ပြုလိုက်ရလေ၏။

ခွင့်မပြုလည်း မရပါ။

စွေတုံးလူ လုပ်ချင်သည်ကို မည်သူမျှ တားချမရပါ။



အခန်း (၁၂)

## ကယ်တယ်သူ အမျိုးသမီး

နေဝင်သွားပြီဖြစ်ရာ စည်းစိမ်ရှင် တည်းခိုခန်းတွင် မီး ာင်ထိန်ထိန်လင်းနေ၏။

တည်းခိုခန်းသည် သာမန်လူတန်းစား မတည်းခိုနိုင်သော ည်းခိုခန်း တစ်ခုဖြစ်သည်။

စည်းစိမ်ရှင် တည်းခိုခန်း၏ အကောင်းဆုံး အခန်းကို နတ် ည်းစိမ် အခန်းဟုပင် အမည်ပေးထားသည်။

ယင်းအခန်း တစ်ခန်းတွင်. . .

မင်းကျောင်းသည် ခါတိုင်းအဝတ်အစားမျိုး မဟုတ်ဘဲ ဌေးသူကြွယ်များ ဝတ်ဆင်လေ့ရှိသော ပိုးဖဲအဝတ်အစားများ ဆင်ထားခဲ့သည်။ ထို့ကြောင့်. . .

သူ့အိတ်ထဲမှာ ငွေတစ်ပြားတစ်ချပ်မျှ မရှိသည်ကို မည်သူ သိရှိကြမည် မဟုတ်ပါ။

သူ့အား လူကုံထံတစ်ယောက်ဟု ထင်ကြမည်သာ ဖြစ် သည်။ အထူးသဖြင့်. . .

www.burmeseclassic.com



မင်းကျော်သည် ငွေယူဆောင်ရန် အမြဲသတိမေ့တတ် သည်။ ယခုလည်း . . .

သူသည် အကောင်းဆုံး ဟင်းလျာနှင့် အရက်များကို မှာ ကြား၍ အခန်းထဲ၌ တစ်ယောက်တည်း စားသောက်နေပြီ မဟုတ် ပါလော။

မင်းကျော်သည် ဟင်းလျာများကို တစ်ယောက်တည်း ဖြ ရည်ရှက်ရည် စားသောက်နေ၏။

"အင်း . . . အခုလောက်ဆိုရင် ငွေတုံးလျှုက ဘယ်လိုပုံ မျိုး ထွက်လာမယ်ဆိုတာ မသိပေမယ့် သူ ဘယ်လိုရှုပ်ဖျက်ပါ ကျုပ်ကတော့ မှတ်မိမှာပဲ . . ."

သူသည် စားသောက်နေရင်း တွေးနေ၏။

ထိုစဉ်မှာပင် . . .

ဆေးများ ကျိုနေသော အနံ့များသည် သူ၏နှာခေါင်း သို့ တိုးဝင်လာလေသည်။

ဤဆေးကျိုသော အနံ့သည် အလွန်ထူးခြားသော အ ဖြစ်သည်။

ထူးခြားသော ဆေးမြစ်လေးငါးမျိုးကို ရော၍ ကျိုသော အနံ့ဖြစ်သည်။ အကယ်၍ . . .

တစ်စုံတစ်ယောက်က ဤကဲ့သို့သော ဆေးများ ကျို လျှင် ထိုလူသည် ပြင်းထန်သော ဒဏ်ရာရရှိနေခြင်း ဖြစ်သည် မပြောဘဲ သိနိုင်သည်။

ဒဏ်ရာပြင်းထန်စွာ ရရှိထားသော သူသည် အလွန်သ ဖွယ်ကောင်းသူဖြစ်သည်။ ကိုယ့်ဘာသာ ကုသနေသည်ဆိုလျှင် ပို



သနားဖို့ ကောင်းသည်။

မိတ်ဆွေတစ်ယောက်မှ မရှိလျှင် ပို၍သနားဖွယ်ရာ ကောင်းသည် မဟုတ်ပါလော။

မင်းကျော်သည် တစ်ဖက်ခန်းမှ နေထိုင်သောလူအား ဂရုဏာ သက်လာသည်။

တစ်ဖက်ခန်းသို့ သွားရောက်၍ အဖော်ပြုလျှင် ကောင်း လေစွဟု စိတ်ကူးမိသည်။

သူသည် ယင်းသို့ စိတ်ကူးမိနေစဉ်မှာပင် . . .

"ဖောင်း . . ."

တစ်ဖက်ခန်းမှ အသံတစ်ခု ထွက်ပေါ်လာသည်ကို ကြား လိုက်ရသည်။

ဆေးကျိုနေသော မြေအိုးကလေးသည် ပေါက်ကွဲသွား သည်ထင်ရသည်။

မင်းကျော်သည် မျက်မှောင်ကြုတ်သွားသည်။

တစ်ဖက်ခန်းသို့ သွားရောက်ရန် စိတ်ကူးမိသော်လည်း ခြေထောက်မလှုပ်မိသေးချေ။ ရုတ်တရက် . . .

"ဝုန်း . . ."

တစ်ဖက်ခန်းနှင့် ကပ်လျက်ရှိသော နံရံသည် ကျိုးပဲ့သွား သည်။

လူတစ်ယောက်သည် သူ့အခန်းဘက်သို့ လွင့်ပျံလာလေ သည်။

မင်းကျော်သည် မိမိအခန်းထဲသို့ လွင့်စဉ်လာသူအား သေ ချာစွာ ကြည့်လိုက်ရာ ထိုလူသည် အနက်ရောင် ပလွေနက် တစ်

www.burmeseclassic.com

www.burmeseclassic.com



ချောင်းကို ကိုင်ဆောင်ထားသော ပလွေနက်ပင် ဖြစ်နေလေသည်။

ပို၍တိကျစွာ ဆိုရလျှင်. . .

ထိုပလွေနက်ဆိုသူသည် ယာဘက်ခြေထောက်လည်း ပြတ်နေသည်။ အကြောင်းမှာ. . .

သူ၏ပြတ်နေသော ခြေတစ်ဖက်သည် သူ၏ခုတင်ပေါ်တွင် ရှိနေသေးခြင်းကြောင့် ဖြစ်သည်။

ယင်းခြေထောက်ပြတ်ပေါ်မှ ဒဏ်ရာများသည် ပုပ်ဟောင်နေသောကြောင့်ဖြစ်သည်။

သူ၏ဝဲဘက်ပခုံးမှ ဒဏ်ရာလည်း အခြေအနေ မကောင်းပါ။ ရရှိသော ဒဏ်ရာမှာလည်း အပုပ်နံ့ ထွက်နေ၏။

ထိုလူသည် ဒုက္ခိတတစ်ယောက် ဖြစ်သော်လည်း ဇွဲက မလျော့သေးချေ။

လူလေးယောက်သည် လက်နက်အမျိုးမျိုးကို ကိုင်ဆောင်၍ နံရံပေါက်မှ ဝင်ရောက်လာပြီး သူ့အား ဝိုင်းရံထားပြန်လေသည်။

သူတို့သည် ပလွေနက်အား ဝိုင်းရံထားကြသည်။

ပလွေနက်မှာမူ သူ၏လက်နက်ဖြစ်သော ပလွေနက်အား တင်းကျပ်စွာ ဆုပ်ကိုင်ထားသည်။

သို့သော် သူ့အလွန် အားဆုတ်ဖျော့တော့နေသည်။

လုံးဝအညွှံ့ခံလိုသော ဆန္ဒမရှိချေ။

အနည်းငယ်မျှ ကြောက်ရွံ့သော စိတ်မရှိသည်မှာ ထင်ရှားနေသည်။

အမှန်မှာ ပလွေနက်အား လာရောက် တိုက်ခိုက်သော



လူများမှာ လေးယောက်မဟုတ်။ ငါးယောက် ဖြစ်သည်။

ကျန်တစ်ယောက်မှာ ပလွေနက်၏ လက်ချက်ကြောင့် မြေပေါ်တွင် လဲကျနေခြင်း ဖြစ်သည်။

မင်းကျော်သည် ပလွေနက်ဘက်မှ ရပ်တည်ရန် ဆုံးဖြတ်လိုက်သည်။

ထိုဆုံးဖြတ်ချက် အဆုံးတွင် သူသည် စားပွဲပေါ်မှ လွတ်နေသော အရက်အိုးအား ထုတ်ယူက ထိုလူလေးယောက်ထံသို့ ပစ်ပေးလိုက်ရင်း. . .

"ဟေ့ လူတွေ. . . မင်းတို့က လူကောင်းတွေဖြစ်ပြီး ဒုက္ခိတတစ်ယောက်ကို ဝိုင်းတိုက်နေကြတာ မရှက်ဘူးလား. . . ထွီ. . . သိပ်ရှက်စရာကောင်းတယ်. . ."

မင်းကျော်၏ စကားမဆုံးမီမှာပင် ကျာပွတ်သည် သူ့လည်ပင်းအား ရစ်ပတ်ရန် ပြေးလာသည်။

"ဗွီး. . ."

သို့သော် အနည်းငယ်မျှသာ လိုသွားသည်။

သူသည် ကပျာကယာ ရှောင်တိမ်းလိုက်နိုင်သော်လည်း အရှောင်လွန်၍ ဟန်ချက်ပျက်ကာ ချော်လဲမလို ဖြစ်သွားလေတော့သည်။

ထိုစဉ် ပျော့ပျောင်း နွဲ့နှောင်းသော စာပေသမားတစ်ယောက်သည် ယပ်တောင် အသာအယာခတ်၍ အခန်းဝသို့ ရောက်ရှိလာလေသည်။

မင်းကျော် ပြုံးရယ်သွားလေသည်။

သူသည် စိတ်ချသွားပြီ မဟုတ်ပါလော။ ထိုကြောင့်. . .

www.burmeseclassic.com

www.burmeseclassic.com



သူသည် ပျော်ရွှင်မြူးတူးသွားသည်။

"မင်းလာလိမ့်မယ်လို့ ကျုပ်ထင်သားပဲ. . ."

သူက ထိုသို့ဆိုး၍ ပြောလိုက်ရာ စာပေသမားသည် သူ့ကို ပြုံးပြပြီး အခန်းထဲသို့ လှမ်းဝင်လိုက်လေ၏။

သူ့လက်ထဲမှ ယပ်တောင်သည် သူ၏လက်နက်ဖြစ်သည်။

မည်သည့် အရာမျိုးမဆို ဓွေတုံးလူ့ လက်ထဲရောက်ရှိသွားလျှင် အလွန်ကြောက်မက်ဖွယ်ရာ ကောင်းသော လက်နက်မျိုးဖြစ်လာမည် မဟုတ်ပါလော။

မင်းကျော်သည် ထိုလူလေးယောက်နှင့် တိုက်ခိုက်ရင်း ပြုံးပြလိုက်သည်။

"မင်းမလာလည်း ကျုပ်အဖို့ အရေးမကြီးပါဘူးကွ. . . မင်းရောက်လာတော့လည်း မင်းအတွက် နှစ်ယောက်တော့ ချန်ထားပေးရမှာပေါ့ မဟုတ်လား. . ."

စာပေသမားက ပြုံးလျက်. . .

"ခင်ဗျားက တော်တော် အားနာတတ်တဲ့လူပဲဗျ. . ."

သူသည် စကားဆုံးသည်နှင့် လက်ထဲမှ ယပ်တောင်သည် ရဟတ်ပမာ ချာချာလည်ပြီး မင်းကျော်အား တိုက်ခိုက်လေတော့သည်။

မင်းကျော်သည် အံ့အားသင့်သွားသည်။

သူသည် ကပျာကယာ ရှောင်တိမ်းလိုက်သည်။

သို့သော်. . .

သူသည် နောက်ကျသွားချေပြီ။ ယခုအချိန်တွင်. . .

ထိုစာပေသမား၏ လက်ချောင်းသည် မင်းကျော်၏ ငယ်ထိပ်သို့ ထောက်ထားလိုက်ပြီ ဖြစ်သည်။



မင်းကျော်သည် လှုပ်ပင်မလှုပ်နိုင်တော့ပါ။

သူသည် ဤမျှညံ့နေ၍ မဟုတ်ပါ။

သူထင်ထားသည့် ဓွေတုံးလူ့သည် ဓွေတုံးလူ့ မဟုတ်၍ ခံလိုက်ရခြင်း ဖြစ်သည်။

"ကျုပ်က ဓွေတုံးလူ့ မဟုတ်ဘူး. . . ကျုပ်နာမည်က ရှောင်ထင်းလို့ ခေါ်ပါတယ်ဗျာ. . ."

စာပေသမားသည် ယဉ်ကျေးစွာ ရှင်းပြလိုက်သည်။

"ခင်ဗျားက ကျုပ်ကို ဓွေတုံးလူ့လို့ ထင်ရင် မှားသွားမှာပေါ့. . ."

မင်းကျော် ဒေါသတကြီးဖြင့်. . .

"ဟုတ်တယ်. . . ကျုပ်က ခင်ဗျားကို ဓွေတုံးလူ့လို့ မှားသွားတာ ကျုပ်အမှားပဲ. . . ကျုပ်ရဲ့ အမှားဒဏ် ကျုပ်ခံရတာပဲ. . . ကိစ္စမရှိဘူး. . ."

"ဓွေတုံးလူ့ဟာ လိပ်လိုပဲ. . . သူ့ရဲ့အခွံထဲမှာ ခေါင်းလျှိုထားပြီး အခုထိ မလာပဲကိုး. . ."

သူသည် စိတ်ဆိုးဆိုးနှင့် အပိုစကားများကို ပြောနေမိလေသည်။

ထိုစဉ် လူတစ်ယောက်၏အသံကို ကြားလိုက်ရတော့၏။ မိန်းကလေးသံ ဖြစ်သည်။

"မင်းကျော်. . . ရှင်က ဘာဖြစ်လို့ စိုးရိမ်နေရတာလဲ. . . ရှင်မဲ့တစ်ပေါက် မစွန်းစေရဘူးလို့ ကျွန်မ အာမခံရဲပါတယ်. . . ရှင်သေသွားရင် မင်းသမီးကို ဘယ်သူလိုက်ပို့မှာလဲရှင့်. . ."

www.burmeseclassic.com

www.burmeseclassic.com



ထိုမိန်းကလေးသည် မျက်နှာချင်းဆိုင် ခေါင်မိုးပေါ်၌ ထိုင်နေသည်။

စာပေသမားက မျက်မှောင်ကြုတ်သွားသည်။

မင်းကျင်းအား ခြေဆုံးခေါင်းဆုံး အကဲခတ်ကြည့်လိုက်ပြီး သူ၏ဟန်မူရာသည် ပို၍ပျော့ပျောင်းသွားသည်။

"မိတ်ဆွေက မင်းကျင်း ဟုတ်လား..."

ဟု မေးလိုက်လေသည်။

မင်းကျင်းက ခေါင်းညိတ်လိုက်သည်။

"ဟုတ်ပါတယ်... ကျုပ်က မင်းကျင်းပါပဲ..."

စာပေသမားက အားတုံ့အားနာဟန်ဖြင့်...

"ဒါဆိုရင် တောင်းပန်ပါတယ်ဗျာ... ကျုပ် အထင်လွဲသွားလို့ပါ..."

သူသည် ပြောပြီးသည်နှင့် နောက်သို့တဖြည်းဖြည်း ဆုတ်သွားသည်။

ယပ်တောင်အား ပြန်လည်ခေါက်ထားလိုက်သည်။

"ခင်ဗျားကို လေးစားတဲ့ အနေနဲ့ ဒီမှာရှိတဲ့လူတွေက ခင်ဗျားကို မဲ့တစ်ပေါက်မှ မစွန်းစေရပါဘူးဗျာ..."

သူသည် ပြုံး၍ဦးညွှတ်လိုက်ပြီး...

"ကဲ... သွားခွင့်ပြုပါဦးဗျာ..."

သူ၏စကားဆုံးသွားသည်နှင့် သူ၏ခန္ဓာကိုယ်သည် အခန်းထဲမှ ပေါ့ပါးသွက်လက်စွာ ထွက်ခွာသွားပြီး အမှောင်ထုထဲသို့ ဝင်ရောက် ပျောက်ကွယ် သွားလေတော့သည်။

အခန်းထဲတွင် ရောက်နေသော လူလေးယောက်မှာလည်း



လျင်မြန်စွာ ထွက်ခွာသွားလေပြီ ဖြစ်သည်။

သူတို့သည် သတိမေ့၍ ကြမ်းပေါ်၌ လဲကျနေသော သူကိုပါ တွဲ၍ခေါ်သွားသည်။

မင်းကျင်းသည် လေပူတစ်ချက် မှုတ်ထုတ်လိုက်ပြီး မျက်နှာချင်းဆိုင် အိမ်ခေါင်မိုးပေါ် ထိုင်နေသော မိန်းကလေးအား လှမ်းကြည့်လိုက်သည်။

သူ၏ခေါင်းပေါ်၌ အနီရောင်ပဝါကို အုပ်ထား၏။

ကြည့်ပျော်ရှုပျော်ရှိသော အမျိုးသမီး တစ်ယောက်ဖြစ်နေသည်။

အမျိုးသမီးသည် ၎င်းခေါင်မိုးပေါ်မှ အခန်းထဲသို့ ခုန်ဝင်လိုက်သည်။

မင်းကျင်းသည် အမျိုးသမီး ရှေ့သို့ ချဉ်းကပ်သွားပြီး သူမအား ခြေဆုံးခေါင်းဆုံး ကြည့်လိုက်သည်။ ထို့နောက်...

မင်းကျင်းက ပြုံးလိုက်ပြီး...

"စွေတုံးလျှူ... ဒီတစ်ခါတော့ ငါမင်းကို ချီးကျူးပါတယ်ကွ... မင်းက မိန်းကလေး တစ်ယောက်နဲ့ ချွပ်စွပ်တူအောင် ရုပ်ဖျက်နိုင်တယ်ဆိုတော့ မင်းကို ငါချီးကျူးပါတယ်... မင်းရဲ့ပင်ကိုရုပ်ကို ငါဘယ်လိုမှ ကြည့်မရဘူးကွ..."

မင်းကျင်း၏ စကားမဆုံးသေးမီမှာပင်...

"ဖြန်း..."

အမျိုးသမီးက သူ၏ပါးပြင်သို့ ပြင်းထန်စွာ ရိုက်ချလိုက်လေတော့သည်။

www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၁၃)
## မေချူးပင်နှင့် တွေ့ဆုံခြင်း

မင်းကျော်သည် အံ့အားသင့်စွာဖြင့် ပူစပ်ပူလောင် ဖြစ်နေသောဝါးအား လက်ဖြင့် ပွတ်ရင်း အမျိုးသမီးအား မျက်လုံးပြူး၍ ကြည့်နေ၏။

အတန်ကြာ မျက်လုံးပြူး ကြည့်မိတော့မှ ထိုအမျိုးသမီးအား ပီပီပြင်ပြင် တွေ့မြင်လိုက်ရလေသည်။ ထို့နောက်. . .

အမောတကော လေသံဖြင့်. . .

"ခင်ဗျားက မေချူးပင်ကိုး. . ."

ဟု အံ့သြစွာပင် ခေါ်လိုက်လေသည်။

သူမက ပြုံးတုံ့တုံ့ အမူအရာဖြင့်. . .

"မင်း အခုမှ ငါ့ကို မှတ်မိတယ် ဟုတ်လား. . . မင်းကို ငါရိုက်တာ လွန်သလား ပြောစမ်း. . ."

ပလွေနက်သည် စိတ်လျှော့လိုက်သဖြင့် သတိမေ့ကာ မြေ့ရာပေါ်သို့ လဲကျသွားလေသည်။

မင်းကျော်သည် ဗျာပျာသလဲ သွားရောက်ဖေးမလိုက်လေသည်။



ပလွေနက် ရရှိသော ဒဏ်ရာများအား တွေ့မြင်လိုက်သည်နှင့် သူသည် မျက်နှာကွက်ခနဲ ပျက်သွားလေသည်။

"တော်တော် သတ္တိကောင်းတဲ့ သူပဲ. . . ဒါလောက် ဒဏ်ရာရသွားတာတောင် အခုထိ ခံနိုင်ရည် ရှိသေးတာ အံ့သြစရာပဲ. . . တစ်ချို့ဆိုရင် သေလောက်နေပြီ. . ."

မေချူးပင်က သက်ပြင်းတစ်ချက် ချလိုက်သည်။

"မင်းဟာ ဘယ်သူ့အပေါ်မဆို ကရုဏာထားတယ်. . . ကူညီတတ်တယ်. . . ငါ့ကိုသာ ဒီလို ဂရုစိုက်ပြုစုမယ်ဆိုရင် ဘယ်လောက်ကောင်းမလဲကွယ်. . ."

သူမ၏ စကားသံ အနည်းငယ် တုန်ယင်နေသည်။

မင်းကျော်က မျက်မှောင်ကြုတ်ပြီး မေချူးပင်ကို စိုက်ကြည့်လိုက်သည်။

"ကျွန်တော့်ကို ဒီလိုမပြောပါနဲ့ဗျာ. . . ဒီလူနာကို ပြုစုဖို့ ကူညီပါဦး. . ."

မေချူးပင်သည် မင်းကျော် ပြောသော စကားကို ဂရုမစိုက် မလှုပ်မယှက်ပင် မတ်တပ်ရပ်နေလေသည်။ အတန်ကြာမှ. . .

သူမ၏ လက်ဝါးကို ဖြန့်ပြလိုက်သည်။

သူမ၏ လက်ဝါးပေါ်၌ ဒဏ်ကြေဆေးလုံး တစ်လုံးပါလာသည်။

ယင်းဆေးလုံးသည် အလွန်အစွမ်းထက်သည်ကို မင်းကျော်က သိရှိထားလေသည်။

မင်းကျော်သည် အချိန်မဆိုင်းတော့ဘဲ ပလွေနက်ကို ဆေး

www.burmeseclassic.com

www.burmeseclassic.com



တိုက်လိုက်လေတော့သည်။

ဆေးသောက်ပြီးသည်နှင့် မကြာမီမှာပင် ပလွေနက်သည် အိပ်ပျော်သွားသည်။

မင်းကျင်းသည် ပလွေနက်အတွက် စိတ်ချရပြန်သော်လည်း စိတ်ပူစရာ တစ်ခုက ထပ်မံပေါ်လာပြန်သည်။

အဘယ်ကြောင့်ဆိုသော်. . .

စွေတုံးလှူသည် ယခုအချိန်ထိ ထွက်ပေါ်မလာသေးပေ။

ထို့ကြောင့် သူသည် စွေတုံးလှူအတွက် စိုးရိမ်ပူပန်နေရသည် မဟုတ်ပါလော။

မေချူးပင်က သက်ပြင်းတစ်ချက် ချလိုက်ပြီး. . .

“မင်းက စွေတုံးလှူကို မျှော်နေတယ်ဆိုတာ ငါသိပါတယ် သူ အခုလို အချိန်မီ ရောက်မလာတာ မင်း ဘာအန္တရာယ် ဘာမှမရှိဘူးလို့ သိထားလို့ပါ”

“ရှောင်ထင်းဆိုတဲ့လူဟာ အင်မတန်မှ ကြောက်စရာကောင်းတဲ့ လူတစ်ယောက်ပဲကွယ့်. . . ငါတောင်မှ သူ့ကိုကြောက်နေရတယ်ကွယ့်. . .”

သူမသည် ပခုံးတစ်ချက် တွန့်လိုက်ပြီး. . .

“သူ့သိုင်းပညာ အဆင့်နဲ့ဆိုရင် လူတစ်ယောက်ကို အသာကလေး သတ်လို့ရတယ်. . . ဒါပေမယ် သူက မင်းကို ဘယ်တော့မှ သတ်မှာမဟုတ်ဘူးကွယ့်. . .”

မင်းကျင်းက မျက်မှောင်ကြုတ်လိုက်ပြီး. . .

“ဘာဖြစ်လို့လဲဗျ. . .”

သူမက မင်းကျင်းအား စိုက်ကြည့်လိုက်ပြီး. . .



“မင်းက မင်းကျင်း ဖြစ်နေလို့ပေါ့. . . မင်းက ရွှေမင်းသမီးကို ကျင်းကျူထင်းထံ ပို့ပေးမယ်ဆိုတာလည်း သူ သိတယ်လေ. . .”

မေချူးပင်သည် ယင်းသို့ပြောရင်း သူမ၏ အသံသည် ပျော့ပျောင်းခြင်း မရှိတော့ပါ။ တဖြည်းဖြည်း မာကျောလာနေ၏။

“မင်းလိုလူမျိုးကို သူက ဘယ်သတ်ရဲပါ့မလဲ. . . တိုက်ဆိုင်ချင်တော့ ရှောင်ထင်းဆိုတာ ကျင်းကျူထင်းရဲ့ မွေးစားသားဖြစ်နေတယ်လေ. . .”

မင်းကျင်းက ဘာမျှပြန်မပြောဘဲ ငြိမ်နေလိုက်သည်။

မင်းကျင်းသည် ယင်းသို့ ငြိမ်နေစဉ်မှာပင် ပြတင်းပေါက်တည့်တည့်ရှိ အိမ်ခေါင်မိုးပေါ်မှ လူရိပ်တစ်ခု လှစ်ခနဲ ခုန်သွားလိုက်သည်ကို တွေ့မြင်လိုက်ရသည်။

သို့သော် မင်းကျင်းသည် ထိုလူကို မည်သူဖြစ်မည်ဝါဟု မခန့်မှန်းနိုင်ပေ။ စွေတုံးလှူလော အခြားသူလော။

ထိုလူ၏ ကိုယ်ဖော့ပညာရပ်မှာ အလွန်အဆင့်မြင့်သည်ကတော့ ကြည့်ရုံနှင့် သိနိုင်ပေသည်။ သို့သော်. . .

မင်းကျင်း တွေ့မြင်လိုက်ရသော လူရိပ်မှာ စွေတုံးလှူမဟုတ်သည်မှာ သေချာလှသည်။ အဘယ်ကြောင့်ဆိုသော်. . .

တစ်ချိန်လုံး ခေါင်မိုးပေါ်ရှိ အမှောင်ရိပ်ခို၍ ပုန်းကွယ်နေသော စွေတုံးလှူမှာလည်း ထိုလူရိပ်အား တွေ့မြင်လိုက်ရသောကြောင့် ဖြစ်လေသည်။

မင်းကျင်းသည် ထိုလူရိပ်အား ပီပီပြင်ပြင် မတွေ့လိုက်ရသော်လည်း စွေတုံးလှူမှာမူ ထိုလူရိပ်အား ပီပီပြင်ပြင် တွေ့မြင်

www.burmeseclassic.com

www.burmeseclassic.com



လိုက်ရလေ၏။

ထိုလူသည် တစ်ကိုယ်လုံး အနက်ရောင် ကိုယ်ကျပ်အကျႌ ဝတ်ဆင်ထားသော လူတစ်ယောက် ဖြစ်သည်။

ထိုလူ့ရိပ်မှာမူ ဇွေတုံးလျှအား တွေ့ဟန်မတူပါ။

ထိုလူ၏ ခန္ဓာကိုယ်မှာ သေးသေးသွယ်သွယ် ရှိသည်။

ဇွေတုံးလျှသည် ထိုလူ မည်သူမည်ဝါဟု မသိလိုက်ရသော်လည်း ပင်လယ်တစ်ဖက်ကမ်းက ကျွန်းများ၌ နေထိုင်ကြသော လူမျိုးဖြစ်သည်ကို သိထားလိုက်လေသည်။

သူ အတွေးရခက်သွားသည်။

ပင်လယ်ရပ်ခြား အရှေ့ရပ်မှ ကျွန်းကလေးများပေါ်၌ နေထိုင်ရသော သိုင်းသမား တစ်ယောက်သည် အဘယ်ကြောင့် ဤနယ်သို့ ရောက်လာပါသနည်း။

သူတွင် မည်သို့သော လျှို့ဝှက်တာဝန်များ ရှိနေသနည်း။



## အခန်း (၁၄)
## ဝတ်စုံနက်နှင့်လူ

ဇွေတုံးလျှသည် ထိုလူအား မျက်ခြည်မပြတ် စိုက်ကြည့်နေသည်။

မမျှော်လင့်ဘဲ ထိုလူမှာလည်း တည်းခိုခန်းထဲသို့ ခုန်ဝင်သွားသည်ကို တွေ့လိုက်ရလေ၏။

မင်းကျင်း နေထိုင်သော အခန်း၏တစ်ဖက်သော အစွန်းဆုံးအခန်းဖြစ်သည်။

ဇွေတုံးလျှသည် ထိုလူအပေါ် စိတ်ဝင်စားသွားသည်။

ထို့ကြောင့်. . .

သူသည် မှောင်ရိပ်ခိုနေရာမှ ထွက်လာပြီးလျှင် တိတ်ဆိတ်စွာဖြင့် ထိုလူနောက်သို့ လိုက်သွားသည်။ ယခု. . .

ဇွေတုံးလျှသည် ယင်းသို့ အကဲခတ် စောင့်ကြည့်နေလိုက်သောအခါ သူသည် အကြီးအကျယ် အံ့ဩသွားလေသည်။

အဘယ်ကြောင့်ဆိုသော်. . .

ထိုညဥ့်လူမှာ မိန်းကလေး တစ်ယောက်ဖြစ်နေသော

www.burmeseclassic.com

www.burmeseclassic.com



ကြောင့်တည်း။

အခန်းထဲ၌ မီးအိမ်များ ထွန်းညှိလိုက်ပြီ ဖြစ်သည်။

သူမသည် ကြေးမုံပြင်ရှေ့၌ ရပ်နေ၏။

ခေါင်းပေါ်၌ စွပ်ထားသော မျက်နှာဖုံးကို လှန်ချွတ်လိုက်သည်။

သူမ၏ ပျော့ပျောင်းနက်မှောင်သော ဆံကေသာများသည် ပခုံးပေါ်သို့ ဖြာကျလာလေသည်။

စွေတုံးလျှုသည် ကြေးမုံပြင်ထဲမှ အလွန်ချောမောသော မိန်းကလေး တစ်ယောက်ကို တွေ့မြင်လိုက်ရသည်။

မိန်းကလေးက အနက်ရောင် ကိုယ်ကျပ်အင်္ကျီကို ချွတ်ချလိုက်သောအခါ ပန်းနုရောင် ဝတ်စုံလေးနှင့် ပို၍ပင် လှပသွားသည်။

စွေတုံးလျှု အံ့အားသင့်စွာဖြင့် ငေးကြည့်နေစဉ်မှာပင်. .

"ရှင်က ဒီလောက်ကြည့်နေတော့ ကျွန်မ ရှက်တယ်ရှင့်"

စွေတုံးလျှု၏ မျက်လုံးအစုံသည် ပြူးကျယ်သွားလေ၏။

သူ ပုန်းကွယ်နေသော နေရာသည် လုံခြုံလွန်းလှသည်။ ထိုမိန်းကလေးက သူ့အား မည်သို့တွေ့ရှိသွားသနည်း။

သူ စဉ်းစားရခက်နေချိန်မှာပင် အသံတစ်သံ ထွက်ပေါ်လာသည်။

ဆွဲဆောင်မှု အပြည့်ရှိသော ယောကျ်ားတစ်ယောက်၏ အသံဖြစ်သည်။

ထိုစကားနှင့်အတူ အခြားပြတင်းပေါက် တစ်ခုမှ လူရိပ်တစ်ခုသည် အခန်းထဲသို့ လှမ်းဝင်လာသည်ကို စွေတုံးလျှု



တွေ့လိုက်ရသည်။

ယခုမှ စွေတုံးလျှုသည် မိန်းကလေးက သူ့အားတွေ့မြင်သွားခြင်း မဟုတ်ဟု သိလိုက်ရသဖြင့် စိတ်သက်သာရာ ရသွားသည်။

သူသည် အခန်းထဲသို့ ထပ်မံရောက်ရှိလာသော သူ့အား သေချာစွာ ကြည့်လိုက်သည်။

ထိုလူသည်လည်း အနက်ရောင် ကိုယ်ကျပ်အင်္ကျီကို ဝတ်ဆင်ထားလေသည်။ တကယ်ညလူမျိုး ဖြစ်ပုံရသည်။ သို့သော်. . .

ထိုလူသည် မျက်နှာဖုံးကိုမူ စွပ်မထားပါ။ ထို့ကြောင့်. . .

သူ၏ မျက်နှာကို ရှင်းလင်းစွာ တွေ့မြင်နေရသည်။

သူ၏ အနည်းငယ် ဖြူဖွေးသော မျက်နှာပေါ်၌ မာနကြီးသူ တစ်ယောက်၏ ဟန်အမူအရာများ ပေါ်လွင်နေသည်။

အနက်ရောင် ကိုယ်ကျပ်အင်္ကျီကို ဝတ်ဆင်ထားသော သူက သူမကို စေ့စေ့ကြည့်လိုက်ပြီး. . .

"ကျုပ် ဘယ်သူလဲဆိုတာ မင်းသိတယ် မဟုတ်လား. . ."

ပန်းရောင်ဝတ်စုံနှင့် မိန်းကလေးက ခေါင်းခါယမ်းလိုက်ပြီး. . .

"ရှင့်ကို ကျွန်မ မမြင်ဖူးဘူး. . . ဒါပေမယ့် သိုင်းလောကမှာ ရှင့်အကြောင်းတွေကို ကြားရတော့ ကျွန်မ ရှင့်ကို မမြင်ဖူးပေမယ့် သိတော့သိထားပါတယ်. . ."

ပန်းရောင်ဝတ်စုံနှင့် မိန်းကလေးက ပခုံးတစ်ချက် တွန့်လိုက်ပြီး. . .

"ဒီလောက်တော့ ကျွန်မ မညံ့သေးပါဘူးရှင်. . ရှင်ဟာ

www.burmeseclassic.com



ငွေခြားသခင်လေးဆိုတာ ကျွန်မ ကောင်းကောင်းသိပါတယ်. . .”

အနက်ရောင် ကိုယ်ကျပ်အကျႌကို ဝတ်ဆင်ထားသူက မျက်ခုံးပင့်လိုက်ပြီး. . .

“ကျုပ်က ငွေခြားမင်းသား ယောက်ဝမ်းယုံဆိုတာ မင်းက သိနေတယ်ပေါ့. . . အင်းလေ ဒီလိုဆိုတော့လည်း မဆိုးပါဘူး. . .”

ပန်းရောင်ဝတ်စုံနှင့် မိန်းကလေးက ဘာမှ ပြန်မပြောဘဲ ခေါင်းညိတ်ပြလိုက်သေးသည်။

ယောက်ဝမ်းယုံ ဆိုသူက မေးငေါ့မေးလိုက်ပြန်သည်။

“မင်းနာမည် ဘယ်လိုခေါ်သလဲ. . .”

ပန်းရောင်ဝတ်စုံနှင့် မိန်းကလေးက ခေါင်းညိတ်လိုက်ပြီး. . .

“ကျင်းဝါစုပါ. . .”

ယောက်ဝမ်းယုံက စူးစမ်းဟန်ဖြင့် ထပ်မေးလိုက်ပြန်သည်။

“မင်းက ဒီနယ်ကပဲလား. . .”

ပန်းရောင်ဝတ်စုံနှင့် မိန်းကလေး၏ မျက်လုံးအစုံသည် ဝင်းလက်သွားလေ၏။ သူမသည် ယောက်ဝမ်းယုံကို အကဲခတ်ကြည့်လိုက်ပြီး. . .

“ကျွန်မက ဒီနယ်က မဟုတ်ပါဘူး. . . နေပါဦးရှင်. . . ကျွန်မ အကြောင်းတွေကို စုံစမ်းပြီး ကျွန်မ အခန်းကို ညကြီးအချိန်မတော် ဘာကိစ္စနဲ့လာရတာလဲ. . .”

ယောက်ဝမ်းယုံက ဘာမှပြန်မပြောဘဲ ကျင်းဝါစုကို စိုက်ကြည့်နေလေသည်။ ရုတ်တရက်. . .

“ဖြန်း. . .”



ထိုအသံနှင့်အတူ ကျင်းဝါစုသည် ကြမ်းပြင်ပေါ်သို့ လွင့်စဉ်ကျသွားလေသည်။

သူမသည် ကြမ်းပြင်ပေါ်မှ လက်ထောက်ထလိုက်ပြီး အံ့ဩစွာဖြင့် ယောက်ဝမ်းယုံအား ကြည့်နေသည်။ သူမသည် သူမ ပါးကိုပွတ်နေသည်။ ထို့နောက်. . .

သူမက ဒေါသတကြီးဖြင့်. . .

“ရှင်က ကျွန်မကို ဘာဖြစ်လို့ ပါးရိုက်ရတာလဲ. . .”

ယောက်ဝမ်းယုံကလည်း ဒေါသတကြီးဖြင့် ပြန်ပြောလိုက်သည်။

“မင်းက ဘာဖြစ်လို့ သူများရေချိုးနေတဲ့အခါမှာ သူ့ကို သေတ္တာထဲထည့်ပြီး ခိုးယူသွားရတာလဲ. . .”

စွေတုံးလျှ နားလည်လိုက်လေ၏။

ယောက်ဝမ်းယုံ ယခုကဲ့သို့ ရောက်ရှိခြင်းမှာ အခြားမိန်းကလေး တစ်ယောက်ကြောင့် ဖြစ်သည်။

ထိုမိန်းကလေး ရေမိုးချိုးနေသောအခါ၌ ကျင်းစုဝါက သူမအား သေတ္တာ တစ်လုံးထဲထည့်ပြီး ခိုးယူသွားခြင်း ဖြစ်သည်။

ဤသို့ဆိုလျှင်. . .

ထို ကျင်းစုဝါ အမည်ရှိသော မိန်းကလေးသည် အဘယ်ကြောင့် ဤမျှဝေးလံသော ပင်လယ်တစ်ဖက်ကမ်းမှ ဤနယ်မြေသို့ ရောက်ပြီး ရေချိုးနေသော မိန်းကလေး တစ်ယောက်အား ခိုးယူသွားရသနည်း။

စွေတုံးလျှ အတွေးရခက်သွားသည်။

ထို့ကြောင့် သူသည် ပို၍ပင် စိတ်ဝင်စားသွားမိသည်။

www.burmeseclassic.com

www.burmeseclassic.com



ယူခဲ့ . . .

သေတ္တာထဲမှ ရေချိုးပြီးကာစ မိန်းကလေးကို အလွန်အမင်း တွေ့ချင်နေပြီ ဖြစ်သည်။

ယောက်ဖမ်းယုံ၏ စကားကို သူထောက်ခံလေသည်။

ရေချိုးနေသော မိန်းကလေး တစ်ယောက်အား သေတ္တာတစ်လုံးထဲ၌ ထည့်၍ ခိုးယူရသည့် အလုပ်သည် မိန်းကလေး တစ်ယောက်၏ အလုပ်မဟုတ်ပေ။

ယောက်ဖမ်းယုံက မျက်မှောင်ကြုတ်၍ သူမအား အေးတိအေးစက်ဖြင့် ကြည့်နေသည်။

သူမကလည်း သူ့အား အန်တုကာ ပြန်ကြည့်လိုက်ပြီး . . .

"ရှင်က ကျွန်မကို သတ်မယ်ဆိုရင် သူ့ကို ဘယ်တော့မှ တွေ့ရတော့မှာ မဟုတ်ဘူး . . ."

ယောက်ဖမ်းယုံ၏ မျက်နှာထားသည် အနည်းငယ် ပျော့ပျောင်းသွားလေသည်။

"ကျုပ်ကို သူရှိတဲ့နေရာကို လိုက်ပို့ပေးပါဗျာ . . . သူ့ကို တွေ့ခဲ့ရင် ကျုပ် မင်းရဲ့ဆန္ဒတွေ အားလုံးကို ဖြည့်ဆည်းပေးပါ့မယ် . . ."

ကျင်းဝါစုသည် အလွန်ပါးနပ်သော မိန်းကလေး တစ်ယောက်ဖြစ်သည်။

သူမသည် ယောက်ဖမ်းယုံအား သေတ္တာရှိသော နေရာသို့ အမှန်တကယ် ခေါ်ဆောင်သွားမည် မဟုတ်ပါ။ ဤသည်ကို စွတ်တုံးလျှ သိသည်။

ယောက်ဖမ်းယုံ သိမည် မသိမည်တော့ သူမပြောတတ်ပါ။



သို့သော် . . .

သူမသည် ခပ်တည်တည်ဖြင့် ယောက်ဖမ်းယုံအား အခန်းထဲမှ ခေါ်ထုတ်သွားသည်ကို တွေ့မြင်လိုက်ရသောအခါ စွတ်တုံးလျှ၏မျက်လုံး ဝင်းလက်တောက်ပသွားလေသည်။

သူသိသည်။ ကျင်းဝါစုသည် မိန်းကလေးအား ဤအခန်းထဲမှလွဲ၍ အခြားနေရာများ၌ မဝှက်နိုင်ပါ။ သူခိုးယူလာသည့် မိန်းကလေးသည် ဤအခန်းထဲ၌ ရှိကိုရှိရမည်။ သူသည် ကျင်းဝါစု၏ အခန်းထဲသို့ လှမ်းဝင်လိုက်တော့သည်။

BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၁၅)
## လှည့်ဖျားသူ၏ လှည့်ကွက်

စွေတုံးလှူသည် သူ တွေးထင်ထားသည့် အတိုင်း အခန်း တွင်း၌ ကြီးမားသော သေတ္တာတစ်လုံး ရှိနေသည်။

အခန်းထဲ၌ ကြီးမားသော ဗီရိုတစ်ခု၏ နောက်တွင်ရှိနေသောကြောင့် တော်ရုံတန်ရုံ လူမတွေ့မြင်နိုင်ပါ။

သေတ္တာအဖုံးအား ဖွင့်ကြည့်လိုက်သောအခါ ယောက်ဝမ်း ယုံ ပြောခဲ့သည့်အတိုင်း သေတ္တာထဲ၌ ရေမိုးချိုးပြီးစ မိန်းကလေး တစ်ယောက်ရှိနေသည်ကို တွေ့လိုက်ရသည်။

ထိုမိန်းကလေးသည် အသက်ဆယ့်ရှစ်နှစ်ခန့်သာ ရှိသည် ဟုထင်ရသည်။

ထိုမိန်းကလေး၏ အသားအရေသည် လှပလွန်းလှသည်။

ထို့ပြင် မိန်းကလေးသည် သတိမေ့နေပြီ ဖြစ်သည်။

သူမ၏ ကိုယ်ပေါ်၌ ကြီးမားသော သဘက်တစ်ထည်ဖြင့် ထွေးပတ်ထားလေသည်။

စွေတုံးလှူသည် ထိုမိန်းကလေးအား သတိပြုမိလိုက်သော



အခါ သူ၏ရင်သည် အဆမတန် လှုပ်ရှားသွားလေသည်။

အဘယ်ကြောင့်ဆိုသော်. . .

ထိုမိန်းကလေး၏ လည်ပင်းအောက်နား၌ သိမ်းငှက်ပုံ သဏ္ဌာန် အနီရောင် အမှတ်အသားတစ်ခုကို တွေ့မြင်လိုက်ရသော ကြောင့် ဖြစ်ပါသည်။

စွေတုံးလှူသည် ထိုမိန်းကလေး၏ ရင်ဝမှ သိမ်းငှက်ပုံ သဏ္ဌာန် အမှတ်အသားအား တွေ့မြင်လိုက်ရသည်နှင့် သူ၏ မိတ်ဆွေ ချူဖုန်းထင်းအား သတိရလိုက်သည်။

သူသည် သေတ္တာအဖုံးအား ချက်ချင်း ပြန်ချလိုက်သည်။

မကြာမီ အချိန်အတွင်းမှာပင်. . .

ထိုကြီးမားသော သေတ္တာသည် ထိုအခန်းထဲမှ ပျောက်ကွယ်သွားလေသည်။

ကြီးမားလေးလံသော ထိုသေတ္တာအား မည်သည့်နေရာသို့ ယူဆောင်သွားရမည်နည်း။

သူသည် အတန်ကြာ စဉ်းစားလိုက်သည်။

မင်းကျောင်းမှာလည်း အခက်အခဲနှင့် ရင်ဆိုင်နေရပြီဆိုတာ သူသိရှိထားသည်။ သို့သော်. . .

ထိုသေတ္တာအား လုံခြုံသော နေရာတစ်ခုမှာ ထားနိုင်ရန် ပို၍အရေးကြီးသည်ဟု သိရှိထားသည်။

သူ စဉ်းစားချိန် မကြာလိုက်ပါချေ။

စွေတုံးလှူသည် ထိုသေတ္တာအား ထားရှိရမည့် နေရာကို သတိရလာလေသည်။ ထို့ကြောင့်. . .

ထိုနေရာသို့ ပြေးလေတော့၏။

www.burmeseclassic.com

www.burmeseclassic.com



'ဓားနှစ်လက် အာမခံဌာန'

ထိုအလံ၏ အလယ်တည့်တည့်တွင် ပိုးချည်များဖြင့် ဓားနှစ်လက်ဟူသော စာလုံးများ ဖော်ထားသည်။

ထိုနေရာသည် ဓားနှစ်လက် အာမခံဌာန၏ အဆောက်အအုံဖြစ်သည်။

ထိုအချိန်သည် ညဉ့်နက်လာပြီ ဖြစ်သည်။

အာမခံဌာန အတွင်း၌ ရှိသောလူများသည် အရက်များ သောက်ကာ အိပ်ပျော်နေကြပြီ ဖြစ်သည်။

ညစောင့်တာဝန် ကျနေသော သိုင်းသမား တစ်ယောက်သည် အရက်သောက်ရင်း စားပွဲနောက်ကွယ်ရှိ ကုလားထိုင်ပေါ်၌ ထိုင်နေ၏။ ရုတ်တရက်. . .

လူတစ်ယောက်က သေတ္တာကြီး တစ်လုံးမကာခြဝင်းထဲသို့ လှမ်းဝင်လာသည်ကို တွေ့လိုက်ရလေသည်။

ထိုလူက ဝင်လာသူအား မျက်မှောင်ကြုတ်၍ ကြည့်လိုက်သည်။

"ဒီလူက ဘယ်လိုလူလဲ. . . အချိန်မတော် သေတ္တာကြီး မပြီး ဘာလုပ်ဖို့ပါလိမ့်. . ."

သူသည် ထိုင်ရာမှ ထလိုက်ပြီး ထိုလူအား မောင်းထုတ်ရန် ထွက်လာမိသည်။

ထိုလူ၏မျက်နှာကို အနီးကပ် မြင်လိုက်ရသောအခါမှ သူ၏ မျက်လုံးများ ပြူးကျယ်လာသည်။

သူသည် ထိုလူအား အားရဝမ်းသာဖြင့် နှုတ်ဆက်လိုက်သည်။



"ရွှေတုံးလျှို မင်းက ဘာလာလုပ်တာလဲကွ. . ."

ရွှေတုံးလျှိုက ဖြေရှင်းခြင်း မပြုပါ။

သူသည် ထိုအစောင့် သိုင်းသမားထံမှ အခန်းလွတ် တစ်ခု တောင်းလိုက်ပြီး သေတ္တာအား အပ်နှံလိုက်လေသည်။ ထို့နောက်. . ပဝါဖြူကိုပါ အပ်နှံလိုက်သည်။

ရွှေတုံးလျှို အစောင့်သိုင်းသမားအား သေသေချာချာ မှာလိုက်သည်။

"သေတ္တာထဲမှာ မိန်းကလေးတစ်ယောက် ရှိတယ်. . . သတိရလာတဲ့အခါမှ ဒီပဝါဖြူကို သူ့ကိုပြလိုက်. . . မင်းဟာ ချူးဖုန်းထင်းရဲ့ မိတ်ဆွေ တစ်ယောက်ပါလို့. . . နောက်ပြီး ချူးဖုန်းထင်းဆိုတာ သူ့ရဲ့အဖေအရင်းလို့ ပြောပါ. . . ဒါကြောင့် သူ့ကို ဒီမှာနေပြီး ကျုပ်လာတဲ့အထိ စောင့်ခိုင်းထားပါ. . ."

အစောင့်သိုင်းသမားသည် ရွှေတုံးလျှို ပြောသည့်စကားများကိုသာ ကြားနေရသော်လည်း နားလည်ဟန်တော့ မတူပါ။

သို့သော် . . .

သူသည် ရွှေတုံးလျှိုက မမှန်ကန်သည့် အလုပ်ကို လုံးဝ မလုပ်ဟု အကြွင်းမဲ့ ယုံကြည်ထားသည်။

သူသည် ရွှေတုံးလျှိုကို လုံးဝယုံကြည်ထားသူ ဖြစ်သည်။ ထို့ကြောင့်. . .

"ကောင်းပြီလေ. . . ကျုပ် ဒီသေတ္တာပေါ်မှာ ထိုင်ပြီး မင်းကို စောင့်နေပါ့မယ်. . . ဒါပေမယ့် မင်း မြန်မြန် ပြန်လာပါ. . . ကျုပ်တို့တွေ အရက်အတူတူ သောက်ရအောင်. . . မတွေ့ရတာပဲ အတော်ကြာပြီ. . ."

BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com



စွေတုံးလှူသည် မင်းကျင်း အခန်း၌ မေချူမင်တို့ ရောက်ရှိနေသည်ကို သိရှိနေသဖြင့် သူသည် အာမခံဌာနမှ အလျှင်အမြန် ပြန်သွားခဲ့သည်။

အာမခံဌာနသို့ ပြန်လည် ရောက်ရှိလာသောအခါ သူနှင့်အတူ အရက်သောက်မည့်သူ မရှိတော့ပါချေ။

စွေတုံးလှူ ပြန်လာသောအခါ ထိုအာမခံဌာန၏ ခြံဝင်းထဲတွင် လူသားအားလုံးတို့သည် အရက်အလွန်အကျွံ မူးနေပြီး မြေပေါ်၌ ဖရိုဖရဲ လဲလျောင်း အိပ်စက်နေကြလေပြီ။

ကျန်ရှိသော တစ်ယောက်ကတော့ မြေပေါ်၌ လဲလျောင်းသွားခြင်း မရှိပါ။

သေတ္တာသည် မူလနေရာ၌ ရှိနေသေးသည်။ သို့သော် သေတ္တာပေါ်မှ လူကတော့ ပထမအစောင့် မဟုတ်တော့ပါ။

ထိုလူကား ယောက်ဝမ်းလုံပင် ဖြစ်နေပါသည်။

စွေတုံးလှူသည် ယောက်ဝမ်းလုံအား တွေ့မြင်လိုက်ရသည်နှင့် ရင်ထဲ၌ လေးလံသွားသည်။ ပထမအစောင့် အတွက် စိတ်မကောင်းလည်း ဖြစ်မိသည်။

သူက ယောက်ဝမ်းလုံအား ကြောက်ရွံ့ခြင်း မရှိသည့်အပြင် နှစ်သက်ခြင်းမရှိပါ။ သို့သော်. . .

ယောက်ဝမ်းလုံမှာမူ သူ့အားတွေ့ရှိရသောအခါ ဝမ်းသာအားရဟန်ဖြင့် စတင်စကားပြောသည်။

"ကျုပ်ထင်သားပဲ. . . ခင်ဗျား ပြန်လာမယ်ဆိုတာကို" ယောက်ဝမ်းလုံက စကားဆက်လိုက်သည်။

"ကျုပ်အခန်းထဲက ထွက်သွားတော့ ဒီသေတ္တာက အခန်း



ထဲမှာပဲ ရှိနေခဲ့တာ. . . ကျုပ် ပြန်လာတော့ မရှိတော့ဘူးလေ. . . ဒါဟာ စွေတုံးလှူ၏ လက်ချက်မဟုတ်လို့ ဘယ်သူဖြစ်ရမှာလဲ. . . ဟား. . . ဟား. . . ဟုတ်တယ်. . . မဟုတ်လား. . ."

ယောင်ဝမ်းယုံက ပို၍ရွှင်လန်းစွာ ပြုံးလိုက်သည်။

"နောက်ပြီးတော့ ခင်ဗျားဟာ တားနှစ်လက် အာမခံဌာနနဲ့ အဆက်အသွယ် ရှိတယ်ဆိုတာ ကျုပ်က သိထားတော့ ဒီကို လိုက်လာတာပေါ့ဗျာ. . ."

ယောက်ဝမ်းယုံ၏ ပြုံးရွှင်နေသော မျက်နှာသည် တဖြည်းဖြည်း လေးနက်တည်ကြည်သွားလေသည်။

သူက စွေတုံးလှူကို စူးရှစွာ စိုက်ကြည့်လိုက်ပြီး. . .

"ခင်ဗျားကသာ ဒီသေတ္တာကြီးကို ဒီအာမခံဌာနကို ပို့မထားရင် သူတို့ဟာ အေးအေးဆေးဆေး အရက်သောက်နေမှာပဲ. . . အခုတော့ သူတို့အားလုံး သေသွားပြီဗျ. . ."

စွေတုံးလှူက အေးစက်မာကျောသော လေသံဖြင့် မေးလိုက်သည်။

"ဘာလဲ. . . ခင်ဗျားက သူတို့ကို သတ်ပစ်လိုက်ပြီး မဟုတ်လား. . ."

ယောက်ဝမ်းယုံက ခေါင်းခါယမ်းလိုက်ပြီး. . .

"ကျုပ်သတ်တာ မဟုတ်ပါဘူးဗျာ. . . သတ်သွားတဲ့ လူဟာ လက်မြန်ခြေမြန် ပုဂ္ဂိုလ်တစ်ယောက်ပဲ. . . ကျန်တဲ့လူတွေကတော့ အရက်မူးလွန်ပြီး သေကုန်တာပါ. . ."

သူက စွေတုံးလှူအား အကဲခတ်သလို တစ်ချက်ကြည့်လိုက်ပြီး. . .

www.burmeseclassic.com

www.burmeseclassic.com



"သေတ္တာထဲက လူအကြောင်း ခင်ဗျား မသိချင်ဘူးလား ဗျ. . ."

စွေတုံးလျှုက ဗျာဗျာသလဲ အမူအရာဖြင့် မေးလိုက်လေသည်။

"သူဘာဖြစ်သွားသေးလဲ. . . ဟင်. . ."

ယောက်ဖမ်းယုံက အေးတိအေးစက် အမူအရာဖြင့် ပြောလိုက်သည်။

"သူ ဘာမှတော့ မဖြစ်ပါဘူးဗျာ. . . ဒါပေမယ့် ဘုမသိဘမသိ အသတ်ခံလိုက်ရတယ်. . ."

"ဘာ. . ."

စွေတုံးလျှု ထိုမျှသာ ပြောနိုင်သည်။

သူသည် အကြီးအကျယ် ထိတ်လန့်တုန်လှုပ်သွားသည်။

သေရေးရှင်ရေးနှင့် ရင်ဆိုင်ကြုံတွေ့ရသည့် အခါ၌ပင်လျှင် ယခုကဲ့သို့ ထိတ်လန့်တုန်လှုပ်ခြင်း မဖြစ်ဖူးခဲ့ပါ။

သေတ္တာပေါ်တွင် ထိုင်နေသော ယောက်ဖမ်းယုံက မတ်တပ်ရပ်လိုက်ပြီး သေတ္တာအဖုံးကို ဖွင့်ပြလိုက်သည်။

စွေတုံးလျှု ပထမဆုံး တွေ့မြင်လိုက်ရသည်မှာ သွေးစွန်းနေသော ပဝါဖြူကလေး တစ်ထည်သာ ဖြစ်သည်။

ပဝါပေါ်၌ စာတစ်ကြောင်း ရေးသားထားသည်ကို တွေ့လိုက်ရလေသည်။

"စွေတုံးလျှုဟာ မဆိုင်တာ ဝင်ရှုပ်လို့ လီမ်ဟိုပင်က အချောင်သေရတာပါ. . ."

လီမ်ဟိုပင်ဆိုသူမှာ စွေတုံးလျှုက ထိုသေတ္တာကို အပ်နှံ



ထားသော မိတ်ဆွေသိုင်းသမားပင် ဖြစ်သည်။

ယခုသေတ္တာထဲမှ သေဆုံးသောသူသည် ချူဖုန်းထင်း၏ သမီး မဟုတ်ပါ။

လီမ်ဟိုပင် ဖြစ်နေပါသည်။ လူတစ်ယောက်၏ အသက်တစ်ချောင်းဆုံးရှုံးရခြင်းပင်။

ဤသို့ဆိုလျှင် သေတ္တာထဲက မိန်းကလေးသည် မည်သည့်နေရာသို့ ရောက်သွားပါသနည်း။

ယောက်ဖမ်းယုံသည် သေတ္တာအဖုံးအား ဖြည်းညင်းစွာ ချလိုက်သည်။

ယောက်ဖမ်းယုံသည် ကရုဏာသက်သော အကြည့်ဖြင့် စွေတုံးလျှုအား ကြည့်လိုက်သည်။

"မဆိုင်တဲ့ အလုပ်ကို ခင်ဗျားက ဝင်စွက်တာကိုး. . . အခု ခင်ဗျားလည်း အကျိုးမရှိ. . . သူများလည်း ဒုက္ခရောက်သွားပြီဗျ"

ယောက်ဖမ်းယုံက ပခုံးတစ်ချက် တွန့်လိုက်သည်။

"အခု ဒီနေရာက ခင်ဗျား ထွက်သွားတာနဲ့ ဒီအကြောင်းတွေကို မေ့ပစ်လိုက်ရင် အကောင်းဆုံးပဲ. . . သေတ္တာကို ခင်ဗျား သူချင်ယူသွားလေ. . . ကဲ. . . ကျုပ်ကိုတော့ ခွင့်လွှတ်ပါဗျာ. . . ကျုပ်သွားပြီ. . ."

သူသည် စွေတုံးလျှုအား ပြုံးပြလိုက်ပြီး သူ၏ခန္ဓာကိုယ်သည် ငှက်ကြီးတစ်ကောင်ကဲ့သို့ ပစ်လွှတ်လိုက်သည့်ပမာ ခုန်ထွက်သွားလေသည်။

ယောက်ဖမ်းယုံသည် ပြတင်းပေါက် အပြင်ဘက်သို့ ရောက်ရှိသွားသည်နှင့် သူ့ရှေ့တွင် မတ်တပ်ရပ်နေသော စွေတုံးလျှု

www.burmeseclassic.com

www.burmeseclassic.com



အား အံ့ဩစွာ တွေ့မြင်လိုက်ရလေသည်။

စွေတုံးလှူသည် အလွန်လျင်မြန်စွာ လှုပ်ရှားနိုင်သော သိုင်းသမားဖြစ်ကြောင်း ယခုသူသိရလေပြီ။

စွေတုံးလှူက ယောက်ဝမ်းယုံကို စိုက်ကြည့်၍ ပြောလိုက်လေသည်။

"ကျုပ် ခင်ဗျားကို မေးစရာရှိသေးလို့ပါ... ကျုပ်သိချင်တာက သေတ္တာထဲက မိန်းကလေးကို ကျင်းစုဝါက ဘယ်နေရာက ခိုးလာတာလဲ... နောက်ပြီး အဲဒီသေတ္တာထဲက မိန်းကလေးရဲ့ နာမည်က ဘယ်လိုခေါ်သလဲ..."

ယောက်ဝမ်းယုံက ခေါင်းကို ဖြည်းလေးစွာ ခါယမ်းလိုက်ရင်း...

"ကျုပ် ခင်ဗျားမေးတဲ့ မေးခွန်းတွေကို မဖြေနိုင်ပါဘူး..."

စွေတုံးလှူက မျက်ခုံးပင့်လိုက်ပြီး...

"ဒါဆို ကျုပ်မေးတာတွေကို ခင်ဗျား တကယ်မသိဘူးပေါ့"

ယောက်ဝမ်းယုံက ခေါင်းညိတ်လိုက်သည်။

"ကျုပ် ခင်ဗျားကို မဖြေနိုင်ဘူးပဲ ပြောတာလေ... မသိဘူးလို့ ပြောတာမှ မဟုတ်တာ... နေပါဦး ခင်ဗျားကရော ဒီကိစ္စတွေကို တကယ် မသိဘူးလား... ခင်ဗျားလို သိုင်းလောကတစ်ခုလုံး ရှုပ်စပ်လည်နေတဲ့လူက မသိဘူးဆိုတော့ အံ့ဩစရာ မကောင်းဘူးလားဗျာ..."

စွေတုံးလှူက ခေါင်းခါယမ်း ပြလိုက်သည်။

ယောက်ဝမ်းယုံက ပခုံးတစ်ချက် တွန့်လိုက်ပြီး...

"ဒါဆိုရင် ရှင်းနေတာပဲ... ဒီကိစ္စမှာ ခင်ဗျား ဝင်မရှုပ်နဲ့ပေါ့ဗျာ... လူဟာ နေရာတကာ ဝင်ရှုပ်တာတော့ မကောင်းဘူးဗျ..."



စွေတုံးလှူက ခေါင်းညိတ်လိုက်ပြီး...

"ဒီမိန်းကလေးဟာ ကျုပ် မိတ်ဆွေ တစ်ယောက်ရဲ့ ပျောက်ဆုံးနေတဲ့ သမီးဖြစ်နေလို့ပါ... မဆိုင်တဲ့ကိစ္စကို ဝင်ရှုပ်တာမဟုတ်ပါဘူး..."

ယောက်ဝမ်းယုံက စွေတုံးလှူအား စိုက်ကြည့်လိုက်၏။

သူသည် အတန်ကြာ ကြည့်လိုက်ပြီးမှ...

"ခင်ဗျား မေးခွန်းကို ကျုပ် အားလုံးဖြေပါ့မယ်... ဒါပေမယ့် ခင်ဗျားရဲ့ မိတ်ဆွေ ဘယ်သူလဲဆိုတာ ကျုပ်ကို အရင်ပြောပြစမ်းပါ..."

စွေတုံးလှူက ပြုံးလိုက်ပြီး...

"သူ့နာမည်ကို ပြောပြလို့ ခင်ဗျားက သိမှာမှ မဟုတ်တာ... သူက အတော်ဆင်းရဲတဲ့ သာမန် သိုင်းသမား တစ်ယောက်ပါပဲ..."

ယောက်ဝမ်းယုံသည် အတန်ကြာ ငြိမ်သက်နေပြီးမှ...

"ခင်ဗျားရဲ့ မိတ်ဆွေဟာ ချူးဖုန်းထင်း မဟုတ်လား..."

ဤတစ်ကြိမ် အံ့ဩသွားသည့်သူမှာ စွေတုံးလှူပင် ဖြစ်သည်။

"ချူးဖုန်းထင်းကို ခင်ဗျား သိနေတယ် ဟုတ်လား..."

ယောက်ဝမ်းယုံက ပြုံးလိုက်သည်။

သူ၏အပြုံးသည် ဆွဲဆောင်မှု အပြည့်ရှိသည်။

သူပြုံးလိုက်သော အချိန်မှာပင် သူ၏ခါးပတ်ကွင်းတစ်ခု အလင်းရောင်တန်း တစ်ခုပင် လွင့်လာလေသည်။

www.burmeseclassic.com

www.burmeseclassic.com



သူ၏ခန္ဓာကိုယ်သည် လျှပ်တစ်ပြက် ခုန်တက်လိုက်ပြီး ယာဘက်လက်ဝါးဖြင့် စွေတုံးလျှ၏ လည်မျိုသို့ နောက်ပြန်ခုတ်လိုက်သည်။

သူ၏ဘယ်လက်ဝါးသည် စွေတုံးလျှ၏ ရင်ဝသို့ တိုးဝင်သွားသည်။

ယောက်ဝမ်းယုံ၏ တိုက်ခိုက်မှု သုံးခုစလုံးသည် တစ်ချိန်တည်း တစ်ပြိုင်တည်း တိုက်ခိုက်လိုက်ခြင်း ဖြစ်သည်။

လူတစ်ယောက်သည် မိမိ၏ အကြီးမားဆုံးသော ရန်သူနှင့် တွေ့ဆုံသည့် အခါမှသာလျှင် ယင်းကဲ့သို့သော ရက်စက်ကြမ်းကြုတ်သည့် တိုက်ခိုက်မှုကို ပြုလုပ်တိုက်ခိုက်တတ်ပေသည်။

သူသည် စွေတုံးလျှနှင့် ရန်ငြိုးလုံးဝမရှိပါ။

အဘယ်ကြောင့် စွေတုံးလျှအား ရက်ရက်စက်စက် တိုက်ခိုက်ရပါသနည်း။

စွေတုံးလျှ မက်လက်လန် လဲကျသွားလေသည်။

တည့်တည့်မတ်မတ် လဲကျသွားခြင်း ဖြစ်သည်။ သို့သော်.

သူ၏ခန္ဓာကိုယ်သည် မြေပြင်သို့ မရောက်မီမှာပင် ဝဲဘက်သို့ လိမ့်၍ ထွက်သွားလေသည်။ မည်သည့် သိုင်းသမားမျှ ဤကဲ့သို့ မလှုပ်ရှားနိုင်ပါ။

ဆယ့်ငါးချောင်းသော ငွေအပ်ကလေးများသည် အချိုးနှိုး ဖြစ်သွား၏။

ယောက်ဝမ်းယုံ၏ တိုက်ခိုက်လိုက်သော လက်ဝါးနှစ်ခုကလည်း လေထဲသို့ ရောက်သွားသည်။

စွေတုံးလျှသည် အခန်းဝသို့ ရောက်ရှိသွားနေပြီ ဖြစ်



သည်။

ယောက်ဝမ်းယုံ၏ မျက်နှာတစ်ခုလုံးသည် မည်းမှောင်သွား၏။ ရုတ်တရက်. . .

သူက ခါးပတ်ကို ဖြုတ်လိုက်သည်။

ခါးပတ်ထဲမှ ငွေရောင်လက်နေသော ဓားပျော့တစ်လက် ဖြစ်နေပေသည်။

သူသည် ဓားပျော့နှင့် တိုက်ခိုက်လေ၏။

ငွေရောင်များ တဖျပ်ဖျပ် ဝင်းလက်တောက်ပသွားပြီး သူ့လက်ထဲမှ ဓားသည် စွေတုံးလျှ၏ လည်မျိုသို့ တည့်တည့်မတ်မတ် တိုးဝင်လိုက်သွားသည်။

သို့သော် သူက အနည်းငယ် နောက်ကျသွားသည်။

"တောက်. . ."

အကြောင်းမှာ စွေတုံးလျှက ကျောက်တုံးတစ်တုံးဖြင့် သူ၏ တံတောင်ဆစ်အား ပစ်ပေါက်လိုက်ခြင်းကြောင့် ဖြစ်၏။

ယောက်ဝမ်းယုံက အေးစက်သော လေသံဖြင့်. . .

"ကျုပ်ရှုံးသွားပါပြီဗျာ. . . ကျုပ် တစ်သက်လုံး လူတွေကို ထင်သလို သတ်ခဲ့တဲ့ အတွက် ကျုပ်အသက်ကို ဘာဖြစ်လို့ နှမြောရမှာလဲ. . . ကိုယ့်အလှည့်ကျတော့ မနွဲ့စတမ်းပေါ့. . ."

သူ၏လက်ကို မြှောက်လိုက်သည်နှင့် လက်စွပ်ထဲမှ အဆိပ်အပ်သည် သူ၏မျက်ခုံးမွေးအလယ်သို့ ရောက်ရှိသွားလေသည်။

"ဖြန်း. . ."

သို့သော် စွေတုံးလျှ၏ လှုပ်ရှားမှုက လျှပ်စစ်ကဲ့သို့ ဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



သူ၏လက်သည် ရှေ့သို့ မဆက်နိုင်တော့ဘဲ ကြောင်အမ်းအမ်းဖြင့် ရပ်နေ၏။ အကြောင်းမှာ. . .

သူ၏လက်ကောက်ဝတ်အား ခွေတုံးလျှူက ဖမ်းဆွဲထားခြင်းကြောင့် ဖြစ်သည်။

ယောက်ဖမ်းယုံက အံ့သြစွာဖြင့် ခွေတုံးလျှူအား ကြည့်လိုက်သည်။

သူက အသံကျယ်လောင်စွာဖြင့်. . .

"ကျုပ်က ခင်ဗျား မိတ်ဆွေမှ မဟုတ်ဘဲ. . . တကယ်လို့များ ကျုပ်က ခင်ဗျားထက်သာရင် ခင်ဗျားကို သတ်ပစ်မှာ သေချာတယ်. . ."

ယောက်ဖမ်းယုံက မျက်ခုံးဝင့်လိုက်ပြီး. . .

"ကျုပ်ကို မသေစေချင်ဘူးပေါ့. . ."

ခွေတုံးလျှူက ခေါင်းညိတ်လိုက်ရင်း. . .

"ဟုတ်ပါတယ် ခင်ဗျာ. . ."

ယောက်ဖမ်းယုံက သက်ပြင်းတစ်ချက် ချလိုက်ပြီး. . .

"ဒီလိုဆိုရင်တော့ ခင်ဗျားအသက် သေမယ်လို့ ကျုပ်ထင်တယ်. . . အဲဒါ ညာပြောတာ မဟုတ်ဘူး. . . ကျုပ် ဘယ်လိုလူဆိုတာ ခင်ဗျား မကြာခင် သိလိမ့်မယ်. . ."

သူသည် ထိုသို့ပြောရင်း သက်ပြင်းချလိုက်သောအခါ သူ၏ ပါးစပ်ထဲမှ အငိုးအငွေ့တစ်ခုသည် ခွေတုံးလျှူ၏ မျက်နှာပေါ်သို့ မှုတ်ထုတ်လိုက်လေ၏။

"ဖူး. . ."

ခွေတုံးလျှူ၏ မျက်လုံးအစုံသည် ရုတ်တရက် ကျဉ်းမြောင်း



သွားသည်။

မျက်နှာတစ်ခုလုံးမှာလည်း အကြောဆွဲသကဲ့သို့ ဖြစ်လာသည်။

သူသည် ယောက်ဖမ်းယုံကို ကြည့်နေသည်။

တစ်စုံတစ်ခု ပြောမည့်ဟန်ရှိသည်။ သို့သော်. . .

စကားတစ်လုံးမျှ ထွက်မလာနိုင်တော့ပါ။

ယောက်ဖမ်းယုံက ခွေတုံးလျှူ လဲကျသွားသည်အထိ ဟန်မူရာ တင်းမဲ့စွာဖြင့် ကြည့်နေလေသည်။ ခွေတုံးလျှူ ဘုံးဘုံးလဲကျသွားသည်။ ထို့နောက်. . .

သူက အေးစက်စွာဖြင့် ပြောလိုက်သည်။

"ကျုပ်ကို ကယ်ရမယ်လို့ မခိုင်းဘဲနဲ့ ခင်ဗျားက ကျုပ်ကို ကယ်ချင်တာကိုး. . . ကျုပ်ကို ကယ်ရင် ခင်ဗျား ဘာဖြစ်သွားမလဲ ဆိုတာ ခင်ဗျား သိပြီမဟုတ်လား. . ." ဟု တစ်လုံးချင်း ဖြည်းလေးစွာဖြင့် ပြောလိုက်လေသည်။

www.burmeseclassic.com

www.burmeseclassic.com



တက္ကသိုလ်နေလင်းအောင်

ဘယ်သူရှုံးသလဲ



အခန်း (၁၆)

## ပြဿနာဖြစ်စေသူ

မေချူးပင်က ရယ်မောလျက်ရှိသည်။

သူသည် မင်းကျော်ကို ကြည့်၍ ရယ်မောနေခြင်း ဖြစ်သည်။ သူမ၏ ရယ်မောခြင်းသည် ချိုလွင်နေသည်။

ရယ်မောသံမှာလည်း ရွှေဆည်းလည်းကဲ့သို့ နားဝင်ချိုလှသည်။ ယခု. . .

အခန်းထဲ၌ သူမကလွဲ၍ အခြားလူတစ်ယောက်သာရှိတော့သည်။ ထိုလူကား မင်းကျော်ပင် ဖြစ်သည်။

နံရံပေါ်မှ ပေါက်ပြဲနေသော အပေါက်များကို ပျဉ်ပြားတစ်ချပ်ဖြင့် ကာရံထားလိုက်ပြီ ဖြစ်သည်။

တစ်ဖက်ခန်းမှာရှိသော ပလွေနက်သည် သတိမေ့နေသေးသည်။ စားပွဲပေါ်မှာ အရက်ရှိသည်။

ဟင်းလျာများလည်း ရှိနေသည်။

သို့သော် မင်းကျော်က ထိုင်၍မစားရပါ။

သူသည် မတ်တပ်ရပ်နေသည်။

www.burmeseclassic.com

www.burmeseclassic.com



အတန်ကြာမှ သူသည် မျက်နှာတည်တည်ဖြင့်. . .

"ခင်ဗျားက ပလွေနက်ကို ကျင်းကျူထင်းကို သွားသတ်နိုင်းတာ မဟုတ်လား. . ."

မချူးပင်က ဖြည်းလေးစွာ ခေါင်းညိတ်လိုက်ရင်း. . .

"ဟုတ်တယ်. . . ငါ သတ်ခိုင်းလိုက်တာပဲ. . ."

မချူးပင်က လေးနက်စွာဖြင့် ပြောလိုက်သည်။

"ငါက ပန်းကောင်းတစ်ပွင့်ကို နွားချေးပုံထဲမှာ မစိုက်ချင်လို့ပါ. . ."

မင်းကျင်းက မေးငေါ့၍ မေးလိုက်သည်။

"ဒါဖြင့် ခင်ဗျားက ဘယ်သူ့ဘက်ကလူလဲ. . ."

"ဒီအကြောင်းတို့ မင်းမေးဖို့ မသင့်ပါဘူး. . . ငါက ဘယ်သူ့ရဲ့လူဆိုတာ မင်း သိသင့်ပါတယ်. . ."

မချူးပင်က ပြုံးလိုက်ရင်း စကားဆက်လိုက်သည်။

"ငါက မင်းရဲ့လူပဲလေ. . ."

မင်းကျင်းသည် ထိတ်လန့် တုန်လှုပ်သွားလေသည်။

အခန်းတံခါးရှိရာသို့ ခြေလှမ်းဆုတ်သွားလေသည်။

မချူးပင်ကပြုံး၍ သူ့ထံသို့ ခြေလှမ်းတစ်လှမ်းချင်း တိုးသွားတော့သည်။

မင်းကျင်းက ထိတ်ထိတ်ပျာပျာ ဖြစ်သွားသည်။ မချူးပင်သည် သူ့အား တစ်စုံတစ်ခု လုပ်လေမည်လော။

ထိုစဉ်မှာပင်. . .

လူတစ်ယောက်သည် အခန်းတံခါးအား တွန်းဖွင့်လိုက်၏။

ထိုလူသည် ဇွေတုံးလျှူနှင့် မတူပါ။



သူ၏ကိုယ်ပေါ်တွင် အနက်ရောင် ကိုယ်ကျပ်အင်္ကျီကို ဝတ်ဆင်ထားသည်။

ဖြူဖွေးသော သူ၏မျက်နှာပေါ်တွင် မာန်မာနရှိဟန် အပြည့်ရှိလျက်ရှိသည်။

သူ၏လက်ထဲတွင် အလွန်ကြီးမားသော ထင်းရှူးသေတ္တာ တစ်လုံး မထားသည်။

ထိုသေတ္တာသည် အတန်ငယ်လေးသည်ဟုလည်း ခန့်မှန်း၍ရလေသည်။

မင်းကျင်းက သက်ပြင်းချလိုက်သည်။ ဤတစ်ကြိမ်. . .

ဇွေတုံးလျှူက အဘယ်ကြောင့် ဤကဲ့သို့ အမြင်ကပ်စရာ ကောင်းလောက်အောင် ရုပ်ဖျက်ထားရသည်ကို တွေး၍မရပါ။

မည်သို့ပင် ဖြစ်စေ သူရင်အေးရပြီ ဖြစ်ပါသည်။

မချူးပင်ကလည်း သက်ပြင်းတစ်ချက် ချလိုက်သည်။

"ရှင်က လာသင့်တဲ့ အချိန်မှာကျတော့ မလာဘူး. . . မလာသင့်တဲ့ အချိန်ကျတော့ လာတယ်. . ."

သူမက ခေါင်းတစ်ချက် ခါယမ်းလိုက်ပြီး စကားဆက်လိုက်ပြန်သည်။

"ရှင်က ဒီတစ်သက် ကောင်းမှုကုသိုလ်လုပ်ဖို့ လုံးဝစိတ်မကူးတော့ဘူးလား. . ."

ထိုလူက ပြုံးလိုက်၏။

"ကျုပ်အခု ကုသိုလ်ကောင်းမှု ပြုနေတယ်လေ. . ."

သေတ္တာထမ်း၍ ဝင်လာသူက ပြောလိုက်သည်။

"ဒီအခန်းထဲမှာတော့ ကျုပ်က ကျေးဇူးတင်ရမယ့်လူ

www.burmeseclassic.com

www.burmeseclassic.com



ရှိလိမ့်မယ်လို့ ကျုပ် ယုံကြည်ပါတယ်. . ."

မင်းကျင်းက သူ့အား အတန်ကြာ စိုက်ကြည့်လိုက်ပြီး ရုတ်တရက် ထခုန်လိုက်သည်။

"မဟုတ်ဘူး. . . ဒီလူက စွေတုံးလျှ မဖြစ်နိုင်ဘူး. . ."

မေချူးပင်က ပြုံးလျက်. . .

"သူက စွေတုံးလျှုလို့ ဘယ်သူက ပြောလို့လဲ. . ."

မေချူးပင်က စကားဆက်လိုက်ပြန်သည်။

"မင်းက သူ့ကို စွေတုံ့လျှုလို့ ထင်နေလို့လား. . ."

မင်းကျင်းက မျက်မှောင်ကြုတ်လိုက်ပြီး. . .

"ဒါဖြင့် သူက ဘယ်သူလဲ. . ."

ယောက်ဝမ်းယုံက ခေါင်းညိတ်လိုက်ရင်း. . .

"ကျုပ်နာမည်က ယောက်ဝမ်းယုံပါ. . ခင်ဗျားက ကျုပ်ကိုမသိပေမယ့် ကျုပ်ကတော့ ခင်ဗျားဟာ မင်းကျင်းဆိုတာ မှတ်မိပါတယ်. . ."

မင်းကျင်းက အံ့ဩတကြီးဖြင့်. . .

"ဗျာ. . . ခင်ဗျားက ကျုပ်ကိုမှတ်မိတယ် ဟုတ်လား. . ."

ယောက်ဝမ်းယုံက ပြုံးလိုက်ပြန်သည်။

"ဟုတ်ပါတယ်ဗျာ. . . မင်းကျင်းဟာ သိုင်းလောကတစ်ခုလုံး မသိတဲ့လူမရှိအောင် ရှားတဲ့ပုဂ္ဂိုလ် တစ်ယောက်ပါ၊ နောက်ပြီး မင်းကျင်းဟာ အရက် အလွန်သောက်နိုင်တယ်ဆိုတာလည်း ကျော်ကြားပါတယ်. . . ဒါကြောင့် ကျုပ်က သက်သက်လာပြီး ခင်ဗျားနဲ့ အရက်သောက်ဖို့ပဲ. . ."

မင်းကျင်းသည် ထိုလူမှာ အရက်ဝါသနာအိုး ဖြစ်သည့်



အတွက် ချစ်စရာကောင်းသည်ဟုပင် ထင်မှတ်သွားသည်။

သူသည် ဤမျှအရက်ကို ချစ်သူဖြစ်သည်။

"နေပါဦး. . . ခင်ဗျားက အရက်သောက်ဖို့ အဖော်လိုက်ရှာတာကတော့ ထားပါ. . . ဒီသေတ္တာကြီးကို ဘာဖြစ်လို့ အဖင်ပန်းခံပြီး သယ်လာတာလဲ" ဟု မေးလိုက်လေသည်။

"ဒါမှမဟုတ် သေတ္တာထဲမှာ စားစရာ သောက်စရာတွေများ ပါနေလို့လား. . ."

ယောက်ဝမ်းယုံက ပြုံးလိုက်ရင်း. . .

"စားချင်တယ်ဆိုရင်တော့ ဆီနိုင်နိုင် ငန်ပြာရည်နိုင်နိုင်နဲ့ ပြုတ်စားရင်တော့ စားဖြစ်နိုင်မယ်လို့ ယူဆပါတယ်. . ."

မင်းကျင်းက စူးစမ်းစွာဖြင့် မေးလိုက်သည်။

"အရက်နဲ့ကော စားလို့ဖြစ်မလား. . ."

ယောက်ဝမ်းယုံ ခေါင်းညိတ်လိုက်ရင်း. . .

"ဖြစ်တာပေါ့ဗျာ. . . တကယ်ကို ဖြစ်ပါတယ်. . . ကြိုက်သလို စားလို့ရပါတယ်. . ."

မင်းကျင်းက မျက်ခုံးပင့်လိုက်ပြီး. . .

"ဘာဖြစ်လို့လဲ. . ."

ယောက်ဝမ်းယုံက အေးတိအေးစက် လေသံဖြင့် ပြောလိုက်သည်။

"ခင်ဗျားက လူကိုစားတဲ့ အလေ့အကျင့် ရှိသလား. . ."

မင်းကျင်းက ထိတ်လန့်သွားသည်။

"ဗျာ. . . သေတ္တာထဲမှာ လူရှိတယ် ဟုတ်လား. . ."

ယောက်ဝမ်းယုံက ခေါင်းညိတ်လိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ပါတယ်. . ."

"ဟုတ်ပါတယ်. . ."

မင်းကျင်းက သေတ္တာကို မေးငေါ့ ပြောလိုက်သည်။

"သေတဲ့လူလား. . . ရှင်တဲ့လူလား. . ."

ယောက်ဖမ်းယုံကလည်း သေတ္တာကို တစ်ချက်ကြည့်လိုက်သည်။

"အခုတော့ မသေသေးပါဘူး. . . ဒါပေမယ့် ရှင်တယ်လို့လဲပြောလို့ မရဘူး. . ."

သူသည် အနည်းငယ် စဉ်းစားလိုက်ပြီး. . .

"ဘယ်လိုပြောရမလဲဆိုရင် မသေမရှင် ဆိုပါတော့. . ."

မင်းကျင်းက ခဏစဉ်းစားလိုက်ပြီးမှ. . .

"ခင်ဗျားက ဘာဖြစ်လို့ သူ့ကို သေတ္တာထဲ ထည့်လိုက်ရတာလဲ. . ."

ယောက်ဖမ်းယုံက ရယ်မောလိုက်ပြီး. . .

"ဟား. . . ဟား. . . ဟား. . . ကျုပ်က ဒီလောက်ကြီးကျယ်တဲ့ လူတစ်ယောက်ကို အခြားထည့်စရာ ရှာလို့မတွေ့လို့ပါဗျာ. . ."

မင်းကျင်းက သေတ္တာကို အကဲခတ် ကြည့်လိုက်ပြန်သည်။

အတန်ကြာမှ ရယ်မောလိုက်သည်။

"ဒီက မီးဖိုချောင်မှာ အထူးကြီးမားတဲ့ ဒယ်အိုးတစ်လုံးရှိတယ်ဆိုတာ သိထားတယ်. . . တို့က ဒီလူကို သွားပြီး ပြုတ်စားရင် မကောင်းဘူးလား. . ."

ယောက်ဖမ်းယုံက ပြုံးလိုက်သည်။ သူ၏အပြုံးသည်



လျှို့ဝှက်ဆန်းကြယ်သော အပြုံးဖြစ်သည်။

"ဒီသေတ္တာထဲက လူဟာ ဘယ်သူဘယ်ဝါ ဖြစ်တယ်ဆိုတာ ခင်ဗျားသိရင် ဒီစကားမျိုး ပြောခဲ့မှာ မဟုတ်ပါဘူးဗျာ. . ."

မင်းကျင်း ဦးနှောက်ခြောက်သွားလေ၏။

ယောက်ဖမ်းယုံ၏ စကားက ဘာစကားလဲ. . .

www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၁၇)
## တာဝန်ကို ငြင်းဆန်သူ

မင်းကျော်သည် လူကို တကယ်စားချင်သော လူတစ်ယောက် မဟုတ်ပါ။

အမှန်မှာ သူက ကျီစယ်ပြောဆိုတတ်သော အလေ့အထ ရှိနေခြင်းကြောင့် ဖြစ်သည်။

သေတ္တာထဲတွင်လည်း လူရှိနေမည်ဟုလည်း သူမထင်ချေ။ ထို့ကြောင့် အပြောင်အပြက် ပြောနေခြင်း ဖြစ်သည်။

ယောက်ဝမ်းယုံ၏ စကားကို ကြားလိုက်ရသောအခါ သူသည် ပြန်လည်၍ တုံ့ပြန်ပြောဆိုခြင်း မပြုရဲတော့ပါ။

သူက မျက်မှောင်ကြုတ်လိုက်ပြီး. . .

"သေတ္တာထဲကလူက ဘယ်သူမို့လို့လဲ. . . ကျုပ်အသိများ ဖြစ်နေသလား. . ."

ယောက်ဝမ်းယုံက ပခုံးတစ်ချက် တွန့်လိုက်သည်။

"ခင်ဗျားအသိ ဖြစ်ရုံမကဘူး. . . အလွန်ရင်းနှီးတဲ့ မိတ်ဆွေတစ်ယောက်ပဲဗျ. . ."



"ခင်ဗျားမှာရှိတဲ့ မိတ်ဆွေတွေ အများကြီးထဲက ခင်ဗျားနဲ့ အရင်းနှီးဆုံး မိတ်ဆွေဟာ ဘယ်သူလဲ. . ."

မင်းကျော်သည် ထိတ်လန့်လွန်းသဖြင့် မျက်လုံးအစုံပင် ပြူးထွက်လာလေသည်။ သူ၏အသည်းနှလုံးပင် အပြင်သို့ ခုန်ထွက်လာသကဲ့သို့ ခံစားလိုက်ရသည်။

"ဒါ. . . ဒါဆိုရင် သေတ္တာထဲကလူဟာ စွေတုံးလျှုပေါ့"

မင်းကျော်က ထိတ်ထိတ်လန့်လန့်ဖြင့် ပြောလိုက်သည်။

အတန်ကြာမှ. . .

"ပြောစမ်းပါ. . . ဒီသေတ္တာထဲက လူဟာ စွေတုံးလျှု မဟုတ်လား. . ."

ယောက်ဝမ်းယုံက မင်းကျော်အား ပြုံး၍ကြည့်နေသည်။

အချိန်အတော်ကြာမှ. . .

သူက ဦးခေါင်းကို ဖြည်းလေးစွာ ညိတ်လိုက်သည်။

"သေတ္တာထဲက လူဟာ ခင်ဗျား တွေ့ချင်နေတဲ့ စွေတုံးလျှု ပဲဗျာ. . ."

မင်းကျော်က မဝံ့မရဲဖြင့် မေးလိုက်သည်။

"ဒီလိုဆိုရင် စွေတုံးလျှုကို ခင်ဗျားက သေတ္တာထဲထည့် လိုက်တယ် ဆိုပါတော့. . ."

ယောက်ဝမ်းယုံက သက်ပြင်းတစ်ချက် ချလိုက်သည်။

"ဟုတ်ပါတယ်ဗျာ. . . ကျုပ်က သူ့ကိုသတ်ဖို့ စိတ်ကူးမိပါသေးတယ်. . . ဒါပေမယ့် ကျုပ်က သူ့ကိုမသတ်ရက်ဘူးဗျ. . . သူ့ကိုလွှတ်လိုက်ရမှာကလည်း ဘဝင်မကျဘူး. . . ဒါကြောင့် သူ့ကို သေတ္တာထဲ ထည့်ပြီး ဒီကိုယူလာတာ. . . အဲ. . . သူ့ကို ပြုဒ်ပြီး

www.burmeseclassic.com

www.burmeseclassic.com



တားမလား ကြော်မလားဆိုတာ သဘောရှိ ခင်ဗျား ကြိုက်သလိုသာ လုပ်. . . ကျုပ် ထောက်ခံမှာပဲ. . .”

မင်းကျောင်းက သူ့အား မျက်လုံးပြူး၍ ကြည့်နေသည်။

အတန်ကြာကြည့်ပြီးနောက်. . .

သူမသည် သက်ပြင်းချလိုက်ပြီး. . .

“ဒီအရက်ကုန်သွားရင်တော့ တို့အိပ်ဖို့ပဲ ရှိတယ်. . .”

မင်းကျောင်းက စားပွဲကို လက်ဝါးဖြင့် ရိုက်လိုက်သည်။

“အခုမှ အရက်သောက်လို့ ကောင်းတုန်းရှိသေးတယ်. . . အရှိန်တော့ အပျက်မခံနိုင်ဘူး. . .”

မေချူးပင်က မင်းကျောင်းအား စူးစိုက်ကြည့်လိုက်ပြီး. . .

“ဟုတ်ပါတယ်. . . ငါလည်း နားလည်ပါတယ်. . . ဒါပေမယ့် အခုလို ညဉ့်နက်သန်းခေါင်မှာ ဘယ်ကအရက်ကို ရမှာလဲ ကွယ့်. . .”

မင်းကျောင်းက ပြုံးလိုက်ပြီး. . .

“ရနိုင်တဲ့ နေရာရှိတာပေါ့ဗျ. . .”

လောကပေါ်မှာ အရက်အိုး တစ်အိုးတည်းသာ ကျန်ရှိခဲ့သော် ထိုအရက်အိုးအား ရှာဖွေနိုင်သူမှာ မင်းကျောင်းပင်ဖြစ်ရမည်။

ထို့ကြောင့်. . .

မင်းကျောင်းက အရက်ရှာရန် ထွက်ခွာသွားလေသည်။

မေချူးပင် ကျေနပ်စွာ ပြုံးလိုက်သည်။

“ဒီနေရာမှာတော့ မင်းက သူများထက်သာပါတယ်. . .”

သူမသည် မင်းကျောင်းအား ချီးကျူးစကားဆိုလိုက်သည်။

မင်းကျောင်း၏ အရိပ်သည် အမှောင်ထုထဲသို့ ပျောက်ကွယ်



သွားသောအခါ မေချူးပင်၏ မျက်နှာပေါ်မှ အပြုံးများလည်း ပျောက်ကွယ်သွားလေသည်။

သူမသည် ယောက်ဝမ်းယုံအား စေ့စေ့ကြည့်လိုက်၏။

ထို့နောက်. . .

သူမက ခက်ထန်စွာဖြင့် မေးလိုက်သည်။

“ဒီသေတ္တာထဲမှာ ဘာတွေထည့်ထားသလဲဆိုတာ ကျွန်မကို အမှန်အတိုင်း ပြောစမ်းပါ. . .”

ယောက်ဝမ်းယုံက အဖြေမပေးပါ။

သူကပင် မေချူးပင်ကို ပြန်၍မေးလိုက်သည်။

“ခုနပြောလိုက်တဲ့ ရယ်စရာ စကားတွေဟာ ရယ်စရာ ကောင်းသလား. . .”

မေချူးပင်က မျက်မှောင်ကြုတ်သွားသည်။

“ရှင်ဆိုလိုတာက ဒီသေတ္တာထဲမှာ ခွေတုံးလူ ရှိနေတယ်ဆိုတဲ့ သဘောလား. . .”

ယောင်ဝမ်းယုံက ခေါင်းညိတ်လိုက်ပြီး. . .

“ဟုတ်ပါတယ်ဗျာ. . .”

မေချူးပင် အလွန်အံ့ဩသွားသည်။ သူသည် ယောက်ဝမ်းယုံ၏ မျက်နှာကို အသေအချာ ကြည့်လိုက်၏။ ယောက် ဝမ်းယုံ၏ မျက်နှာမှာ တည်ကြည်နေသည်။ သူလိမ်ညာ ပြောပုံမရ ချေ။

သူမ၏ မျက်နှာတစ်ခုလုံးမှာ မယုံကြည်နိုင်သော အရိပ် အယောင်များ သမ်းနေသည်။

“ရှင် တကယ်ပြောနေတာလား. . .”

ယောက်ဝမ်းယုံက ပြုံးလိုက်ပြီး. . .

www.burmeseclassic.com

www.burmeseclassic.com



"တကယ်ပြောနေတာပါ. . . ကျုပ် မညာပါဘူး. . ."

မေချူးပင်က မကျေမနပ်ဖြင့် ပြောလိုက်သည်။

"ရှင်က ဘာဖြစ်လို့ ဒီလိုလုပ်ရတာလဲ. . ."

ယောက်ဝမ်းယုံက သေတ္တာအား ကြည့်လိုက်ပြီး. . .

"သူက မသိသင့် မသိထိုက်တဲ့ ကိစ္စတစ်ချို့ကို သိထားတဲ့အပြင် ချူဖုန်းထင်းနဲ့ ပတ်သက်နေတယ်လို့ထင်တယ်. . ."

"ဒီလိုဆို ရှင်က သူ့ကို ဘယ်လိုလုပ်မလဲ. . ."

ယောက်ဝမ်းယုံက လေသံတိုးတိုးဖြင့် ပြောလိုက်၏။

"သူ့ကို ခေါ်သွားပြီး ချုပ်ထားလိုက်မယ်. . . ကျုပ်တို့ ကိစ္စပြီးမှပဲ သူ့ကို ပြန်လွှတ်ဖို့ စိတ်ကူးတယ်. . ."

မေချူးပင် ပခုံးတစ်ချက် တွန့်လိုက်သည်။

"ရှင်က သူ့ကို ဘယ်လောက်ကြာကြာ ချုပ်ထားနိုင်မှာလဲ. . . သူက ထွက်ပြေးမသွားဘူးလို့ ရှင် အာမခံနိုင်သလား. . ."

သူမသည် တစ်ချက်ပြုံးလိုက်ပြီး ပြောသည်။

"ရှင်းရှင်းပြောရရင် ယင်ကောင် တစ်ကောင်ပျံနိုင်တဲ့နေရာတောင်မှ သူကလွတ်အောင် ထွက်နိုင်တယ်နော်. . ."

ယောက်ဝမ်းယုံက မေချူးပင်အား အတန်ကြာ စိုက်ကြည့်လိုက်ပြီး. . .

"ဒါဖြင့် ခင်ဗျားက ဘယ်လိုသဘောရသလဲ. . . ဘယ်လိုလုပ်ချင်သလဲ. . ."

သူမ စဉ်းစားလိုက်သည်။ အတန်ကြာမှ. . .

"သူ့ကို မပြေးနိုင်အောင် နည်းတစ်နည်းပဲ ရှိတယ်. . . သေတဲ့လူဟာ ဘယ်တော့မှ ထွက်ပြေး မသွားနိုင်ပါဘူး. . ."



ယောက်ဝမ်းယုံက ခေါင်းညိတ်လိုက်သည်။

"ခင်ဗျားက သူ့ကို သတ်ပစ်မယ် ဟုတ်လား. . ."

မေချူးပင်က ဆုံးဖြတ်လိုက်ဟန်ဖြင့်. . .

"ဟုတ်တယ်. . လုပ်မိမှတော့ မထူးတော့ဘူး အပြတ်လုပ်မှဖြစ်မယ်. . ."

ယောက်ဝမ်းယုံက နှုတ်ခမ်းတစ်ချက်မဲ့လိုက်ပြီး. . .

"ဒါပေမယ် ခွေတုံးလျူကိုတော့ ကျုပ် ဘယ်တော့မှ မသတ်ဘူး. . ."

သူမက မျက်ခုံးတစ်ချက် ပင့်လိုက်ပြီး. . .

"ဘာဖြစ်လို့လဲ. . ."

ယောက်ဝမ်းလုံက အဝေးသို့ ငေးကြည့်နေရင်းမှ. . .

"ကျုပ်က သူ့ကို ဘယ်လိုလုပ်နိုင်တယ်ဆိုတာ ခင်ဗျားသိချင်သလား. . ."

သူသည် သက်ပြင်းတစ်ချက်ချလိုက်ပြီး စကားဆက်လိုက်သည်။

"သူက ကျုပ်ရဲ့အသက်ကို ကယ်ချင်လွန်းလို့ ကျုပ်ရဲ့လုပ်ကြံမှုကို ခံလိုက်ရတာပါ. . . တကယ်လို့များ သူက ကျုပ်ကို သတ်ပစ်မယ်ဆိုရင် အခုလောက်ဆို ကျုပ်သေနေပါပြီ. . . ခင်ဗျားရှေ့တောင် ကျုပ် မရောက်တော့ဘူး. . . ကျုပ်ဟာ အသည်းနှလုံးမရှိတဲ့လူလို့ ထင်ခဲ့တယ်. . . အဲဒါ အခု မှားမှန်းသိနေပါပြီ. . ."

ယောက်ဝမ်းယုံ၏ အသံသည် ပြောရင်း အနည်းငယ် တုန်ခါလာသည်။

"သူက ကျုပ်ကို မသတ်ရက်ဘဲနဲ့ ကျုပ်က ဘာဖြစ်လို့ သူ့

www.burmeseclassic.com



ကို သတ်ရမှာလဲ. . . ကျုပ်ဟာ သူတော်ကောင်း တစ်ယောက် မဟုတ်ဘူးဆိုတာ မှန်တယ်. . . ဒါပေမယ့် ယုတ်မာတဲ့ လူတော့ မဟုတ်ဘူး. . ."

မေချူးပင်က သက်ပြင်းတစ်ချက် ချလိုက်သည်မှအပ စကားတစ်ခွန်းမျှ မပြောနိုင်တော့ပါပြီ။

အလွန်တရာ ရက်စက်ကြမ်းကြုတ်ပြီး မေတ္တာ၊ အကြင်နာ အကြောင်းလုံးဝ မသိသူဟု သူမ အထင်ရှိခဲ့သော ယောက်ဝမ်းယုံ တစ်ယောက် ယခုမည်သို့ ဖြစ်သွားရသနည်း။

သူမသည် မစဉ်းစားတတ်သလောက်အောင်ပင် ဦးနှောက် ခြောက်သွားရလေ၏။



## အခန်း (၁၈)
## လျှံသုံးသိန်းပေးသူ

အချိန်တော်ကြာသည်အထိ အခန်းထဲတွင် တိတ်ဆိတ်နေသည်။

ထိုတိတ်ဆိတ်မှုကို ဖြိုခွင်းလိုက်သူမှာ မေချူးပင်ဖြစ်သည်။

"ကောင်းပါပြီ. . . ရှင်ဟာ ယောက်ျားကောင်း တစ်ယောက် ဖြစ်တယ်ဆိုတာ ကျွန်မ အသိအမှတ် ပြုပါတယ်. . .

. . ကံကောင်းချင်တော့ ကျွန်မက မိန်းမသားတစ်ယောက် ဖြစ်နေတယ်ရှင့်. . ."

မေချူးပင်က ထိုသို့ ပြောရင်း တစ်ချက်ပြုံးလိုက်သည်။

"ရှင်က ဒီလိုကိစ္စမျိုး မလုပ်ရက်တာထားပါတော့. . . ဒါပေမယ့် ကျွန်မကတော့ လုပ်မယ်ရှင့်. . ."

ယောက်ဝမ်းယုံက လက်တာပြလိုက်ရင်း. . .

"ခင်ဗျား လုပ်နိုင်မယ် မဟုတ်ဘူးဆိုတာ ကျုပ် အာမခံတယ်ဗျ. . ."

မေချူးပင် မျက်နှာသည် မည်းမှောင်သွားလေသည်။

www.burmeseclassic.com

www.burmeseclassic.com



"ဘာဖြစ်လို့လဲ. . ."

ယောက်ဝမ်းယုံက အေးတိအေးစက်ဖြင့်. . .

"သူ့ကို သတ်ဖို့ ကျုပ် သဘောမတူဘူး. . ."

မချူးပင်က မဲ့ပြုံးပြုံးလိုက်ပြီး. . .

"ကျွန်မက ဖြစ်အောင်လုပ်မယ်ဆိုရင်ကော ရှင်က ကျွန်မကို ဘာလုပ်မလဲ. . ."

ယောက်ဝမ်းယုံ ခေါင်းကို ဖြည်းလေးစွာ ခါယမ်းလိုက်ပြီး

"ကျုပ်က ဘာမှမလုပ်နိုင်ပါဘူးဗျာ. . ."

သူသည် မချိပြုံးပြုံးလိုက်ပြီး. . .

"ခင်ဗျား အဲဒီသေတ္တာကို ထိလိုက်တာနဲ့ ခင်ဗျားရဲ့ နုနယ်တဲ့ လက်ကလေးတွေ ဘာဖြစ်သွားမယ်ဆိုတာ သိချင်ရင် ခင်ဗျာ သေတ္တာကို သွားထိကြည့်လေ. . ."

မချူးပင်၏ မျက်နှာသည် ဖြူလျော်လျော် ဖြစ်သွားသော်လည်း ဟန်မပျက် ရယ်မောနေလေသည်။

သူသည် မချူးပင်ကို စူးစမ်းသလို ခဏကြည့်လိုက်ပြီး

"ကဲ. . . ဒီအထဲမှာ ဘာတွေရှိတယ်ဆိုတာ ခင်ဗျား သိချင်သလား. . ."

မချူးပင်က မဆိုင်းမတွပင် ခေါင်းညိတ်ပြလိုက်လေသည်။

"ဒီလိုဆိုရင် ဒီသေတ္တာကို ခင်ဗျားက ဈေးပေးပြီး ဝယ်လိုက်ပါလား. . ."

သူက သေတ္တာကို တစ်ချက်ပုတ်လိုက်ပြီး စကားဆက်လိုက်ပြန်သည်။



"ဒီသေတ္တာကို ခင်ဗျား ဝယ်လိုက်ရင် ခင်ဗျား ဘာပဲလုပ်လုပ် ကျုပ်နဲ့မဆိုင်တော့ဘူးပေါ့. . ."

မချူးပင်ကလည်း ယောက်ဝမ်းယုံကို အကဲခတ်သလို ကြည့်နေသည်။

"ကျွန်မက ဘယ်လောက် ပေးရမလဲဆိုတာ ရှင်က ဈေးပြောမှပေါ့. . ."

ယောက်ဝမ်းယုံက လက်ချောင်းတစ်ချောင်း ထောင်ပြလိုက်ပြီး. . .

"ကျုပ် ရောင်းနိုင်တဲ့ ဈေးကတော့ တစ်သိန်းပဲ. . ."

သူသည် မချူးပင်ကို အကဲခတ်ကြည့်လိုက်ပြီး. . .

"ခင်ဗျားဆီမှာ အနည်းဆုံး ငွေတစ်သိန်း ရှိတယ်ဆိုတာ ကျုပ်သိပါတယ်. . ."

မချူးပင် အတော်ကလေး ထိတ်လန့်တုန်လှုပ်ဟန်ဖြင့်

"ရှင်. . . ငွေတစ်သိန်းတောင် ဟုတ်လား. . . ကျွန်မက ဒီသေတ္တာကို တကယ်ပဲ ငွေတစ်သိန်းနဲ့ ပေးဝယ်ရမှာလား. . . ရှင် နောက်နေတာ မဟုတ်ပါဘူးနော်. . . ရှင် စဉ်းစားပါဦးရှင်. . . ဘယ်သူက ဒီသေတ္တာကို တစ်သိန်းပေးဝယ်မှာလဲ. . ."

ယောက်ဝမ်းယုံက ခေါင်းခါယမ်းလိုက်ပြီး. . .

"ဒီသေတ္တာထဲမှာ စွေတုံးလျူ အသက်ရှိခဲ့ရင် ငွေတစ်သိန်းဆိုတာ ခင်ဗျားအတွက် မများပါဘူးဗျာ. . . . . စွေတုံးလျူ ဘယ်လောက်တန်တယ်ဆိုတာ တကယ့်သိုင်းသမားမှ သိတာဗျ. . ."

မချူးပင်က မခိုးတစ်ချက် တွန့်လိုက်ပြီး. . .

"သေတ္တာထဲမှာ အုတ်ကျိုးအုတ်ပဲ့များသာ ရှိမယ်ဆိုရင်ကော ကျွန်မက ဆရာ့ကို ဘယ်လိုလုပ် ပြန်ပြောမလဲ. . ."

www.burmeseclassic.com

www.burmeseclassic.com



ယောက်ဝမ်းယုံက လှိုက်လှိုက်လှဲလှဲ ရယ်မောလိုက်သည်။

"ဒါက ခင်ဗျားတို့ ကိစ္စလေ. . . ကျုပ်နဲ့ ဘာဆိုင်လို့လဲဗျ"

မချူးပင်သည် ယောက်ဝမ်းယုံအား အတန်ကြာ စိုက်ကြည့်လိုက်ပြီးမှ ရုတ်တရက်. . .

သူမသည် ယောက်ဝမ်းယုံကဲ့သို့ လှိုက်လှိုက်လှဲလှဲ ရယ်မောလိုက်ပြီး. . .

"ကောင်းပြီလေ. . . ဒီသေတ္တာကို ကျွန်မ တစ်သိန်းနဲ့ ဝယ်ပါမယ်. . ."

သို့သော်. . .

သူတို့နှစ်ယောက် အရောင်းအဝယ် မတည့်ခဲ့ပါ။

အကြောင်းမှာ. . .

ယောက်ဝမ်းယုံက မချူးပင်ထံ ငွေတစ်သိန်း လက်မှတ်လှမ်းမယူမီ လူတစ်ယောက်၏အသံ ကြားလိုက်ရခြင်းကြောင့် ဖြစ်သည်။

"ကျွန်မက တစ်သိန်းတစ်သောင်းပေးမယ်. . ."

မိန်းကလေး တစ်ယောက်က ပြောရင်း အခန်းထဲသို့ ဝင်လာလေသည်။

ထိုမိန်းကလေးသည် ကျင်းဝါစုပင် ဖြစ်လေသည်။ ယခု. .

သူမသည် ပန်းရောင်ဝတ်စုံကို ဝတ်ဆင်ထားသည်။

မချူးပင်သည် ထိုအမျိုးသမီးကို ရှုံ့မှုန်းစွာ ကြည့်နေသည်။

အသာတကြည် ဆက်ဆံခြင်း မပြုခဲ့ပါ။

အထူးသဖြင့်. . .

သူမသည် အသက်ငယ်ငယ်ဖြင့် ချောမောသော မိန်းက



လေးများအား ပို၍မျက်မုန်းကျိုးသည်။ အဘယ်ကြောင့်ဆိုသော်. .

သူမသည် ချောမောသော်လည်း ဤမိန်းကလေးများလို အသက်မငယ်တော့သောကြောင့်ပေတည်း။

ထို့ကြောင့်. . .

သူမသည် ကျင်းဝါစုအား လှည့်ပင်မကြည့်ဘဲ ယောက်ဝမ်းယုံအား အေးတိအေးစက် လေသံဖြင့်. . .

"ဒီအရှေ့ပိုင်းကျွန်းက မိန်းကလေးက ဘယ်ကလာတာလဲ. . ."

ယောက်ဝမ်းယုံကလည်း အေးတိအေးစက် လေသံဖြင့်. .

"ဘယ်ကလာရမှာလဲဗျ. . . အရှေ့ပိုင်းကျွန်းကပဲပေါ့"

မချူးပင်က မကျေမနပ် လေသံဖြင့်. . .

"သူက ဘာမို့လို့လဲ. . ."

ယောက်ဝမ်းယုံက မချူးပင်ကို ကြည့်၍ လှိုက်လှိုက်လှဲလှဲ ရယ်မောလိုက်ပြီး. . .

"သူက ဘာမှမဟုတ်ပါဘူး. . . ခင်ဗျားတို့လို မိန်းမ တစ်ယောက်ပါပဲ. . . ဒါကို ကျုပ်ပြောဖို့ မလိုပါဘူးဗျာ. . ."

ယောက်ဝမ်းယုံက မချူးပင်ကို ကြည့်၍ လှောင်ပြုံးပြုံးလိုက်ပြီး စကားချူလိုက်သည်။

"ကျုပ်အထင် ပြောရရင်တော့ သူက ခင်ဗျားထက် ပိုက်ဆံ ပိုရှိမယ် ထင်တယ်. . ."

မချူးပင်၏ မျက်နှာတစ်ခုလုံးသည် မည်းမှောင်သွားသည်။

"သူက ဘယ်လောက်ချမ်းသာလို့လဲ. . . ကျွန်မက တစ်

www.burmeseclassic.com

www.burmeseclassic.com



သောင်းဖိုင်ရှိနဲ့ ရှင်က သူ့ကို ရောင်းလိုက်တော့မယ် မဟုတ်လား"

ယောက်ဝမ်းယုံက လိုက်လိုက်လဲ့လဲ့ ရယ်မောလိုက်ပြီး. . .

ကျင်းဝါစုအား တစ်ချက်ကြည့်လိုက်ပြီးမှ. . .

"တစ်သောင်းဆိုတဲ့ငွေဟာ ဘယ်နည်းပါ့မလဲဗျာ. . . အခြားပစ္စည်းတွေကို အများကြီး ဝယ်လို့ရတယ်. . . တစ်ခါတလေ မိန်းမလည်း ဝယ်လို့ရတယ်. . ."

မချူးပင်သည် သူမဘက်သို့ လှည့်ကြည့်လိုက်သည်။

"ညည်းက ဘာဖြစ်လို့ တစ်သိန်းတစ်သောင်း အကုန်ခံပြီး သေတ္တာတစ်လုံးကို ဝယ်ရတာလဲ. . ."

ကျင်းဝါစုက သူမ၏ မေးခွန်းအား အဖြေမပေးခဲ့ပါ။

ယောက်ဝမ်းယုံအား စေ့စေ့ကြည့်လိုက်ပြီး. . .

"မင်းသားလေး. . . ကျွန်မ အမှန်အတိုင်း ပြောလို့ဖြစ်မလား. . . ဒီအဘွားကြီး ကြားသွားရင် စိတ်များ ဆိုးသွားမလား. . ."

ယောက်ဝမ်းယုံက မချူးပင်ကို အကဲခတ်ကြည့်လိုက်ပြီး. . .

"သူက စိတ်မဆိုးတတ်ပါဘူးကွယ်. . ."

ယောက်ဝမ်းယုံက မရယ်မိစေရန် စိတ်ကို ထိန်းချုပ်ထားလိုက်ပြီး စကားဆက်လိုက်ပြန်သည်။

"အဘွားကြီး တစ်ယောက်က မင်းလို မိန်းကလေး တစ်ယောက်အပေါ် စိတ်မဆိုးပါဘူး. . . တကယ်ပြောတာပါ. . ."

ကျင်းဝါစုက ရင်ကော့လိုက်ပြီး ဂုဏ်ယူဝင့်ကြွားဟန်ဖြင့်

"ဒါဖြင့် ရှင်ကသူ့ကို တစ်ဆင့်ပြောလိုက်ပါ. . . ကျွန်မ တစ်သိန်းတစ်သောင်း အကုန်ခံပြီး ဒီသေတ္တာကို ဝယ်ရတာ



အကြောင်းသုံးခုရှိပါတယ်. . ."

ယောက်ဝမ်းယုံက မေးငေါ့လိုက်ပြီး. . .

"ပြောစမ်းပါဦး. . . ခင်ဗျား အကြောင်းသုံးခုက. . ."

ကျင်းဝါစုက ခေါင်းညိတ်လိုက်သည်။

"ပထမ ကျွန်မ ပိုက်ဆံရှိတယ်. . . ဒုတိယ ကျွန်မက ဝယ်ချင်လို့ ဝယ်တယ်. . . တတိယက ကျွန်မကို ဘာမှပြောစရာ မလိုဘူး. . ."

ယောက်ဝမ်းယုံက တဟားဟား ရယ်မောလိုက်လေတော့သည်။

"ဟား. . . ဟား. . . ဟား. . . ဟုတ်တယ်. . . ဟုတ်တယ်. . ."

အပြင်ဘက်မှ လူတစ်ယောက်ကလည်း အားရပါးရ ရယ်မောနေ၏။

"ဟား. . . ဟား. . . ဟား. . ."

ထိုသူ၏ ရယ်မောသံသည် ယောက်ဝမ်းယုံ၏ အသံထက် ပို၍ ကျယ်လောင်နေ၏။ သူမည်သူနည်း။ ထိုရယ်သံကို သူတို့သိ၏။

မင်းကျင်းသည် အရက်အိုး နှစ်လုံးယူ၍ ပြန်လည်ရောက်ရှိလာပြီ ဖြစ်သည်။

သူသည် အပြင်ဘက်၌ အတန်ကြာကြာချောင်း၍ နားထောင်နေခဲ့ဟန် ရှိသည်။

သူသည် အရက်အိုးအား စားပွဲပေါ်သို့ ချထားလိုက်ပြီး

"ငွေအများဆုံး ပေးနိုင်တဲ့လူဟာ ဒီသေတ္တာကို ရမယ်. . .

www.burmeseclassic.com

www.burmeseclassic.com



ဒါပေမယ့် ငွေအမြောက်အမြား အကုန်ခံပြီး ဝယ်ရတဲ့ သေတ္တာထဲမှာ ဘာမှမရှိဘူးဆိုရင် စိတ်ထဲမှာ ဘယ်လို ခံစားရမယ်ဆိုတာ အရင်တင် စဉ်းစားဖို့ ကောင်းတယ်. . ."

ယောက်ဝမ်းယုံက သူ့အား မေးလိုက်သည်။

"ခင်ဗျားကော ပါဦးမလား. . ."

မင်းကျင်းက ပြုံးလိုက်သည်။

"ကျုပ်က အရက်သမား တစ်ယောက် ဖြစ်ရုံတင်မကဘူး ဖဲသမားလည်း ဖြစ်တဲ့အတွက် ကျုပ်လည်း ပါမှာပေါ့. . . ဒီပွဲမှာ ကျုပ် ဝင်မပါလို့ ဘယ်ဖြစ်ပါ့မလဲ. . ."

သူက စကားဆက်လိုက်ပြန်၏။

"ကောင်းပြီ. . . အခုသူများက ဆစ်သိန်းတစ်သောင်း ပေးနေပြီဆိုတော့ ကျုပ်က ဒါထက်များများပေးရမှာပေါ့. . ."

မင်းကျင်းက သူ၏ လက်ညှိုးနှစ်ချောင်းကို ထောင်ပြလိုက်ပြီး. . .

"ကျုပ် နှစ်သိန်းပေးမယ်. . ."

ယောက်ဝမ်းယုံသည် မယုံသလို ဖြစ်သွား၏။ မင်းကျင်းကို အံ့ဩစွာ ကြည့်သည်။

"ခင်ဗျားမှာ ငွေနှစ်သိန်းပါလို့လား. . ."

မင်းကျင်းက ပခုံးတစ်ချက် တွန့်လိုက်ပြီး. . .

"ကျုပ်မှာ မရှိပါဘူး. . . အခုဆိုရင် ကျုပ်ကိုယ်ပေါ်မှာ တစ်ပြားမှ မရှိဘူး. . . ဒါပေမယ့် ကျုပ်မှာ အရက်နှစ်အိုးရှိတယ်လေ. . . အကောင်းဆုံး အရက်အိုးနှစ်အိုးရှိတယ်. . ."

မင်းကျင်းက မျက်နှာတည်တည်ဖြင့် စကားဆက်လိုက်



သည်။

"ဒါပေမယ့် ဒီလိုအချိန်မျိုးမှ အရက်တစ်အိုးကို တစ်သိန်းလောက်တန်ဖိုးထားရင် များမယ် မထင်ပါဘူး. . .

. . . တကယ်လို့ ခင်ဗျားတို့ သဲကန္တာရမှာ ရောက်နေတယ်ဆိုရင် ဒီအရက်တစ်အိုးဟာ ငါးသိန်းလောက်တန်မှာလေ. . ."

"မင်းပြောတာ မှန်ပါတယ်. . . ကာလဒေသပေါ့ကွယ်"

မေချူးပင်က စိတ်မဆိုးသည့်အပြင် ရယ်မော၍ပင် ပြောလေသည်။

သူမကပင် စကားဆက်လိုက်သည်။

"တကယ်လို့များ တခြားလူက လက်မခံရင် ဒီအရက်နှစ်အိုးကို ကျွန်မ ငွေနှစ်သိန်းနဲ့ ဝယ်လိုက်ပါ့မယ်. . ."

"ဟုတ်ပါတယ်ရှင်. . . အခုလို အချိန်မတော်မှာ အရက်တစ်အိုးကို တစ်သိန်းတန်ဖိုးထားတာ သင့်တော်ပါတယ်ရှင်. . ."

သူမသည် ယောက်ဝမ်းယုံဘက်သို့ လှည့်လိုက်ပြီး. . .

"ကဲ. . . ဒီအရက်နှစ်အိုးကို နှစ်သိန်းလောက် တန်ဖိုးဖြတ်ရင် မကောင်းဘူးလား. . ."

ယောက်ဝမ်းယုံက ခေါင်းညိတ်လိုက်ပြီး. . .

"ကောင်းပါတယ်. . . ခင်ဗျားတို့ သဘောတူရင် ပြီးတာပဲ. . ."

ကျင်းဝါစုက ယောက်ဝမ်းယုံကို အကဲခတ်ကြည့်လိုက်ပြီး

"ဒါထက်များများကော ဈေးတင်လို့ရဦးမလား. . ."

ယောက်ဝမ်းယုံက ခေါင်းခါယမ်းလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



"ဒါထက်တော့ ဈေးတင်လို့ မရတော့ပါဘူး. . ."

ကျင်းဝါစု၏ အသံသည် ပို၍ပျော့ပျောင်းလာသည်။

"တကယ်လို့များ ကျွန်မဟာ ဒါထက်များများ ထုတ်နိုင်ရင်. . ."

ယောက်ဝမ်းယုံ၏ မျက်လုံးအစုံသည် ဝင်းလက်သွားသည်။

"ဖြစ်ပါတယ်. . . ခင်ဗျားက ပေးချင်သလောက် ပေးပါ ကျုပ် စိတ်မဆိုးပါဘူး. . ."

ကျင်းဝါစုက လက်သုံးချောင်း ထောင်ပြလိုက်သည်။

"ကျွန်မက သုံးသိန်းပေးမယ်. . ."

ယောက်ဝမ်းယုံ၏ မျက်လုံးအစုံသည် ပို၍ဝင်းလက်တောက်ပသွားသည်။

"သိပ်ကောင်းတာပေါ့ဗျာ. . ."

ယောက်ဝမ်းယုံသည် ဝမ်းသာလွန်းသဖြင့် တဟားဟား ရယ်မောလိုက်သည်။

သူသည် ပြေးရင်းလွှားရင်း ငွေထုပ်ပိုက်နေပြီး သုံးသိန်းဆိုသောငွေမှာ စနစ်တကျ သုံးတတ်လျှင် နောက်ဘဝ၌ပါ သုံးနိုင်သည်။

"ဟား. . . ဟား. . . ဟား. . ."

"ဟား. . . ဟား. . . ဟား. . ."

❋ ❋ ❋

ပေးချေရမည့် ငွေသည် ချက်ချင်းလက်ငင်း ပေးချေရမည့်



ဖြစ်သည်။

ငွေမပါလည်း ငွေလွှဲလက်မှတ်ဖြင့် ပေးချေနိုင်သည်။

သို့သော်. . .

ထိုပေးချေရမည့် ငွေလွှဲလက်မှတ်သည် ယုံကြည်စိတ်ချရသော ငွေလွှဲလက်မှတ်သာ ဖြစ်ရမည်။

မေချူးပင်က မင်းကျင်းအား ကြည့်နေသည်။

မင်းကျင်းကလည်း မေချူးပင်ကို အဓိပ္ပာယ်ပါပါ ပြန်ကြည့်လိုက်သည်။

သူတို့ နှစ်ယောက်စလုံးသည် ငွေမထုတ်နိုင်ကြပါ။

ထို့ကြောင့်. . .

သူတို့သည် လက်မှိုင်ချ၍ နေရုံမှ တစ်ပါး မည်သို့မျှ မတတ်နိုင်တော့ပါ။

ထိုသေတ္တာကို ငွေသုံးသိန်းပေးသော ကျင်းဝါစု၏ လက်ထဲသို့ အပ်လိုက်ရုံသာ ရှိတော့သည်။

သူမထက် ဈေးပိုပေးသော လူတစ်ယောက်က ပေါ်လာခြင်းမရှိနိုင်ဟု ထင်နေစဉ်မှာပင် ပေါ်လာခဲ့သည်။

"သုံးသိန်းနဲ့တော့ မရောင်းပါနဲ့ဦးဗျာ. . . စွေတုံးလျှုကို ရောင်းချင်ရင် သုံးသိန်းနဲ့ ဘယ်ဖြစ်မလဲ. . . သိန်းသုံးဆယ်လည်း ဖြစ်သေးပါဘူး. . ."

ထိုအသံသည် မည်သည့်နေရာက ထွက်ပေါ်လာသည်ကို မသိပါချေ။

သူတို့သည် အသံကြားရာကို လှည့်ပတ်ကြည့်ရှုနေသည်။ အသံသည် သေတ္တာထဲမှ လာနေသည် မဟုတ်ပါလော။

www.burmeseclassic.com

www.burmeseclassic.com



သူတို့ သေတ္တာကို မယုံမရဲ ငေးကြည့်နေစဉ်တွင် သေတ္တာ အဖုံးသည် ဝုန်းခနဲ ပွင့်သွားလေသည်။

သေတ္တာထဲမှ လူတစ်ယောက်သည် ဖြည်းညှင်းစွာ ထလာလေသည်။ ထိုလူသည် သူ့လက်ညှိုးဖြင့် သူ့မျက်နှာကို ညွှန်ပြလိုက်ပြီး. . .

"ကျုပ်က သိန်းသုံးရာပေးမယ်ဗျာ. . ."

* * *



## အခန်း (၁၉)
## ခိုင်ရှည်ရှိသော သိုင်းသမား

ယောက်ဝမ်းယုံ ဆိုသောလူသည် ကော်ရဲ့တန်ရုံနှင့် ထိတ်လန့်တုန်လှုပ်သော လူစားမျိုး မဟုတ်ပါ။

သူ၏ဇနီး ရေထဲကျသွားသည်ဆိုလျှင်ပင် သူက အနည်းငယ်မျှ မျက်နှာပျက်မည် မဟုတ်ပါ။

သူသည် ဤမျှ သွေးအေးသူ ဖြစ်ပါသည်။ သို့သော်. . .

ယခု သူ၏မျက်နှာမှာမူ ကွက်ခနဲ ပျက်သွားသည်။

ကမ္ဘာကြီး ပျက်သွားပြီဟု သူ ထင်မှတ်လိုက်မိသည်။

သူ၏ မျက်လုံးအစုံသည် ဇွေတုံးလျှုအား မယုံကြည်နိုင်သလို ပြူးကျယ်၍ ကြည့်နေသည်။

ဇွေတုံးလျှုအား သူ၏ပါးစပ်ထဲမှ ငုံထားသော ပြွန်ဖြင့် မေ့ဆေးမှုတ်၍ သတိမေ့စေခဲ့သည်။ ထို့ပြင်. . .

ဇွေတုံးလျှု၏ သွေးကြောများကို သူကိုယ်တိုင် ပိတ်ခဲ့လိုက်သေးသည်။

သုံးရက်အတွင်း ဇွေတုံးလျှုက လှုပ်ရှားနိုင်မည် မဟုတ်

www.burmeseclassic.com

www.burmeseclassic.com



ဟု ယုံကြည်ထားခဲ့သည်။

သူ၏ အထူးစိမ်ထားသော မေ့ဆေးနှင့် သွေးကြောပိတ်သည့် ပညာကို သူ ယုံကြည်စိတ်ချသည်။ သို့သော်. . .

ယခု စွေတုံးလျှုသည် သေတ္တာထဲမှ ထလာနိုင်ခဲ့ပေပြီ။

ထနိုင်ခဲ့သည့်အပြင် သူ၏မျက်နှာမှာလည်း ရွှင်ရွှင်ပျပျ ရှိနေသည်ကို တွေ့ရလေသည်။

ငွေအတော်များများ အကုန်ခံ၍ ဖော်စပ်ထားသော မေ့ဆေးနှင့် ဆယ်နှစ်တိုင်တိုင် အဆက်မပြတ် လေ့ကျင့်ခဲ့သော သွေးကြောပိတ်ပညာသည် စွေတုံးလျှုကို မည်သို့မျှ အကျိုးမသက်ရောက်နိုင်ခဲ့ပေ။ သူသည် လွန်စွာစိတ်ပျက်သွား၏။

စွေတုံးလျှုက သေတ္တာထဲမှ လှမ်းထွက်လာသောအခါ အရက်အိုး တစ်လုံးသည် သူ့ထံသို့ ပစ်လွင့်လာသည်။

သူသည် အရက်အိုးအား ဖမ်းယူထားလိုက်ပြီ အရက်အိုး အဝတွင် ဖုံးထားသော ချိတ်များအား ဖယ်ရှားပစ်လိုက်၏။

ထို့နောက်. . .

လက်နှစ်ဖက်ဖြင့် အရက်အိုးကို မ၍မော့ချလိုက်သည်။

မင်းကျောင်းက အားရပါးရ ရယ်မောလိုက်သည်။

"မင်းက တကယ်ပဲ မသေမရှင် ဖြစ်နေတယ်လို့ ငါထင်မိတာ. . . အခုတော့ အရက်ကို အငမ်းမရ သောက်နိုင်ပါလား. . . ကျုပ် အရက်တစ်အိုးဟာ တစ်သိန်းတန်တယ်ဆိုတာ မင်းသိသလား. . ."

စွေတုံးလျှုက ရယ်မောလိုက်သည်။

"တစ်သိန်းတန်တဲ့ အရက်ကို သောက်ဖူးအောင် သောက်



ကြည့်လိုက်ရတော့ ငါ ဘယ်လောက် ဝမ်းသာတယ်ဆိုတာ မင်း မသိဘူးနော်. . ."

သူတို့ နှစ်ယောက်သည် အူလှိုက်သည်းလှိုက် ရယ်မောလိုက်လေသည်။

"ဟား. . . ဟား. . . ဟား. . ."

အခန်းထဲ၌ ရယ်မောသံများ ဆူညံနေသည်။

ကျန်ရှိသော လူများသည် သူတို့နှစ်ယောက်လို မရယ်မောနိုင်ကြပါ။ သူတို့သည် ကြောင်အမ်းအမ်းဖြင့် မင်းကျောင်းအား ငေး၍ ကြည့်နေ၏။

မင်းကျောင်းက စွေတုံးလျှုအား မေးလိုက်သည်။

"ငါခုထိ မရှင်းသေးဘူးကွ. . . မင်းက ဘာများ စိတ်ကူးထပြီး သူ့များ သေတ္တာထဲကို အထည့်ခံလိုက်ရတာလဲ. . ."

စွေတုံးလျှုက ပခုံးတစ်ချက် တွန့်လိုက်ပြီး. . .

"ငါ့မှာ အကြောင်းရှိလို့ပေါ့ကွာ. . ."

မင်းကျောင်းက မျက်မှောင်ကြုတ်လိုက်ပြီး. . .

"ဆိုစမ်းပါဦးကွာ. . . ဘာအကြောင်းများလဲ. . ."

စွေတုံးလျှုက ယောက်ဖမ်းယုံကို အကဲခတ်ကြည့်လိုက်ပြီး

"တစ်ချို့ကိစ္စတွေမှ ငါမသိသေးဘူးလေ. . . ဒါကြောင့် သိအားလည်လာအောင် လုပ်ရတာပေါ့. . . မင်း သဘောပေါက်ရဲ့လား. . ."

စွေတုံးလျှုသည် ယောက်ဖမ်းယုံအား ပြုံးပြလိုက်သည်။

"ခင်ဗျားကိုမေးရင် ခင်ဗျားက ပြောပြမှာ မဟုတ်ဘူးဆိုတာ ကျုပ်သိပါတယ်. . . ဒါကြောင့် ခင်ဗျားက ကျုပ်ကို မေ့ဆေးနဲ့

www.burmeseclassic.com



မှတ်လိုက်တဲ့အခါမှာ ကျုပ် သတိမေ့သွားသလို ဟန်ဆောင်လိုက် တာပေါ့. . .မခက်ပါဘူး. . . ”

သူသည် ပြုံး၍ စကားဆက်လိုက်ပြန်သည်။

“လူတစ်ယောက်ဟာ သတိမေ့ပြီး သေတ္တာထဲ ထည့်ခံ တယ်ဆိုတော့ သူ့ကို ဘယ်သူကမှ သတိမပြုမိတော့ဘူးပေါ့. . . ဘယ်သူကမှလဲ ဂရုမစိုက်တော့ဘူးပေါ့. . . ”

ဇွေတုံးလှုကြ သေတ္တာကို တစ်ချက်ကြည့်လိုက်ရင်း. . .

“သေတ္တာထဲမှာ အထည့်ခံရတဲ့လူဟာ သူများ မကြား ကိစ္စများကို ကြားသိရတာက်တယ် မဟုတ်လား. . . ”

မင်းကျောင်းက သိချင်ဟန်ဖြင့် မေးလိုက်သည်။

“ဒါဖြင့် မင်း နားမလည်တဲ့ကိစ္စကို အခုအားလုံး နား လည်သွားပြီ မဟုတ်လား. . . ”

ဇွေတုံးလှုကြ ခေါင်းခါယမ်းလိုက်ပြီး. . .

“အားလုံးတော့ ဘယ်နားလည်ဦးမလဲကွ. . . ဒါပေမယ့် တော်တော်တော့ နားလည်သွားပါပြီ. . . ”

သူသည် ယောက်ဝမ်းယုံအား ကြည့်၍ ပြုံးလိုက်သည်။

“အနည်းဆုံးတော့ ခင်ဗျားနဲ့ မေချူးပင်တို့ဟာ ဆရာကူ အဖွဲ့ဆိုတာ နားလည်လိုက်ပြီ. . . ခင်ဗျားတို့ဟာ ဆရာကူအတွ ကြီးကျယ်တဲ့ အကြံအစည်တစ်ခု ကြံစည်နေတယ်ဆိုတာလည် သဘောပေါက်လာတယ်. . . ဒီကိစ္စရဲ့ အဓိကသော့ချက်ဟာ ချ ဖုန်းထင်းရဲ့ သမီးဖြစ်ရမယ်. . . ”

ယောက်ဝမ်းယုံက သူ့အား စေ့စေ့ကြည့်လိုက်ပြီး. . .

“ခင်ဗျား ဘယ်လိုလုပ်သိလိုက်တာလဲ. . . ”



ဇွေတုံးလှုကြ ရှင်းပြလိုက်သည်။

“ဒီလိုပါ. . . ကျုပ်က ဒီမိန်းကလေးကို တွေ့မြင်လိုက်ပြီး သူဟာ ချူးဖုန်းထင်းရဲ့သမီး ဆိုတာသိလို့ ခင်ဗျားက ကျုပ်ကို နှုတ် ပိတ်ဖို့ ကြံစည်တဲ့အတွက် သဘောပေါက်လာတာပဲ. . . ”

ယောက်ဝမ်းယုံက မျက်မှောင်ကြုတ်လိုက်သည်။

“ဒီအကြောင်းတွေကို သိချင်လို့ ခင်ဗျားက သတိမေ့ချင် ဟန်ဆောင်တာက အရေးမကြီးဘူးဗျ. . . တကယ်လို့များ ကျုပ်က အဲဒီအချိန်မှာ ခင်ဗျားကို ကျုပ်က သတ်လိုက်ရင် ဘယ်လိုလုပ်မလဲ ဗျ. . . ”

ဇွေတုံးလှုကြ ယောက်ဝမ်းယုံအား စိုက်ကြည့်လိုက်၏။

အတန်ကြာမှ. . .

“ကျုပ်ကို ခင်ဗျား မသတ်ဘူးဆိုတာ ကျုပ်က ယုံကြည် ထားတယ်လေ. . . ”

ဇွေတုံးလှုသည် စကားကို ရပ်လိုက်၏။ လူအားလုံးက သူ့စကားဆက်မည်ကို နားစွင့်နေကြသည်။

ဇွေတုံးလှုကြ ဖြည်းညင်းစွာ ပြောသည်။

“ခင်ဗျားဟာ ယုတ်မာတဲ့ လူစားမျိုး မဟုတ်ဖူး ဆိုတာ လည်း ကျုပ်ရဲ့ နှလုံးသားထဲ ယုံကြည်ထားတယ်လေ. . . ”

ယောက်ဝမ်းယုံ သိမ့်သိမ့်ခါသွားလေ၏။

“ခင်ဗျားက ကျုပ်ကို သတ်မယ်ထားဦး. . . ကျုပ်က သေ နိုင်မယ် မဟုတ်ဘူးဆိုတာလည်း ခင်ဗျား ယုံမလား. . . ”

သူက ယောက်ဝမ်းယုံကို ကြည့်လိုက်ပြီး. . .

“ကျုပ်ကို မေ့ဆေးနဲ့လုပ်လို့ ဘယ်တော့မှ မရဘူးဗျ. .

www.burmeseclassic.com

www.burmeseclassic.com



ဘာဖြစ်လို့လဲဆိုရင် မေ့ဆေးနဲ့ ပတ်သက်ပြီး ကျုပ်က အထူးခံနိုင်ရည်ရှိသွားပြီ. . ."

ယောက်ဝမ်းယုံက ခေါင်းညိတ်လိုက်ပြီး. . .

"ထားပါတော့လေ. . . ကျုပ်က ခင်ဗျားကို သွေးကြောပိတ်လိုက်တာကော. . ."

စွေတုံးလျှုကလည်း ပြုံး၍ ခေါင်းညိတ်လိုက်သည်။

"ဟုတ်ပါတယ်. . . ကျုပ်မှာ သွေးကြောရှိပါတယ်. . . ဒါပေမယ့် ကျုပ်သွေးကြောနေရာကို နည်းနည်းလေး ရွေ့သွားအောင် လုပ်တတ်ဖို့ လေ့ကျင့်ထားလို့ပါ. . ."

ယောက်ဝမ်းယုံသည် အံ့သြတကြီးဖြင့် စွေတုံးလျှုအား ကြည့်လိုက်ပြီး မချိုပြုံးပြုံး၍ ပြောလိုက်သည်။

"ခင်ဗျားလို လူစားမျိုးနဲ့ လာတွေ့တော့ ကျုပ် ကံဆိုးတယ်လို့ ဆိုရမှာပေါ့ဗျာ. . ."

ယောက်ဝမ်းယုံက ဆက်ပြောသည်။

"အခုတော့ ကျုပ်က ဘာမှပြောစရာ မရှိတော့ဘူး. . . ကျုပ်ကို အခု အကူအညီပေးပါလို့ပဲ တောင်းဆိုချင်ပါတယ်. . ."

စွေတုံးလျှုက ခေါင်းညိတ်လိုက်ပြီး. . .

"ကျုပ်က ဘာများကူညီရမှာလဲဗျ. . ."

ယောက်ဝမ်းယုံက မချိုပြုံးပြုံးလိုက်သည်။

"ကျုပ်ကို သေတ္တာထဲထည့်လိုက်ပြီး မြစ်ထဲကို သွားချပေးပါတော့ဗျာ. . ."



အခန်း (၂၀)

## ပြန်ပေလျှော့ခါနီးသည့်ငွေ

ယောက်ဝမ်းယုံသည် ထိုသို့ ပြောပြီးသည်နှင့် သေတ္တာထဲသို့ လှမ်းဝင်လိုက်သည်။ ရုတ်တရက်. . .

ထိုသေတ္တာသည် အပိုင်းပိုင်း ကျိုးပဲ့သွားလေ၏။

စွေတုံးလျှုက ထိုအဖြစ်ကို ကြည့်ပြီး ပြုံးလိုက်လေ၏။

"အင်း. . . ကျုပ် ကူညီစရာ မလိုတော့ဘူးထင်တယ်. . ."

စွေတုံးလျှုက ပြုံး၍ပင် စကားဆက်လိုက်လေ၏။

"အခုဆိုရင် ခင်ဗျားကို သေတ္တာထဲထည့်နိုင်တဲ့လူ မရှိတော့ဘူးလို့ ထင်ပါတယ်. . . ဘာဖြစ်လို့လဲဆိုတော့ သေတ္တာမရှိတော့ဘူး မဟုတ်လား. . ."

ယောက်ဝမ်းယုံက စွေတုံးလျှုအား ငေးကြည့်နေရာမှ. . .

"ဒါဟာ ခင်ဗျား လက်ချက်ပဲ မဟုတ်လား. . . ဘာဖြစ်လို့ ခင်ဗျားက ဒီလိုလုပ်ရတာလဲ. . ."

စွေတုံးလျှုက ခေါင်းညိတ်လိုက်ပြီး. . .

"ကျုပ် ဘာဖြစ်လို့ ဒီလိုလုပ်ရတာလဲ ဆိုတော့ လူတစ်

www.burmeseclassic.com

www.burmeseclassic.com



ယောက်ဟာ သေတ္တာထဲ အပိတ်ခံရတာဟာ သိပ်ပျော်စရာကောင်းတဲ့အလုပ်မှ မဟုတ်ဘဲ. . . ကျုပ်ကိုယ်တိုင် ခံစားခဲ့ရတော့ ဒါတွေကို သိနေတယ်. . . ဒါတောင် ကျုပ်က ဒီထဲက လွတ်မယ်ဆိုတာကို သိနေတဲ့လူနော်. . ."

စွတ်တုံးလှျူက ပခုံးတစ်ချက်တွန့်လိုက်ပြီး စကားဆက်လိုက်ပြန်သည်။

"ကျုပ်က မပျော်ဘူးထင်တဲ့ ကိစ္စတစ်ခုကို တခြားလူက ပျော်မှာ မဟုတ်ဖူးဆိုတာ ကျုပ်က သိပါတယ်. . , ဒါကြောင့် ကျုပ်ဟာ ဘာဖြစ်လို့ သူများ စိတ်ထဲမှာ မပျော်စေတဲ့ အလုပ်ကို လုပ်နေရမှာလဲ. . ."

သူသည် ယောက်ဝမ်းယို၏ ပခုံးအား အသာအယာ ပုတ်လိုက်သည်။

"ခင်ဗျားက ကျုပ်ကို အားနာတယ်ဆိုရင် ကျုပ်ကို တစ်ခုလောက် ကူညီပါဗျာ. . ."

ယောက်ဝမ်းယိုက ပခုံးတစ်ချက် တွန့်လိုက်လေသည်။

"ကျုပ်က ဘာအကူအညီ ပေးရမှာလဲ. . . ပြော. . ."

ယောက်ဝမ်းယို ခေါင်းခါယမ်းလိုက်ပြီး. . .

"အခု မဟုတ်ပါဘူး. . . တော်ကြာ နေမှပါ. . ."

အခန်းထဲမှ လစ်ထွက်ပြေးရန် ကြံစည်နေသူ တစ်ဦးတော့ ရှိနေသည်။

ထိုသူကား ကျင်းဝါစုပေတည်း။ ဤအခန်းထဲရှိ လူအားလုံးတွင် သူမသည် အားအနည်းဆုံး ဖြစ်သည်။

ထို့ကြောင့် သူမသည် အခန်းထဲမှ ထွက်ပြေးရန် ကြံစည်



နေခြင်းဖြစ်သည်။ သို့သော်. . .

သူမက မပြေးဝံ့ပါ။ ဤအခန်းတွင်ရှိသော လူအားလုံးတို့သည် ထွက်ပြေးရန် မလွယ်ကူမှန်း သူနားလည်လိုက်သည်။ သူတို့လူစုထဲ၌ စွတ်တုံးလှျူ ရှိနေခြင်းသည် အကြီးဆုံး အန္တရာယ်ပင် ဖြစ်နေ၏။

သူမသည် ယင်းသို့ စဉ်းစားနေစဉ်မှာ စွတ်တုံးလှျူက ပြုံးပြနေသည်ကို တွေ့လိုက်ရလေသည်။ စွတ်တုံးလှျူက ပြုံး၍. . .

"ကျုပ်က ကျင်းဝါစုဆိုတဲ့ မိန်းကလေးကို မြင်ဖူးတယ်ဗျ"

သူမ၏ မျက်လုံးအစုံသည် ပြူးကျယ်သွားလေ၏။

"ရှင်. . ."

စွတ်တုံးလှျူက ခေါင်းညိတ်လိုက်သည်။

"ကျုပ်က ခင်ဗျားတို့ ကျွန်းပေါ်ကို ရောက်ဖူးပါတယ်"

သူသည် ကျင်းဝါစုအား ပြုံးပြ၍ သက်ပြင်းတစ်ချက် ချလိုက်သည်။

ကျင်းဝါစုသည် အကြီးအကျယ် အံ့ဩသွားလေသည်။

ပို၍ အံ့ဩသွားသည်မှာ မိမိ၏နာမည်ကိုပင် စွတ်တုံးလှျူက သိထားခြင်းဖြစ်သည်။ ထိုစဉ်. . .

စွတ်တုံးလှျူက စကားဆက်လိုက်ပြန်သည်။

"ခုနက ခင်ဗျားက ဒီသေတ္တာကို သုံးသိန်းနဲ့ ဝယ်မယ်လို့ ကြားလိုက်ပါတယ်. . . ကျုပ် နားကြား မမှားပါဘူးနော်. . ."

ကျင်းဝါစုက ခေါင်းညိတ်လိုက်ပြီး. . .

"ဟုတ်ကဲ့. . . မမှားပါဘူးရှင့်. . ."

စွတ်တုံးလှျူက ခေါင်းညိတ်လိုက်ပြီး. . .

www.burmeseclassic.com

www.burmeseclassic.com



"ဒါဖြင့် ဒီသေတ္တာဟာ မင်းပိုင်သွားပါပြီ…"

ယခုမှ ကျင်းဝါစုက နားလည်လိုက်လေသည်။

စွေတုံးလျှုက သူမအား အသုံးမကျတဲ့ မျဉ်ပြားကို ငွေသုံးသိန်းဖြင့် ဝယ်ခိုင်းသည်ကို သဘောပေါက် နားလည်လာသည်။

သို့သော်…

သူမသည် ခေသော မိန်းကလေး တစ်ယောက်မဟုတ်ပါ။

"ဒီသေတ္တာ ကျွန်မပိုင်တာ မဟုတ်ဘူး ထင်တယ်… ရှင်ကသာ ပိုင်ပါတယ်ရှင်…"

စွေတုံးလျှုက မျက်လုံးပင့်လိုက်ပြီး…

"ဘာဖြစ်လို့လဲ…"

ကျင်းဝါစုက ရှင်းပြလိုက်လေသည်။

"ကျွန်မ နားကြားမလွဲဘူးဆိုရင် ရှင် ဒီသေတ္တာကို သိန်းသုံးဆယ်နဲ့ ဝယ်မယ်လို့ ပြောခဲ့တယ်လေ…"

စွေတုံးလျှုက ခေါင်းညိတ်လိုက်ပြီး…

"ခင်ဗျား နားကြားမလွဲပါဘူး… ဒါပေမယ့် ကျုပ်ကငွေသိန်းသုံးဆယ်ရှိတဲ့လူနဲ့ တူသလားဆိုတာ ကြည့်စမ်းပါဦး…"

ကျင်းဝါစုက ခေါင်းခါယမ်းလိုက်ပြီး…

"ဒါတော့ ကျွန်မလည်း ဘယ်ပြောတတ်မလဲ…"

စွေတုံးလျှုက စကားဆက်လိုက်သည်။

"ဒီလိုဆိုရင် ကျုပ်ပြောပြမယ်… ကျုပ်မှာ ငွေဆိုလို့ တစ်ပြားမှ မရှိဘူး… ဒါကြောင့် သိန်းသုံးဆယ်ပေးပေမယ့် အရာမရောက်ပါဘူး… ငွေရှိတဲ့ လူပြောတဲ့ စကားကမှ အရာရောက်တာ…"



သူသည် ပြုံးလိုက်ပြီး စကားဆက်လိုက်သည်။

"ဒါကြောင့်လည်း ဒီသေတ္တာကို ခင်ဗျား ရထိုက်ပါတယ်"

ကျင်းဝါစုက သူ့အား စေ့စေ့ကြည့်နေ၏။

အတန်ကြာမှ စွေတုံးလျှုက စကားဆက်လိုက်သည်။

"ကျင်းဝါစုက ငွေသုံးသိန်း ချက်ချင်းထုတ်နိုင်တယ်ဆိုတာ ကျုပ် ခြွင်းချက်မရှိ ယုံနိုင်ပါတယ်…"

ကျင်းဝါစုက သက်ပြင်းတစ်ချက် ချလိုက်ပြီး…

"ကျွန်မ ငွေသုံးသိန်း အမှန်ရှိပါတယ်… ဝယ်လည်းဝယ်ချင်ပါတယ်… ဒါပေမယ့် ခက်တာက အခု သေတ္တာမှ မရှိတော့ဘဲ…"

စွေတုံးလျှု၏ မျက်လုံးအစုံသည် ပြူးကျယ်သွားလေတော့သည်။

"သေတ္တာမရှိဘူး မဟုတ်လား… သေတ္တာက ဘာဖြစ်လို့ မရှိရတာလဲ…"

သူသည် စုပုံပြီး ကျိုးပဲ့နေသော မျဉ်ချပ်များကို ကြည့်လိုက်ပြီး…

"ဒါက သေတ္တာမဟုတ်ရင် ဘာလဲ…"

မေချူးပင်က ရယ်မောရင်း ပြောလိုက်၏။

"သေတ္တာမှ သေတ္တာအစစ်ပေါ့…"

စွေတုံးလျှုကလည်း အားရပါးရ ရယ်မောလိုက်သည်။

"ဘာပဲပြောပြော… မေချူးပင်ဟာ သဘောပေါက်တဲ့ လူတစ်ယောက်ပါပဲ… ဘာပုံကြီးပဲ ဖြစ်နေဖြစ်နေ ကိုယ်က သေတ္တာလို့ ထင်မှတ်ထားရင် သေတ္တာပေါ့…"

www.burmeseclassic.com

www.burmeseclassic.com



ကျွင်းစုဝါ စိတ်မဆိုးပါ။ စွေတုံးလူ့ ပြောသည့် စကားက လည်း မမှားပါ။ သူမတာ ပြုံးပြီး. . .

"မှုတ်သားပဲ. . . အခုမှ ဒါဟာ သေတ္တာမှန်း ကျွန်မ တွေ့ လိုက်ရတော့တယ်. . ."

သူမသည် ဝမ်းသာအားရ ဖြစ်နေဟန်တူသည်။ သူမ တကယ်လည်း သဘောပေါက်သွားသည်။ စိတ်ထားကောင်းသော စွေတုံးလူ့ကိုလည်း လေးစားသွားမိသည်။

"ဒီလောက်ကောင်းတဲ့ သေတ္တာတစ်လုံးကို ဝယ်လို့ရတဲ့ အတွက် ကျွန်မအဖို့ ကံကောင်းတယ်လို့ ဆိုရမှာပေါ့ရှင်. . ."

သူမသည် ပြောရင်း ငွေလွှဲလက်မှတ် တစ်ထပ်ကြီးကိုထုတ် လိုက်လေ၏။ ထို့ပြင်. . .

ပုလဲကုံး အိတ်ကလေး တစ်အိတ်ပါ ထုတ်ပေးလိုက်သည်။

သူမသည် ယဉ်ကျေးသိမ်မွေ့စွာဖြင့် ငွေလွှဲလက်မှတ်ဖြင့် ပုလဲအိတ်ကလေးတို့ကို စားပွဲပေါ်သို့ အသာအယာ ချထားလိုက် သည်။

"ငွေလွှဲလက်မှတ်က နှစ်သိန်းနဲ့ ငါးထောင်ရှိပါတယ်. . . ကျန်တဲ့ ငွေကိုတော့ ဒီပုလဲများက ဖြည့်နိုင်လိမ့်မယ်လို့ ယူဆပါ တယ်ရှင့်. . ."

သူမသည် ပြောပြီး ကြမ်းပြင်ပေါ်မှ ပျဉ်ပြားစများကို တစ်စပြီး တစ်စစုပုံလိုက် ပြီးနောက် အဝတ်တစ်ခုနှင့် ချည်နှောင် လိုက်လေသည်။

သူမသည် ပျဉ်ပြားစအားထုတ် ပြီးနောက် ပခုံးပေါ်သို့ တင်လိုက်သည်။ ထို့နောက်. . .



အခန်းတွင်းရှိ လူအားလုံးအား ယဉ်ကျေးစွာဖြင့် ဦးညွှတ် လိုက်သည်။ သူမသည် ပြုံးလိုက်ပြီး. . .

"ကဲ. . . ကျွန်မကို သွားခွင့်ပြုပါဦးရှင်. . ."

သူမ ထွက်သွားချင်သည့် အခန်းမှ လွတ်လပ်စွာ ထွက် သွားခွင့်ရခဲ့လေပြီ။

စွေတုံးလူ့သည် ဤနည်းအားဖြင့် သူမအား ထွက်ခွာခွင့် ပြုလိုက်ခြင်း ဖြစ်ပါသည်။

မင်းကျင်တာ မဲ့ပြုံးပြုံးလိုက်ပြီး. . .

"မင်း လူပုံအလယ်မှာ မိန်းကလေး တစ်ယောက်ကို စော် ကားတာ မရှက်ဘူးလား. . ."

သူသည် စွေတုံးလူ့နှင့် ရန်ဖြစ်ရန် အကျီလက်ကို မင့် တင်လိုက်သည်။

"ဒီမှာ ငါမေးမယ်. . . မင်းက ဒီလောက် အရှက်ကင်းမဲ့ လောက်အောင် ဝေါ်နေလို့လား. . . ဘာဖြစ်လို့ သူများရဲ့ ငွေသုံး သိန်းကို ခြိမ်းခြောက်ပြီး ယူလိုက်ရတာလဲ. . ."

စွေတုံးလူ့သည် သူ့အား လှည့်၍ပင် မကြည့်ပါ။

ယောက်ဝမ်းယုံဘက် လှည့်ကြည့်လိုက်သည်။

"ကဲ. . . စောစောက ပြောတဲ့ အကူအညီပေးပါဆိုတာ ကို ပြောရတော့မယ်. . . ခင်ဗျားကို အကူအညီ တစ်ခုတောင်းရ တော့မယ်. . ."

ယောက်ဝမ်းယုံတာ မျက်ခုံးပင့်လိုက်ပြီး. . .

"ဘာများလဲ ပြောပါဗျာ. . ."

စွေတုံးလူ့က ငွေသုံးသိန်းကို လက်ဖြင့်ညွှန်ပြလိုက်ပြီး. .

www.burmeseclassic.com

www.burmeseclassic.com



"ဒီငွေသုံးသိန်းကို ခင်ဗျား ယူသွားပါဗျာ..."

ယောက်ဝမ်းယုံ အံ့အားသင့်သွားသည်။

သူက အထိတ်တလန့်ဖြင့် လက်ကာပြလိုက်ပြီး...

"ခင်ဗျား ငွေပဲ... ဘာဖြစ်လို့ ကျုပ်ကို ပေးရတာလဲ"

ယောက်ဝမ်းယုံက ခေါင်းခါယမ်းလိုက်ပြီး...

"ဒီငွေဟာ ကျုပ် ငွေမဟုတ်ဘူး... ခင်ဗျားကိုလည်း မပေးနိုင်ဘူး... ဒီငွေကို ခင်ဗျား ယူသွားပြီး ကျုပ်ကိုယ်စား ဓားနှစ်လက်ဌာနက သေဆုံးသွားတဲ့ သိုင်းသမားရဲ့ မိသားစုနဲ့ ပလွေနက်တို့ကို ဝေပေးလိုက်ပါဗျာ..."

မင်းကျင်းက အံ့အားသင့်သွားသည်။

ပေါက်ကွဲလုဆဲဆဲတဲ့ ဒေါသများသည် တစ်မုဟုတ်ချင်း လွင့်ပျောက်သွားလေသည်။

သူ့သူငယ်ချင်းသည် အပြစ်ဆို၍ မြူမှုန်တစ်မှုတ်မျှလောက်ပင် မရှိသူပါတကား။

သူသည် ကိုယ့်ကိုယ်ကိုပင် ထရိုက်ချင် စိတ်ပေါက်လာသည်။ ရွှေတုံးလျှူက သက်ပြင်းတစ်ချက် ချလိုက်သည်။

"ပလွေနက်ဟာ သူ့တာဝန်ကို သူကျေပွန်ပါတယ်... ဒါကြောင့် သူ ရသင့်ရထိုက်တဲ့ငွေကို လက်ခံရမှာပေါ့... ဒါပေမယ့် သူကတော့ လက်ခံမှာမဟုတ်ဘူး..."

ရွှေတုံးလျှူက ယောက်ဝမ်းယုံအား စေ့စေ့ကြည့်လိုက်သည်။

"ဒါကြောင့် ခင်ဗျားကပဲ သူလက်ခံလာအောင် ပြောပေးပါဗျာ..."



ယောက်ဝမ်းယုံက ရွှေတုံးလျှူအား အတန်ကြာစိုက်ကြည့်လိုက်သည်။

"ကျုပ်က ဒီလိုကိစ္စမျိုး လုပ်တာ မဟုတ်ဘူး... ကျုပ်ရဲ့ ဘဝတစ်လျှောက်လုံးမှာလည်း ကောင်းတဲ့အလုပ်ဆိုလို့ ဘာတစ်ခုမှ မလုပ်ခဲ့ဘူး..."

သူ၏အသံသည် မာနကြီးသည်။ အေးစက်ကြမ်းကြုတ်နေ၏။ အတန်ကြာမှ...

သူက သက်ပြင်းတစ်ချက် ချလိုက်သည်။

"ဒါပေမယ့် ခင်ဗျားအတွက်တော့ ကျုပ်လုပ်ပေးပါတယ် ကျုပ်တစ်သက်မှာ ပထမဆုံး လုပ်တဲ့ကောင်းမှုပေါ့ဗျာ..."

သူမသည် ရွှေတုံးလျှူအား စိုက်ကြည့်လိုက်သည်။

"ကျင်းဝါစုက ပျဉ်တိုပျဉ်စများကို ကျေကျေနပ်နပ်နဲ့ ငွေသုံးသိန်းပေးပြီး ဝယ်သွားတာကိုတော့ ကျွန်မ နားမလည်နိုင်ဘူး"

သူမက သက်ပြင်းတစ်ချက် ချလိုက်သည်။

"သူက ဒါလောက် ဝေးလံသည့်နေရာက လာပြီး ဒီပျဉ်တို ပျဉ်စတွေ ဝယ်ဖို့တော့ မဟုတ်နိုင်ဘူး ထင်တယ်... ရှင်က ဘာဖြစ်လို့ သူ့ကို မမေးလိုက်တာလဲ..."

ရွှေတုံးလျှူက တည်ငြိမ်စွာဖြင့် ပြောလိုက်သည်။

"သူ့အသက် မသေစေချင်လို့ပေါ့ဗျာ..."

မချူးပင်က တအံ့တသြကြီးဖြင့် မေးလိုက်သည်။

"ဘယ်လို ရှင်က သူ့ကိုမေးလိုက်တာနဲ့ သူသေသွားနိုင်တယ်... ဟုတ်လား..."

ရွှေတုံးလျှူက ခေါင်းညိတ်ပြလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ်ဗျ. . ."

မချေးပင်က မျက်ခုံးပင့်လိုက်ပြီး. . .

"ဘာဖြစ်လို့လဲ. . ."

စွေတုံးလှူက ပြုံးရယ်လိုက်ပြီး မချေးပင်အား ပြန်မေး လိုက်သည်။

"တကယ်လို့များ ကျင်းကျူးထေင်းက ခင်ဗျားကို ဖမ်းမိပြီး ဘယ်သူက ခိုင်းလိုက်တယ်လို့များ စစ်ဆေးမေးမြန်းရင် ခင်ဗျားက အသက်ရှင်နိုင်ပါ့မလား. . ."

မချေးပင်က ပါးစပ်ပိတ်သွားလေ၏။ ခဏတရက်. . .

"စွေတုံးလှူက ကျုပ်ကို အကူအညီတစ်ခု ပေးပါလား ဗျာ. ."

မချေးပင်က ခေါင်းညိတ်လိုက်ပြီး. . .

"ဘာများလဲရှင်. . ."

မချေးပင်က ထိတ်ထိတ်ပျာပျာ မေးလိုက်သည်။

စွေတုံးလှူက သက်ပြင်းတစ်ချက် ချလိုက်သည်။

"ခင်ဗျားဟာ မင်းကျင်းနဲ့ အတော်ရင်းနှီးတဲ့ မိတ်ဆွေ ကျုပ်က ခြားအကူအညီ တောင်းလို့ ဘယ်ဖြစ်ပါ့မလဲဗျာ. . . ကျုပ်အတွက် မြင်းလှည်းတစ်စီးလောက် အဆင်သင့်လုပ်ပေး လားဗျာ. . ."

စွေတုံးလှူ တောင်းခံသော ကိစ္စသည် လွယ်ကူသော ကိ တစ်ခုဖြစ်သည်။

မည်သူမဆို ဆောင်ရွက်ပေးနိုင်သော ကိစ္စတစ်ခုဖြ သည်။ မချေးပင်က စိတ်သက်သာရာ ရသွားလေသည်။



သူမ၏ မျက်နှာတစ်ခုလုံးမှာ ပြုံးယောင်သန်းလာပြန်၏။

"ရှင်က ဘယ်လိုမြင်းလှည်း လိုချင်လို့လဲရှင့်. . ."

စွေတုံးလှူက ခေါင်းညိတ်လိုက်ပြီး. . .

"ကျုပ်လိုချင်တဲ့ မြင်းလှည်းက သာမန်မြင်းလှည်းထက် နည်းနည်းကျယ်ရမယ်. . . ကောင်းလည်းကောင်းရမယ်. . . နောက်ပြီး မြင်းလှည်းပေါ်မှာ အရက်ကောင်းကောင်းနဲ့ စားသောက်စရာတွေပါထည့်ပေးပါ. . . ကျုပ်က မြင်းလှည်းပေါ်မှာ ကောင်းကောင်း စားပြီး ကောင်းကောင်းအိပ်မလို့ပါ. . ."

မချေးပင် မပြုံးနိုင်တော့ပါ။

စွေတုံးလှူ စကားဆက်လိုက်သည်။

"အထူးသဖြင့် ဒီမြင်းလှည်းကို မြင်းကောင်းကောင်းလေးနဲ့ဆွဲဖို့ ကျွမ်းကျင်တဲ့ မြင်းလှည်းသမား တစ်ယောက်လိုတယ်ဗျနော် ဒါကို ခင်ဗျား တစ်နာရီအတွင်းမှာ အသင့်လုပ်ပေးနိုင်ပါ့မလား"

မချေးပင်က တည်ငြိမ်စွာဖြင့်. . .

"ကျွန်မက မလုပ်ပေးနိုင်ဘူးဆိုရင်ကော. . ."

စွေတုံးလှူက ပြုံးလိုက်သည်။

"လုပ်မပေးနိုင်ရင်တော့ ခင်ဗျားက ကျုပ်ကို ဘာကြောင့် သတ်ချင်တယ်ဆိုတာ မေးရတော့မှာပဲ. . . ထိုက်တန်သလို တုံ့ပြန်ရမှာပေါ့ဗျာ. . ."

မချေးပင် မရယ်နိုင်တော့ပါ။

သူမသည် စွေတုံးလှူ ပြောနေသော စကားကိုသာ နားစွင့်နေ၏။

"ကျုပ် ဒီမြင်းလှည်း လိုချင်တာက တစ်နေရာကို သွားပြီး

www.burmeseclassic.com

www.burmeseclassic.com



လူတစ်ယောက်ကို တွေ့ချင်လို့ပါ. . . ဒီလူကို ခင်ဗျားက သိတယ် ဘယ်နေရာလဲဆိုတာ ခင်ဗျားပဲ သိနိုင်တယ်ဗျာ. . .”

မချူးပင် မျက်မှောင်ကြုတ်သွားသည်။

“ရှင်က ဘယ်နေရာကို သွားပြီး ဘယ်သူ့ကို တွေ့ချင်ရတာလဲ. . .”

ဇွဲတုံးလျှက မချူးပင်အား စိုက်ကြည့်လိုက်ပြီး. . .

“တိမ်ဖြူတောင်ကုန်းက ဆရာဟူပါ. . .”

မချူးပင် သွေးဆုတ်ဖြူရော် သွားတော့သည်။



## အခန်း (၂၁)
## အဆုံးမှ စတိုက်ခိုက်မှု

တောင်ကုန်းအောက်တွင် နှင်းဆီးပန်းများ ဖူးပွင့်နေ၏။

အဝေးမှ တောင်တန်းများသည် မိုးရေများ၏ ဆေးကြောခြင်းကြောင့် သန့်ရှင်း၍ စိုပြည်၏။

ဇွဲတုံးလျှသည် စကြိုလမ်း၏ ကျောက်လှေကားထစ်ပေါ်၌ ထိုင်နေသည်။

သူသည် တကယ်ပင် တိမ်ဖြူတောင်ကုန်းသို့ ရောက်နေသည်ကိုပင် မယုံကြည်နိုင်အောင် ဖြစ်နေသည်။

တိမ်ဖြူတောင်ကုန်းသည် သိုင်းလောကသားတို့က ကြည်ညိုလေးစားသော နေရာတစ်ခုဖြစ်သည်။

မည်သည့် သိုင်းသမားများမှ မိမိသဘောဖြင့် ဤနေရာသို့ မလာဝံ့ကြ။ တိမ်ဖြူတောင်ကုန်းသည် ဤမျှအထိ အဆင့်မြင့်မားသည်။ သို့သော်. . .

ဇွဲတုံးလျှ တိမ်ဖြူတောင်ကုန်းသို့ ရောက်ရှိလာသောအခါ အလွန်သာယာလှသော ရှုခင်းတစ်ခုဖြစ်ကြောင်း သိရှိသွားသော့

www.burmeseclassic.com



သည်။

အစောင့်အကြပ်ဟူ၍ တစ်ယောက်မျှ မမြင်တွေ့ရပါချေ။

ရွှေတုံးလျှသည် အတန်ကြာ စဉ်းစားနေလေသည်။

သူ စဉ်းစားနေသည်မှာ. . .

တိမ်ဖြူတောင်ကုန်း၏ ပိုင်ရှင် ဆရာဟူမှာ တစ်မူထူးခြားပြီး လျှို့ဝှက်ဆန်းကြယ်သော ပုဂ္ဂိုလ်တစ်ယောက် ဖြစ်သည်ဟု ယုံကြည် လေးစားလာလေသည်။

သိုင်းလောကတစ်ခုလုံးမှာ သူ၏နာမည်ကို မကြားဖူးသူ မရှိသလောက် ဖြစ်နေသော်လည်း သူ့အား မြင်ဖူးတွေ့ဖူးသောသူဟူ၍ တစ်ယောက်မျှ မရှိချေ။ သူ၏အကြောင်းအရာ၊ သူ့ဘဝ။

မည်သူကမျှ မသိကြချေ။

သူ၏ လူယုံတော်မှလွဲ၍ မည်သူတစ်ဦး တစ်ယောက်ကမျှ သူ့အား မတွေ့မြင်ဘူးပါ။ သို့သော်. . .

သူသည် လျှို့ဝှက်စွာဖြင့် အလွန်ကြောက်မက်ဖွယ်ရာ ကောင်းသော အင်အားစုတစ်စု ဖွဲ့ထောင်ပြုစုနေသည်ကို လူတိုင်းက သိကြသည်။

သူ၏ လက်အောက် ငယ်သားများသည် သိုင်းလောက၌ အနားယူသွားကြသော လူဟောင်းသိုင်းသမား အများအပြား ပါဝင်နေ၏။

အနားယူသွားသော သိုင်းသမားများသည် ဆရာဟူကြောင့် သိုင်းလောကထဲ ပြန်ဝင်လာကြသည်။

ထိုသိုင်းသမားများသည် ဆရာဟူ၏အမိန့်ကို တသွေမတိမ်း လိုက်နာကြသည်။



ဆရာဟူအတွက်ဆိုလျှင် သူတို့က အသက်စွန့်ပြီး လုပ်ကိုင်ကြမည့်သူများ ဖြစ်သည်။

လျှို့ဝှက်ဆန်းကြယ်သော ဆရာဟူသည် မည်သူနည်း။

သူသည် အဘယ်ကြောင့် ဤမျှ တန်ခိုးအာဏာ ရှိနေသနည်း။

ရွှေတုံးလျှသည် ဤနေရာ၌ အတန်ကြာ စောင့်နေလေသည်။ သူတစ်ယောက်တည်းသာ စောင့်နေခြင်း ဖြစ်သည်။

အကြောင်းမှာ. . .

ဆရာဟူက သူတစ်ယောက်တည်းကိုသာ တွေ့ခွင့်ပေးခြင်း ဖြစ်သည်။

ရွှေတုံးလျှသည် အနည်းငယ် ဗျင်းရိလာသောအခါ ကြေးလမ်း၏ အစွန်ဆုံးမှ ခြေသံများ ကြားလိုက်ရလေသည်။

အပြာရောင် ဝတ်စုံကို သပ်ရပ်စွာ ဝတ်ဆင်ထားသော အဘိုးအို တစ်ယောက် သူ့ဆီကို ဖြည်းညင်းစွာ လျှောက်လာလေသည်။

ထိုအဘိုးအို၏ မုတ်ဆိတ်မွေးများသည် ဖြူဖွေး၍ ရှည်လျားလွန်းလှသည်။

ထိုအဘိုးအို၏ ရုပ်သွင်သည် တည်ကြည်ခန့်ညားလွန်းလှသည်။

အဘိုးအို၏ မျက်လုံးအစုံတွင် ရူးရူးတောက်ပြောင်နေသည့် အရိပ်အယောင်များ ပေါ်လွင်နေ၏။

ရွှေတုံးလျှက ထိုအဘိုးအိုအား ငေးမောကြည့်နေလေသည်။ လွန်စွာ လေးစားရှိသေထိုက်သည့် ရုပ်လက္ခဏာမျိုးနှိန်

www.burmeseclassic.com



သည့် ပုဂ္ဂိုလ်ကြီးပေတည်း။

သူ ငေးမောကြည့်နေစဉ်မှာပင် အဘိုးအိုသည် သူ့အနားသို့ရောက်ရှိလာသည်။

"စွေတုံးလှူ မဟုတ်လား. . ."

အဘိုးအိုက သူ့အား ပြုံး၍နှုတ်ဆက်လိုက်သည်။

ထိုအဘိုးအို၏ အသံမှာ အေးစက်လွန်းလှသည်။

"ဟုတ်ကဲ့ခင်ဗျာ. . ."

စွေတုံးလှူကလည်း ယဉ်ကျေးစွာပြောပြီး လက်နှစ်ဖက်ဆုပ် ဦးညွှတ်လိုက်မိသည်။

အဘိုးအိုက စွေတုံးလှူအား စိုက်ကြည့်လိုက်ပြီး. . .

"မနေ့ညက မိုးရွာပြီး တစ်နေ့မနက်မှ မိုးစဲသွားတယ်. . . အခု မင်းရောက်လာတာ ပန်းပွင့်နေတဲ့ အချိန်နဲ့ တိုက်ဆိုင်နေတယ်ကွယ်. . ."

စွေတုံးလှူသည် ရုတ်တရက် ကြောင်အမ်းအမ်း ဖြစ်သွားရသည်။ အဘယ်ကြောင့်ဆိုသော်. . .

အသက်အလွန်ကြီးနေပြီ ဖြစ်သော အဘိုးအို တစ်ယောက်က သဘာဝအလှကို မြတ်နိုးစွာ ပြောဆိုလာခြင်းကြောင့်ဖြစ်သည်။

ပန်းအကြောင်းသည် သူ့အတွက် အရေးမကြီးသဖြင့် အဘိုးအိုအား ပြုံးပြလိုက်ပြီး. . .

"ဟုတ်ကဲ့ ကျေးဇူးတင်ပါတယ် ခင်ဗျာ. . . ဆရာဟူဟာ ဘယ်သူ့ကိုမှ အတွေ့မခံဘူးဆိုတာတော့ ကျုပ် နားလည်ပါတယ် ဒါပေမယ့် ဆရာဟူဟာ တွေ့ဖို့ကတိပေးလိုက်တဲ့အတွက် အရမ်းဝမ်းသာပါတယ်ဗျာ. . ."



သူသည် ထိုသို့ပြောရင်း အဘိုးအိုအား ဦးညွှတ်လိုက်သည်။

အဘိုးအိုက ခေါင်းတညိတ်ညိတ်နှင့်. . .

"အခု ကျုပ်က ကတိဖျက်တဲ့လူ မဟုတ်ဘူးဆိုတာ ယုံကြည်သွားပြီ မဟုတ်လား. . ."

အဘိုးအိုက သူ့ကို ထိုသို့ပြောပြီး ချာခနဲ လှည့်ထွက်သွားလေသည်။

စွေတုံးလှူသည် ရုတ်တရက် ကြောင်အမ်းအမ်း ဖြစ်နေရာမှ သတိဝင်လာကာ အဘိုးအို နောက်သို့ တစ်ဟုန်ထိုး ပြေးလိုက်သွားလေသည်။

❈ ❈ ❈

ချောမွေ့သော ကြမ်းပြင်ပေါ်တွင် ရှေးဟောင်းစားပွဲငယ် တစ်လုံးရှိသည်။

ထိုစားပွဲပေါ်၌ ကြွေပန်းအိုး တစ်လုံးရှိသည်။

ကြွေပန်းအိုးထဲ၌ အဖြူရောင် အရိုးရှည်သော ပန်းသုံးပွင့် ထိုးစိုက်ထားသည်။

သူသည် ဆရာဟူကိုသာ တအံ့တသြ ငေးမောကြည့်နေရသည်။ အဘယ်ကြောင့်ဆိုသော်. . .

ဆရာဟူသည် သိုင်းလောကသား အားလုံး၏ ကြည်ညို လေးစားခြင်း ခံရသူပုဂ္ဂိုလ်ဖြစ်သည် မဟုတ်ပါလော။

အတန်ကြာမှ. . .

အဘိုးအိုက စွေတုံးလှူအား အကဲခတ်ကြည့်လိုက်ပြီး. . .

www.burmeseclassic.com

www.burmeseclassic.com



"မင်းဟာ၊ အလွန်အလုပ်များတဲ့ လူတစ်ယောက်ဆိုတာ ကျုပ်သိပါတယ်. . . အခုလို ကျုပ်ဆီကို လာတွေ့တာဟာ ကျင်းကျူဆင်းနဲ့ ရွှေမင်းသမီးရဲ့ မင်္ဂလာကိစ္စအတွက် မဟုတ်လား"

စွေတုံးလျူက ခေါင်းခါယမ်းလိုက်ရင်း. . .

"မဟုတ်ပါဘူး ခင်ဗျာ. . ."

အဘိုးအို၏ မျက်ခုံးမွေး အစုံသည် နဖူးပေါ်သို့ မြင့်တက်သွားလေ၏။

စွေတုံးလျူက အသံကို ကျယ်လောင်စွာဖြင့် ပြောလိုက်သည်။

"ရွှေမင်းသမီး ဆယ့်ယောက်ကို ကျင်းကျူဆင်းနဲ့ ပေးစားတာတောင် ကျုပ်နဲ့ဘာမှမဆိုင်ဘူးဆိုတာ ပြောချင်ပါတယ်. . ."

အဘိုးအိုက စွေတုံးလျူကို အကဲခတ်သလို ကြည့်လိုက်ပြီး

"ဒါဖြင့် မင်းက ဒီကို ဘာလာလုပ်တာလဲ. . ."

စွေတုံးလျူ၏ မျက်နှာသည် တည်ကြည် လေးနက်သွားသည်။ သူသည် ခေါင်းညိတ်လိုက်ပြီး. . .

"ကျုပ်က ကျုပ်မိတ်ဆွေရဲ့ ပျောက်ဆုံးနေတဲ့ သမီးကို လိုက်ရှာပေးနေတာပါ. . . ဒီမိန်းကလေးဟာ သေတ္တာတစ်လုံးထဲ ထည့်ပြီး အခိုးခံရတဲ့ မိန်းကလေးပါပဲ. . ."

စွေတုံးလျူက ပြုံးလိုက်ပြီး စကားဆက်လိုက်ပြန်သည်။

"အဲဒီမိန်းကလေးဟာ ဒီမှာ ရှိလိမ့်မယ်လို့ ကျုပ်ယုံကြည်တယ်. . ."

အပြင်ဘက်၌ လေအနည်းငယ် တိုက်ခတ်နေသည်။

ညနေဆည်းဆာအချိန် ရောက်ရှိလာပြီ ဖြစ်သည်။ ညနေ



စောင်းလျှင် လေပြည်တိုက်ခတ်စမြဲပင် မဟုတ်ပါလား။

ဆရာဟူသည် ပန်းအိုးထဲမှ အဖြူရောင် အရိုးရှည်သော ပန်းအား စိုက်ကြည့်နေ၏။ အတန်ကြာမှ. . .

သူ၏လက်ချောင်းများသည် ပန်းများအား တောက်လိုက်သည်။ ပန်းဖက်များသည် စွေတုံးလျူ၏ မျက်နှာရှိရာသို့ လွင့်မျှောသွားသည်။

အဘိုးအို၏ လက်ချောင်းများသည် ပန်း၏အရိုးတံကို ဆွတ်ယူလိုက်သည်။ ရုတ်တရက်. . .

စွေတုံးလျူ၏ မျက်လုံးအစုံကို ထိုးသွင်းလိုက်လေသည်။

အဘိုးအို၏ တဒင်္ဂအချိန်အတွင်း တိုက်ခိုက်လိုက်သော တိုက်ကွက်သည် ဖော်မပြနိုင်လောက်အောင် လျှင်မြန်လှသည်။

စွေတုံးလျူသည် ရုတ်တရက် ထိတ်လန့်တုန်လှုပ်သွားသည်။ အကြောင်းမှာ. . .

ထိုအဘိုးအိုသည် ပန်း၏အရိုးတံအား လက်နက်အဖြစ် အသုံးပြုပြီး တိုက်ခိုက်လိမ့်မည်ဟု မျှော်လင့်ထားခြင်း မရှိခဲ့ခြင်းကြောင့် ဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၂၂)
## မင်းသမီး၏အမှာစကား

ဆရာဟူ၏ ပန်းအရိုးတံသည် စွေတုံးလျှုအား တိုက်ခိုက်လိုက်သောအခါ သူသည် မလှုပ်မယှက် ရပ်နေ၏။

ပန်း၏အရိုးတံသည် သူ၏နဖူးနှင့် တစ်ထွာခန့် အကွာတွင် ရပ်တန့်သွားသည်။ အကြောင်းမှာ. . .

စွေတုံးလျှု၏ လက်ထဲ၌ ကိုင်ထားသော ရေနွေးကြမ်းပန်းကန်လုံးသည် ဆရာဟူ၏ရင်ဝသို့ ချိန်ရွယ်ထားလိုက်သောကြောင့်ဖြစ်သည်။ အကယ်၍သာ. . .

ဆရာဟူက ရပ်တန့်သွားခြင်း မပြုလျှင် စွေတုံးလျှု၏ရေနွေးကြမ်းပန်းကန်လုံးသည် ဆရာဟူ၏ ရင်ဝသို့ စိုက်ဝင်သွားမည်ဖြစ်လေသည်။

သူတို့ နှစ်ယောက်သည် အတန်ကြာ မလှုပ်မယှက် ရပ်တန့်ပြီးနောက် ဆရာဟူက သူ၏လက်ကို ရုတ်သိမ်းလိုက်သည်။

"ကျုပ် ရှုံးသွားပါပြီ. . ."

အဘိုးအိုသည် စွေတုံးလျှုအား တစ်ချက်ကြည့်လိုက်ပြီး. .



"ဒါဟာ ပထမဆုံးအကြိမ်အဖြစ် ပြိုင်ဘက်တစ်ယောက်အပေါ်ကို ရှုံးသွားတာပဲ. . ."

အဘိုးအိုသည် အလွန်ပွင့်လင်းသော လူတစ်ယောက်ဖြစ်မှန်း စွေတုံးလျှု သိလိုက်ရသည်။ အဘယ်ကြောင့်ဆိုသော်. . .

အဘိုးအိုသည် ရှုံးနိမ့်သွားသည့်တိုင်အောင် ဟန်မဆောင်ဘဲ ပွင့်ပွင့်လင်းလင်း ပြောဆိုခြင်းကြောင့် ဖြစ်သည်။

အဘိုးအိုက သူ့အား စူးစိုက်ကြည့်လိုက်ပြီး. . .

"ကျုပ်ရှုံးသွားတဲ့အတွက် မင်း ကျုပ်ကို ကြိုက်သလို လုပ်ခွင့်ရှိပါတယ်. . ."

ရုတ်တရက် စွေတုံးလျှုက ထိုင်ရာမှ ထလိုက်သည်။

သူသည် အဘိုးအိုအား အတန်ကြာ စိုက်ကြည့်နေ၏။ ထို့နောက် လက်နှစ်ဖက်ဆုပ်ကာ ဂါရဝပြုလိုက်သည်။ ထို့နောက် ချာခနဲ လှည့်ကာ အဘိုးအိုကို ကျောခိုင်းထွက်ခွာလာခဲ့၏။

သူသည် ဤတိမ်ဖြူတောင်ကုန်းသို့ လာခဲ့ခြင်းမှာ ရွှေမင်းသမီးသို့မဟုတ် သူသိထားသော သိုင်းသမား တစ်ယောက်၏သမီးကို လိုက်ရှာခြင်း ဖြစ်ပါသည်။

သူက အတန်ကြာ လျှောက်သွားပြီး လှည့်ကြည့်လိုက်သောအခါ အဘိုးအိုအား မတွေ့ရတော့ပါချေ။ သို့သော်. . .

စောင်းသံများကို ကြားနေရ၏။

ပျော့ပျောင်း၍ လွမ်းဆွတ်ဖွယ်ရာ ကောင်းသော စောင်းသံများသည်. . .

ရုတ်တရက် သောင်းချောက်အသွင်သို့ ပြောင်းလဲသွားလေ၏။

www.burmeseclassic.com

www.burmeseclassic.com



စွေတုံးလျှုမှာမူ ထောင်ချောက်အတွင်းသို့ သက်ဆင်းမည့် တိရစ္ဆာန် တစ်ကောင်နှင့် တူလှပေသည်။

ထောင်ချောက်တစ်ခု ရှိနေသည်ကို သိလျက်နှင့်ပင် သူက ဝင်တိုးလေ့ရှိသည်။

လခြမ်းကလေးသည် ကောင်းကင်၏ အလယ်ဗဟိုသို့ တဖြည်းဖြည်း ရွေ့လျားလာသည်။

မိန်းကလေး တစ်ယောက်သည် ခေါင်းမိုးပေါ်၌ မှောက်လျက်နေသည်။

သူမသည် တစ်စုံတစ်ခုအား စောင့်နေသည်။

ကျားသစ်တစ်ကောင် ကဲ့သို့ ချောင်း၍ စောင့်နေ၏။

သူမသည် တိုက်ခိုက်ရန် အသင့်ပြင်ထားသည်။

သူတိုက်ခိုက်မည့်သူ၏ အမည်မှာ စွေတုံးလျှုပင်ဖြစ်သည်။

သို့သော်. . .

စွေတုံးလျှုသည် သူမရှိရာသို့ မလာပါ။ လမ်းတစ်ဖက်သို့ ချိုးသွားသည်။

❀ ❀ ❀

စွေတုံးလျှု၏ ခြေလှမ်းများသည် ရုတ်တရက် ရပ်တန့်သွားလေသည်။

သူသည် ငြိမ့်ညောင်းသာယာသော စောင်းသံအား စိတ်ဝင်စားမိသည်။

ထိုစောင်းသံသည် သီချင်းတစ်ပုဒ်ကိုသာ ထပ်တလဲလဲ



တီးခတ်နေခြင်းဖြစ်သည်။

ထိုသီချင်း၏ အမည်မှာ မိုးပေါ်က သိမ်းငှက်ဖြစ်သည်။

စွေတုံးလျှုက မျက်မှောင်ကြုတ်သွားသည်။

အဘယ်ကြောင့်ဆိုသော်. . .

စောင်းတီးနေသော သူ၏ ခန္ဓာကိုယ်ပေါ်၌ သိမ်းငှက် သင်္ကေတ အမှတ်အသား ရှိနေ၍လော။

စောင်းသံသည် နှစ်ထပ်အိမ်ကလေး တစ်အိမ်မှ ထွက်ပေါ်လာခြင်း ဖြစ်သည်။

အိမ်အပေါ်ထပ်တွင် မီးရောင်မှိန်ပျပျများ ထွက်ပေါ်နေသည်။ အခန်းတံခါးမှာ အသာကလေး စေ့ထားခြင်း ဖြစ်သည်။

စွေတုံးလျှုက တံခါးတွန်းဖွင့်၍ အပေါ်ထပ်သို့ တက်လိုက်သောအခါ ပိုးချည်အဝတ်အစားများ ဝတ်ကာ မီးအိမ်ရှေ့၌ ထိုင်၍ စောင်းကိုတီးနေသော မိန်းကလေး တစ်ယောက်အား တွေ့မြင်လိုက်ရသည်။

ထိုမိန်းကလေးကို မြင်တွေ့လိုက်ရသည်နှင့် စွေတုံးလျှုက မှတ်မိသွားတော့သည်။ အဘယ်ကြောင့်ဆိုသော်. . .

ထိုမိန်းကလေးသည် တစ်ချိန်က သေတ္တာထဲ၌ ထည့်ထားခြင်း ခံရသော မိန်းကလေးပင် မဟုတ်ပါလော။

စောင်းသံသည် ရပ်တန့်သွားပြီး သူမက စွေတုံးလျှုအား အေးတိအေးစက်ဖြင့် ကြည့်လိုက်လေသည်။

"ရှင် ရောက်လာပြီကိုး. . ."

စွေတုံးလျှုကလည်း သူမကို တစ်ချက်ကြည့်လိုက်ပြီး. . .

"ကျုပ် ရောက်လာလိမ့်မယ်လို့ ခင်ဗျားက သိနေသလား"

www.burmeseclassic.com

www.burmeseclassic.com



မဟုတ်လား. . . ”

သူမက တစ်ချက်ပြုံးလိုက်ပြီး. . .

“ကျွန်မက သိနေပါတယ်. . . ဘာဖြစ်လို့လဲ ဆိုတော့ ရှင်အသက် မသေသေးရင်တော့ ဒီကို လာကိုလာမယ်ဆိုတာ ကြိုသိနေတယ်လေ. . . ”

စွေတုံးလှူကြ မချိုပြုံးပြုံးလိုက်သည်။

“မင်းနဲ့မတွေ့ရအောင် လူတွေဟာ နည်းအမျိုးမျိုးနဲ့ ကျုပ်ကို လုပ်ကြံနေကြတယ်. . . မင်းကလည်း ကျုပ်ကို ရှောင်နေတယ်လေ. . . ”

သူသည် သူမအား စေ့စေ့ကြည့်လိုက်ပြီး. . .

“အခုတော့ မင်းက ငါ့ကို လက်ခံတွေ့ပြီပေါ့. . . ”

မိန်းကလေးက စကားမပြောဘဲ တိတ်ဆိတ်စွာဖြင့် သူ့အား ကြည့်နေ၏။

စွေတုံးလှူကြ သက်ပြင်းတစ်ချက် ချလိုက်သည်။

“မင်းတို့ ကိစ္စဟာ လွယ်မယောင်ယောင်နဲ့ အတော်ရှုပ်တာကိုး. . . ”

မိန်းကလေးကလည်း သက်ပြင်းတစ်ချက် ချလိုက်သည်။

“ဟုတ်ပါတယ်. . . ဒါပေမယ့် ရှင် အခုလောက်ဆို နားလည်သဘောပေါက်ရောပေါ့. . . ”

သူမသည် အဝေးသို့ တစ်ချက်ကြည့်လိုက်ပြီး. . .

“ရှင်းရှင်း ပြောရမယ်ဆိုရင် ဆရာဟူဆိုတာ ကျွန်မအဘိုးပါ. . . ကျွန်မဆိုတာ ကျင်းကျူးဆင်းနဲ့ လက်ထပ်မယ့် သတို့သမီး တိမ်ဖြူမင်းသမီးပါ. . . ”



အရပ်ရှစ်မျက်နှာ တစ်ခွင်သည် ငြိမ်းမှောင်သွားလေသည်။ မင်းသမီးက စကားဆက်လိုက်သည်။

“ကျင်းကျူးဆင်းနဲ့ လက်ထပ်မယ့် သတို့သမီးဟာ ရွှေမင်းသမီးတစ်ယောက် ဖြစ်ရမယ်. . . ဆင်းရဲနွမ်းပါးတဲ့ သိုင်းသမားနဲ့ ဘယ်လိုမှ မပတ်သက်ဘူးဆိုတာလည်း လူတိုင်းက သိပါတယ်၊ ကျွန်မက ကျင်းကျူးဆင်းနဲ့ လက်ထပ်တဲ့ကိစ္စမှာ ကျွန်မ အဘိုးရဲ့ သဘောပါမကဲဘူး. . . ကျွန်မကိုယ်တိုင်ကလည်း သဘောတူပြီးသားပါ. . . ဘယ်သူမဆို ဒီကိစ္စကို လာပြီး နှောင့်ယှက်ဖျက်ဆီးမယ်ဆိုရင် အဲ့ဒီလူဟာ မကြာခင် လုပ်ကြံခံရမှာပဲ. . . ”

သူမသည် အေးတိအေးစက်ဖြင့် စွေတုံးလှူအား ကြည့်လိုက်သည်။

“ကျွန်မက ရှင့်ကို လာစေချင်တဲ့ အကြောင်းက ဒါတွေကို ရှင်းပြချင်လို့ပါ. . . အခု ရှင်နားလည်ပြီ မဟုတ်လား. . . ”

စွေတုံးလှူကြ ခေါင်းညိတ်လိုက်ပြီး. . .

“ကျုပ် နားလည်ပါပြီ. . . ”

မင်းသမီးက စွေတုံးလှူအား ကြည့်လိုက်ပြီး. . .

“ဒါဖြင့် ရှင်အမြန်ဆုံး ပြန်သွားပါ. . . ကျွန်မကို လာမတွေ့ပါနဲ့တော့. . . ကျွန်မကလည်း ရှင့်ကို ဘယ်တော့မှ မတွေ့ချင်တော့ဘူး. . . ဘာဖြစ်လို့လဲ ဆိုတော့ လူတိုင်းလူတိုင်းမှာ ကိစ္စရပ်တွေ ရှိနေပါတယ်. . . အခုဟာက ကျွန်မအဘိုးနဲ့ ကျွန်မရဲ့ကိစ္စပါ ရှင့်ကိစ္စနဲ့ သီးခြားကင်းလွတ်နေပါတယ်ရှင်. . . ရှင် သဘောပေါက်ရင် သွားနိုင်ပါပြီ. . . ”

www.burmeseclassic.com



## အခန်း (၂၃)
## အခြေအနေကို သိသွားခြင်း

မင်းကျင်းသည် ကိုယ့်ကိုယ်ကို ပျံသန်းနေသည်ဟု အိ
မက်မက်နေသည်။

လူတစ်ယောက် ကောင်းကင်ပေါ်၌ ပျံဝဲနေခြင်းမှ
အလွန်ထူးဆန်းသော ကိစ္စတစ်ရပ်ဖြစ်သည်။

လူများစွာတို့သည် ငယ်စဉ်တုန်းက ဤကဲ့သို့သော အိ
မက်မက်ခဲ့ဖူးကြသည်။

မင်းကျင်းသည်လည်း ဤအတိုင်းပင် ဖြစ်လေသည်။

သို့သော်. . .

ဤတစ်ကြိမ် သူအိပ်ရာမှ နိုးလာသောအခါ သူ့ကိုယ်
တကယ်ပျံသန်းနေသည်ကို တွေ့ရှိလိုက်ရလေသည်။

သူကိုယ်တိုင် ပျံဝဲနေခြင်းတော့ မဟုတ်ပါ။

လူတစ်ယောက်က လက်တစ်ဖက်ဖြင့် သူ့အား ဆွဲမ
ပြေးလွှားပျံဝဲနေခြင်းသာ ဖြစ်သည်။

လူတစ်ယောက်၏ အသံကိုမူ ကြားလိုက်ရသည်။



"ဘုရားမလို့ မင်းသတိရလာတာကွ. . . မင်းကို သတိရ
အောင် လုပ်ရတာ မလွယ်ပါလားကွာ. . . မင်းလောက် အရက်
သောက်တဲ့ လူမျိုးကို ငါတော့ မတွေ့ဘူးပါကွာ. . . ဟင်း. . ."

ထိုလူမှာ စွေတုံးလျှုပင် ဖြစ်သည်။

မင်းကျင်း အရက်မူးသောအခါ၌ စွေတုံးလျှုမှလွဲ၍ မည်
သူကမှ သူ့အား သတိရလာအောင် မပြုလုပ်နိုင်ပါချေ။

"ဟေ့. . . မင်းက ဘာသဘောလဲကွ. . ."

မင်းကျင်းက ဒေါသကြီးစွာဖြင့် အော်ပြောလိုက်သည်။

"ကျုပ်က အိပ်ရာထဲမှာ အေးအေးဆေးဆေး အိပ်နေတာ
ကို မင်းက ဘာဖြစ်လို့ ထမ်းခေါ်လာရတာလဲကွ. . ."

လူတစ်ယောက်၌ အရက်သောက်ရာ အလွန်အကျွံ မူးပြီး
နောက်တစ်နေ့ ညနေအထိ အေးအေးဆေးဆေး အိပ်နိုင်ခဲ့လျှင်
တော်သေး၏။ အကယ်၍သာ. . .

ညဉ့်နက်သန်းခေါင်မှာ အနှောင့်အယှက် ခံစားရလျှင်
ဒေါသကြီးမည်မှာ မဆန်းပါ။

သူ၏ ဦးခေါင်းတစ်ခုလုံးသည် အက်ကွဲမတတ် ကိုက်ခဲနေ
၏။ ယခု. . .

သူသည် လေသံပျော့ပျော့ဖြင့် မေးလိုက်ရသည်။

"ဟေ့. . . မင်း ဘာလုပ်နေတာလဲ. . ."

စွေတုံးလျှုက ခြေလှမ်းမရပ်တန့်သေးပါ။

"ကျုပ်က ဘာမှမလုပ်ပါဘူးကွာ. . . ကျုပ်နဲ့ လမ်း
လျှောက်ဖို့ အဖော်တစ်ယောက် လိုက်ရှာနေတာပါ. . ."

မင်းကျင်းက အသံကျယ်စွာဖြင့် အော်ပြောလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



"ဒါ မင်း လမ်းလျှောက်နေတာ ဟုတ်လား..."

သူသည် သက်ပြင်းတစ်ချက် ချလိုက်ပြီး...

"ဘုရားရေ... မင်း အခုလို လမ်းလျှောက်ပုံမျိုးဆိုရင် ကျုပ် အသက်က လမ်းလျှောက်ရင်း ပျောက်သွားပါလိမ့်မယ်..."

သူသည် ယင်းသို့ ပြောရင်း ဇွဲတိုးလှူ၏ပခုံးအား ပုတ်လိုက်သည်။

"ဒို့ လမ်းမလျှောက်တော့ပါဘူးကွာ... ထိုင်ပြီးတော့ စကားပြောလို့ကော ဖြစ်ပါ့မလား..."

မင်းကျင်းက ညှောင်နာနာ အသံဖြင့်...

"ဖြစ်ပါတယ်ကွ..."

ဇွဲတိုးလှူသည် ပြေးလွှားနေသောအခါ၌ ပစ်လွှင့်လိုက်သော မြားတစ်စင်းကဲ့သို့ လျှင်မြန်နေသည် ဖြစ်သော်လည်း ရပ်တန့်လိုသောအခါ တုံ့ခနဲ ရပ်တန့်သွားနိုင်လေသည်။

သူရပ်နားလိုသော နေရာ၌ စိမ်းလန်းစိုပြည်သော မြက်ခင်းတစ်ခု ဖြစ်နေ၏။

မင်းကျင်းသည် မြက်ခင်းပေါ်သို့ အိပ်ချလိုက်သည်။

ယခု သူ့အား တုတ်တစ်ချောင်းနှင့် ရိုက်သည်ဆိုလျှင်ပင် သူထမည် မဟုတ်ပါ။

ဇွဲတိုးလှူက မျက်မှောင်ကြုတ်သွားသည်။

"မင်းက စကားပြောမလို့လား... အိပ်မလို့လား..."

မင်းကျင်းက မျက်လွှာချထားလိုက်သည်။

ဇွဲတိုးလှူက သူ့အား စေ့စေ့ကြည့်လိုက်ပြီး...

"မင်းအိပ်ချင်တာ ပြေသွားအောင် လမ်းထလျှောက်လို



ရင်ကောင်းမယ် ထင်တယ်..."

မင်းကျင်း ဆတ်ခနဲ ထထိုင်လိုက်သည်။

"ဘယ်သူက အိပ်မယ်လို့ ပြောတာလဲ..."

သူသည် မျက်လွှာပင့်လိုက်ပြီး ဇွဲတိုးလှူအား ကြည့်နေသည်။

"ကဲ... မင်းက ဘာပြောချင်သလဲ... ဆရာဟူနဲ့ အကြောင်း ပြောချင်လို့ မဟုတ်လား... သူ့ကို မင်းတွေ့ခဲ့သလား ချူးဖုန်းထင်းရဲ့ သမီးကိုကော တွေ့ခဲ့သလား... ကဲ... အပြည့်အစုံ ပြောစမ်းကွာ... ငါ နားထောင်မယ်..."

ဇွဲတိုးလှူလည်း ခေါင်းညိတ်လိုက်ပြီး...

"အားလုံး တွေ့ခဲ့ပါသလဲ..."

မင်းကျင်းက ပျာပျာသလဲဖြင့် မေးလိုက်သည်။

"ဒါဖြင့် ချူးဖုန်းထင်းရဲ့ သမီးဟာ ချောသလားကွ"

ဇွဲတိုးလှူက မဆိုင်းမတွပင် ခေါင်းညိတ်လိုက်သည်။

"ချောလည်းချောတယ်... ဉာဏ်လည်း ကောင်းတယ်"

ဇွဲတိုးလှူသည် အဝေးမှ မှောင်မည်းနေသော ကောင်းကင်အား ကြည့်ရင်း...

"ချူးဖုန်းထင်းဟာ သူ့မှာ ဒါလောက်အဖိုးတန်တဲ့ သမီးတစ်ယောက် ရှိတယ်ဆိုတာ တွေးမိမှာ မဟုတ်ဘူးကွ..."

မင်းကျင်းက ဆက်မေးလိုက်ပြီး...

"ဒီနောက်ကော..."

ဇွဲတိုးလှူက ပခုံးတစ်ချက် တွန့်လိုက်ပြီး...

"ဒီနောက် ငါပြန်လာခဲ့တာပေါ့..."

www.burmeseclassic.com

www.burmeseclassic.com



မင်းကျင်းက သက်ပြင်းတစ်ချက် ချလိုက်သည်။

"မင်းက ဘာဖြစ်လို့ ဒီလောက်မြန်မြန် ပြန်လာရတာလဲ သူတို့နဲ့ ကြာကြာထိုင်ပြီး စကားပြောပေါ့ကွာ. . ."

ရွှေတုံးလျှူက မကျေနပ်သော လေသံဖြင့် ပြောလိုက်၏။

ဒေါသပါသွားသည်။

"ငါက မြန်မြန်လာချင်လို့ မဟုတ်ဘူး. . . သူတို့က ငါ့ကို မြန်မြန် ပြန်ခိုင်းတာကွ. . ."

မင်းကျင်းက တအံ့တသြကြီးဖြင့် ရွှေတုံးလျှူအား ကြည့်လိုက်ပြီး. . .

"ဘယ်လို သူတို့က မင်းကို ပြန်ခိုင်းတာနဲ့ မင်းက ပြန်လာရောလား. . ."

ရွှေတုံးလျှူက မင်းကျင်းအား စိုက်ကြည့်လိုက်သည်။

အတန်ကြာမှ. . .

"သူတို့ အကြောင်းတွေကို ကျုပ်က သဘောပေါက် နားလည်ခဲ့လို့ပေါ့. . ."

မင်းကျင်းက မေးဆတ်ပြလိုက်ပြီး. . .

"ဘယ်လို နားလည်ခဲ့တာလဲ. . ."

ရွှေတုံးလျှူက ခေါင်းညိတ်လိုက်ပြီး. . .

"နားလည်သင့်တဲ့ ကိစ္စအားလုံး ကျုပ် နားလည်ခဲ့တာပေါ့ကွာ. . . ဒီတော့လည်း ပြန်လာခဲ့ရတာပေါ့. . ."

ရွှေတုံးလျှူသည် သက်ပြင်းတစ်ချက် ချလိုက်ပြီး စကားတစ်လုံးချင်း ပြောလိုက်သည်။

"ကျုပ် နားမလည်သင့်တဲ့ ကိစ္စကိုပါ. . . နားလည်ခဲ့ပါပြီ



ကွာ. . ."

မင်းကျင်းသည် ရွှေတုံးလျှူကို နားမလည်နိုင်ခြင်း ကြီးစွာဖြင့် ငေးမောကြည့်နေလေ၏။

ယခုနှစ်များတွင် အရှေ့တောင် မင်လယ်တစ်လျှောက်တွင် သွေးစိညာဉ်ဂိုဏ်းသားများ ထကြွသောင်းကျန်းလွန်းနေသည်။

ထိုသွေးစိညာဉ်ဂိုဏ်းသားများသည် မည်သည့်နေရာတွင် စခန်းချထားသည်၊ မည်သည့်အချိန်တွင် ထွက်ပြီး တိုက်ခိုက်နေသည်ကို မည်သူကမှ မသိပါ။

ထို့ကြောင့် နေပြည်တော် တပ်များဖြင့် သွားရောက် နှိမ်နင်းပါက လမ်းပန်းဆက်သွယ်ရေး အခက်အခဲ၊ စားနပ်ရိက္ခာ အခက်အခဲများကြောင့် နေပြည်တော်မှ အာဏာပိုင်များသည် ထောက်လှမ်းရေး အရာရှိ တစ်ယောက်အား သိုင်းလောကသား အသွင်ဖြင့် စေလွှတ်နှိမ်နင်းလိုက်ခြင်း ဖြစ်သည်။

ထိုလူ၏ တာဝန်မှာ သိုင်းလောကသားများအား စုစည်း၍ ထိုသွေးစိညာဉ် ဂိုဏ်းသားများအား တိုက်ခိုက်ဖြိုခွင်းပစ်ရန် ဖြစ်လေသည်။

ထိုလူသည် အာဏာကုန် လွှဲအပ်ခြင်း ခံထားရသည့်အတွက် အလွန် တာဝန်ကြီးလွန်းလှသည်။

ထို့ကြောင့် နေပြည်တော်က အကြောင်းပြချက် တစ်ခုဖြင့် ထိုသူ၏ သမီးအား မင်းသမီးအဖြစ် အသိအမှတ်ပြုထားလိုက်ရသည်။

ထိုလူ၏သမီး ကွယ်လွန်သောအခါ ထိုလူ၏မြေးကို မင်းသမီးအဖြစ် တင်မြှောက်လိုက်ပြန်သည်။

www.burmeseclassic.com

www.burmeseclassic.com



စွေတုံးလှူသည် ယင်းသို့ ပြောပြပြီးနောက် သက်ပြင်းတစ်ချက်ချလိုက်သည်။

"နေပြည်တော်က မင်းသမီးအဖြစ် အဲဒီလူရဲ့မြေးကို အသိအမှတ်ပြုလိုက်တာနဲ့ တစ်ပြိုင်နက် အဲဒီမိန်းကလေးဟာ အလိုလိုတန်ဖိုးရှိလာတယ်..."

မင်းကျင်းက မနေနိုင်တော့ဘဲ ကြားဖြတ်မေးလိုက်သည်။

"အဲဒီ မိန်းကလေးဟာ ဆရာဟူရဲ့မြေး တီမိဖြူမင်းသမီးမဟုတ်လား..."

စွေတုံးလှူက ခေါင်းညိတ်လိုက်သည်။

"ဟုတ်တယ်..."

သူသည် မင်းကျင်းအား ပြန်မေးလိုက်သည်။

"ဆရာဟူဟာ ဘယ်သူလဲဆိုတာ မင်းသိလား..."

မင်းကျင်းက ပြုံးပြလိုက်ပြီး...

"ဆရာဟူဆိုတာ နေပြည်တော်က လွှတ်လိုက်တဲ့ သူပါ"

စွေတုံးလှူက ထပ်မေးလိုက်သည်။

"ဆရာဟူရဲ့ သမီးဆိုတာကရော..."

မင်းကျင်းက ပခုံးတစ်ချက် တွန့်လိုက်ပြီး...

"ဆရာဟူရဲ့ သမီးဆိုတာ ချူးဖုန်းထင်းရဲ့ ဇနီးပေါ့ကွ"

စွေတုံးလှူက ခေါင်းညိတ်လိုက်ပြီး...

"မင်းက နှံ့နှံ့စပ်စပ်ကို သိတာပဲ..."

မင်းကျင်းက ရယ်မောလိုက်ပြီး...

"ဒါတွေ ထားလိုက်ပါကွာ... ငါ့ကို ဆရာဟူရဲ့အကြောင်းကို ပြောပြစမ်းပါ..."



စွေတုံးလှူက ခေါင်းညိတ်လိုက်ပြီး...

"ဆရာဟူဆိုတာ တော်တော့်ကို လျှို့ဝှက်တဲ့ ကိစ္စပဲကွ... နောက်ပြီး နေပြည်တော်က သူ့ကို ဒါလောက် ကြီးလေးတဲ့ တာဝန်ကို ယုံယုံကြည်ကြည်နဲ့ ပေးတယ်ဆိုတော့ ဒီလူဟာ အတော် ထူးချွန်တဲ့ ပုဂ္ဂိုလ်ဆိုတာ ထင်ရှားလှပါတယ်... ငါတွေ့ရတဲ့ ပုဂ္ဂိုလ်ကြီးဟာ သိုင်းပညာ တကယ်ထူးချွန်ပြီး တကယ် အရည်အချင်းရှိတဲ့ ပုဂ္ဂိုလ်ကြီးပါကွ... ဒါလောက်ဆိုရင် မင်း ကျေနပ်ရောပေါ့..."

"အေး... ကျေနပ်ပါတယ်ကွာ..."

မင်းကျင်းသည် တကယ်ပင် ကျေနပ်စွာ ပြောလိုက်ခြင်း ဖြစ်ပါသည်။

သွေးဝိညာဉ် ဂိုဏ်းသားများကို ဆရာဟူက သိုင်းသမားများအား စုရုံး၍ နှိမ်နင်းလိုက်သောအခါ ၎င်းတို့သည် ရစ်တည်၍ မရတော့ဘဲ ကစဥ့်ကလျား ဖြစ်သွားကြသည်။

ဆရာဟူမှာ အောင်မြင်မည့် ဆဲဆဲမှာပင် အရှေ့တောင် ပင်လယ်ပေါ်မှ သွေးဝိညာဉ် ဂိုဏ်းချုပ်တစ်ယောက် ပေါ်လာပြန်လေသည်။

ထိုကစဥ့်ကလျား ဖြစ်နေသော ဂိုဏ်းသားများသည် ဂိုဏ်းချုပ်ကို သူ့ကိုဂိုဏ်းချုပ်အဖြစ် တင်မြှောက်လိုက်သည်။

စွေတုံးလှူသည် သက်ပြင်းတစ်ချက် ချမိလိုက်သည်။

"ဘယ်ကိစ္စမျိုးမဆို အကျိုးရှိသလို အကျိုးမဲ့လည်း ဖြစ်တတ်ပါတယ်... ဆရာဟူက သွေးဝိညာဉ်ဂိုဏ်းသားတွေကို သုတ်သင် ရှင်းလင်းခဲ့ပေမယ့် ဂိုဏ်းချုပ် ကျင်းကျူးဆင်းအတွက် ခိုင်မာတဲ့ အင်အားသစ် တစ်ရပ်ပေါ်ထွန်းခဲ့တယ်..."

www.burmeseclassic.com

www.burmeseclassic.com



မင်းကျင်းက မျက်မှောင်ကြုတ်သွားသည်။

"ဒီလိုဆိုရင် ဆရာ့ဟူ ကျင်းကျူးဆင်းကို မနိုင်တော့ဘူး ပေါ့..."

စွေတုံးလျူက ခေါင်းညိတ်လိုက်ပြီး...

"ဟုတ်တယ်... ဒါကြောင့် ကျင်းကျူးဆင်းက ဆရာဟူရဲ့ မြေး တိမ်ဖြူမင်းသမီးကို လက်ထပ်ဖို့ တောင်းဆိုလာတဲ့အခါမှာ ဆရာဟူက လက်ခံလိုက်ရတာပဲ..."

စွေတုံးလျူက သက်ပြင်းတစ်ချက် ချလိုက်သည်။

"ကျင်းကျူးဆင်းနဲ့ တိမ်ဖြူမင်းသမီးတို့ လက်ထပ်တဲ့ကိစ္စ အောင်မြင်သွားရင် သွေးဝိညာဉ်ဂိုဏ်း ကိစ္စနဲ့ပတ်သက်ပြီး အေး ချမ်းသွားမယ် မဟုတ်လား... မင်းသမီးတစ်ယောက်ကို လက်ထပ် ပြီးရင် ဓားပြတိုက်နေလို့ မသင့်ဘူးလေကွာ... ဟုတ်တယ် မဟုတ် လား..."

"ဒါလည်း ဟုတ်သားပဲ..."

စွေတုံးလျူက စဉ်းစားဟန်ဖြင့် ပြောလိုက်သည်။

"ဒါပေမယ့်... ဒီကိစ္စမှာ ဝင်ပြီးဖျက်ဆီးတဲ့ လူတစ်စုရှိ နေတယ်..."

မင်းကျင်းက ရှင်းပြလိုက်သည်။

"ဒီလိုပါ... အရှေ့တောင် ပင်လယ်တစ်ဝိုက်မှာ ခိုးဆိုး တိုက်ခိုက်တဲ့ သွေးဝိညာဉ် ဂိုဏ်းသားတွေဟာ အများအားဖြင့် ပင် လယ်အရှေ့ရပ်က ကျွန်းသူကျွန်းသားတွေ မဟုတ်လား..."

မင်းကျင်းက ခေါင်းညိတ်လိုက်ပြီး...

"ဒါတော့ ငါလည်းသိတာပေါ့..."



စွေတုံးလျူက စကားဆက်လိုက်သည်။

"ဟုတ်တယ်... အကယ်၍သာ ကျင်းကျူးဆင်းနဲ့ တိမ်ဖြူ မင်းသမီး လက်ထပ်ပွဲ အောင်မြင်သွားရင် သူတို့ဟာ ဓါတိုင်းလို မလှုပ်ရှားနိုင်တော့ဘူးပေါ့... ဒါကို ပင်လယ်အရှေ့ကျွန်းသားတွေ က မကျေနပ်ဘူး..."

မင်းကျင်းက ခေါင်းညိတ်လိုက်သည်။

"ငါ သဘောပေါက်ပြီ... ဒါကြောင့် ပင်လယ်အရှေ့ အရပ်က ကျွန်းသားတွေက ဒီကိစ္စကို အတင်းလိုက်ပြီး ဖျက်ဆီးနေ တာပေါ့... ဟုတ်လား..."

စွေတုံးလျူက ပြန်ပြောလိုက်သည်။

"ဟုတ်တယ်... ဒါကြောင့် ကျင်းဝါစုဟာ မင်းသမီးကို သေတ္တာထဲထည့်ပြီး ခိုးသွားတာပေါ့... သူက ဒီအကြံအစည်ကြီး ကို ဖျက်စေချင်တယ်လေ..."

မင်းကျင်းက စုံစုံလင်လင် သိရှိထားပြီ ဖြစ်လေသည်။

သူသည် အတန်ကြာ စဉ်းစားလိုက်ပြီး...

"ဒါကြောင့် မင်းသမီးက မင်းကိုပြန်ခိုင်းတာ... မင်း တစ်ခါတည်း ပြန်လာတယ်ပေါ့ ဟုတ်လား..."

စွေတုံးလျူက ခေါင်းညိတ်လိုက်ပြီး...

"ဟုတ်တယ်... သူက ပြန်မခိုင်းလည်း ငါက ပြန်မှာပဲ"

မင်းကျင်းက မေးဆတ်လိုက်ပြီး...

"ဒါဖြင့် ဒီကိစ္စကို မင်းက လက်လျှော့လိုက်ပြီပေါ့ ဟုတ် လား..."

"ဟုတ်တယ်... ငါက ဘာတတ်နိုင်ဦးမှာလဲ..."

www.burmeseclassic.com

www.burmeseclassic.com



သူက မင်းကျောင်းအား ပြုံးပြလိုက်သည်။

"ဟုတ်ပါတယ်ကွာ. . . ငါက သဘောထား ပြောင်းသွားပေမယ့်. . . မင်းက သဘောထား မပြောင်းဘဲ ကတိပေးထားတဲ့ အလုပ်ကို ဆက်လုပ်ပေါ့ ဟုတ်လား. . ."

မင်းကျောင်းကလည်း ပြုံးလိုက်ပြန်သည်။

"ဆက်လုပ်ရမှာပေါ့. . . မင်းက ငါ့အတွက် စိုးရိမ်မနေနဲ့ မင်းသွားချင်တဲ့ နေရာကို မြန်မြန်သွားပါတော့. . ."

သူက ပြုံးလိုက်သည်။

သူ၏အပြုံးသည် အနည်းငယ် ဝမ်းနည်းသည့် အရိပ်အယောင်များ ပါရှိလာသည်။

"ဒါဖြင့် မင်းနဲ့ငါ လမ်းခွဲကြရတော့မှာပေါ့. . ."

မင်းကျောင်းက သူ့အား စိုက်ကြည့်လိုက်ပြီး. . .

"ဟုတ်တယ်. . ."

စွေတုံးလျှုက ရယ်မောလိုက်ပြီး. . .

"တို့မခွဲခွာမီ အရက် နည်းနည်းလောက် အတူတူ သောက်ကြရင် မကောင်းဘူးလားဗျာ. . ."

စွေတုံးလျှုသည် ရယ်မောပြီး ပြောဆိုလိုက်ခြင်း ဖြစ်သော်လည်း မျက်လုံးများ၌မူ ဝမ်းနည်းခြင်းများ ယှက်သမ်းနေလေသည်။



## အခန်း(၂၄)
## မရှုံးနိုင်သူများ

အရက်တစ်အိုး ကုန်ခမ်းလုပြီ ဖြစ်သည်။

သူတို့သည် အိမ်ခေါင်မိုးပေါ်၌ ထိုင်၍ အရက်သောက်နေခြင်း ဖြစ်သည်။

ခါတိုင်းဆိုလျှင် မင်းကျောင်းသည် အရက်သောက်ပြီးလျှင် စကားများများ ပြောတတ်သည်။

ယခုမူ သူသည် အရက်ကိုသာ များများသောက်နေသည်။

စကား လုံးဝမပြောပါချေ။

မင်းကျောင်း၏မျက်နှာမှာ တင်းမာလာသည်။

အတန်ကြာမှ. . .

"ဟေ့. . . မင်း စကားပြောတာ မဆုံးသေးဘူးလားကွ. ."

စွေတုံးလျှုက ပြုံးလိုက်ပြီး. . .

"မဆုံးသေးဘူးကွ. . ."

"မင်းကို ငါပြောစရာ ရှိလို့. . ."

မင်းကျောင်း အံ့ဩဟန် မပြဘဲနှင့်. . .

www.burmeseclassic.com



"ဘာအကြောင်းများလဲ. . ."

စွေတုံးလှူ့က ခေါင်းညိတ်လိုက်ပြီး. . .

"ငါပြောပြမယ့် အကြောင်းဟာ တစ်ခြားလူက နားမလည်နိုင်တဲ့ အကြောင်း. . . ငါတလည်း တစ်ခါမှ မပြောဖူးသေးတဲ့ အကြောင်း. . ."

မင်းကျင်းက ဒေါသတကြီးဖြင့် အော်ပြောလိုက်သည်။

"မင်း သိပ်လျှာရှည်တဲ့ ကောင်ပဲ. . . ပြောမယ့်စကားကို မြန်မြန် ပြောစမ်းပါ. . . အချိန်တွေ နှိဒါန်းတွေ သိပ်များတယ်. ."

စွေတုံးလှူ့ ပြုံးလိုက်ပြီး. . .

"ပြောမှာပေါ့ကွာ. . . မင်းနဲ့ငါ အလွန်ရင်းနှီးတဲ့ သူငယ်ချင်းဆိုတာ လူတိုင်းက သိကြတယ်. . . မင်း ပြဿနာဖြစ်ရင် ကျုပ်က အမြဲလိုလို ဖြေရှင်းပေးတယ်. . . ဟုတ်တယ် မဟုတ်လား. . ."

သူသည် ပြောရင်း အရက်အိုးအား ဘေးသို့ချထားလိုက်သည်။

"အမှန်ပြောရမယ်ဆိုရင် မင်းက ငါ့အပေါ် အစစအရာရာ ညာထားတယ်. . . ငါတို့နှစ်ယောက် ကြီးကျယ်တဲ့ အလုပ်တစ်ခု လုပ်ခဲ့ပြီးရင် နာမည်ကြီးတာက ငါပဲ နာမည်ကြီးတယ်. . . မဟုတ်လား. . ."

စွေတုံးလှူ့က သက်ပြင်း တစ်ချက်ချလိုက်သည်။

"အမှန်ကတော့ မင်းနဲ့ငါဟာ အသက်စွန့်ပြီး အတူတူလုပ်ခဲ့ကြတာပဲ. . . ဒါပေမယ့် မင်းက အလုပ် အောင်မြင်သွားတာနဲ့ ဘယ်သူမှ မရောက်နိုင်တဲ့ အရက်ဆိုင်ကလေးကို သွားပြီး အရက်သောက်ရင်း ကျန်ရစ်ခဲ့တယ် မဟုတ်လား. . ."



မင်းကျင်းသည် စွေတုံးလှူ့၏ စကားကို စိတ်ဝင်စားစွာ နားစွင့်နေ၏။

စွေတုံးလှူ့က စကားဆက်လိုက်သည်။

"မင်း ဒီလို ရှောင်တိမ်းနေတာဟာ ငါ နာမည်ကြီးစေချင်တဲ့ စေတနာရှိနေလို့ပါ. . . ဒါကို ငါသိတာပေါ့ကွာ. . ."

သူသည် မင်းကျင်းအား မျက်လုံးစိုက်ကြည့်လိုက်ပြီး. . .

"အခု မင်းကို ငါပြောချင်တာက မင်းမှားနေပြီ. . . မင်း ဒီလိုလုပ်တာက အလွန်မှားနေတယ်. . . မင်းသိထားဖို့က မင်းကျင်းက စွေတုံးလှူ့ကို ယှဉ်နိုင်တယ်. . . စွေတုံးလှူ့ မရှိလည်း မင်းဟာ ဒီတာဝန်တွေကို လုပ်သွားနိုင်တယ်ဆိုတာ မင်း နားလည်ထားရမယ်. . ."

စွေတုံးလှူ့၏ အသံသည် တဖြည်းဖြည်း ကျယ်လောင်လာသည်။

"မင်းက ဒါတွေ နားမလည်ဘူးဆိုရင် မင်းက လူမဟုတ်ဘူး. . . အသိဉာဏ်မရှိတဲ့ သတ္တဝါတစ်ကောင်ပဲ ဖြစ်နေလိမ့်မယ်"

မင်းကျင်းက ရုတ်တရက် မတ်တပ်ထရပ်လိုက်သည်။

သူသည် အရက်အိုးအား အဝေးသို့ လွှင့်ပစ်လိုက်သည်။

သူက လက်ညှိုးငေါက်ငေါက် ထိုးကာ. . .

"ဟေ့. . . စွေတုံးလှူ့. . . မင်းဘာတွေ လျှောက်ပြောနေတာလဲ. . . မင်းကို ငါပြောပြမယ်. . . မင်း ဘာဖြစ်လို့ ဒီလို စကားမျိုး ပြောနေတယ်ဆိုတာ ငါ နားမလည်ဘူးများ မှတ်နေလို့လား"

သူက စွေတုံးလှူ့အား ကြိမ်းမောင်း ပြစ်တင်နေသော်လည်း သူ၏ မျက်ဝန်းအစုံတွင် မျက်ရည်ပူများ ပြည့်လျှံကာရှိနေ

www.burmeseclassic.com

www.burmeseclassic.com



သည်။

စွေတုံးလှူကာ အေးတိအေးစက် ပြုံးလိုက်သည်။

"မင်းကကော ဘာနားလည်လို့လဲ..."

မင်းကျင်းကလည်း မဲ့ပြုံးပြုံးလိုက်သည်။

"မင်းက ငါ့ကို ထားခဲ့ပြီး ကျင်းကျူဆင်းကို သွားသတ်မလို့ မဟုတ်လား..."

သူသည် လက်သီးကို ကျစ်ကျစ်ပါအောင် ဆုပ်လိုက်သည်။

"ဟုတ်တယ် မဟုတ်လား... ပြောစမ်း... မင်း ဝန်မခံရင် မင်းကို ငါသတ်မိလိမ့်မယ်..."

စွေတုံးလှူကာ ကျယ်လောင်စွာဖြင့် အော်ပြောလိုက်သည်။

"မင်းက ဘာကောင်လဲကွ..."

မင်းကျင်းက ခေါင်းခါယမ်းလိုက်ပြီး...

"ငါက ဘာကောင်မှ မဟုတ်ဘူးကွ... မင်းလည်း ဘာကောင်မှ မဟုတ်ဘူး..."

စွေတုံးလှူကာ မချိပြုံးပြုံးလိုက်ပြီး...

"မင်းက လူမဟုတ်ဘူးကွ... ငါ့ရဲ့ ကိုယ်စောင့်နတ်ဖြစ်လိမ့်မယ်... ဒါကြောင့် ငါ ဘယ်ပဲသွားသွား... ဘာပဲလုပ်လုပ် မင်းအဖေထက်တောင် ငါက ပိုသိတယ်ကွ..."

သူသည် ပြောရင်း မနေနိုင်တော့ဘဲ ရယ်မောလိုက်တော့သည်။

သူတို့နှစ်ယောက်သည် အားရပါးရ ရယ်မောလိုက်ကြတော့သည်။

မင်းကျင်းက ရယ်မောနေရာမှ ရပ်တန့်လိုက်သည်။



"ကောင်းပြီလေ... မင်း လုပ်စရာရှိတာသာ လုပ်ပေတော့... တစ်ခုတော့ ရှိတယ်... ငါတို့ကို ဘယ်သူမှ အလဲမထိုးနိုင်ဘူး..."

"ဟုတ်တယ်... တို့နှစ်ယောက်စိတ်ကို ကြံ့ကြံ့ခံထားရင်တော့ ဘယ်သူက တို့ကို နိုင်မှာလဲကွ..."

"ဒါကို ငါသိပါတယ်..."

မင်းကျင်းက အံကြိတ်ပြီး ပြောသည်။

"ဟုတ်တယ်... ငါတို့ကို ဘယ်သူမှ မနိုင်တော့ဘူး..."

www.burmeseclassic.com



## အခန်း (၂၅)
## ရှုံးနိမ့်သူ

"ဂျိမ်း. . ."

မိုးခြိမ်းသံသည် ထပ်မံထွက်ပေါ်လာသည်။

မိုးများသည် သဲသဲမဲမဲ ရွာချလာလေသည်။

လျှပ်စစ်တစ်ချက် ပြက်လိုက်ရာ မှောင်မည်းနေသော ကောင်းကင် တစ်ခုလုံး လင်းထိန်သွားသည်။

ယခု နေထွက်သော နေ့အချိန် ဖြစ်သည်။

သို့သော် နေမင်းကြီးသည် မည်သည့်အရပ်သို့ သွားရောက်ရှာရမလိုပင် လျှပ်စစ်လတ်ပြီးနောက် မိုးအောက်မြေပြင် တစ်ခုလုံး မှောင်မည်းနေ၏။

စွေတုံးလျှသည် မိုးရေအောက်၌ ရပ်နေ၏။

မိုးရေများသည် သူ၏ ခန္ဓာကိုယ်ပေါ်သို့ သဲသဲမဲမဲ ရွာနေ၏။

သူသည် ရန်သူနှင့် ရင်ဆိုင်ခြင်း မရှိသည်မှာ အချိန်အတန်ကြာပြီ ဖြစ်သည်။



နှစ်နှစ်အတွင်းမှာ သူသည် အရက်သောက်ခြင်း လောင်းကစားခြင်း စသည့် အလုပ်များဖြင့်သာ အချိန်ကုန်ခဲ့သည်။

ယခုတော့ ထိုအချိန်များသည် ကုန်လွန်သွားခဲ့ပြီ။

ယခု သူသည် ကြောက်မက်ဖွယ်ရာ ကောင်းသော ရန်သူတစ်ယောက်နှင့် ရင်ဆိုင်ရတော့မည် မဟုတ်ပါလော။

မိုးသည် သဲသဲမဲမဲ ရွာချနေသည်။

စွေတုံးလျှသည် ခြေလှမ်းကျဲကျဲဖြင့် လျှောက်သွားသည်။

သူသည် မြို့ပြင်သို့ ဦးတည်လျှောက်လှမ်းနေခြင်း ဖြစ်သည်။ ထို့နောက်. . .

လူသူကင်းမဲ့သော မြေနီလမ်းအတိုင်း လျှောက်သွားနေသည်။

အမှန်မှာ သူသည် ထိုနေရာသို့ လာရန် အကြောင်းမရှိပါ၊ သို့သော် သူ အခု ရောက်ရှိလာလေသည်။

တမင်သက်သက် ရောက်ရှိလာခြင်းသာ ဖြစ်သည်။

အဘယ်ကြောင့်ဆိုသော်. . .

မမြင်မတွေ့နိုင်သော ရန်သူနှစ်ယောက်က သူ့အား လုပ်ကြံသတ်ဖြတ်လိမ့်မည်ဟု စိတ်ထဲမှာ အလိုအလျှောက် ခံစားမိလာသောကြောင့် ဖြစ်သည်။

ထိုရန်သူသည် အမှောင်ထုထဲ၌ သူ့အား ချောင်းမြောင်းတိုက်ခိုက်လိမ့်မည်ဟုလည်း ထစ်ထစ်ချ ယုံကြည်သည်။

ထိုလူက မည်သူမည်ဝါဟု သူမသိပါ။

သူ့အား အဘယ်ကြောင့် လုပ်ကြံမည်ကိုလည်း သူမသိပါ။

သူသိထားသည်မှာ သူက တိုက်ခိုက်လိုက်သောအခါ တစ်

www.burmeseclassic.com

www.burmeseclassic.com



ယောက်တည်းနှင့် မိမိ၏အသက်ကို ရွေးနိုင်သော တိုက်ခိုက်ခြင်း ဖြစ်မည်ဟု ယုံကြည်နေခြင်း ဖြစ်သည်။

ထိုလူ၏ တိုက်ခိုက်နေခြင်းကို သူ ရှောင်တိမ်းနိုင်ခြင်း ရှိမရှိကိုပင် မပြောနိုင်ပါ။

သို့သော် သူသည် အနည်းငယ်မျှ တွန့်ဆုတ်ခြင်း မရှိပါ။

ရှေ့သို့ ဆက်၍လျှောက်ရင်း ထွက်ပေါ်လာမည့် ရန်သူကိုသာ စောင့်မျှော်နေသည်။

ယခု သူသည် လူသူမရှိသော တောင်ကုန်းပေါ်သို့ ရောက်ရှိသွားပြီ ဖြစ်သည်။

ထို့ကြောင့် သူသည် အချိန်ကိုက်၍ ရုတ်တရက် ချော်လဲလိုက်ခြင်း ဖြစ်သည်။

ထိုတဒင်္ဂအချိန်တွင် လျှပ်စီးထပ်မံ လက်လိုက်သည်။

မှောင်မည်းနေသော သစ်ပင်များကြားမှ ရုတ်တရက် လင်းနို့ပမာ လူရိပ်တစ်ခု ပြေးထွက်လာသည်။

"ဂျိမ်း. . ."

"ဒလိန်း. . . ဒလိန်း. . ."

မိုးချုန်းသံ တစ်ချက်ဟိန်းထွက်လာသည်။

ဓားတစ်လက်သည် လဲကျနေသော ဇွေတုံးလှူ၏ ဦးခေါင်းတည့်တည့်သို့ အားမာန်အပြည့်ဖြင့် ခုတ်ချလိုက်လေတော့သည်။

❋ ❋ ❋

ဤသည် ဧကန်မလွဲ တိုက်ခိုက်သော တိုက်ခိုက်ခြင်း ဖြစ်လေသည်။



ထိုတိုက်ခိုက်ခြင်းသည် လျှပ်စီးလက်ခြင်းနှင့် မိုးချုန်းသံနှင့် ရောယှက်၍ တိုက်ခိုက်သော တိုက်ခိုက်ခြင်း ဖြစ်သည်။

အမှန်မှာ ဇွေတုံးလှူက တကယ်ပင် ချော်လဲခြင်းတော့ မဟုတ်ပါ။

ရန်သူအား မျှားခေါ်လိုက်သော လှုပ်ရှားမှု တစ်ခုမျှသာ ဖြစ်သည်။

သူ ချော်လဲသွားသောအခါ၌ တိုက်ခိုက်လာသည့် ရန်သူအား တိမ်းရှောင်နိုင်ရန် အသင့်ပြင်ထားပြီး ဖြစ်သည်။

ထို့ကြောင့် တိုက်ခိုက်သောလူ၏ ခုတ်ချသော ဓားသည် ဇွေတုံးလှူအား မခုတ်မိဘဲ လွဲချော်သွားသည်။

ဝန်းကျင် တစ်ခုလုံးသည် မှောင်မည်းသွားပြန်လေ၏။

ထိုလူက သူ့အား ခုတ်ချပြီးနောက် ပျောက်ကွယ်သွားလေသည်။

သို့သော် ထိုလူလည်း ဇွေတုံးလှူအား မတွေ့ရတော့ပါ။

အကြောင်းမှာ ဇွေတုံးလှူ တိုက်ခိုက်ခြင်းကို ရှောင်တိမ်းလိုက်သည်နှင့် ရုတ်တရက် ပျောက်ကွယ်သွားခြင်း ဖြစ်သည်။

လျှပ်စီးတစ်ချက် ထပ်မံလက်လိုက်ပြန်သည်။

ယခု လူတစ်ယောက်အား ထပ်မံတွေ့မြင်လိုက်ရလေ၏။

ထိုလူသည် မျက်နှာတစ်ခုလုံး အနက်ရောင် အဝတ်ဖြင့် အုပ်ထားလေသည်။

သူ၏တစ်ကိုယ်လုံးမှာ အနက်ရောင် ကိုယ်ကျပ်အကျီ ဝတ်ဆင်ထားသည်။

www.burmeseclassic.com

www.burmeseclassic.com



သူ၏လက်နှစ်ဖက်သည် ရှည်လျားသော ဓားတစ်လက်ကို ဆုပ်ကိုင်ထားသည်။

သူသည် မလှုပ်မယှက် တောင်ကုန်းပေါ်၌ ရပ်နေ၏။

သို့သော်. . .

သူ၏ တစ်ကိုယ်လုံးမှာ လျှပ်တစ်ပြက် တိုက်ခိုက်ရန် အသင့်ပြင်ထားပေသည်။

အကယ်၍ ဓွေတုံးလျှူက ထွက်ပေါ်လာလျှင် ထိုလူ၏ ပြင်းထန်သော တိုက်ခိုက်ခြင်းကို ခံရမည်သာ ဖြစ်သည်။

ဓွေတုံးလျှူ တစ်ယောက် ပျောက်ချင်းမလှ ပျောက်နေ၏။

လျှပ်စီးသည် ထပ်မံလက်လိုက်သည်။

ထိုသူသည် မလှုပ်မယှက်ဖြင့် ရပ်နေသည်။

သို့သော် သူ၏ အေးစက်၍ တည်ကြည်သော မျက်လုံးအစုံမှာမူ လှုပ်ရှားလာနေပြီ ဖြစ်သည်။

အချိန်အတန်ကြာ မလှုပ်မယှက် တိုက်ခိုက်ရန် အသင့်ပြင်ထားသောကြောင့် အနည်းငယ် ပင်ပန်းလာလေသည်။

အချိန်ကြာလာလေလေ သူသည် စိတ်ဓါတ်ပို၍ကျလာလေလေဖြစ်သည်။ သူသည် မနေနိုင်တော့ပါ။

သူ၏ဓားသည် ရုတ်တရက် အပေါ်သို့ မြှောက်လိုက်သည်။

ထိုစဉ်မှာပင် သစ်ပင်များကြားမှ လူတစ်ယောက်၏ အသံကြားလိုက်ရလေသည်။

"မင်းသေပြီ. . . မင်းဟာ သေပြီပဲ. . . တကယ်လို့များ ဓွေတုံးလျှူဟာ မင်းလို လူသတ်သမား တစ်ယောက် ဖြစ်ရင် အခုဆို မင်း သေနေပြီပဲ. . ."



ထိုလူ၏အသံသည် ဝမ်းနည်းကြေကွဲမှု အပြည့်ရှိနေ၏။

"မင်းဟာ ထိပ်တန်း သိုင်းသမား တစ်ယောက်ဖြစ်တယ် ယို့ချိအောဆိုတဲ့ နာမည်ကလည်း လျှမ်းလျှမ်းတောက် ဓားသမား တစ်ယောက် ဖြစ်တယ်. . . အခုတော့ မင်းရှုံးသွားပြီ. . . ဓွေတုံးလျှူက လုံးဝတိုက်ခိုက်ခြင်း မရှိသေးဘဲ ရှုံးသွားပါပြီ. . ."

ထိုစကားဆုံးသွားသည်နှင့် ပျောက်ကွယ်သွားလေသည်။

ယို့ချိအောသည် ရုတ်တရက် ရှုံ့ဖွက်ထဲ၌ ထိုင်ချလိုက်သည်။

ရုတ်တရက် သူ့လက်ထဲမှ ဓားဖြင့် သူ့ဝမ်းဗိုက်ကို ထိုးစိုက်လိုက်တော့သည်။

www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၂၆)
## အစကြောင်းပြောင်း ဂှာရမ်းခြင်း

သစ်ပင်များ နောက်ကွယ်မှ ထီးတစ်လက် ကိုင်ဆောင်၍ မိန်းကလေး တစ်ယောက် ထွက်လာသည်။

သူမ၏ ဝတ်ရုံပေါ်၌ ပိုးချည်များဖြင့် ပန်းများရေးထိုးပုံဖော်ထားသည်။

ထိုမိန်းကလေးသည် အေးဆေးစွာ လျှောက်ထွက်လာပြီး အဝေးမှ သစ်ပင်ပေါ်သို့ မော့ကြည့်လိုက်သည်။

ထို့နောက် သူမသည် ပြုံး၍ ဦးညွှတ်လိုက်ပြီး. . .

"ရွှေတုံးလှူရှင့်. . . ကနေ့ည မီးထွန်းချိန် ဆုံဆည်းရာ စားသောက်ဆိုင်မှာ ရွှေတုံးလှူကို ထမင်းစား ဖိတ်ပါတယ်ရှင်. . . ရှင်က လာနိုင်ပါ့မလား. . ."

ရွှေတုံးလှူက လက်ပိုက်၍ အတန်ကြာ စဉ်းစားလိုက်ပြီးမှ

"ကျုပ်ကတော့ ဖိတ်တဲ့လူရှိရင် အချိန်မီ ရောက်လာမှာပါဗျာ. . ."

တကယ်တော့ ရွှေတုံးလှူသည် သူ့ရုပ်ရည်ကို မပြမါ။



သူ့အသံသာ ထွက်ပေါ်လာခြင်း ဖြစ်ပါသည်။

စားသောက်ဆိုင်၏ အနောက်ဘက်ထောင့် အခန်းတစ်ခု၌ ကိုယ်ခန္ဓာ ပိန်လှီ၍ ကျန်းမာရေး ချို့တဲ့ပုံရသော အဘိုးအိုတစ်ယောက်ဟာ အရက်ခွက်ကို မြှောက်ရင်း ရွှေတုံးလှူအား ဖိတ်ခေါ်နေ၏။

"ကဲ. . . ရွှေတုံးလှူ အားမနာပါနဲ့ဗျာ. . . စားချင်တာကို စားနိုင်ပါတယ်. . ."

ရွှေတုံးလှူကလည်း ဦးညွှတ်လိုက်ပြီး. . .

"အခုလို အလေးထားပြီး ဖိတ်ခေါ်တာကို ကျေးဇူးတင်ပါတယ်ဗျာ. . ."

အဘိုးအိုက ပြုံး၍ မိတ်ဆက်လိုက်သည်။

"ဦးရဲ့နာမည်က စုကျော်မူပါ. . . ပင်လယ်ရပ်ခြားကျွန်းကလေးပေါ်မှာ နေထိုင်ပါတယ်. . . သိုင်းပညာကိုလည်း နည်းနည်းပါးပါး လေ့လာခဲ့ပါတယ်. . ."

အဘိုးအိုက အရက်ကို မော့သောက်လိုက်ပြီးမှ. . .

"ရွှေတုံးလှူရဲ့ နာမည်ကို ဦးကြားသိရတာ အတော်ကြာခဲ့ပြီ. . . ကနေ့မှ ခင်ဗျားနဲ့ ယို့ချိအောတို့ ယှဉ်တဲ့ပွဲကို မျက်မြင်ကိုယ်တွေ့ မြင်လိုက်ရတော့မှ ခင်ဗျားရဲ့ သိုင်းပညာဟာ ဦးအားထားတာထက်တောင် ပိုပြီး အံ့ဩဖို့ ကောင်းနေတယ်ဆိုတာ သိရပါတယ်ဗျာ. . ."

အဘိုးအို၏ အသက်သည် အလွန်ကြီးရင့်သူ တစ်ယောက်ဖြစ်သည်။

ကျန်းမာရေးကလည်း ချို့တဲ့နေ၏။

www.burmeseclassic.com

www.burmeseclassic.com



သူ၏စကားအရ ထိုအဘိုးအိုသည် သိုင်းပညာရပ်မှာ အလွန်လေ့လာ ဆည်းပူးထားသည်ဟု ခန့်မှန်းနိုင်သည်။

သူ၏ စူးရှသော မျက်လုံးအစုံအား မြင်တွေ့လိုက်ရသည်နှင့် ကျန်းမာရေး ချို့တဲ့သော ကိုယ်ခန္ဓာတွင် သံမဏိကဲ့သို့ စိတ်ဓါတ်ရှိနေသေးသည်ကို ခန့်မှန်းနိုင်ခဲ့သည်။

အဘိုးအိုသည် စွေတုံးလျှုအား စူးစိုက်ကြည့်လိုက်ပြီး. . .

"ယို့ချီအောက မင်းကို သတ်ဖို့ကြိုးစားတာ ဘယ်သူက ခိုင်းလိုက်တယ်ဆိုတာ မင်းသိသလား. . ."

စွေတုံးလျှုက ခေါင်းညိတ်လိုက်ပြီး. . .

"သိပါတယ်ဗျာ. . ."

အဘိုးအို၏ မျက်လုံးအစုံသည် နဖူးပေါ်သို့ မြင့်တက်သွားသည်။

"ပြောစမ်းပါဦး. . . ဘယ်သူများလဲ. . ."

စွေတုံးလျှုက မေးဆတ်ပြလိုက်ပြီး. . .

"ခင်ဗျားပဲပေါ့. . ."

အဘိုးအိုက ပြုံး၍ ခေါင်းညိတ်လိုက်ပြီး. . .

"ကျုပ်က ဘာဖြစ်လို့ မင်းကို သတ်ခိုင်းသလဲဆိုတာ မင်းသိသလား. . ."

အဘိုးအိုသည် သူ့မေးခွန်းကို သူကိုယ်တိုင် ဖြေလိုက်သည်။

"မင်းဟာ နာမည်ကြီးသလောက် အတက်ပညာ ရှိမရှိဆိုတာ သိချင်လို့ပါ. . ."

စွေတုံးလျှုက မတျေမနပ် လေသံဖြင့်. . .

"ခင်ဗျားက ဘာဖြစ်လို့ သိချင်ရတာလဲဗျ. . ."



အဘိုးအို၏ မျက်နှာသည် တည်ကြည်လေးနက် သွားသည်။ အတန်ကြာမှ. . .

"မင်းက ကျုပ်အတွက် လူတစ်ယောက် သတ်ပေးဖို့ပါ"

စွေတုံးလျှုက မျက်မှောင်ကြုတ်လိုက်ပြီး. . .

"ဘယ်သူ့ကို သတ်မလို့လဲ. . ."

အဘိုးအိုသည် အေးစက်တည်ငြိမ်သော လေသံဖြင့်. . .

"ကျင်းကျူးဆင်းပါ. . ."

စွေတုံးလျှုက စိတ်မရှည်သလိုဖြင့် မေးလိုက်သည်။

"ခင်ဗျားက ဘာဖြစ်လို့ သူ့ကို သတ်ချင်တာလဲ. . ."

အဘိုးအိုက အဝေးသို့ ငေးကြည့်နေရင်းမှ. . .

"ကျုပ်နဲ့သူဟာ ရန်ငြိုးနည်းနည်း ရှိလို့ပါ. . ."

သူသည် စွေတုံးလျှုအား စူးရှစွာ စိုက်ကြည့်လိုက်ပြီး. . .

"သူ့ကို သတ်ဖို့ လွယ်တဲ့ကိစ္စတစ်ခုတော့ မဟုတ်ဘူးကွ. . ဒါပေမယ့် မင်းကတော့ ဖြစ်ပါတယ်ကွာ. . ."

စွေတုံးလျှုက မျက်မှောင်ကြုတ်သွားသည်။

"ကျုပ်က ဘာဖြစ်လို့ ခင်ဗျားအတွက် လုပ်ပေးရမှာလဲ"

အဘိုးအိုက လက်ခုပ်တစ်ချက်တီးလိုက်သည်။

သူတို့အနီး၌ ရပ်လျက်ရှိသော ကျင်းဝါစုသည် သူ့မအနီးတွင် ရှိနေသော သေတ္တာအဖုံးကို ဖွင့်လိုက်လေသည်။

အဘိုးအိုက ပြုံးလိုက်သည်။

"ဒီသေတ္တာကို မိန်းကလေး ကျင်းဝါစုက သုံးသိန်းနဲ့ ဝယ်ခဲ့ပါတယ်. . . ဒါပေမယ့် ဒီသေတ္တာထဲမှာ သုံးသိန်းမကတန်တဲ့ ပစ္စည်းရှိတယ်ဆိုတာ ကြည့်ပါဦးဗျာ. . ."

www.burmeseclassic.com

www.burmeseclassic.com



စွေတုံးလှူသည် သေတ္တာထဲသို့ လှမ်းကြည့်လိုက်ရာ သေတ္တာထဲ၌ ရွှေချောင်းများ အပြည့်ထည့်ထားသည်ကို တွေ့ရသည်။

စွေတုံးလှူသည် သက်ပြင်းတစ်ချက် ချလိုက်သည်။

"ဒီသေတ္တာဟာ အနည်းဆုံး သိန်းကစ်ရာကျော်ကျော်တော့ တန်နေပါပြီဗျာ. . ."

သူသည် အဘိုးအိုးအား ဦးညွှတ်လိုက်သည်။

"ကျေးဇူးတင်ပါတယ်ဗျာ. . . ဒါပေမယ့် ဒီသေတ္တာဟာ ကျွန်တော့်သေတ္တာ မဟုတ်ပါဘူးဗျာ. . ."

အဘိုးအို၏ မျက်နှာသည် ဖြူဖပ်ဖြူရော် ဖြစ်သွားသည်။

စွေတုံးလှူက ယဉ်ကျေးသိမ်မွေ့စွာဖြင့် ပြောလိုက်သည်။

"ကဲ. . . ကျုပ်ကို သွားခွင့်ပြုပါဦး. . ."

အဘိုးအိုသည် လည်းကောင်း၊ ကျင်းဝါစုသည် လည်းကောင်း ကျောက်ဆစ်ရုပ်များ ဖြစ်သွားကြလေသည်။



## အခန်း (၂၅)
## လေထဲက သိမ်းငှက်

အုန်းမောင်း သုံးချက်ခေါက်ပြီးသည်အထိ စွေတုံးလှူသည် မြင်းလှည်းပေါ်၌ အိပ်ပျော်နေသည်။

မြင်းလှည်းသည် တလှုပ်လှုပ် မောင်းနှင်နေလေသည်။ စွေတုံးလှူက မနိုးပါ။

ရုတ်တရက် မြင်းလှည်း ပြတင်းပေါက် ပွင့်သွားပေသည်။

သူမသည် စွေတုံးလှူနှင့် မျက်နှာချင်းဆိုင် ထိုင်ခုံတွင် ထိုင်ချလိုက်ပြီး စွေတုံးလှူအား လှုပ်နှိုးလိုက်သည်။

စွေတုံးလှူက မျက်လုံးဖွင့်ကြည့်လိုက်သည်။

"မင်းက ငါ့ကို ဘာဖြစ်လို့ နိုးရတာလဲ ကျင်းဝါစု"

ကျင်းဝါစုက ချိုလွင်စွာ ရယ်မောလိုက်သည်။

"ကျွန်မ ရှင့်ကို မေးစရာရှိလို့ လာတာပါ. . ."

စွေတုံးလှူက မကျေမနပ် လေသံဖြင့်. . .

"ကဲ. . . ဘာမေးစရာရှိလဲ ပြော. . ."

ကျင်းဝါစုက ခေါင်းညိတ်လိုက်ပြီး. . .

www.burmeseclassic.com

www.burmeseclassic.com



"ရှင်တာ ကျောင်းကျုံးဆင်းကို သွားသတ်မယ်ဆိုတာ ကျွန်မ သိပါတယ်. . . ဒါနဲ့ ဟိုအဘိုးကြီး စုကျော်စုက ရှင့်ကို ငွေပေးပြီး သတ်ခိုင်းတာ ရှင်က ဘာဖြစ်လို့ ငြင်းလိုက်ရတာလဲ. . . အဲဒီငွေတွေက သိန်းတစ်ရာကျော်ကျော် တန်တယ်ဆိုတာ ရှင်နားမလည်ဘူးလား. . ."

စွေတုံးလှူ ခေါင်းခါယမ်းလိုက်ပြီး. . .

"ကျုပ်က ငွေမလိုချင်ပါဘူးဗျာ. . . ဒါနဲ့ အဘိုးကြီးက ရွှေမင်းသမီး ခိုးဖို့ မင်းကိုလွှတ်ဖြန့်ပြီလား. . ."

ကျောင်းဝါစုက ခေါင်းညိတ်ပြလိုက်သည်။

စွေတုံးလှူက သက်ပြင်းတစ်ချက် ချလိုက်သည်။

"မင်းပြောတာ နားထောင်ရတာ ဒီကိစ္စဟာ တော်တော်ကို လွယ်ကူနေပါလား. . ."

ကျောင်းဝါစုက ခေါင်းညိတ်လိုက်ပြီး. . .

"ဒီကိစ္စတော့ လွယ်ပါတယ်ရှင်. . . ဒါပေမယ့် မလွယ်ကူတဲ့ ကိစ္စက ကျောင်းကျုံးဆင်းဆီကို ရောက်သွားဖို့ပါ. . ."

စွေတုံးလှူက မျက်ခုံးပင့်လိုက်ပြီး. . .

"ဟုတ်လား. . ."

ကျောင်းဝါစုက ရယ်မောလိုက်ပြီး. . .

"မပူပါနဲ့ရှင်. . . အဲဒီကိစ္စကိုတော့ ကျွန်မက ကူညီပါ့မယ်ရှင်. . ."

စွေတုံးလှူက တျှနပ်သဘောကျစွာ ရယ်မောလိုက်လေသည်။

"ဟား. . . ဟား. . . ဟား. . ."



ကျောင်းဝါစုသည် မြင်းလှည်းပေါ်မှ ပြန်လည်ထွက်ခွာလိုက်သွားပြီ ဖြစ်သည်။ ရုတ်တရက်. . .

"ဝုန်း. . ."

ဟူသော အသံကို ကြားလိုက်ရပြီး စွေတုံးလှူက အိပ်ရာမှ လန့်နိုးလာသောအခါ မြင်းလှည်းသည် ရပ်တန့်နေသည်ကို တွေ့လိုက်ရသည်။

မြင်းလှည်း အဘယ်ကြောင့် ရပ်တန့်သွားသည်ကို တွေးနေစဉ်မှာပင် မြင်းလှည်းတံခါးအား ထစ်စုံတစ်ယောက်က ဆွဲဖွင့်လိုက်သည်ကို တွေ့ရသည်။

အလွန်ထွားကြိုင်းသော လူတစ်ယောက်သည် မြင်းလှည်းတံခါးဝ၌ ရပ်နေသည်။

ထိုလူကြီးသည် အကျႌမဝတ်ထားပါ။

မည်းမှောင်နေသော လူသန်ကြီးအား တွေ့လိုက်ရသဖြင့် ကောင်းသော ကိစ္စရပ်တစ်ခု မဟုတ်မှန်း စွေတုံးလှူက တွေးနေစဉ်မှာပင်. . .

ရုတ်တရက်. . .

လူသန်ကြီးက သူ၏ကြီးမားသော လက်နှစ်ဖက်ဖြင့် စွေတုံးလှူအား ဖမ်းချုပ်ထားလိုက်သည်။

စွေတုံးလှူက ရှောင်တိမ်းနိုင်ပါသော်လည်း ရှောင်တိမ်းခြင်း မပြုပါ။

သူသည် လူသန်ကြီးနောက်သို့ လိုက်သွားချင်သည် မဟုတ်ပါလော။ သူ့ကို ဖမ်းခြင်း၏အစကို သူ ရှာဖွေချင်သည်။

တောအုပ်ကလေး တစ်ခုအတွင်းရှိ အိမ်ကလေးတစ်တွင်

www.burmeseclassic.com

www.burmeseclassic.com



ရွှေတုံးလျှ ရောက်ရှိနေသည်။

ရွှေတုံးလျှသည် ပြတင်းပေါက်ကို ဖွင့်လိုက်ပြီး ကောင်းကင်ပေါ်သို့ မော့ကြည့်လိုက်သည်။

ကြယ်များကို မပီဝိုးတဝါး မြင်ရလေသည်။

ဝန်းကျင်တစ်ခုလုံးသည်လည်း တိတ်ဆိတ်၍ နေ၏။

လူသန်ကြီးသည်လည်း သူ့ကို အိမ်ထဲသို့ ခေါ်လာပြီး မြန်သည်ပျောက်ကွယ်သွားသည်။ ရုတ်တရက်. . .

ရွှေတုံးလျှ၏ နောက်ကွယ်တွင် ခြေသံတစ်ခုကို သဲ့သဲ့ကြားလိုက်ရလေသည်။

သူက နောက်သို့ လှည့်ကြည့်လိုက်သောအခါ သူ၏မျက်လုံးအစုံသည် ပြူးကျယ်သွားလေသည်။

"မင်းကိုး. . ."

ရွှေတုံးလျှသည် အလွန်အံ့ဩသွားသည်။

"မင်းက ဘာဖြစ်လို့ ဒီကိုရောက်လာရတာလဲ. . ."

မင်းသမီး၏ မျက်နှာသည် ညှိုးနွမ်းစွာဖြင့်. . .

"ကျွန်မ စိတ်ညစ်တဲ့အခါတိုင်း ဒီကိုရောက်လာတတ်တယ်လေ. . ."

မင်းသမီးက ပြုံးလိုက်ပြီး. . .

"ရှင့်ကို ကျွန်မက ဖိတ်ခေါ်လိုက်တာပါ. . ."

ရွှေတုံးလျှက ရယ်မောလိုက်ပြီး. . .

"ဖိတ်ခေါ်လိုက်တာ ဟုတ်လား. . . မသိပါဘူးဗျာ. . . ကျုပ်က မှိန်းခေါ်လာတယ် မှတ်လို့. . ."

မင်းသမီးက ရွှေတုံးလျှအား တစ်ချက်ကြည့်လိုက်ပြီး. . .



"ဒီအတွက် ကျွန်မ တောင်းပန်ပါတယ်ရှင်. . . ကျွန်မ ရှင့်ကို ပြောစရာ ရှိလို့ပါ. . ."

ရွှေတုံးလျှက မျက်မှောင်ကြုတ်လိုက်ပြီး. . .

"ဘာများလဲ. . ."

မင်းသမီးက ခေါင်းညိတ်လိုက်ပြီး. . .

"ကျွန်မ အဖေကို တစ်ခါပဲ တွေ့ဖူးပါတယ်. . . ကျွန်မ ငယ်ငယ်တုန်းကပေါ့. . . အဘိုးဟာ ဖေဖေနဲ့တွေ့ဖို့ အိမ်ဖော်တစ်ယောက်နဲ့ ကျွန်မကို လွှတ်လိုက်ပါတယ်. . ."

သူမသည် သက်ပြင်းတစ်ချက် ချလိုက်ပြီး စကားဆက်လိုက်လေသည်။

"အခုထိ ဟိုတုန်းက သူ့ကိုတွေ့ခဲ့တဲ့ အဖြစ်အပျက်တွေကို သတိရသေးတယ်. . . ဖေဖေဟာ ခန့်ညားတဲ့ ယောက်ျားတစ်ယောက်ဆိုတာ ကျွန်မ မှတ်မိပါတယ်. . . ဖေဖေက ကျွန်မနဲ့တွေ့တော့ ကျွန်မကိုသာ ချီလိုက်မယ်ဆိုရင် ကျွန်မ ဘယ်လောက်များ ဝမ်းသာမလဲနော်. . . ဒါပေမယ့် သူ့ရဲ့လက်က ဓားကိုတင်းကျပ်စွာ ဆုပ်ကိုင်ထားတယ်. . . ကျွန်မကို မချီခဲ့ဘူး. . ."

ရွှေတုံးလျှက မျက်ခုံးပင့်လိုက်ပြီး. . .

"သူက မင်းကို ကြင်ကြင်နာနာနဲ့ မဆက်ဆံခဲ့ဘူးပေါ့"

"ဟုတ်ကဲ့. . . မဆက်ဆံခဲ့ပါဘူး. . ."

ရွှေမင်းသမီး၏ အသံသည် တုန်ယင်သွားသည်။

ရွှေတုံးလျှက ထပ်မံမမေးတော့ပါ။ သူမသည် မေတ္တာငတ်မွတ်ခဲ့သည့် မိန်းကလေး တစ်ယောက်သာ ဖြစ်ပါလေ၏။

နံနက်ခင်း၏ နှင်းများသည် မပီမပြင် ဝိုးတဝါးသာ ရှိ

www.burmeseclassic.com

www.burmeseclassic.com



တော့သည်။

အတိတ်၏ အဖြစ်အပျက်များသည် မပီမပြင် ဝိုးတဝါးသာ ရှိတော့သည်။

မင်းသမီးသည် အတန်ကြာ နှုတ်ဆိတ်နေရာမှ စကားဆက်လိုက်သည်။

"အဲဒီနောက်ပိုင်းမှာ ကျွန်မဖေဖေ့ကို တစ်ခါမှ မတွေ့တော့ဘူး. . . နောက်လည်း တွေ့မယ်လို့ မထင်ပါဘူး. . ."

မင်းသမီးသည် ဇွဲတုံးလျှူဘက်သို့ လှည့်လိုက်ပြီး. . .

"ရှင်က ဖေဖေ့ကို တွေ့ခဲ့ရင် ကျွန်မ ဒီမှာ အေးအေးချမ်းချမ်း ရှိနေရတယ်ဆိုတာ သူ့ကို ပြောပေးပါရှင်. . ."

ဇွဲတုံးလျှူလည်း တိတ်ဆိတ်နေလိုက်သည်။

"ကျုပ်က သူ့ကိုနောက်ထပ် တွေ့ဖို့လွယ်မှာ မဟုတ်ဘူး"

မင်းသမီးကလည်း ခေါင်းညိတ်လိုက်ပြီး. . .

"ဟုတ်တယ်. . . နောက်ဆိုရင် ကျွန်မကိုလည်း ရှင် ထပ်တွေ့ဖို့ မလွယ်တော့ဘူး ထင်ပါတယ်. . ."



## အခန်း (၂၉)
## လူတစ်ယောက် မဟုတ်သူ

ဇွဲတုံးလျှူသည် အဘိုးအိုထံမှ ထွက်ခွာလာသောအခါ လိုက်ပို့မည့်သူ မရှိပါ။

သူသည် လှေကြီးအနီးမှ လှေငယ်ပေါ်သို့ ခုန်ချလိုက်ပြီး ရေစုန်အတိုင်း ထွက်ခွာလာရာ သူ့ရှေ့တွင် လှေငယ်တစ်စီး လှော်မည့်သူ မရှိဘဲ မျောလာသည်ကို တွေ့ရသည်။

ထိုလှေသည် သူ့အနီးသို့ ရောက်ရှိလာသောအခါ သူ၏ မျက်လုံးအစုံသည် ပြူးကျယ်သွားသည်။ အဘယ်ကြောင့်ဆိုသော်. .

လှေပေါ်တွင် ရှောင်ထင်းသည် ထိခိုက်ဒဏ်ရာများဖြင့် ပါလာတာကြောင့်တည်း။

ဇွဲတုံးလျှူသည် သူ၏လှေကို ရှောင်ထင်း၏ လှေအနီးသို့ ချဉ်းကပ်သွားလေသည်။

လှေချင်းနီးလာသောအခါ သူသည် ရှောင်ထင်း၏ လှေပေါ်သို့ ခုန်တက်လိုက်သည်။

ရှောင်ထင်း၏ လှေငယ်သည် လှိုင်းတံပိုးများကြား လူး

www.burmeseclassic.com

www.burmeseclassic.com



လိမ့်လှုပ်ရှားနေသည်။

အချိန်မရွေး ရေအောက်ထဲသို့ နစ်မြုပ်သွားနိုင်သည်။

ထို့အပြင် . . .

လှေငယ်ပေါ်၌ အစားအစာ မရှိသည့်အပြင် သောက်ရေလည်း မရှိပါ။

ထို့ကြောင့် သူတို့နှစ်ယောက်သည် ခုနစ်ရက်မျှသာ အသက်ရှင်နိုင်မည် ဖြစ်သည်။

လူတစ်ယောက်မှာ ခုနစ်ရက်တိုင်တိုင် အစားအစာမရှိလျှင် မသေနိုင်သေးပါ။ သို့သော် . . .

ခုနစ်ရက်တိုင်တိုင် သောက်ရေမရှိလျှင် အသက်ရှင်သန်နိုင်ဖို့ရာ လွယ်ကူမည့် ကိစ္စတစ်ခု မဟုတ်ပါ။

ထိုအချက်ကို စွေတုံးလှူကြ နားလည်ထားသည်။ သို့သော် သူသည် ထိုအချက်များကို မေ့ထားလိုက်သည်။ မဖြစ်နိုင်တဲ့ကိစ္စတစ်ခုကို ပြန်လည် တွေးနေလျှင် စိတ်ဆင်းရဲမည်မှအပ မည်သို့ တတ်နိုင်မည်နည်း။ ထို့ကြောင့် . . .

စွေတုံးလှူသည် မည်သည့် အန္တရာယ်ကြီးမားသည့် အခြေအနေနှင့် ရင်ဆိုင်ရသည့်တိုင်အောင် သူသည် ပျော်ရွှင်ဖွယ်ရာကောင်းသော အကြောင်းများကိုသာ စဉ်းစားတတ်သည်။

ယင်းသို့ ပျော်ရွှင်ဖွယ်ရာ အကြောင်းအရာများကို စဉ်းစားခြင်းအားဖြင့် စိတ်ဓါတ်တက်ကြွလာမည် မဟုတ်ပါလော။

ရှောင်ထင်း၏ မျက်နှာသည် နဂိုကဖြူဖွေးနေသည်။

ယခုမူမူ ပို၍ ကြောက်မက်ဖွယ်ရာ ကောင်းလောက်အောင် ဖြူဖွေးနေ၏။



သူသည် ထူးခြားသော အဆိပ်တစ်မျိုးမျိုး မိထားခဲ့ဟန်ရှိ၏။ သို့မဟုတ် အလွန်ပြင်းထန်သော အတွင်းဒဏ်ရာ ဖြစ်နေဟန်ရှိ၏။ တစ်ခါတစ်ရံ သတိကောင်းနေ၏။

ဤတစ်ကြိမ် သူသတိရလာသောအခါ စွေတုံးလှူ ပြုံးနေသည်ကို တွေ့မြင်လိုက်ရသည်။ သူက မနေနိုင်တော့ပေ။

ရှောင်ထင်းက တိုးညင်းစွာဖြင့် ပြောလိုက်သည်။

"ခင်ဗျားကို ကြည့်ရတာ ပျော်နေသလိုပဲ . . ."

စွေတုံးလှူက ပြုံးလိုက်ပြီး . . .

"ဟုတ်တယ် . . . ကျုပ်ပျော်နေတယ် . . ."

ရှောင်ထင်းက တစ်ချက်လူးလိမ့်လိုက်ပြီး . . .

"ခင်ဗျား ကျုပ်လှေပေါ်ကို ဘယ်လိုရောက်နေတာလဲ"

စွေတုံးလှူက ခေါင်းညိတ်လိုက်ပြီး . . .

"ကျုပ်လှေလှော်လာရင်းနဲ့ ခင်ဗျားလှေ မျောလာတာတွေ့လို့ ကျုပ် ခင်ဗျားလှေပေါ် တက်လိုက်တာ . . ."

စွေတုံးလှူက သက်ပြင်းတစ်ချက် ချလိုက်ပြီး . . .

"ခင်ဗျား အခုလို အခြေအနေမျိုးမှာ ပျော်နေတာကို ကျုပ်တော်တော်အံ့ဩတယ် . . ."

စွေတုံးလှူက ရယ်မောလိုက်ရင်း . . .

"အခု အခြေအနေက ဘာဖြစ်နေလို့လဲ . . . အနည်းဆုံး ကျုပ်တို့နှစ်ယောက် အသက်မသေသေးဘူး . . . မဟုတ်လား . . ."

ရှောင်ထင်းက အဆုံးအစမရှိသော ကောင်းကင်ကြီးကို မော့ကြည့်ပြီး ပြောလိုက်သည်။

"ဟုတ်တယ် . . . ကျုပ်တို့ အသက်ရှင်နေတာကတော့ မှန်

www.burmeseclassic.com



ပါတယ်. . . ဒါပေမယ့် ကျုပ်တို့က သေရမှာကို စောင့်နေတာဗျ"

မည်သည့် ရှုထောင့်ကပဲ ကြည့်ကြည့်၊ စွေတုံးလျှူနှင့် ရှောင်ထင်းတို့သည် တူညီသော လူနှစ်ယောက် မဟုတ်ပါ။

ဆန့်ကျင်ဘက် ဖြစ်နေသော လူများဖြစ်သည်ဟု ဆိုလျှင်လည်း ဆိုနိုင်ပါသည်။

ထူးခြားသည်မှာ သူတို့ နှစ်ယောက်ကြားတွင် အလွန်ထူးခြားသော တူညီချက် တစ်ခုရှိနေပလေသည်။ တစ်နည်းဆိုရသော်. .

သူတို့သည် တစ်ယောက်ကို တစ်ယောက် နားလည်ကြသည်။ ရှောင်ထင်းက စွေတုံးလျှူကို လုံးဝမမေးမိပါ။

"မင်းက ကျုပ် လှေပေါ်ကို ဘာဖြစ်လို့ လိုက်လာရတာလဲ. . ."

ရှောင်ထင်းက စွေတုံးလျှူကို မမေးခဲ့ပါ။ သူကလည်း. . .

"မင်းက ဘယ်သူနဲ့တိုက်ခိုက်ခဲ့သလဲ. . ."

ရှောင်ထင်းကို မမေးခဲ့ပါချေ။ မည်သို့ဆိုစေ. . .

သူတို့သည် ယင်းကိစ္စရပ် အားလုံးကို မမေးကြဘဲ လက်ရှိဖြစ်ရပ်တိုသာ အာရုံသွင်းပြီး အဖြေရှာခဲ့ကြသည်။

ဤတစ်ကြိမ် စွေတုံးလျှူက မသေပါ။ ရှောင်ထင်းကလည်း မသေသေးပါ။ အကြောင်းမှာ. . .

သူတို့အား သူများက ကယ်တင်လိုက်ခြင်းကြောင့် ဖြစ်ပါသည်။

❋ ❋ ❋



သာယာသော ညနေခင်း တစ်ခုတွင် စွေတုံးလျှူနှင့် မင်းကျင်းတို့သည် မြက်ခင်းပေါ်တွင် စုထိုင်၍ အရက်သောက်နေကြသည်။ မင်းကျင်းက အရက်ကို မော့သောက်လိုက်ပြီး. . .

"အင်း. . . မင်းက သိပ်ကောင်းတာပဲ. . . တော်ရုံတန်ရုံဆို ပင်လယ်ထဲမှာ ငါးစာဖြစ်သွားတော့မှာပေါ့. . ."

စွေတုံးလျှူက ခေါင်းညိတ်လိုက်သည်။

"ဟုတ်ပါတယ်. . . ကံကောင်းတယ်လို့ပဲ ဆိုရမှာပေါ့ဗျာ ငါတို့ကို တံငါသည်တွေက ကျွန်းတစ်ကျွန်းကို ကယ်တင်သွားတယ် အဲဒီကျွန်းပေါ်မှာ တံငါသည်တွေချည်းပဲ နေထိုင်ကြတယ်. . . အမှန်အားဖြင့် ကြည့်မယ်ဆိုရင် တခြား တံငါရွာတွေနဲ့ ဘာမှမထူးခြားဘူးပေါ့. . ."

မင်းကျင်းက မျက်မှောင်ကြုတ်သွားသည်။

"မင်းက ဘာကိုဆိုလိုတာလဲ. . . ရှင်းရှင်းပဲ ပြောစမ်းပါ"

စွေတုံးလျှူ၏ မျက်နှာသည် လျှို့ဝှက်သော ဟန်အမူအရာဖြင့်. . .

"ဟုတ်တယ်. . . ငါက တံငါရွာမှာပဲ ထူးဆန်းတဲ့ လူတွေကို တွေ့ခဲ့ရလို့ပါ. . ."

မင်းကျင်းက မျက်မှောင်ကြုတ်လိုက်ပြီး. . .

"ဘယ်သူများ တွေ့ခဲ့လို့လဲ. . ."

စွေတုံးလျှူက ခေါင်းညိတ်လိုက်ပြီး. . .

"ထင်းရှောင်စန်း၊ ထင်းပ၊ ထင်းခိုင်တုန်းနဲ့ ဝမ်းချိုတို့ပါ"

စွေတုံးလျှူ ပြောလိုက်သော အမည်မှာ လျှမ်းလျှမ်းတောက် ကျော်ကြားသော သူရဲကောင်း သိုင်းသမားများပင် ဖြစ်

www.burmeseclassic.com

www.burmeseclassic.com



ကြလေသည်။

"ဟော့ . . . ဒီအကျော်အမော်တွေက တံငါရွာကို ဘာသွား လုပ်ကြတာလဲ . . ."

စွေတုံးလှူကျ မျက်မှောင်ကြုတ်သွားသည်။

"သူတို့ကတော့ ငါးသွားဖမ်းတာ မဟုတ်တန်ဘူး . . ."

မင်းကျော်းက ခေါင်းညိတ်လိုက်သည်။

"အင်း . . . ကျုပ် တွေးမိတာတော့ ဒီတံငါရွာဟာ ကျင်း ကျူးဆင်းရဲ့ အခြေခံစခန်း တစ်ခုဖြစ်ရမယ် . . . အဲ့ဒီသိုင်းအကျော် အမော်တွေဟာ ကျင်းကျူးဆင်းနဲ့ တွေ့ဖို့သွားတာနဲ့ တူတယ် . . ."

စွေတုံးလှူကျ သက်ပြင်းတစ်ချက် ချလိုက်ပြီး . . .

"မင်းလို ဉာဏ်ကောင်းတဲ့ လူတစ်ယောက်ကို ဘာဖြစ်လို့ များ သူများတွေက မင်းကို အတယ်လို့ ပြောရတာလဲ . . ."

မင်းကျော်းက ပခုံးတစ်ချက် တွန့်လိုက်သည်။

"ဒီလူတွေကို ငါက သိပ်အထင်မကြီးပါဘူး . . . အခုတော့ ကျင်းကျူးဆင်းဆီသွားဖို့ သတ္တိရှိတာကို ငါက ချီးကျူးရမှာပဲ . . ."

စွေတုံးလှူကျ သက်ပြင်းတစ်ချက် ချလိုက်သည်။

"သူတို့က ကျင်းကျူးဆင်းဆီကို ဘာကိစ္စနဲ့ သွားတယ်ဆိုတာ ကော မင်း တွေးလို့ရသလား . . ."

မင်းကျော်းက သူ့အား စေ့စေ့ကြည့်လိုက်သည်။

"သူတို့က ဘာကိစ္စနဲ့ပဲသွားသွား . . . ငါစိတ်မဝင်စားဘူး ငါသိချင်တာက မင်းကျော်း ကျူးဆင်းကို တွေ့ခဲ့သလားဆိုတာကိုပဲ"

စွေတုံးလှူကျ ခေါင်းညိတ်လိုက်သည်။

"တွေ့ခဲ့ပါတယ် . . ."



မင်းကျော်းက ပျာပျာသလဲဖြင့် မေးလိုက်သည်။

"ဒါဖြင့် သူက ဘယ်လိုလူမျိုးလဲဗျ . . ."

စွေတုံးလှူကျ အတန်ကြာ စဉ်းစားလိုက်ပြီးမှ . . .

"သူက ဘယ်လိုလူစားမျိုးလဲဆိုတာ ငါလည်း မပြောတတ် ဘူး . . . ငါပြောနိုင်တာက သူ့ကို ငါတွေ့မြင်လိုက်တာနဲ့ သူ့အာ သတ်လို့ မသေနိုင်တဲ့ လူတစ်ယောက်ဆိုတာပဲ . . . သူများတွေက အဲဒီ အကြောင်းပြောတယ်ဆိုတာသည်း ငါသဘောပေါက်သွား တယ် . . ."

မင်းကျော်းက အံ့ဩသလို စွေတုံးလှူအား ကြည့်လိုက်ပြီး မေးမိသည်။

"ဘာဖြစ်လို့လဲကွယ် . . ."

စွေတုံးလှူအား ဖြည်းလေးစွာ ပြန်ဖြေလိုက်သည်။

"သူက လူတစ်ယောက်မှ မဟုတ်ပဲကွာ . . ."

www.burmeseclassic.com



## အခန်း (၂၉)
## တံငါရွာမှ ကျောင်းကျူဆင်း

စွေတုံးလျှုသည် ပထမဦးဆုံး ကျောင်းကျူဆင်းအား တွေ့မြင်လိုက်သောအချိန်မှာ အလွန်သာယာသော နံနက်ခင်း တစ်ခုဖြစ်သည်။

ကျောင်းကျူဆင်းက လှေဖြင့် တံငါရွာသို့ ရောက်ရှိလာခြင်းဖြစ်သည်။

သူသည် စွေတုံးလျှု တွေးထင်ထားသလို ကြီးမားသော စက်လှေနှင့် လာခြင်း မဟုတ်ပါ။

သာမန် တံငါလှေဖြင့် ရောက်ရှိလာခြင်း ဖြစ်သည်။

တံငါလှေပေါ်၌ လူဆယ်ယောက် ပါရှိသည်။ ထိုလူဆယ်ယောက်သည် တံငါသည်များကဲ့သို့ ဝတ်စားဆင်ယင်ထား၏။

သူတို့၏အကျီ ရင်ဘတ်များကိုလည်း ဟထားလေသည်။

ထို့ပြင်. . .

သူတို့၏ ခြေထောက်များတွင် ဖိနပ်ကို ဝတ်ဆင်ထားခြင်း မရှိပါ။



သူတို့၏ ခန္ဓာကိုယ်များသည် ထွားကျိုင်း၍ သန်မာလှသည်။

တံငါလှေဆိုက်ကပ်လာသည်နှင့် သူတို့သည် လှေပေါ်မှ ခုန်ချလိုက်ပြီး ခြေဗလာဖြင့် သဲသောင်ပြင်ပေါ်သို့ လျှောက်သွားကြသည်။

သူတို့သည် အလွန်ဖျတ်လတ်ပြီး ဥပဓိရုပ်ကောင်းသည်။

ထိုအချိန် ထိုအခါက ထိုလူဆယ်ယောက်ထဲ၌ လျှမ်းလျှမ်းတောက် ကျော်ကြားသော သွေးဝိညဉ်ဂိုဏ်းချုပ် ကျောင်းကျူဆင်း တစ်ယောက် ပါဝင်နေလိမ့်မည်ဟု စွေတုံးလျှုက မထင်မိခဲ့ပါချေ။

သူ၏စိတ်ထဲ၌ ကျောင်းကျူဆင်းမှာ ဂိုဏ်းချုပ်တစ်ဦးပမာ ခန့်ညားစွာ ဝတ်ဆင်ထားလိမ့်မည်ဟုသာ ထင်ခဲ့လေသည်။

ရှောင်ထင်းက သူ့အား အသံတိုးတိုးဖြင့်. . .

"ကျောင်းကျူဆင်း လာပြီလေ. . ."

စွေတုံးလျှုသည် အလွန်အံ့ဩသွားလေသည်။

ထို့ကြောင့်. . .

သူသည် ပျာပျာသလဲ အမူအရာဖြင့်. . .

"ဘယ်မှာလဲ ကျောင်းကျူဆင်း. . ."

ရှောင်ထင်းက ထိုလူဆယ်ယောက်အား ညွှန်ပြလိုက်သည်။

"အဲဒီဆယ်ယောက်ထဲက တစ်ယောက်ပေါ့. . ."

စွေတုံးလျှုသည် ထိုလူဆယ်ယောက်အား တစ်ယောက်ချင်း အကဲခတ်ကြည့်လိုက်သည်။

ထိုလူဆယ်ယောက်ထဲ၌ မည်သူက ကျောင်းကျူဆင်း ဖြစ်နိုင်

www.burmeseclassic.com

www.burmeseclassic.com



သည်ကို လေ့လာကြည့်နေ၏။

သို့သော် . . .

ထိုလူဆယ်ယောက်၏ ရုပ်သွင်၊ ကိုယ်ခန္ဓာ၊ အရပ်အမောင်း၊ ဝတ်စားဆင်ယင်မှု၊ ဟန်မူရာ စသည့်တို့အားလုံး တညီတညာတည်း ဖြစ်နေသည်ကို တွေ့ရသည်။

သို့သော် . . .

ကျွန်းပေါ်မှ တံငါသည်များသည် သူတို့အား တွေ့မြင်လိုက်သည်နှင့် ဝမ်းသာအားရစွာ ကြွေးကြော်နေလေသည်။

ထိုလူဆယ်ယောက်သည် ပြိုင်တူပြုံးမြပြီး ပြိုင်တူ လက်ဝှေ့ယမ်းပြကာ ပြိုင်တူ သစ်သားအိမ်ကလေးထဲသို့ လှမ်းဝင်သွားကြသည်။

သဲသောင်ပေါ်ရှိ သူတို့၏ ခြေရာများသာ ကျန်ရစ်ခဲ့သည်။

စွေတုံးလျှူသည် ထူးခြားသော ကိစ္စတစ်ရပ်ကို ချက်ချင်းပင် တွေ့ရှိလိုက်ပြန်လေသည်။ အကြောင်းမှာ . . .

ထိုလူဆယ်ယောက် ကျန်ရစ်ခဲ့သော ခြေရာများသည် လူတစ်ယောက်တည်း လျှောက်သွားသော ခြေလှမ်းများနှင့်တူလှပေသည်။

ထိုလူဆယ်ယောက်သည် ရှေ့ဆင့်နောက်ဆင့် လျှောက်သွားသည်။ တစ်ယောက်၏ ခြေထောက်နင်းလိုက်သောအခါ တစ်ယောက်၏ ခြေထောက်သည် ရှေ့က လူနင်းထားသော ခြေရာထဲသို့ထပ်မံ နင်း၍ လျှောက်သွားခြင်း ဖြစ်သည်။

အကယ်၍သာ . . .

ထိုလူဆယ်ယောက် လျှောက်သွားသည်ကို မတွေ့ခဲ့လျှင်



ထိုခြေရာများသည် လူတစ်ယောက်တည်း လျှောက်သွားသည့် ခြေရာများဟု ထင်မှတ်မိကြမည်မှာ မလွဲပေ။

ထိုသစ်သားအိမ်ကလေးသည် အပြင်ဘက်မှ ကြည့်လျှင် ကျဉ်းသည်ဟု ထင်ရသည်။

သို့သော် . . .

အတွင်းဘက်တွင် အတော်အသင့် ကျယ်ဝန်းလှသည်။

အလင်းရောင်လည်း ရသည်။ ပြတင်းပေါက်များ အမြဲဖွင့်ထားသဖြင့် အပြင်ဘက်သို့ လှမ်းကြည့်လိုက်သည်နှင့် ပြာလဲ့လဲ့ ရေပြင်များကိုသာ တွေ့ရသည်။

စွေတုံးလျှူသည် အိမ်ဝင်းထဲသို့ လှမ်းဝင်လိုက်သောအခါ သူသည် တစ်သက်နှင့် တစ်ကိုယ် မကြုံစဖူး ကြုံတွေ့ရသော ကိစ္စတစ်ရပ်ဖြစ်ပေါ်ခဲ့လေသည်။

ကျင်းကျူဆင်းသည် တစ်ယောက်တည်း မဟုတ်ပါ။ လူဆယ်ယောက် ဖြစ်နေလေသည်။

ထိုလူဆယ်ယောက်လုံးသည် ကျင်းကျူဆင်းချည်း ဖြစ်သည်။

မည်သူက ကျင်းကျူဆင်း အစစ်ဆိုသည်မှာ မည်သူကမှ မခွဲခြားနိုင်ပါချေ။

လူအများသည် ကျင်းကျူဆင်းအား လုပ်ကြံသတ်ဖြတ်ရန် ကြံစည်သောအခါ အခက်အခဲ တွေ့ကြရလေသည်။

စွေတုံးလျှူသည်လည်း ထိုဆယ်ယောက်အနက်မှ မည်သူ ကျင်းကျူဆင်း ဖြစ်သည်ကို မခွဲခြားတတ်ခဲ့ပါချေ။

*တံငါရွာသို့ ရောက်ရှိနေကြသော သိုင်းအကျော်အမော်*

www.burmeseclassic.com

www.burmeseclassic.com



ငယ်းယောက်တို့သည် ယခုအခါ၌ ထိုအိမ်ကလေးသို့ ရောက်ရှိနေပြီ ဖြစ်လေသည်။

ကျောင်းကျူဆင်းက ပထမဆုံး လက်ခံတွေ့ဆုံသော လူမှာ အလွန်သန်မာသော အသက်ငါးဆယ်ခန့် လူတစ်ယောက်ဖြစ်သည်။

သူ၏ခန္ဓာကိုယ် တစ်ခုလုံးမှာ ကြွက်သားများ အဖုအထစ်ဖြင့် သံမဏိကဲ့သို့ ထုထားသည်နှင့် တူလှပေသည်။

"ခင်ဗျား. . . နာမည်က ဝမ်းချိုပင် မဟုတ်လား. . ."

ထိုလူက ခေါင်းညိတ်လိုက်ပြီး. . .

"ဟုတ်ပါတယ်ဗျာ. . ."

ကျောင်းကျူဆင်း ဆယ်ယောက်ထဲက တစ်ယောက်က မေးဆက်၍ မေးလိုက်သည်။

"ခင်ဗျားက ဘာကိစ္စနဲ့ ကျုပ်ကို တွေ့ချင်ရတာလဲ"

ဝမ်းချိုပင်က ရှင်းပြလိုက်သည်။

"ကျုပ် ကာကွယ်စောင့်ရှောက်လာတဲ့ ကုန်ပစ္စည်းတွေကို ခင်ဗျားတို့ ပိုင်နက်မှာ အလုခံရတဲ့အတွက် အခုလို လာရတာပါ"

ကျောင်းကျူဆင်းက မျက်မှောင်ကြုတ်သွားသည်။

"ကျုပ်က ဘာလုပ်ပေးရမှာလဲဗျ. . ."

ဝမ်းချိုပင်၏ မျက်နှာသည် ကွက်ခနဲ ပျက်သွားလေသည်။

"ဘာလုပ်ပေးရမလဲဆိုတာ ခင်ဗျား နားမလည်ဘူးလား ကျုပ်ပစ္စည်းတွေကို ပြန်ပေးပေါ့ဗျ. . ."

ကျောင်းကျူဆင်းက ခေါင်းခါယမ်းလိုက်ပြီး အေးစက်စွာဖြင့် ပြောလိုက်သည်။



"ကျုပ်က မင်းကို ဘာဖြစ်လို့ ပြန်ပေးရမှာလဲ. . ."

ဝမ်းချိုပင်သည် ဘာမှပြန်မပြောဘဲ ခါးမှဓားကို ဆွဲထုတ်လိုက်သည်။ ရှတ်တရက်. . .

သူ၏ဓားဖြင့် ကျောင်းကျူဆင်း၏ ခန္ဓာကိုယ်ပေါ်သို့ ခုတ်ချလိုက်လေသည်။

အခြား ကျောင်းကျူဆင်း တစ်ယောက်က သက်ပြင်းတစ်ချက်ချလိုက်ပြီး လက်တစ်ချက် ဝှေ့ယမ်းလိုက်ရာ ဝမ်းချိုပင်၏ လက်ထဲမှ ဓားသည် ထိုကျောင်းကျူဆင်း၏ လက်ထဲသို့ ရောက်ရှိသွားလေသည်။

ကျောင်းကျူဆင်းက တစ်ချက်ပြုံးလိုက်ပြီး ဓားကိုပြန်ပစ်ပေးလိုက်သည်။

ဝဲဘက်အစွန်ဆုံး၌ ထိုင်နေသော ကျောင်းကျူဆင်းက ပြုံးလိုက်သည်။

"မင်းတို့ကို ဂရုမစိုက်လို့ အခုလို ငါတို့နဲ့ တွေ့ဆုံတဲ့အခါမှာ ဘာလက်နက်မျိုးမဆို ယူဆောင်ခွင့်ပြုထားတာပေါ့. . ."

အခြား ကျောင်းကျူဆင်း တစ်ယောက်က အေးပြောလိုက်သည်။

"ကဲ. . . မင်း ဒီကထွက်သွားရင် ကောင်းမယ်ထင်တယ်"

ဝမ်းချိုပင်၏ မျက်နှာတစ်ခုလုံးသည် မည်းမှောင်သွားလေသည်။ သူသည် ဓားကို ကောက်ကိုင်လိုက်ပြီး ခေါင်းငိုက်စိုက်ချကာ အခန်းထဲမှ ထွက်သွားလေတော့သည်။

ကျောင်းကျူဆင်း ဆယ်ယောက်နှင့် ဒုတိယ လက်ခံတွေ့ဆုံရသောသူမှာ ကျောင်းခိုင်သူ ဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



ကျောင်းကျူဆင်း ဆယ်ယောက်ထဲက တစ်ယောက်က ခေါင်းညိတ်လိုက်ပြီး. . .

"မင်းယူလာတဲ့ လက်ဆောင်တွေကို ငါလက်ခံလိုက်ပြီး. . ငါ့ဆီက တောင်းထားတဲ့ အကူအညီကိုလည်း ငါကူညီမယ်လို့ ကတိပေးပါတယ်. . ."

အခြား ကျောင်းကျူဆင်း တစ်ယောက်က စကားဆက်လိုက်သည်။

"မင်းအစ်ကို ကျောင်းဆင်ယူဟာ ငါ့ရဲ့သူငယ်ချင်းပဲ. . . ဒါပေမယ့် သူက ငါ့ကို အထင်သေးတယ်ကွ. . . မင်းအခုလိုလာပြီး အကူအညီ တောင်းတာတွေ့တော့ ငါ အရမ်းဝမ်းသာတယ်. . . နောက်လည်း အကူအညီ လိုရင်လာခဲ့ပေါ့ကွာ. . ."

ထိုကျောင်းကျူဆင်း၏ စကားဆုံးသွားသည်နှင့် ကျန်ရှိသော ကျောင်းကျူဆင်း ကိုးယောက်တို့က ပြိုင်တူ ပြုံးလိုက်လေသည်။

ကျောင်းနိုင်တု ထွက်ခွာသွားသည်နှင့် တင်ရှောင်စန်း ဝင်လာလေသည်။

သူသည် ကျောင်းကျူဆင်း ဆယ်ယောက်ကို ဦးညွတ်လိုက်ရင်း ပါလာသောလက်ဆောင်များကို ပေးအပ်လိုက်လေသည်။

တင်ရှောင်စန်းက ပြုံးလိုက်ပြီး. . .

"ကျုပ် အကူအညီ တောင်းထားတဲ့ကိစ္စ အတွက်လာတာပါ. . . လက်ဆောင်တွေလည်း ပါခဲ့ပါတယ်. . ."

ကျောင်းကျူဆင်း တစ်ယောက် ခေါင်းညိတ်လိုက်သည်။

"မင်းရဲ့လက်ဆောင်ကို ကျုပ်တွေ့ပါတယ်. . ."

တင်ရှောင်စန်းက ပြုံးလိုက်ပြီး. . .



"ဟုတ်ကဲ့. . . ဒီလက်ဆောင်ကို လက်ခံမယ် မဟုတ်လား"

ကျောင်းကျူဆင်း တစ်ယောက်က ရယ်မောလိုက်ရင်း. . .

"မပူပါနဲ့ဗျာ. . . ခင်ဗျား လက်ဆောင်ကို ကျုပ် လက်ခံမှာပါ. . ."

တင်ရှောင်စန်းက ခေါင်းညိတ်လိုက်ပြီး. . .

"ဒါဖြင့် ကျုပ် အကူအညီ တောင်းတဲ့ကိစ္စကို လက်ခံမယ်ပေါ့. . ."

အခြား ကျောင်းကျူဆင်း တစ်ယောက်က မဲ့ပြုံးတစ်ချက် ပြုံးလိုက်သည်။

"ကျုပ်တို့ စီးလာတဲ့ လှေကို မင်းတွေ့တယ် မဟုတ်လား"

တင်ရှောင်စန်းက ပြုံးလိုက်ပြီ. . .

"ကျုပ်တွေ့ပါတယ်. . ."

ထိုကျောင်းကျူဆင်းက စကားဆက်လိုက်သည်။

"ဒီလှေ တောင့်တင်းခိုင်မာတဲ့အပြင် မြန်လည်းမြန်တယ်ကွ. . ."

တင်ရှောင်စန်းက ခေါင်းညိတ်လိုက်သည်။

"ကျုပ်ထင်ပါတယ်. . ."

ကျောင်းကျူဆင်းက တည်ငြိမ်စွာဖြင့် ပြောလိုက်သည်။

"ဒါဖြင့်ရင် မင်းဒီလှေပေါ်ကို သွားပါ. . . ကျုပ်တပည့်တွေက မင်းကို လိုက်ပို့လိမ့်မယ်. . ."

တင်ရှောင်စန်းသည် ကြောင်အမ်းအမ်း ဖြစ်သွားသည်။

"ဘာဖြစ်လို့လဲ. . ."

အခြား ကျောင်းကျူဆင်း တစ်ယောက်က သူ့အားကြည့်လိုက်

www.burmeseclassic.com

www.burmeseclassic.com



သည်။

"မင်း အသက်ရှင်ပြီး မပြန်ချင်ဘူးလား. . . ပြန်ချင်တယ်ဆိုရင်တော့ ကျုပ်တို့ ပြောသလို အမြန်ဆုံး သွားရင်ကောင်းမယ်. . ."

တင်ရှောင်စန်း၏ မျက်နှာတစ်ခုလုံးသည် မည်းမှောင်သွားလေသည်။

သူသည် ဒေါသတကြီးဖြင့် ထွက်ခွာသွားလေတော့သည်။

"ထင်းပ. . ."

ကျင်းကျူဆင်းသည် အခန်းထောင့်၌ ငြိမ်သက်စွာ ထိုင်နေသော လူများအား လှမ်းခေါ်လိုက်သည်။

ထင်းပက အေးဆေးစွာဖြင့် မတ်တပ်ရပ်လိုက်သည်။

"မင်းဟာ အခုတစ်လော နာမည်ကြီးနေတဲ့ ဓားသမား ထင်းပ မဟုတ်လား. . ."

ထင်းပက တည်ငြိမ်စွာဖြင့် ခေါင်းညိတ်ပြလိုက်သည်။

"မင်းက ငါ့တပည့်လုပ်ဖို့ လာတာလား. . ."

ထင်းပက ခေါင်းခါယမ်းပြလိုက်သည်။

"မဟုတ်ပါဘူးဗျာ. . ."

ကျင်းကျူဆင်းက မျက်မှောင်ကြုတ်လိုက်ပြီး. . .

"ဒါဖြင့် ဘာလာလုပ်တာလဲကွ. . ."

ထင်းပက အေးတိအေးစက်ဖြင့်. . .

"ကျုပ်က ပင်လယ်ကို ချစ်လို့ ဒီကိုရောက်လာတာပါ. . ."

ကျင်းကျူဆင်းက မျက်ခုံးပင့်လိုက်သည်။

"မင်းက ဘာကိုပြောချင်တာလဲ. . ."



ထင်းပက ဂုဏ်ယူဝင့်ကြွားစွာဖြင့် ပြောလိုက်၏။

"ဒီလိုပါ. . . ပင်လယ်ဟာ ကျယ်ဝန်းနက်ရှိုင်းသလိုပဲ. . . ကျုပ်ရဲ့ ဓားပညာဟာလည်း ကျယ်ဝန်း နက်ရှိုင်းလွန်းလို့ မဆုတ်မနစ် ကြိုးစားမှသာလျှင် တိုးတက်မယ်လေ. . ."

ကျင်းကျူဆင်း တစ်ယောက်က ပခုံးတစ်ချက် တွန့်လိုက်ပြီး. . .

"လူတစ်ယောက် သေသွားရင် သူ့ရဲ့ဓားပညာကို အသုံးပြုလို့ရပါ့မလား. . ."

ထင်းပ၏ မျက်နှာသည် ကွက်ခနဲ ပျက်သွားသည်။

"ဒါတွေကို ကျုပ်သိပါတယ်. . ."

ကျင်းကျူဆင်း တစ်ယောက်က ခက်ထန်သော လေသံဖြင့်. . .

"သိရင် ဒီနေရာမှာ ကျုပ်တို့ကို ဖိဆန်ဖို့ မကြိုးစားပါနဲ့"

ထင်းပက မဲ့ပြုံးပြုံးလိုက်သည်။

"ဒီမှာ နေပါဦး. . . ခင်ဗျားတို့က ကျုပ်ကို ခြိမ်းခြောက်ဖို့သာ သိတယ်. . . ခင်ဗျားတို့ အားလုံးဟာ ဘယ်ဟာ ကျင်းကျူဆင်း အစစ်ဆိုတာတော့ ဝန်မခံရဲဘူး. . . မဟုတ်လား ဟား. . . ဟား ဟား. . ."

ခွေတုံးလျှူသည် ထိုရဲရင့်လှပသော လူငယ်ဓားသမားအတွက် စိုးရိမ်သွားလေသည်။ မည်သူကမျှ ကျင်းကျူဆင်းအား ယင်းကဲ့သို့ မပြောဝံ့ကြပါ။

ဤနယ်မြေ တစ်ဝိုက်၌ ကျင်းကျူဆင်းအား ဖိဆန်သောလူသည် လူသေဖြစ်သွားနိုင်သည် မဟုတ်ပါလော။ သို့သော်. . .

www.burmeseclassic.com

www.burmeseclassic.com



ကျင်းကျူဆင်းမှာမူ စိတ်မဆိုးသည့်အပြင် တဟားဟား ရယ်မောလိုက်သေး၏။

ကျင်းကျူဆင်း ရယ်မောပြီး ပြောလိုက်သည်။

"မင်း မဆိုးဘူးကွ. . . ငါ့လက်အောက်မှာ မင်းလို သတ္တိကောင်းတဲ့ အကောင် မရှိသေးဘူးကွ. . ."

သူသည် ထင်းပအား စိုက်ကြည့်လိုက်ပြီး. . .

"မင်းက ငါ့ဆီကို လာပြီး သစ္စာတော်ခံတာပဲ. . . မင်းကို ငါ မသတ်ပါဘူးကွာ. . . အခုအချိန်ကစပြီး မင်းဟာ ငါ့ရဲ့အဖွဲ့သား တစ်ယောက်ဖြစ်ပြီဆိုတာ မင်းမှတ်ထားပေတော့. . ."

ဇွေတုံးလျှူသည် အံ့ဩသွားလေသည်။

ကျင်းကျူဆင်းအပေါ် သဘောထား အနည်းငယ် ပြောင်းလဲလာသည်။

ကျင်းကျူဆင်းသည် သူကြားခဲ့သည့်အတိုင်း ရက်စက်ကြမ်းကြုတ်သော လူတစ်ယောက်မှ ဟုတ်ပါလေစ။

ဤလောကပေါ်၌ ကျင်းကျူဆင်း၏ အကြောင်းကို သိရှိရန် မလွယ်သကဲ့သို့ ထိုလူဆယ်ယောက်အနက် မည်သူက ကျင်းကျူဆင်းအစစ်ဟု ဝေခွဲရန် ခက်ခဲလှပေသည်။

❀ ❀ ❀

"ဇွေတုံးလျှူ. . ."

ကျင်းကျူဆင်းက ယဉ်ကျေးသိမ်မွေ့စွာဖြင့် ခေါ်လိုက်လေသည်။ ဇွေတုံးလျှူက ဦးညွှတ်လိုက်သည်။



"ဟုတ်ကဲ့. . ."

ကျင်းကျူဆင်းက ပြုံး၍မေးလိုက်သည်။

"ဇွေတုံးလျှူလို လျှမ်းလျှမ်းတောက် ကျော်ကြားတဲ့ ပုဂ္ဂိုလ်က အခုလို ကျုပ်ဆီ ရောက်လာတာကို တွေ့တော့ ကျုပ်အရမ်း ဂုဏ်ယူပါတယ်ဗျာ. . ."

ဇွေတုံးလျှူကလည်း ပြုံးလိုက်ပြီး. . .

"ဟုတ်ကဲ့. . . ကျော်ကြားတဲ့ ကျင်းကျူဆင်းကို တွေ့ခွင့်ရလို့ ကျုပ်လည်း ဝမ်းသာပါတယ်ဗျာ. . ."

ကျင်းကျူဆင်းက ဇွေတုံးလျှူကို စိုက်ကြည့်လိုက်၏။

"ဒါနဲ့ ခင်ဗျားက ဘာကိစ္စနဲ့ ရောက်လာတာလဲဗျ. . ."

ဇွေတုံးလျှူက ပခုံးတစ်ချက် တွန့်လိုက်သည်။

"အင်း. . . ပြောရမှာလည်း မကောင်းဘူးဗျ. . . ကျုပ်ကလည်း စကားကို လှပအောင် မပြောတတ်ဘူးဗျ. . ."

ကျင်းကျူဆင်းက မျက်မှောင်ကြုတ်လိုက်ပြီး. . .

"ဘာပြောမလို့လဲဗျ. . ."

ဇွေတုံးလျှူက ပြုံးလိုက်ပြီး. . .

"သြော်. . . ကျုပ်လာရတဲ့ အကြောင်းက ခင်ဗျားတို့အဖို့ ဝမ်းသာစရာ အကြောင်းမှ မပါဘဲ. . ."

ကျင်းကျူဆင်းက မေးဆတ်လိုက်ပြီး. . .

"ဘာတွေများလဲဗျ. . ."

ဇွေတုံးလျှူက တည်ငြိမ်စွာဖြင့် ပြောလိုက်သည်။

"ကျုပ်လာရတဲ့ကိစ္စက ခင်ဗျားကို သတ်ဖို့ပါပဲ. . ."

ဇွေတုံးလျှူက သက်ပြင်းတစ်ချက် ချလိုက်ပြီး. . .

www.burmeseclassic.com

www.burmeseclassic.com



"ဒါပေမယ့် အခုတော့ ကျုပ် သဘောထား ပြောင်းသွားပြီဗျ. . ."

ကျောင်းကျူဆင်းက စိတ်ဝင်စားစွာဖြင့် မေးလိုက်၏။

"ဘာကြောင့် သဘောထား ပြောင်းသွားရတာလဲဗျ. . ."

ရွှေတုံးလှူကု ခေါင်းညိတ်လိုက်ပြီး. . .

"ကျုပ် သတ်ချင်တဲ့ ကျောင်းကျူဆင်း အစစ်ဟာ ဘယ်သူလဲဆိုတာ ကျုပ်က ဝေခွဲလို့မှ မရဘဲ. . ."

ကျောင်းကျူဆင်းကလည်း သက်ပြင်းတစ်ချက် ချလိုက်လေတော့သည်။

"ကျုပ် သဘောပေါက်ပါပြီဗျား. . . ဒီကိစ္စဟာ အတော်ရှုပ်ထွေးနေတဲ့ ကိစ္စတစ်ခုပါပဲ. . . လူအတော်များများကလည်း ခင်ဗျားလိုပဲ ခေါင်းရှုပ်သွားတယ်ဆိုတာ ကျုပ်သိပါတယ်ဗျာ. . ."

ရွှေတုံးလှူကု မကျေမနပ်ဖြင့် မေးလိုက်သည်။

"ဘာလဲ. . . ခင်ဗျားတို့ကို သူများတွေ ဝေခွဲလို့ မရအောင် လုပ်ထားတာ မဟုတ်လား. . ."

ကျောင်းကျူဆင်းက ရယ်မောလိုက်ပြီး. . .

"အင်း. . . ဝေခွဲလို့ မရတာလည်း ကောင်းပါတယ်. . . ဝေခွဲလို့ရနေရင် ခင်ဗျား အချောင်သေနေဦးမယ်. . ."

သူသည် ရွှေတုံးလှူအား စေ့စေ့ကြည့်လိုက်ပြီး. . .

"ကျုပ်ရဲ့ သဘောထားကို ခင်ဗျား နားလည်သလား. . ."

ရွှေတုံးလှူကု ခေါင်းညိတ်လိုက်ရင်း. . .

"သဘောတူပါတယ်. . ."

ရွှေတုံးလှူကု စကားဆက်လိုက်ပြန်သည်။



"အခြေအနေအရ ခင်ဗျားရဲ့ လုပ်ဆောင်ချက်ဟာ မှားတယ်လို့ မဆိုနိုင်ပါဘူးဗျာ. . ."

ကျောင်းကျူဆင်းက ရွှေတုံးလှူအား စူးရှစွာ ကြည့်လိုက်ပြီး.

"ခင်ဗျား အခု ဘာလုပ်မယ်လို့ စိတ်ကူးထားသလဲ. . ."

ရွှေတုံးလှူကု စဉ်းစားလိုက်ပြီး. . .

"ခု ခင်ဗျားတို့နဲ့ ရင်ဆိုင်ဖို့ စိတ်ကူးမိပါတယ်. . ."

သူသည် ပါးတစ်ချက် တွန့်လိုက်ပြီး. . .

"ခက်တာက ဒီနည်းက မတန်ဘူးလို့ ကျုပ်ထင်ပါတယ်"

ကျောင်းကျူဆင်းက ထပ်မံမေးလိုက်သည်။

"ခင်ဗျားမှာ တခြားနည်းလမ်းကောင်းများ မရှိတော့ဘူးလား. . ."

ရွှေတုံးလှူကု ခေါင်းယမ်းလိုက်ပြီး. . .

"မရှိတော့ဘူးဗျ. . ."

ကျောင်းကျူဆင်းက ပြုံးလိုက်သည်။

"ကျုပ်မှာတော့ နည်းလမ်းကောင်း တစ်ခုရှိတယ်. . ."

ရွှေတုံးလှူကု မေးဆတ်ပြလိုက်သည်။

"ပြောစမ်းပါဦးဗျာ. . ."

ကျောင်းကျူဆင်းက စကားဆက်လိုက်ပြန်သည်။

"ကျုပ်တို့ အရက်ဝိုင်းဖွဲ့ စားသောက်လိုက်ရင် ကောင်းမယ်လို့ ထင်တယ်. . ."

ရွှေတုံးလှူကု ရယ်မောလိုက်သည်။

"ဟ. . . ခင်ဗျား နည်းလမ်းက ကောင်းလှချည်လား. . ."

သူတို့သည် ဝိုင်းဖွဲ့၍ စားသောက်နေကြသည်။

www.burmeseclassic.com

www.burmeseclassic.com



အရက်များကိုလည်း အဆက်မပြတ် သောက်နေကြသည်။

စွေတုံးလှူသည် အရက်ကို အတော်များများ သောက်မိသည်။

ကျင်းကျူဆင်းက ရယ်မောရင်း ပြောလိုက်သည်။

"စွေတုံးလှူ. . . ခင်ဗျား အားရပါးရ သောက်စမ်းပါ. . . ကျုပ်ရဲ့ လက်ထပ်ပွဲကို ဂုဏ်ပြုတဲ့ အနေနဲ့ပေါ့. . ."

သူသည် ကျင်းကျူဆင်း နောက်ဆုံးပြောလိုက်သော စကားကို ကြားလိုက်ရပြီး အိပ်ပျော်သွားလေတော့သည်။



## အခန်း (၁၀)
## ဘယ်သူရှုံးသလဲ

နေဝင်ဆည်းဆာ၏ ရောင်ခြည်ဖြစ်သည်။

နီရဲ၍နေ၏။

ပင်လယ်ရေများသည် ဆေးနီများဖြင့် ဆိုးထားသည့် အလား နီရဲနေလေသည်။

စွေတုံးလှူ သတိရလာသောအခါ ရှောင်ထင်းက သူ့အနား၌ ထိုင်နေသည်ကို တွေ့ရလေသည်။

"မင်းနိုးလာပြီလား. . ."

စွေတုံးလှူက ခေါင်းညိတ်ပြရင်း. . .

"ဟုတ်ကဲ့. . . ကျင်းကျူဆင်းတို့ ပြန်သွားကြပြီ မဟုတ်လား. . ."

ရှောင်ထင်းက ပြုံးပြလိုက်ပြီး. . .

"သူတို့ ပြန်သွားကြပါပြီ. . ."

စွေတုံးလှူက သိချင်ဇောဖြင့် ပျာပျာသလဲ မေးလိုက်လေသည်။

www.burmeseclassic.com

www.burmeseclassic.com



"တိမ်ဖြူမင်းသမီးကို သူတို့ဆီ ရောက်အောင် ပို့လိုက်ပြီ မဟုတ်လား..."

ရှောင်ထင်းက ခေါင်းညိတ်လိုက်ပြီး...

"ဟုတ်ကဲ့...ပို့လိုက်ပါပြီ...နောက်နှစ်ရက်ဆိုရင် သူတို့ မင်္ဂလာပွဲကို ကျင်းပတော့မယ်လေ..."

စွေတုံးလျှုသည် အဝေးမှ ဆည်းဆာတိမ်တိုက်များအား ကြည့်ရင်း ဝမ်းနည်းကြေကွဲစွာဖြင့်...

"ကျုပ် သိပ်ဝမ်းနည်းတယ်ဗျာ...ဒီလက်ထပ်ပွဲကို မဟန့်တားနိုင်ခဲ့ဘူး...ကျင်းကျူဆင်းကိုလည်း မလုပ်ကြံနိုင်ခဲ့ဘူး...ကျုပ်ရဲ့ဘဝ တစ်လျှောက်လုံးမှာ ဒီတစ်ကြိမ်ဟာ အကြီးအကျယ် ရှုံးနိမ့်ခဲ့ရတာပဲ...တကယ်တော့ ကျုပ် အသေခံပြီး လုပ်ကြံလိုက်ရင် ကျုပ်ဘဝမှာ အရှုံးဆိုတာ မရှိတော့ဘူးပေါ့..."

ရှောင်ထင်းက ခေါင်းညိတ်လိုက်သည်။

သူသည် အားပေးနှစ်သိမ့်သော လေသံဖြင့်...

"ခင်ဗျားကို ကျုပ် ဧာနာပါတယ်ဗျာ..."

စွေတုံးလျှုသည် ရှောင်ထင်းအား အတန်ကြာ စိုက်ကြည့်လိုက်ပြီး ရယ်မောလိုက်သည်။

"လူတစ်ယောက်ဟာ ဆုံးရှုံးမှုနဲ့ ရင်ဆိုင်ရရင် ဘယ်လိုခံစားရသလဲ ဆိုတာ ခင်ဗျား နားလည်သလား..."

ရှောင်ထင်းက ပြုံးလိုက်ပြီး...

"ကျုပ်နားလည်ပါတယ်ဗျာ..."

သူက စကားဆက်လိုက်သည်။

"ဆုံးရှုံးမှု မရှိရင် အောင်မြင်မှု ဘယ်လိုရှိနိုင်မှာလဲဗျာ...



ဒါကြောင့် တစ်ခါတစ်ရံလည်း ဆုံးရှုံးမှုရဲ့ဒဏ်ကို ခံနိုင်ကြရမှာပေါ့ဗျာ...ကျုပ် သိပါတယ်ဗျာ...ခင်ဗျားလို လူမျိုးဟာ ဒီလိုဆုံးရှုံးမှုဒဏ်ကို ခံနိုင်မယ့် လူမျိုးပါ..."

❋ ❋ ❋

လှေအသင့်ပြင်ထားပြီး ဖြစ်သည်။

ရှောင်ထင်းသည် စွေတုံးလျှု၏ ပခုံးအား ပုတ်ကာ နှုတ်ဆက် စကားပြောလိုက်သည်။

"ကဲ...စွေတုံးလျှု စိတ်ထဲမှာ ဘာမှတွေးပြီး ဝမ်းနည်းမနေနဲ့...စိတ်အေးလက်အေးသာ ပြန်ပါဗျာ..."

စွေတုံးလျှုက ပြုံးလိုက်သည်။

"စိတ်ချပါ...အခုဆိုရင် ကျုပ်ရင်ထဲမှာ ဘာကိုမှ မထားတော့ပါဘူး..."

ထို့နောက်...

သူတို့သည် စကားတစ်ခွန်းမျှ မပြောကြတော့ဘဲ ရွက်လှေကလေးဖြင့် ထိုတံငါရွာမှ ထွက်ခွာခဲ့ကြလေ၏။

မည်မျှကြာသွားသည်ကို မတွေးတတ်တော့ပါ။

လှေကမ်းစပ်သို့ ဆိုက်ကပ်သွားမှ စွေတုံးလျှု သတိရလာသည်။

သူသည် လှေပေါ်၌ တစ်ချိန်လုံး အိပ်ပျော်သွားခြင်း ဖြစ်သည်။ အရက်သောက်သဖြင့် နှစ်နှစ်ခြိုက်ခြိုက် အိပ်ပျော်သွားခြင်း ဖြစ်သည်။

ကုန်းပေါ် ရောက်ရှိလာသောအခါ အဝေးစည်ကား

www.burmeseclassic.com

www.burmeseclassic.com



သည့် ရွာကလေး တစ်ခုဖြစ်နေသည်ကို သတိပြုမိလိုက်လေသည်။

သူ ခြေဦးတည့်ရာ လျှောက်သွားသည်။

အသက် ဆယ့်နှစ်နှစ်ခန့်ရှိသော ယောကျာ်းလေး တစ်ဦး သူ့ထံသို့ တန်းတန်းမတ်မတ် လျှောက်လာသည်။

"ဦးက ဘယ်ကလာတာလဲ..."

ဟုမေး၏။

သူက ပင်လယ်ပြင်ကြီးကို ညွှန်ပြလိုက်ပြီး...

"ဦးက ပင်လယ်ထဲက လာတာပါ..."

ထိုလူငယ်က သူ့အား ထပ်ကြည့်လိုက်သည်။

"ဒါဖြင့် ဘာမှမစားရသေးဘူးပေါ့..."

"ဟုတ်တယ်... ဦးက ဘာမှမစားရသေးဘူး... ဘာလဲ သူငယ်လေးက ကျွေးမလို့လား..."

သူငယ်လေးက ခေါင်းညိတ်လိုက်၏။

"ဟုတ်ကဲ့... ဦးက စားမယ်ဆိုရင် ကျွန်တော်က ကျွေးချင်ပါတယ် ခင်ဗျာ..."

စွေတုံးလျှ၏ မျက်ခုံးအစုံသည် နဖူးပြင်ပေါ်သို့ မြင့်တက်သွား၏။

"နေပါဦး... မင်းက ဦးကို ဘာဖြစ်လို့ ကျွေးချင်ရတာလဲ..."

လူငယ်လေးက ခေါင်းယမ်းလိုက်ပြီး...

"ကျွန်တော် ကျွေးတာမဟုတ်ဘူးဗျ..."

သူက ပို၍ပင် အံ့သြသွားလေသည်။

"ဒါဖြင့် ဘယ်သူက ကျွေးမှာလဲ..."



လူငယ်လေးက သူ၏လက်ကို ဖမ်းဆွဲလိုက်သည်။

"ဟိုရောက်ရင် ဦးအကုန် သိရမှာပေါ့..."

"ဆရာဟူ..."

စွေတုံးလျှသည် အခန်းထဲသို့ လှမ်းဝင်လိုက်သည်နှင့် ယင်းသို့ လွှတ်ခနဲ ခေါ်မိလိုက်ခြင်း ဖြစ်သည်။

ဆရာဟူက သူ့အား နေရာထိုင်ခင်းပေးပြီး...

"ကျုပ်ကို ဒီမှာတွေ့လို့ မင်းအံ့သြနေတယ်ပေါ့..."

စွေတုံးလျှက မျက်မှောင်ကြုတ်လိုက်သည်။

"ဟုတ်ကဲ့... ဆရာဟူက ဒီမှာဘာကိစ္စနဲ့ လာနေတာလဲဗျ..."

ဆရာဟူက ခေါင်းညိတ်လိုက်ပြီး...

"ကျုပ်တို့ ဒီမှာ သတင်းလာစောင့်နေတာပါ..."

စွေတုံးလျှက မျက်မှောင်ကြုတ်လိုက်ပြီး...

"ဘာသတင်းလဲဗျ..."

ဆရာဟူက စကားလွှဲလိုက်သည်။

"ခက်တာက မင်းကျင်းက ထွက်သွားပြီလေ... မင်းသမီးကို လှေပေါ်ထိပို့ လိုက်ပြီးတာနဲ့ သူ့ကိုလည်း မတွေ့တော့ဘူးလေ"

စွေတုံးလျှ၏ ရင်ထဲ၌ ဖော်မပြနိုင်သော ခံစားချက်တစ်ခုကို ခံစားရလိုက်သည်။ ယခုအချိန်ဆိုလျှင်...

တိမ်ဖြူမင်းသမီးသည် ကျင်းကျူဆင်း၏ ရင်ခွင်ထဲသို့ ရောက်ရှိနေကောင်း နေလိမ့်မည် မဟုတ်ပါလော။

စွေတုံးလျှက သက်ပြင်းတစ်ချက် ချလိုက်သည်။

"သတင်းစကားတွေဟာ တစ်ချို့မှန်ချင်မှ မှန်တယ်ဗျ..."

www.burmeseclassic.com

www.burmeseclassic.com



ကျင်းကျူးဆင်းဟာ ခင်ဗျားတို့ ထင်သလို ရက်စက်ကြမ်းကြုတ်တဲ့ လူတစ်ယောက်တော့ မဟုတ်ပါဘူး. . ."

ဆရာဟူက ပြုံးလိုက်ရင်း. . .

"ဟုတ်လား. . ."

စွေတုံးလျူက ခေါင်းညိတ်လိုက်ရင်း. . .

"ဟုတ်ပါတယ်. . . ကျုပ်ကိုယ်တိုင် ဆုံခဲ့တာပါဗျာ. . ."

ဆရာဟူက အေးတိအေးစက် ပြုံးလိုက်သည်။

"သူက မင်းကို သတ်ပစ်လို့ ရတာပဲ. . . ဒါပေမယ့် မင်းကိုဘာဖြစ်လို့ မသတ်ဘဲ လွှတ်လိုက်တယ်ဆိုတာ သိလား. . . သူရဲ့ ကောင်းသတင်းတွေကို ရှင်ကတစ်ဆင့် လွှင့်ပေးဖို့ပဲလေ. . ."

သူသည် သက်ပြင်းတစ်ချက် ချလိုက်ပြီး. . .

"စွေတုံးလျူဟာ ကျော်ကြားတဲ့ ပုဂ္ဂိုလ် တစ်ယောက်ပဲ. . . သူပြောလိုက်တဲ့ စကားကို အားလုံးကို တစ်သွေမတိမ်း ယုံကြည်မယ် မဟုတ်လား. . ."

စွေတုံးလျူ၏ ရင်ထဲ၌ လေးလံသွားသည်။

ထိုစဉ်မှာပင်. . .

အပြင်ဘက်မှ ဆူဆူညံညံ အသံများ ထွက်ပေါ်လာလေ၏။

ယင်း ဆူဆူညံညံ အသံများမှာ ဝမ်းသာသော ပီတိဖြစ်သော ကြွေးကြော်သံများ ဖြစ်နေသည်။

ဆရာဟူ၏ မျက်ဝန်းအစုံတွင် ဝင်းလက်တောက်ပလာသည်။

စွေတုံးလျူအား ခေါ်ဆောင်လာသော လူငယ်လေးသည်



အပြေးအလွှား ဝင်ရောက်လာသည်။

ထိုလူငယ်၏ မျက်နှာတစ်ခုလုံးမှာ ဝမ်းသာလွန်း၍ နီရဲနေ၏။

သူငယ်သည် မောဟိုက်နေရင်း. . .

"သတင်းရောက်လာပါပြီ ဆရာ. . . ရွှေမှင်းသမီးဟာ အောင်မြင်သွားပါပြီ. . . မနေ့ညကပဲ ကျင်းကျူးဆင်းကို အောင်မြင်စွာ သတ်လိုက်ပါပြီ ဆရာ. . ."

ထို တဒင်္ဂအချိန်တွင် မေးခွန်းများသည် စွေတုံးလျူ၏ ရင်ထဲ၌ တစ်ဆက်တည်း ဖြစ်ပေါ်လာသည်။

မည်သူကများ ကျင်းကျူးဆင်းအား လုပ်ကြံသတ်ဖြတ်နိုင်မည်နည်း။ မည်သူကများ ကျင်းကျူးဆင်း အစစ်ကို ခွဲခြားနိုင်မည်နည်း။ နည်းလမ်း တစ်ခုတည်းသာ ရှိသည်။

သူနှင့် လက်ထပ်မည့် ဇနီးကသာ ကျင်းကျူးဆင်း အစစ်ကိုခွဲခြား သိနိုင်မည် ဖြစ်သည်။

မည်သည့် ယောကျာ်းကမှ မိမိ လက်ထပ်မည့် ဇနီးအား အခြားလူကို လူစားထိုး ပေးနိုင်မည် မဟုတ်ပါ။

စွေတုံးလျူသည် ယင်းသို့ တွေးနေစဉ်မှာပင် ဆရာဟူက သူ့ဘက်သို့ လှည့်လိုက်ပြီး. . .

"အောင်ပြီဟေ့. . . ကျုပ်တို့ အခုအောင်ပြီ. . . ကျုပ်တို့ ကြိုးစားသမျှ အချည်းနှီး မဖြစ်တော့ဘူး. . ."

သူသည် စွေတုံးလျူ၏ လက်ကို တင်းကျပ်စွာ ဆုပ်ကိုင်ထားလိုက်ပြီး. . .

"မင်းကိုယ်မင်း ရှုံးနိမ့်သွားပြီလို့ ထင်နေတယ် မဟုတ်

www.burmeseclassic.com



လား . . . ကျုပ်သိပါတယ်ဗျာ . . . ဒါပေမယ့် မင်းမရှုံးဘူး . . . ရှုံးနိမ့်သွားတာက ကျင်းကျူးဆင်းပဲလေ . . .”

သို့သော် . . .

စွေတုံးလျူက ဝမ်းသာခြင်း မရှိပါ။

သူသည် ထိုနေရာမှ ထွက်ခွာခဲ့လေသည်။

သူ၏စိတ်ထဲ၌ . . .

“ငါမရှုံးဘူးဆိုတာ ဟုတ်ရဲ့လား . . .”

ဟု တွေးတောရင်း လေးလံသော ခြေလှမ်းများဖြင့် လျှောက်သွားလေတော့သည်။

သူသည် မေးခွန်းတစ်ခုကို သူ့ ဘာသာမေးလိုက်သည်။

“ဘယ်သူရှုံးသလဲ . . .”

ထို့နောက် အရှေ့သဖွယ် ပင်လယ်ကမ်းစပ်၌ သူအော်လိုက်သည်။

“ဘယ်သူရှုံးသလဲ . . .”

ပင်လယ်လေနှင့်အတူ သူ့အော်သံသည် ပဲ့တင်ထပ်ပေါ်လာသည်။

“ဘယ်သူရှုံးသလဲ . . .”

“ဘယ်သူရှုံးသလဲ . . .”

“ဘယ်သူရှုံးသလဲ . . .”

ပြီးပါပြီ။

တက္ကသိုလ်စနေလင်းအောင်

BURMESE CLASSIC .com

www.burmeseclassic.com